ဦးအာဒိန္ဓာဂ်သီ၊

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ကျောင်းကြီးတိုက်၊
ရုတာနာစံကျောင်း ဘုန်းတော်အရှင်
ဦးအာဒိစ္စရံသီ
ရေးသားစီရင်တော်နှုတ်ခြေသာ

သင်္ဂီယနာတင် အဆက်ပြ

ကျမ်း II

ရုံပိုင်
ဝံသာနွဲ - ဦးဟျိုင်
အာဘာရုပ်နှင့် သက်နိုးပရိကရာဆိုင်ကြီး
၃၇-၃၈-ဘုရားကြီးလေး၊ ရန်ကုန်။

မြန်မာသိပ္ပံစာပုံနှိပ်တိုက်
၄၄-ဗဟိုလာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ပဏာမ	၁
၂။	သုမေဓါရှင်ရသေ့နှိုင့်ဗာန်တရားရှာပုံ.....	၂
၃။	ဒီပင်္ကရာဇုဒ္ဓဝင်အကျဉ်း	၅
၄။	သုမေဓါရှင်ရသေ့ ဒီဂင်ရာမြတ်စွာ ..... ဘုရားထံခွင့်ယူခဏ်း	၈
၅။	သုမိတ္တာပုဏ္ဏားမဆုတောင်းခဏ်း	၁၁
၆။	သုမေဓါရှင်ရသေ့ပါရမီ၁၀-ပါးကို..... ဆင်ခြင်တော်မူခဏ်း	၁၂
၇။	ကောဏ္ဍညမြတ်စွာဘုရားနှင့်ဝိဇိတာ- - စကြာဝဠာမင်းအကြောင်း	၁၈
၈။	သာရမဏ္ဍကမ္ဘာဒ္ဒဘုရားလေးဆူတို့ အကြောင်း	၂၂
၉။	မင်္ဂလာဘုရားနှင့်သုရဘိပုဏ္ဏားအကြောင်း	၂၄
၁၀။	သုမနမြတ်စွာဘုရားအကြောင်း	၃၀
၁၁။	အတုလနဂါးမင်း-သုမနမြတ်စွာ ဘုရားထံ ခွင့်တောင်းခဏ်း	၃၁
၁၂။	ရေဝတမြတ်စွာဘုရားအကြောင်း	၃၃
၁၃။	သောဘိတမြတ်စွာဘုရားနှင့်အဓိတ ပုဏ္ဏားအကြောင်း	၃၆
၁၄။	အနေဇသမ[illegible]ဘုရားနှင့်ဘီလူး စမ်သူကြီးအ[illegible]	၄၀

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၅။	ပဒုမမြတ်စွာဘုရားနှင့်အလောင်းတော် ဖြေသော်မင်းအကြောင်း	၄၃
၁၆။	နာရဒမြတ်စွာဘုရားနှင့်အလောင်းတော် ရသေ့အကြောင်း	၄၆
၁၇။	ပဒုမုတ္တရမြတ်စွာဘုရား အကြောင်း.....	၅၀
၁၈။	သားတော်ရာဟုလာဆရာတောင်းခံလာ -	၅၁
၁၉။	ရဋ္ဌပါလဆရာတောင်းခံလာ	၅၂
၂၀။	ခေမာထေရီဆရာတောင်းခံလာ	၅၂
၂၁။	ဥပလဝဏ်ထေရီဆရာတောင်းခံလာ	၅၃
၂၂။	သုမေဓာမြတ်စွာဘုရားနှင့် အလောင်း တော် ဥဇ္ဇာရလုလင်တို့အကြောင်း	၅၇
၂၃။	သုဇာတာမြတ်စွာဘုရားနှင့် အလောင်း- တော် စက္ကာမင်းအကြောင်း	၆၁
၂၄။	ဒီယဒဿီမြတ်စွာဘုရားနှင့်အလောင်း - တော် ကဿပလုင်တို့ အကြောင်း	၆၄
၂၅။	အတ္ထဒဿီမြတ်စွာဘုရားနှင့်အလောင်း တော် သုသိမရသေ့ကြီးအကြောင်း.....	၆၈
၂၆။	ဓမ္မဒဿီမြတ်စွာဘုရားနှင့် အလောင်း— တော် သိကြားမင်းအကြောင်း	၇၂
၂၇။	သိद္ဓတ္ထမြတ်စွာဘုရားနှင့်အလောင်း- တော် မင်္ဂလရသေ့အကြောင်း	၇၅

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၀။	တိသဿမြတ်စွာဘုရားနှင့် အလောင်း..... တော် သုဇာတာမင်းအကြောင်း	၇၉
၂၉။	ဗုဿမြတ်စွာဘုရားနှင့် အလောင်းတော် ဝိဒိတာမင်းကြီးအကြောင်း	၈၃
၃၀။	ဒီပင်္ကရသမြတ်စွာဘုရားနှင့်အလောင်း တော် အတုလနဂါးမင်း အကြောင်း.....	၈၆
၃၁။	သိခီမြတ်စွာဘုရားနှင့် အလောင်းတော်- အရိန္ဒမမင်းအကြောင်း	၉၁
၃၂။	ဝေဿဘူမြတ်စွာဘုရားနှင့်အလောင်း- သုဒဿနမင်းအကြောင်း	၉၅
၃၃။	ကကသန်မြတ်စွာဘုရားနှင့်ခေမာ မင်းကြီးအကြောင်း	၁၀၀
၃၄။	ကောဏာဂံ မြတ်စွာဘုရားနှင့်အလောင်း တော် ပဇုတမင်းအကြောင်း	၁၀၄
၃၅။	ကဿပမြတ်စွာဘုရားနှင့်အလောင်း — တော် ဗောဓိပါလလုင်တို့ အကြောင်း	၁၀၉
၃၆။	ဘုရားဗျာဒိတ်ခံရခြင်းအင်္ဂါ ၂၅စပါးအခေါ်း	၁၁၅
၃၇။	ဘုရားလောင်း၏ ပါရမီဆယ်ပါးပြခေါ်း	၁၁၈
၃၈။	ဂေါတမဘုရားအလောင်းတော် နတ်သက်ယူပုံအခေါ်း	..... ၁၃၁
၃၉။	သမ္မတာမင်းဆက်ကိုပြသောအခေါ်း.....	၁၃၂
၄၀။	ကပ္ပိလဝတ်ပြည်ကိုတည်ခြင်း	..... ၁၃၇

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၁။	ကောလိယပြည်ဖြစ်ပုံအကြောင်း	..... ၁၃၉
၄၂။	ဒေဝဒဟပြည်အကြောင်း	..... ၁၄၂
၄၃။	မဟာမာယာမင်းသျှီးအားအုံ့ဘွယ်တဆဲ့ နှစ်ပါး ဖြစ်ပုံ	..... ၁၄၆
၄၄။	သုဇောဒနမင်းသားနှင့်မဟာမာယာ ထိန်းမြားခဏ်း	..... ၁၄၈
၄၅။	ဘုရားလောင်းပဋိသန္ဓေနေခဏ်း	..... ၁၅၂
၄၆။	မယ်တော်မာယာ အိပ်မက်ခဏ်း	..... ၁၅၂
၄၇။	ယသောဓရာမင်းသျှီးပဋိသန္ဓေနေခဏ်း	၁၅၃
၄၈။	ဘုရားလောင်း မွေးဖွားတော်မူခဏ်း-	၁၅၄
၄၉။	ဘုရားလောင်းနှင့်လူနတ်ဗြဟ္မာတို့ထက် ထူးမြတ်သော အဖြစ်မျိုး	..... ၁၅၇
၅၀။	မယ်တော်မာယာ နတ်ရွာလားခဏ်း	..... ၁၅၈
၅၁။	ဘုရားလောင်းအားခမည်းတော် ရှိခိုးခဏ်း	..... ၁၅၉
၅၂။	သားတော်အား အမည်မှည့်ခဏ်း	..... ၁၆၁
၅၃။	ဒုဘေယျအကြွပ်ရှိခိုးခဏ်း	..... ၁၆၁
၅၄။	သိကြားမင်းရေကန်ဗန်ဆင်းခဏ်း	..... ၁၆၃
၅၅။	ဘုရားလောင်းအားနန်းအပ်ခဏ်း	..... ၁၆၄
၅၆။	ဣသိနန်းဘော်ဌစ်တော်မူခဏ်း	..... ၁၆၈
၅၇။	ဘုရားလောင်းတောထွက်ခဏ်း	..... ၁၇၁
၅၈။	မာရဇိန်တော်တားဆီးခဏ်း	..... ၁၇၃

အမှတ်စဉ်	အခေါင်းအရာ	စာမျက်နှာ
၅၉။	ဘုရားလောင်း ရဟန်းပြုဘော်မှခဏ်း-	၁၇၄
၆၀။	ရာဇဂြိုဟ်မြို့သို့ရောက်ဦးစွာဆွမ်းခံခဏ်း.....	၁၇၇
၆၁။	ဘုရားလောင်းအာဠာရရဿေ၊ဥဒကတို့ ရဿေ၊တို့နှင့် ဈာန်သမာပတ်တရားကို- ဆွေးနွေးခဏ်း	၁၇၈
၆၂။	ဘုရားလောင်းပဉ္စဝဂ္ဂိတို့နှင့်တွေ့၍ ဒုက္ခရစရိယာကျင့်ခဏ်း	၁၇၉
၆၃။	သုဇာတာသူဌေးသျှီးနို၊ဂဏ္ဍာဆွမ်း လှူခဏ်း	၁၈၂
၆၄။	ဘုရားဖြစ်တော်မူခဏ်း	၁၈၄
၆၅။	မနုသာဝဝဏ္ဏာပိတဒေသနာပြုခဏ်း.....	၁၉၁
၆၆။	အနေကဇာတင်ဂါထာ,ပါဠိအနက်	၁၀၁
၆၇။	ဝါစာသိက ဒေသနာခေါ်ပြုခဏ်း	၁၉၇
၆၈။	ပလ္လင်သတ္တာဟပြုခဏ်း	၁၉၉
၆၉။	အနိမိသ-သတ္တာဟပြုခဏ်း	၂၁၀
၇၀။	စက်မသတ္တာဟကိုပြုသောအခဏ်း	၂၀၂
၇၁။	ရတနာဃရသတ္တာဟကိုပြုခဏ်း	၂၀၂
၇၂။	မာရိနတ်သျှီးသုံးယောက် ဘုရားကို မြှိုလာသောအခဏ်း	၂၀၅
၇၃။	မုဇလိန္ဒာသတ္တာဟကို ပြုသောအခဏ်း	၂၀၈
၇၄။	ရာဇယာတနသတ္တာဟကိုပြုသောအခဏ်း	၂၀၉

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၅။	သဟမ္မတိမြတ်ဘုရားကြီးတရားဟောရန်..... တောင်းပန်ခဏ်း	၂၁၂
၇၆။	တရားဦးဟောရန်ဆင်ခြင်တော်မူခဏ်း	၂၁၃
၇၇။	ဥပကနှင့်တွေ့ခဏ်း	..... ၂၁၄
၇၈။	ဗာရာဏသီသို့ ကြွတော်မူခဏ်း	..... ၂၁၆
၇၉။	အကြောင်းအရာရည်ရွယ်ချက်	..... ၂၂၅
၈၀။	နိဂုံးအပြီးသတ်	..... ၂၂၇
၈၁။	သင်္ဂါယနာအဆက်ပြုကျမ်းကြီး ကောင်းမြီးပေးခဏ်း	..... ၂၂၉
၈၂။	ပဌမသင်္ဂါယနာတင် ထေရိအရှင်ဦးခဏ်း	..... ၂၃၀
၈၃။	ဒုတိယသင်္ဂါယနာတင် ထေရိအရှင်ရိုးခဏ်း	..... ၂၃၁
၈၄။	တတိယသင်္ဂါယနာတင် ထေရိအရှင်ရိုးခဏ်း	..... ၂၃၂
၈၅။	စတုတ္ထသင်္ဂါယနာတင် ထေရိအရှင်ရိုးခဏ်း	..... ၂၃၃
၈၆။	ပဉ္စမသင်္ဂါယနာတင် ထေရိအရှင်ရိုးခဏ်း	..... ၂၃၃
၈၇။	ဆဋ္ဌသင်္ဂါယနာတင် ထေအရှင်ရိုးခဏ်း	..... ၂၃၄

ဝိဒါန်း

အလုံးစုံသော လောကီ,လောကုတ္တရာ တရားတို့ကို အသိဉာဏ်မရှိ။ ပညာဉာဏ်ဆိတ်သုဉ်းသည့် သတ္တဝါတို့၏ဖြစ်ခြင်းကို(သုညကပ္ပါ)ခေါ်၏။

အလုံးစုံသော လောကီ,လောကုတ္တရာ တရားတို့ကို သိရှိ၍၊ အသိဉာဏ်ပညာဂုဏ်နှင့် ပြည့်စုံသော သတ္တဝါတို့၏ဖြစ်ခြင်းကို(အသုညကပ္ပါ)ခေါ်၏။

တနည်း။ ။ဘုရား,ပစ္စေကဗုဒ္ဓါ,စကြာမင်း၊ ဤသုံးပါးဖြစ်ခြင်း မရှိသည်ကို ဆိတ်သုဉ်းသည်ဟု ခေါ်သော သုညကပ်။(ဝါ)ဘိုးသုညကပ်။ ။ဘုရား, ပစ္စေကဗုဒ္ဓါ, စကြာမင်း, ၎င်းသုံးပါးဖြစ်ခြင်းရှိသည့်ကို မဆိတ်သုဉ်းသည်ဟုခေါ်သော အ,သုညကပ်။ (ဝါ)ဘိုးသုညမဟုတ်သော ကပ်။

တနည်း။ ။အသိဉာဏ်မရှိသော ပုဂ္ဂိုလ်တို့၏ နေရာကို သုညကပ်။အသိဉာဏ်ဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ နေရာကို အ,သုညကပ်။

ထို-သုညကပ်၊ အ,သုညကပ် နှစ်ခုတို့တွင် အသုညကပ္ပါ–ငါးခုဖြစ်လ်ာလေသည်။ ။သာရကပ်၊ဘုရားတဆူပွင့်တော်မူ၏။ ။မဏ္ဍကပ်၊ဘုရားနှစ်ဆူပွင့်တော်မူ၏။ ။ဝရကပ်၊ ဘုရားသုံးဆူပွင့်တော်မူ၏။ ။သာရမဏ္ဍကပ်၊ ဘုရားလေးဆူပွင့်တော်မူ၏။ ။ဘဒ္ဒကပ်၊ဘုရားငါးဆူပွင့်တော်မူ၏။

နိဒါန်း

ဤသို့-ကပ္ပါငါးရပ်ဖြစ်ခြင်းကိုမှတ်လော။ ယခု-ငါတို့ကပ္ပါကို ဘဒ္ဒကပ္ပါခေါ်ကြ၏။ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရား၊ နောင်ပွင့်လတ္တံ့ အရိမေတ္တေယျဘုရား၊ ဤ-ငါးဆူပွင့်၍ ဘဒ္ဒကပ္ပါခေါ်၏။

ငါတို့ဂေါတမမြတ်စွာဘုရား စိတ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ ကိုယ်,နှုတ်,စိတ်, ဖြင့်ရင်း၊ ဘုရားဆုကို ပန်ဆင်ခဲ့သော ကပ္ပါသည်မျိုးတို့သည်ကား.....

နန္ဒသည်မျိုး၊ သုနန္ဒသည်မျိုး၊ ပထဝီသည်မျိုး၊ မဏ္ဍာသည်မျိုး၊ ရေဏီသည်မျိုး၊ သာဂရသည်မျိုး၊ ပုဏ္ဏရိကသည်မျိုး၊ ဤ-ခုနစ်သည်မျိုးအတွင်းမှာ- (၁၂၅၀၀၀)တသိန်း, နှစ်သောင်း, ငါးထောင်,ကုန်သောဘုရား၏ရှင်ကိုယ်တော်မြတ်ကြီးတို့ ပွင့်တော်မူကြ၏။ ထို-မြတ်စွာဘုရား၏ရှင်ကိုယ်တော်မြတ်ကြီးတို့၏အထံတော်မှာ၊ငါတို့ဂေါတမဘုရားအလောင်းတော်သည် စိတ်ဖြင့် ဘုရားဆုကို ပန်ဆင်တော်မူခဲ့၏။

သဗ္ဗဘဒ္ဒသည်မျိုး၊ သဗ္ဗဖုလ္လသည်မျိုး၊ သဗ္ဗရတနသည်မျိုး၊ ဥသဘသည်မျိုး၊ ခန္ဓသည်မျိုး၊ မာနိသည်မျိုး၊ ဘဒ္ဒသည်မျိုး၊ပဒုမသည်မျိုး၊ သဗ္ဗဝါလသည်မျိုး၊ ဤ-ကိုးသည်မျိုးအတွင်းမှာ..... (၃၀၇၀၀၀) သုံးသိန်း, ခုနှစ်သောင်း, ခုနှစ်ထောင်, ကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ ပွင့်တော်မူကြ၏။ ထို-ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ထံတော်မှာ ငါတို့ဂေါတမဘုရားအလောင်းနှုတ်ခြိုက်၍၊ဘုရားဆုကို ပန်ဆင်တော်မူ၏။

နိဒါန်း

၅၊–ငါတို့ ဘဒ္ဒကပ္ပါမှ၊နောက်ပြန်ဆုတ်၍ ရေသော်၊ လေးသင်္ချေနှင့်ကပ္ပါတသိန်းအတွင်းမှာ (၂၇)နှစ်ကျိပ်ဆူ ပွင့်တော်မူကြ၏။ ဘုရားတဆူကား၊ ငါတို့-ဂေါတမ, ဘုရားဖြစ်၏။ ။ငါတို့-ဂေါတမဘုရားလောင်း (၂၇)နှစ်ကျိပ် ခုနစ်ဆူ ပွင့်တော်မူကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏အထံတော်မှာ ကိုယ်,နှုတ်,စိတ်သုံးပါးဖြင့် ဘုရားဆုကို ပန်ဆင်တော်မူ၏။

ထို– (၂၇) နှစ်ကျိပ် ခုနစ်ဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ထံတော်မှ အတိအကျ ဘုရားဖြစ်ရန် သိဒ္ဓိတော်မူသည်။ ဘုရားဖြစ်ရန် သိဒ္ဓိတော်မူ၍၊ ပါရမီဆယ်ပါးတွင် ဒါနပါရမီကို အစပြု၍၊ ဖြည့်ကျင့်တော်မူသည်။ ဒါနပါရမီဖြည့်ကျင့်ပုံကား၊ (ယသော ဓရာထေရီ အပါဒါနံကျမ်း)၌၊ သုဇွေါဒနာ,ခမည်းတော်မင်းမြတ် သားတော်ဘုရားသည် ကုဋေငါးရာ, ကုဋေကိုးရာ, ကုဋေတထောင်တရာ, ကုဋေတထောင်နှစ်ရာ, ကုဋေနှစ်ထောင်,ကုဋေသုံးထောင်, ကုဋေလေးထောင်, ကုဋေငါးထောင်, ကုဋေခြောက်ထောင်, ကုဋေခုနစ်ထောင်, ကုဋေရှစ်ထောင်, ကုဋေကိုးထောင်, ကုဋေတသောင်း,ကုဋေတသိန်း,ကုဋေတသောင်းငါးထောင်, ကုဋေရှစ်သောင်းငါးရာ, ကုဋေတရာခုနစ်ဆယ်, ကုန်သော ဘုရားရှင်တို့၏ အထံတော်၌ဖြင့်၊ ကုဋေတရာ့ရှစ်ကုဋေကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အထံ၌ဖြင့်၊ မရေတွက်နိုင်သော ခိဏာသဝရဟန္တာ, သံဃာ

နိဒါန်း

တော်တို့၏အထံ၌ရင်း၊ အလွန်ကြီးကျယ် မွန်မြတ်သော အလှ, ဒါနပါရမီတော်တို့ကို ငါဘုရား ပြုခဲ့ဘူးပြီဟု ခမည်းတော်မင်းကြီးအား ဟောတော်မူ၏။

ဗုဒ္ဓအပါဒါန်မှာ–(အဟမ္ပိ ပုဗ္ဗ ဗုဒ္ဓေသု) စသည်ဖြင့် ငါဘုရားသည် ဘုရားမဖြစ်မီ၊ ဝေဿန္တရာ, မင်းကြီး စသော ဘဝကောင်း, ဘဝမြတ်တို့မှာ– ဒါန ပါရမီကို အထူးဂရုပြု၍၊ ဖြည့်ကျင့်ခဲ့ပြီဟု ဟောတော်မူသည်။

စမ္ဘေယ်ျနဂါး, စသောဘဝ၌ သီလပါရမီကို ငါတို့-ဘုရားသည် မြတ်သည်သက်မြတ်အောင် အသက်ကိုစွန့်၍၊ သီလပါရမီကို ဖြည့်ကျင့်၍ ဘုရားဖြစ်ပြီ။ သင်တို့ပဲ အမျိုးကောင်း သားသျှီးဖြစ်သည့် အားလျော်စွာ ငါးပါး သီလ၊ ၇စ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ သာမဏေသီလတို့ကိုအထူးဂရုစိုက်၍ ဖြည့်ကျင့်ပါရန် နှုန်းဆော်တိုက်တွန်း ရပါသည်။ ငါတို့-သင်တို့၊ ဘုရား နိဗ္ဗာန်ရကြောင်း,ပါရမီအပေါင်းကောင်းစွာ သူများနှင့် မတူ၊အထူးဖြည့်ကျင့်တော်မူသည်။စာကြည့်သူတို့ အမျိုး ကောင်းသား,အမျိုးကောင်းသျှီးဖြစ်ကြသည့် အားလျော် စွာ နိဗ္ဗာန်ရကြောင်း, ပါရမီအပေါင်းကို ကောင်းစွာ ဆန္ဒ,ဝိရိယ,စိတ္တ,ပညာ,လွန်ကဲစွာဖြင့် ဖြည့်ကျင့်ပါရန် တပ်ဆင်၍၊ နှုန်းဆော်ပြီးလျှင် ကောင်းမြတ်သော စိတ် ထားဖြင့်၊ ၅၂ သင်္ကန်ယနာတင် အစဉ်အဆက်ကို ပြုသော ကျမ်းကြီးကို ရေး သား စီ ရင် လိုက်ရပါသည် အမျိုး ကောင်း သားသျှီးတို့.....။

သင်္ဂါယနာတင်အဆက်ပြုကျမ်း၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ

ပဏာမ၊

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝန္ဒိတ္ဝာ ဝန္ဒနာရဟံ။
ကာသဟပါဒိ မဟာထေရော၊သင်္ဂါယိကေ ဒိဏာသဝေ။
ကာသံ ဇနာနနမဏ္ဍာယ၊သံဂီတိ ဝံသဒီပိကံ။ ။

ဘုရားအဖြစ်လူအဖြစ် သဒ္ဓါယုံကြည်ခြင်းနှင့် ပြည့်စုံသောအဖြစ်၊ ရဟန်းအဖြစ်၊ သူတော်ကောင်း တရားကို ကြားနာနိုင်၍သိသောအဖြစ်၊ ဤ-အလွန် ရခဲလှစွာသော ငါးပါးသော အဖြစ်မျိုးကို ရရှိကြ ကုန် သော၊ အ မျိုး ကောင်းသား အမျိုးကောင်း သို့တို့သည်။ ပေးကမ်းလှူ ဒါန်းခြင်းဒါန၊ စောင့်ရှောက်အပ်သောသိလ၊ အသက်၊

(၀၁) ဂုဏ်ကြီးသော သူတို့ကို ရိုသေခြင်း၊ ဆီးပူးခြင်း၊ အပစာယနဲ့ ရတနာသုံးပါး,ဆရာမိဘ စသောသူတို့၏ အမှုကြီးငယ် ကိစ္စအသွယ်သွယ်တို့ကို ရွက် ဆောင် ပြု လုပ်ခြင်းသေ ဃျာ၀စ္စ၊ ကမ္မဋ္ဌာန်းလေးဆယ်- အနိစ္စ ဒုက္ခ အနတ္တ ပွါးမျှားခြင်းဘာ၀နာ၊ ကုသိုလ် ကောင်းမှုကို အမျှ၀ေခြင်း ပတ္တိဒါန၊ ကုသိုလ်ကောင်းမှုကို ၀မ်း မြောက်၀မ်းသာခြင်း ပဋ္ဌာအနုမောဒန၊ ဘုရားဟော တရားတော်ကို ကြားနာခြင်း ဓမ္မသ၀နနာ၊ တရားဒေသ နာကို ဟောပြောခြင်း ဓမ္မဒေသနာ။ ကောင်းသောအ ယူကို ဖြောင့်မတ်စွာယူခြင်း ဒိဋ္ဌုဇုကမ္မ။ ဤဆယ်ပါး သောပုညကရိယာတို့ကို၊ လူဖြစ်သော သူခပ်သိမ်းတို့ပြု အပ်သောတရားခေါ် သည်။ ထိုထက် မြတ်သော ဗျာန်, မဂ်ဖိုလ် နိဗ္ဗာန်တရားဘို့ကို၊လူတို့ကျင့်အပ်သော ဆယ် ပါးထက်မြတ်သော ဥဿုဂရိမနုဿဓမ္မ ခေါ် သည်။ ထို ဥဿုဂရိမနုဿဓမ္မခေါ်တဲ့ ဗျာန်မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ငါတို့ဂေါတမဘုရားအလောင်းသုမေ၀ါရှင်ရသေ့သည် ရဇေအာင်ရှာကြံတော်မူ၏။

သုမေ၀ါရှင်ရဟန်း ဒီဗ္ဗာန်တရားရှာပုံ

ဤ ဘဒ္ဒကပ်၊ ဘဒ္ဒသဲမြေ ပြန်၍ ရေသည် ဂ္ဂိ သော်၊ လေးသင်္ဘောနှင့်ကမ္ဘာတသိန်းအခါ တရုသောသာရမဏ္ဍ ကမ္ဘာသင်္ဘော၌။ တဏှာကပ်ရာ မေထုန်ရာ သရဏဂြိုဟ်ရာ- ဒိဋ္ဌိပက်ရာဟူ၍ လေးဆူသောမြတ်စွာဘုရားတို့ ဖြစ်တော် မူကြသည်။ ဒီပင်္ကရာမြတ်စွာဘုရားအထံတော်၌ သုမေ

ခါရှင်ရသော့သည်၊ ဂေါတမ ဘုရားဖြစ်ရန် ဆုတောင်းလေသည်။ ဒီပင်္ကာရ မြတ် စွာ ဘုရား က ဆုပေးတော်မူ၏။

ထိုစဉ်အခါက– အမရဝတီ မင်းနေပြည်တော်ဝယ်၊ ဥစ္ဆာကြွယ်ဝသောဗြဟ္မဏာမျိုးဌာဖြစ်ကာ၊ သုမေဓါသတ္တိသားဟု၍ နာမည် ကျော်ကြား လေသည်။ ထိုသုမေဓါသည် ငယ်စဉ်ကပင် ဒိုဃဝဏ္ဏကျမ်း၊ ကေဠုဘကျမ်း ဤတိဟာသကျမ်း၊ ဋ္ဌယုဗေဒင်, သာမဗေဒင်, ယဇုဗေဒင်၊ ဗေဒင်သုံးပုံကို အကုန် တတ် မြောက် သူ တယောက်ဖြစ်၏။ ထိုသုမေဓါသတ္တိသား၏မိဘများသည် ငယ်စဉ်ကပင်သေကြလေသည်။ ဦးရိုးတော် သိရိဝဏ္ဏသည် ပစ္စည်းဥစ္စာ ရတနာဘဏ္ဍာနှင့်တကွ သုမေဓါ, သတ္တိသားကို စောင့်ရှောက် ထိန်းသိမ်း ထား လေ သည်။ သုမေဓါအချိန်အခါရောက်သောအခါ၊ ကြေးနီပုရပိုက်ဌေးမှတ်ထားသော ပစ္စည်းစာရင်းပြပြီးလျှင်၊ ဘဏ္ဍာတိုက်ဖွင့်လှစ်၍ ငွေ,ငွေဥစ္စာရတနာများကို ဦးရိုးတော်–သိရိဝဏ္ဏကအပ်နှင်းလေ၏။ ထိုအခါသုမေဓါလုင်ယျိုကလေးသည် သန့်ရှင်းကြည်လင် ကြက်သရေ မဂ်လာနှင့် ပြည့်စုံတဲ့အိမ်ရာတိုက်ခန်းသို့ဝင်၍၊ နဖူးပေါ် လက်တင်ပြီး ဆင်ခြင်စဉ်းစားသောအခါအောက်ပါအကြံဖြစ်ပေါ်ရှာလေသည်။

အော် - ငါ၏ မိဘ ဘိုးဘွား တို့သည် ထို ဖွေ,ငွေ, ဘဏ္ဍာတို့ကိုအနည်းငယ်မျှယူ၍မသွားကြကုန်။ ငါသည်

ပစ္စည်းဘဏ္ဍာတွေကို ပေးကမ်းစွန့်ကြ၍ ကုသိုလ်ကိုအာ ကုန်ယူသွားအုံ့ဟုအကြံဖြစ်လေသည်။ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ကင်းရာ နိဗ္ဗာန် ကိုသာ ရှာ တော့အုံ့ဟုအကြံဖြစ်၍၊ ထိုပစ္စည်းဘဏ္ဍာ ဥစ္စာ, ရတနာ အပေါင် ကို စွန့်အပ်သောကျင်ကြီးကဲ့သို့ရှုရှာစွာ၊ စပါး ကျည်-ဆံကျည်-ရွှေငွေ ရတနာတို့ကို မင်းကြီးအားအ ကြောင်းကြားမ၍စည်မောင်းခပ်လေ၏။ အလိုရှိသူယူကြ စေရန်ကြော်ငြာသတင်းပေးလေသည်။ ထိုပစ္စည်းရာ နာ ရွှေငွေတို့ကိုစွန့်လွှတ်ပြီးအကြံဖြစ်သည်ကား၊ ရသေ့ ရဟန်းပြုလျက် ဟိမဝန္တာ တောအုပ်သို့သွား၍ ဗျာနတ ရားရအောင် တရားအားထုတ်တော့အုံ့ဟု အကြံဖြစ်လေ သည်။ ထိုသို့ကြံသည့်အတိုင်း ရသေ့ပြု၍- ဟိမဝန္တာ တောသို့သွားလေ၏။ ထိုဒုက္ခကို တာဝတိံသာသိကြား မင်းသိ၍၊ ဝိသကြို နတ်သားကို ခေါ်ပြီးလျှင်၊ အမောင် နတ်သား၊ယနေ့သုမေဓါလုင်ဟျိုကလေးသည် ရသေ့ပြု ၍တောအုပ်သို့သွားလေပြီ၊ ခမ်ဘီကတောင် ရောက် လိမ့် မည်၊ မရောက်ခင် အမောင် နတ်သားသွား၍ သခ်ိမ်း-ကျောင်း၊ရေကန် ရေတွင်း၊စကြီလမ်းမျှားဗန်ဆင်းချေ လောဟု စေခိုင်းလိုက်လျှင်၊ ဝိသကြို နတ်သားသည် ခမ်ဘီ ကတောင်ခြေသို့အမြန်သွား၍ အလွန် တင့်တယ် ပျော် မွေ့ဘွယ်ကောင်းသော သခ်ိမ်းကျောင်း၊ စကြီ၊ နေရာ ထိုင်ခင်း၊ နေ့ညသန့်ရှင်း၊ ဂဟပ္ပဒွာန်းထင်ရှားနေရာ၊ အလွန် ကြည်လင်သော ရေရှိသော ကြာမျိုး ငါးပါးတို့ဖြင့် ဖုံး

အခုပ်သောရေကန်၊ ပန်းပင်-သစ်သီးပင်, အစ ရှိ သော ဗိမာန်ကိုဖန်ဆင်းလေကုန်၏။

သုမေဓါရှင်ရသေ့ကလေးသည်၊ ဝိသုဒ္ဓိနတ်သား သည်ဘန်ဆင်းအပ်သော သခ်ိမ်းကျောင်း၊ ရေကန်တို့ ကိုတွေ့မြင်၍ ဤသခ်ိမ်းကျောင်း၊ ရေကန်၊ ရသေ့တို့၏ ပရိက္ခရာများသည် ငါ၏အလို့ငှါနတ်သိကြားများ ဘန် ဆင်းထားသည်ဖြစ်တန်ရာ၏ဟု အောင်းခဲ့၍၊ ရသေ့ တို့၏ ပရိက္ခရာ များကို သုံး ဆောင်ပြီး လျှင်၊ သခ်ိမ်း ကျောင်းသို့ဝင်ကာ၊ အာနာပါနကမ္မဋ္ဌာန်းများကိုစတင် ၍အားထုတ်လေ၏။ ခုနှစ်ရက်အတွင်းဌာနစ်ပါးသော သ မာပတ်နှင့်တကွ အဘိညာဉ်ခြောက်ပါးကို ရသည်ဖြစ် ၍၊ ရသေ့ရဟန်းတရားဌ သုမေဓါရသေ့ကလေးဘဝ ဟာ ဥဿုရိမနုဿမမြတ်ဆိုတဲ့ဗျာန်တရားကို ပဌမဆုံး ရှိ တော်မူခြင်းလို့ဆိုရပေ၏''။

ဒီပင်္ကရာမြတ်စွာဘုရား၏ ဗုဒ္ဓဝင်အနည်းငယ် မှတ်လေ့ဦး

'' ဒီပင်္ကရာဗုဒ္ဓဝင်အကျဉ်း ''

ဒီပင်္ကရာဘုရားလောင်းနတ်သားဟာ၊ထိုစဉ်အခါက တုသိတာနတ်မှင်းကြီးဖြစ်နေခိုက်၊ နတ်ပြည်ဟာ အပေါင်း တို့က လူ့ပြည်ဆင်း၍ ဘုရားဖြစ်ရန် တောင်းပန်ကြသ ဖြင့်၊ နတ်သက်ချေ၍ ဓမ္မဝတီမြို့ကြီးဌာသုဒေဝမင်းကြီး၏ တောင်ညာတင်ထား—သုမေဓါဝိမိဗုဒ္ဓရားကြီး၏ဝမ်းမှာ ပဋိသန္ဓေကောင်းစွာနေပြီးလျှင်၊ ဆယ်လခြောက်၍မွေး

ဖွားတော်မူသည်။မွေးဖွားတဲ့ယမ်ဆိုရင်ဘဲဘုရားလောင်း
တို့၏မွေတာဘုတိုင်း၊ မြောက်အရပ်သို့ ခြေးရှုကာ ခုနစ်
လှမ်းသွားလျက်လောကမှာငါ့ထက်မြတ်သူမရှိ၊ငါ့ထက်
ကြီးသူမရှိ၊ ငါသည် တဏှာဝဋ်မှလွတ်ခဲ့သော်.သဗ္ဗဝါ
တွေလဲ လွတ်စေခဲ့-ဟု ကြွေးမြီးဝါးတော်မူ၏။ ဘုရား
လောင်းကလေး-အရွယ်ရောက်သောအခါ၊ ဟသ်ာမင်း
နှင့်တူတဲ့ ဟံသပြဿဒိ၊ ကြိုးကြာမင်းနှင့်တူတဲ့ ကောဠ
ပြဿဒိ၊ဥဒေါင်းမင်းနှင့်တူတဲ့ မယူရပြဿဒိ ထိုပြဿဒိ
သုံးဆောင်မှာ ဆောင်း,နွေ,မိုး, ဟု ဆိုအပ်သော ဥတု
သုံးပါးလုံး ကာမဂုဏ်အာရုံချမ်းသာတွေကို၊ ပဒုမဒေဝီ
မိဖုရားအမှူးရှိသော၊တသိန်းသောမောင်းမ,အပျိုတော်
ကလေးတွေနှင့် ခံစားစံစား၍၊ ပဒုမဒေဝီ မိဖုရားကြီးမှ
ဥသဘကွန်း-သားတော်ကလေး ဖွားမြင်ပြီးလျှင်။ သူ့အို
သူနာ သူသေ ရဟန်း ဟူသောနိမိတ်လေးပါးတို့ကို မြင်
တော်မူ၍၊ဆင်ယင်ဦးစီးလျက်တောထွက်တော်မူ၏။ ထို
အခါသုဒ္ဓါဝါသ,နတ်ဗြဟ္မာကြီးကပ်လှူအပ်သောပရိက္ခ
ရာရှစ်ပါးကိုခံယူတော်မူ၍ရဟန်းပြုပြီးလျှင်၊ ဒုက္ခရ စရိ
ယ အကျင့်မြတ်ကိုကျင့်စဉ်တကုဋေသောအမျိုးကောင်း
သားတို့ရဟန်းပြုကြပြီးလျှင်၊ဘုရားလော်င်းရဟန်း၏ အ
ခြံ အရံ ပရိသတ် ဖြစ်ကြလေကုန်၏။ ဒီပင်္ကရာ ဘုရား
လောင်း ရဟန်းသည် ဒုက္ခရစရိယာ ဆယ်လ ပတ်လုံး
ကျင့်ပြီးလျှင်၊ ကဆုန်လပြည့်နေ့၌တကုဋေသော ရဟန်း
တို့နှင့်မြို့တမြို့သို့ဆွမ်းခံဝင်တော်မူရာ နတ်တို့သည်စိရင်

အပ်သော ရေမရောသော နို့ဂဏာဆွမ်းကို ခံတော်မူ၍ ဘုဉ်းပေးတော်မူပြီးလျှင်အင်ကြင်းတော၌ နေသန့်တော်မူ၍ ညဆွမ်းသောအခါ တကုဋေသော ရဟန်းတို့ကို စွန့်ထားခဲ့၍ သုနန္ဒာတက္ကတွန်း လှူဒါန်းသော မြက် ၅စ်ဆုပ်ကို ခံယူလျက် အတောင်ကိုးဆယ်ရှိသော ညောင်ကြတ် ဗောဓိပင်သို့ ကပ်၍ ရပ်တော်မူပြီးလျှင် မြက်ကို ကြဲဖြန့်သောအခါ ငါးဆဲ့သုံးတောင် မြင့်သော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ နေမဝင်မီ ဒေဝပုတ္တမာန်၊ ကိလေသမာန်၊ ခန္ဓမာန်၊ မစ္စုမာန်၊ အဘိသင်္ခါရမာန် ဟု ဆိုအပ်သော မာန်ငါးပါးကို အောင်တော်မူ၍ ပဌမ ညဉ့်ယာမ်မှာ ရှေးဦးနေဘုံးသောခန္ဓာအစဉ်ကိုမြင်သောဉာဏ်၊ ဒုတိယ ညဉ့် ယာမ်၌ နတ်မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ်၊ တတိယ ညယာမ်(၀ါ)အာရုံတက်လင်းခါနီးအခါ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပေစ္စဝဂ္ဂဏာဉာဏ်၊ သဗ္ဗညုတဉာဏ်တော်အပေါင်းတို့ကို သိရှိတော်မူသော ဒိပက်ရာဘုရားဖြစ်တော်မူလေ၏။ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် အနေကဇာတိသံသာရံ အစရှိသော ဥဒါနိုးကို ကြူးရင့်တော်မူလျက်။ ဗောဓိပင်၏ အနီးဝ်ဍ လေးဆဲ့ကိုးရက်ပတ်လုံး နေတော်မူရာ ဗြဟ္မာမင်း၏ တရားဟောရန် တောင်းပန်ခြင်းကို ဝန်ခံတော်မူ၍ သုနန္ဒာရုံဥယျာဉ်တော်မှာကုဋေတရာသော နတ်ဗြဟ္မာတို့အား မေ့စကြာတရားကိုဟောတော်မူပြီးလျှင်၊ထိုထို

တိုင်းဌာန မင်းနေပြည်တော်၊ ရွာနိုဂုံး ဇနပုဒ်သို့ ဒေသစာရိုက္ခြိုချိတော်မူလေ၏။

"သုမေဓါရှင်ရသေ
ဒီပင်္ကရာမြတ်စွာဘုရားသံနှင့်ယူကော်း"

ဘုရားလောင်း သုမေဓါ ရှင်ရသေ့သည် ၀ိ၀ိ ရဂ္ဂိ သော ဗျာနချမ်းသာကို အကြိမ်ကြိမ် ဝင်စား၍ နေသ ဖြင့် ဒီပင်္ကရာမြတ်စွာဘုရားဖြစ်တော်မူခြင်းကို အလျှင်း မသိသည်ဖြစ်၍ ဒီပင်္ကရာ မြတ်စွာဘုရား ရမ္မ၀တီပြည် သုဒဿန တောင်ခြေရင်းခို သုဒဿန ကျောင်းတော် မှာ လေးသိန်းသော သဃါတို့နှင့် သီတင်းသုံး နေထိုင် တော်မူသောအခါ ရမ္မ၀တီ ပြည်သူ ပြည်သား တို့သည် ဆွမ်းဘုဉ်းပေးပဋိတ်ပြုလျှင် ဒီပင်္ကရာမြတ်စွာဘုရား ကြွလာရန် လမ်းခရီးမျှားကို သုတ်သင်ရှင်းလင်း ဖြေဖို့ တံမျက်စီး လှည်းခြင်းကို ပြုလုပ်နေခိုက် အလွန်တရာ ညွှန်ပြောင်းရေပုတ်ရေဆိုးတို့ဖြင့် မြင်မကောင်းအောင် ဖြစ်နေသောလမ်းနေရာတခုကျန်ရှိနေရာ သုမေဓါ ရှင် ရသေ့သည် ကောင်းကင်ခရီးမှ ဗျာန်၏ အာနုဘော် ဖြင့် ပြန်လာခဲ့ရာ၊ ရမ္မ၀တီ လမ်းခရီး ပြုလုပ်သူ အမျိုး ကောင်းသားအမျိုးကောင်းသို့တို့၏ပျော်ဌာ၊ စွာလုပ်ကိုင် နေကြသည်ကို ကောင်းကင်မှမြင်သဖြင့်၊ ဆင်းသက်၍ အကြောင်းမျိုးစုံမေးမြန်းသဖြင့်သိရသော်- အလွန်ဝမ်း မြောက်လျက်၊ "ဘုရား-ဘုရား" ဆိုမြည် တင်းဟု၍-

ငါရသေ့အားပြင်ရန်လမ်းနေရာတခုပေးပါဟုတောင်းခံသော၏။ နှုံ့ညွှန်ပြောင်းအလွန်ပေါသော သူတပါးမလုပ်လိုသောနေရာကိုရ၍၊ လမ်းဘို့မပြီးခင် ဒိပက်ရာ မြတ်စွာဘုရားသည် လေးသိန်းသော သဃာတော် တို့နှင့်တကွကြွလာတော်မူ၍၊ လူအပေါင်း နှတ်ကြီးဟူ၍ အပေါင်းတို့သည်၊ သောင်းသောင်းဖျဖျ ဝမ်းပန်းတသာ အားရစွာခရီးဦးကြိုဆိုကြကုန်၏၊ ထိုအခါဝယ်လမ်းပြင်၍မပြီးသေးသော သုမေဓါရှင်ရသေ့သည်၊ ဆံကြစ်ကို ဖြေ၍လျှော်တေသက်နီးသစ်နက်ရေနှင့်တကွ၊ ကိုယ်ခန္ဓာအားလုံးကို ရေစိုးညွှန်ပြောင်းတွင် အသျှားမှောက်၍အိပ်ပြီးလျှင်အကြီးဖြစ်သည်ကား။ ငါသည် ဒီပက်ရာ မြတ်စွာဘုရားခြေတော်ရင်းမှာ-သာဝက ပါရမီဉာဏ်ကို ယူပါမူ အလွယ်တကူနှင့်ရတော့မည်၊ အား- လုံ့လနှင့် ပြည့်စုံသည့် ငါကဲ့သို့သော ယောကျ်ားသည်၊ တယောက်အထီးထီးနိဗ္ဗာန်ကိုယူသဖြင့် အဘယ်အကျိုးရှိအုံ့နည်း ဟု စိတ်အားလုလ္လကိုကင်းတော်မူကာ၊ သံသရာ၌ နစ် မွန်းမြှောသွားကုန်သော သတ္တဝါ အာ လုံးတို့အား၊ နိဗ္ဗာန်တည်းဟူသောကျဉ်းကုန်းထက်သို့ ကယ်တင်အုံ့ဟု-ကြံတော်မူသျှက်၊ သာဝကပါရမီဉာဏ်ကို စွန့်လွှတ်၍၊ ဤအသက်ကိုစွန့်၍တံဘားခင်းရသော ကောင်းမှုကြောင့်၊ သဗ္ဗညုဘုရားဖြစ်သို့ရောက်ကာ၊ လူနှင့် တကွသော သတ္တဝါအပေါင်းတို့အား ကယ်ယူတင်ပို့အုံ့-ဟု၊ မနောပဏိဓိရှေးရှုပြီးလျှင် ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်

မှသောမြတ်စွာဘုရား။ လေးသိန်းသော တပည့် သံဃာ တော်နှင့်တကွအာရှင်ဘုရားသည်၊ တပည့်ရသော့၏ ဂိုယ် ကို တံတားအမှတ်ပြု၍ နင်းကြွတော်မူပါ အာရှင် ဘုရား ဟုလျှောက်လေ၏။ ထိုအခါ ဒိပင်ရာ မြတ်စွာ ဘုရား သည်၊ ဘုရားဆုပြည့်ကြောင်း အင်္ဂါရှစ်ပါးနှင့် ညီညွတ် ၍၊ နောင်ဖြစ်လတံ့သည်ကိုဉာဏ်တော်နှင့်ကြည့်တော် မူလတ်သော်မြင်တော်မူ၍၊ ဥကျောင်းရင်းခ္ခရပ်တော်မူ ပြီးလျှင်၊ လေးသိန်းသော တပည့်သံဃာနှင့်တကွ သုမေ ဓါရသော့အား- ဘုရားဇကန် ဖြစ်လတံ့ဟု အခွင့်ဗျာဒိတ် ပေးတော်မူသည်။

ဒေါ- သုမေဓါရသော့၊သင်ရသော့၏တံတားခင်းအပ် သောကုသိုလ် ကောင်းမှုကြောင့်၊ ဤငါတို့သာရမဏ္ဍ ကမ္ဘာမှပြန်၍ နောက်ဆုတ်ရသော်၊ လေးသင်္ချေနှင့်တ သိန်းကမ္ဘာတွင်ဘဒ္ဒကမ္ဘာဖြစ်၍၊ဘုရားလေးဆူမြောက် သိဒ္ဓတ္ထမင်းသား ဂေါတမဘုရား ဖြစ်လတံ့ဟု မိန့်ကြား တော်မူ၏။ ထိုအခါ ခမည်းတော်ကား သုဒ္ဓေါဓန၊ မယ် တော်ကား မဟာမာယာ လက္ချာရုံ-အာရှင်သာရိပုတ္တရာ၊ လက်ပဲရုံ အာရှင်မောဂ္ဂလန်,လက္ချာရုံခေမာထေရီ၊ လက် ပဲရုံ ဥပလဝဏ်ထေရီ၊ အလုပ်အကျွေး အာနန္ဒာ၊ စိတ္တ သူကြွယ်၊ ဝိသာခါ၊ နန္ဒမာတာ၊ ဥတ္တရာဖြစ်၍၊ ကြင်ရာ တော်ယသော်ခရာဒေဝီ သားတော် ရာဟုလာ၊ ပွင့်ရာ ဗေါဓိကား ညောင်ဗုဒ္ဓဟောပင် ဖြစ်လတံ့ဟု မိန့် ကြား တော်မူလေ၏။

(၁) လူဖြစ်တတန်၊ ပေါ၁ကျွေးမှုန်၊
ဗျာနိပြုနိရသော့မှတ်၊
(၂) မဂ်ဖိုလ်ရောက်ရန်၊ဘုရားထံ၊
အားသန်သက်ကိုစွန့်။
(၃) ဤသည်ရှစ်ပါး၊ အကြောင်းမျှား၊
ဌိန့်ကြားဗျာဒိတ်မှတ်။

သုဓိဇွာပုဏ္ဏားမကလေးဆုတောင်းခံး။

ထိုအခါ ရမ္ဘဝတီ ပြည်တွင်းက အမျိုတ သင်း နှင့် လမ်းပြုပြင်ကြတဲ့ အမျိုးကောင်း သွီးကလေးတွေ ထဲမှာ ပါဝင်တဲ့ ယသော်ဝရာ အလောင်း သုဓိဇွာ ပုဏ္ဏမက လေးကလဲ၊ ဒီပင်္ကရာဖြတ်စွာဘုရားကို ပူဇော်လှူဒါန်းရန် ကြာပန်းရှစ်ခိုင်ကိုယူ၍၊ ထိုသုမေဓါရှင်ရသော့ တံတား ခင်း၍ ဘုရားဆုပန်ရာ အနိုးခ္ခရောက်လာတယ်.....။ ထို သုမေဓါရသော့ကိုဖြင်သည်နှင့် တပြိုင်နက်၊ ဟင်ရှေးဘဝ အစဉ်က အတူ တကွ ပြုခဲ့ကြတဲ့ ကုသိုလ် ဒါန အဟုန် ကြောင့်၊ သုမေဓါရသော့၏ ခြေရင်းခ္ခ အလုပ် အကျွေး ဖြစ်လိုတဲ့စိတ်ဇောတွေ ခဏခဏဖြစ်ပေါ်၍လာတာနှင့် သုမေဓါရသော့အနိုးကပ်၍၊ ဘိ-အရှင်ရသော့ ဤကြာ ပန်းငါးခိုင်ကို သဗ္ဗညုတဉာဏ်ကို ရည်မှန်း၍ လှူဒါန်း ပါ။ ဤကြာပန်းသုံးခိုင်ကိုတော့ ကျမ သုဓိဇွာပုဏ္ဏမက လေးနှင့်အတူတကွ ဖြစ်စေခြင်းငှါ လှူဒါန်းပါ ကျမ-သုဓိဇွာပုဏ္ဏမကလေးကလဲ ရှင်ရသော့နှင့် အတူတကွ

ဘဝအဆက်ဆက်ခြေရင်းခို အလုပ်အကျွေး ဖြစ်ရ ရန်ကိုဆုတောင်းပါမယ်ဆိုရှိ ယသော်ရော, ဆုကို-ပန်ဆင်တောင့်တလေ၏။ သုမေဓါရှင်ရသေ့က စကားတုံ့ပြန်ရှိမပြောဘဲနေသော်၊ ဒီပင်္ကီရာမြတ်စွာဘုရားက ငါ့ရှင် သုမေဓါ လူမျိုးဘုရားမဖြစ်စကောင်း, သင်လက်ခံလိုက်ဟုဆုံးခွင့်ပြုသဖြင့်! သုမိဏ္ဍာပုဏ္ဏမကလေး၏လက်မှကြာပန်းရှစ်ခိုင်ကိုယူကာ၊ ဒီပင်္ကီရာမြတ်စွာဘုရားအား ကြာပန်းလေးခိုင်ကိုလေးပါးသော ဝေသာရဇ္ဇဥာဏ်ကိုရည်၍ ကြာပန်းတခိုင်ကို သဗ္ဗညုတဥာဏ်ကိုရည်၍ပူဇော်၏။ ကြာပန်း သုံးခိုင်ကိုကား ဝိဇ္ဇာ သုံးပါး, ကို ရည်၍-သုမိဏ္ဍာပုဏ္ဏမကလေး၏အကျိုးငှါပူဇော်လေ၏။ ဒီပင်္ကီရာမြတ်စွာဘုရားသည်လည်း နောင်ဖြစ်လတံ့ သည်ကို သိတော်မူ၍၊ အို .... သုမေဓါ ရှင်ရသေ့၊ ဤ သတ္တိသို့ပုဏ္ဏမငယ်သည် သင် ရသေ့နှင့် အ တူ တကွ ကုသိုလ်ကောင်းမှုပြုဘက်ဖြစ်၍ ခြေရင်း အလုပ်အကျွေး ဖြစ်လတံ့ဟုမိန့်ကြားတော်မူ၏။ ထို ပြင် ပုဏ္ဏမ အမျိုးသို့တာ ထောင်တို့သည် အထူးထူးသော ပန်းတို့ဖြင့် ပူဇော်ကြသည်ပြင်၊ တသောင်း ရှစ်ထောင်သော ပုဏ္ဏမ ငယ်တို့သည်လည်း၊ ပန်းပြူပန်းနီတို့ဖြင့်ပူဇော်ကြကာ ဖြစ်ရာဘဝတိုင်းမှာ ဘုရားလောင်းရသေ့၏ ခြေရင်း အလုပ်အကျွေးဖြစ်ကြိုဆုတောင်းကြလေ၏။

သုမိဏ္ဍာပုဏ္ဏမငယ်နှင့်တကွ တသောင်းကိုးထောင်သောပုဏ္ဏမ အမျိုးကောင်း သို့ကလေးတို့သည်၊ သိဒ္ဓတ

မင်းသားဖြစ်သောအခါ၌ မဟာမျိုးမဟာနွယ်ဖြစ်ကြ၍၊ ယသော်ဓရာမင်းသျှီး၏ အခြံအရံ မင်းသျှီးငယ်တို့ဖြစ်ကြကုန်၏။ ထိုယသော်ဓရယာစသောတသောင်းကိုးထောင်ကုန်သော မင်းသျှီးမငယ် ကလေး တို့သည်၊ ဘုရားလောင်းသိद्ध္ဓတ္ထမင်းသား၏ ခြေရင်း အလုပ်အကျွေးဖြစ်ကြကုန်ပြီး၍၊ အလိုရှိသောကာမဂုဏ်ချမ်းသာကို ခံစားစံစားကြပြီးနောက်၊ သိद्ध္ဓတ္ထ မင်းသား ဘော ထွက်၍-ဒုက္ခရစရိယာခြောက်နှစ်ကျင့်ပြီးလျှင်၊ ဂေါတမ ဘုရားဖြစ်သောအခါ ထိုမင်းသျှီးကလေးတို့သည် ဘိက္ခုနီမ-သာသနာဝယ် ရဟန်းမိန်းမ ပြုကြ၍၊ ဒီဗျာန်သို့ အကုန်သွားကြလေပြီ-စာကြည့်သူ အမျိုးကောင်းသား အမျိုးကောင်းသျှီးတို့လဲ ဒီဗျာန်ကိုတောင့်တကြစေချင်၏။

ကုသိုလ်ကောင်းမှု- ပြုကြသူသာ၊
အလိုဂုဏ်တိုင်း- တ-တိုင်းဖြစ်မှာ၊
ဖြစ်လိုသူများ- အားထားကြပါ၊
မှန်မလွဲ-ရမြဲမမှတာ။ ။

သုမေဓါရှင်ရသေ့ ပါ.ရမီဆယ်ပါးကို
ဆင်ခြင်တော်မူခြင်း။

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓါရှင်ရသေ့နှင့် သုမိတ္တာပုဏ္ဏမကလေးတို့၏ဘဝသစ်ခြေပြုပုံတို့ကို အစုံ

အလင်ဓိန္ဒြကြားတော်မူပြီးလျှင်၊ သဃီဝတော်လေးသိန်း တို့နှင့်အတူတကွ ရမ္မဝတီပြည်တွင်းသို့ဆွမ်းခံကြွတော်မူလေ၏။ ထိုအခါသုမေဓါရှင်ရသေ့သည် ဒိပင်္ဂုရာမြတ်စွာဘုရားကြွသွားမှ၊ ဒိပင်္ဂုရာမြတ်စွာဘုရား၏တန်ခိုးဂုဏ် ကြက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည်ကို အစဉ်အောက်မေ့၍ထက်ဝယ်ဖွဲ့ခွေနေပြီးသော်ဆင်ခြင်တော်မူသည်ကား-

(၁) ဒါနပါရမီ၊ ပေးကမ်းခြင်းကုသိုလ်။

(၂) သီလပါရမီ၊ လူ, နတ်, ဗြဟ္မာ ရဟန်းတို့ စောင့်ရှောက်အပ်သော ငါးပါးသီလ- ရှစ်ပါးသီလ ကိုးပါးသီလ၊ ဆယ်ပါးသီလ စတုပါရိသုद्ধိသီလကုသိုလ်အစု။

(၃) နိက္ခမပါရမီ၊ ဖန်ရေစွန်းသော သက်နှိုးလျှော်တေဝတ်ရုံဖြင့်တောထွက်၍နေခြင်းကုသိုလ်။

(၄) ပညာပါရမီ၊ အယုတ် အလတ်-အမြတ်မရွေး ပညာဂုဏ်တို့ထံ ဆည်းကပ်၍ အတတ် ပညာကို ရှာခြင်းကုသိုလ်။

(၅) ဝိရိယပါရမီ၊ ဘုရားဖြစ်ရန် အလွန် အားထုတ်သောကုသိုလ်အစု။

(၆) ခန္တီပါရမီ၊ မဟာပထဝီမြေကြီးကဲ့သို့သည်းခံနိုင်ခြင်းကုသိုလ်အစု။

(၇) သစ္စပါရမီ၊-ကိုယ်, နှုတ်, စိတ်, သုံးပါးလုံးခိုအလွန်ဖြောင့်မတ်သောကုသိုလ်အစု။

(၈) အဓိဋ္ဌာန်ပါရမီ၊ ကောင်းစွာ ခိုင်မြဲသော ကုသိုလ်အစု။

(၉) မေတ္တာပါရမီ၊ ကောင်းမကောင်းသောသတ္တဝါတို့၌ မေတ္တာစိတ်ကို ညီမျှအောင် ထားနိုင်သောကုသိုလ်အစု။

(၁၀) ဥပေက္ခာပါရမီ၊ ကောင်း မကောင်း မကြည့်၊ လစ်လျူရှုသောကုသိုလ်အစု။

သုမေဓါရှင်ရသေ သည် ဤဆယ်ပါးသောပါရမီတို့ကို ဆင်ခြင်၍ ငါသည်ဇကာနစင်စစ် ဘုရား ဖြစ်တော့မည်ဟု လုလ့ဲကြီးစွာဖြင့် ကောင်းကင်သို့ ပျံတက်၍ ဟိမဝန္တာဝဇ္ဇိက တောင်သို့ရောက်လေ၏။ မယုတ်သောပါရမီဗျာနတို့ဖြင့် အသက်အတိုင်းနေပြီးလျင် စုတေ၍ ဗြဟ္မာပြည်၌ ဗြဟ္မာမင်းကြီးဖြစ်လေ၏။

ဒီပင်ကာရမြတ်စွာဘုရား လက်ထက်တော် အခါဝယ် ရမ္ဘဝတီ ပြည်သူ ပြည်သားတို့သည် လွန်လေပြီးသော သာသနာတော်ကို လှူဒါန်း ချီးမြှောက်ကြပုံ အကျဉ်းမျှတ်သားဘွယ်။

သုနန္ဒာရုံ ဥယျာဉ်တော်ဝယ် သုဒဿနကျောင်းကြီး၌ အဂ်ါလေးပါးနှင့် ပြည့်စုံသော ရဟန်းတော်များ နေထိုင်တော်မူသောအခါ--

အင်္ဂါလေးပါးကား

(၁) အားလုံးစုံဟိတိကွဲရဟန္တာဖြစ်ခြင်း။
(၂) အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံခြင်း။
(၃) အလိုလိုကြွတော်မူလာရခြင်း။
(၄) ပန္နရသိဉုသိနေ့ဖြစ်ခြင်း။

ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံ၍ ဒီပင်္ကာရ ဖြတ်စွာဘုရားသည်၊ ဩဝါဒ ပါတိမောက်ကို ပြတော်မူသော သံဃာအစည်းအဝေးကား ''ပဌမအကြိမ် ရဟန္တာ လေးသိန်း။ဒုတိယအကြိမ် သား တော်ဥသဘာကွန္ဒာ,အမျှားဂိုသော ကုဋေကိုးဆယ်သောနတ်ဗြဟ္မာအပေါင်း။ တတိယအကြိမ် မယ်တော်ဖြစ်ဘူးသော သုမနဒေဝနတ်သား အမျှားဂိုသော စကြာဝဠာမှလာကုန်သော ကုဋေ, ကိုးသောင်းသောနတ်ဗြဟ္မာအပေါင်း။ နာရဒတောင်ခ္ခနာရဒဘီလူးအား ဗလိနတ်စာ ကျွေးကြကုန်သော သူတို့ကို ဒီပင်္ကာရ ဖြတ်စွာ ဘုရား၏ အထံတော်သို့ ခေါ်လာ၍။ ထိုသူတို့၏ပါရမီအားလျှော်စွာ ကုဋေကိုးသောင်းသော အမျိုးသားတို့အား ဟိတိကွဲ့ခေါ်တော်မူ၍ ခုနစ်ရက်အတွင်းခ္ခီ ရဟန္တာဖြစ်စေကုန်၏။ တတိယ အစည်းအဝေးခ္ခီ ကုဋေကိုးသန်းသောရဟန္တာများ ဖြစ်ကြကုန်၏။

ဤမျှလောက်များပြားကုန်သော ဒီပင်္ကာရဖြတ်စွာဘုရားနှင့်တကွ ဒီပင်္ကာရဗုဒ္ဓဘာသာ သာသနာ တော်ကြီးကို၊ ပဋ္ဌာန်း လေးပါး တို့ဖြင့် ချီးမြှောက်ကြ သည် ကား

မည်သူတို့ နည်း။ ရမ္ဗဝတီ နိုင်ငံတော်သား၊ နိုင်ငံတော်သူအမျိုးသား အမျိုးသို့တို့ဖြစ်ကြကုန်၏ဟူ၍၊ စဝကြည့်သူ သူတော်ကောင်း တို့၏ စိတ်နှလုံးတွင် သဒ္ဓါယုံကြည်စွာထား၍ ယခုလက်ရှိပစ္စုပ္ပန် ရှင်တော်ဘုရား၏ သာသနာတော်ကြီးကို ပစ္စည်းလေးပါးဖြင့် ချိုမြောက်လှုဒါန်းနိုင်ကြပါစေသော်။

ရမ္ဗဝတီနေပြည်တော်တရိုက် ဒီတင်း နေထိုင်တော်မူ ကြ ကုန် သော အ မျိုး သား ကုဋေ ကိုးသန်းသော ယောကျ်ားတို့သည် ဒိပက်ရာမြတ်စွာဘုရားအထံတော် ဌဝရဟန်းပြုကြကုန်၍သိတင်းကျွတ်လပြည့်နေ့ဌဝရဟန္တာ ဖြစ်ကြကုန်ပြီးလျှင် ထိုကုဋေကိုးသန်းသော ရဟန္တာတို့နှင့်အတူတကွ ပဝါရဏာ ပြုတော်မူပြီး၍ အဂ္ဂသာဝကအရှင် သုမင်္ဂလနှင့် အရှင်တိဿ အလုပ်အကျွေး အရှင်သောဘိတနှင့် အဂ္ဂသာဝိကာမ မယ်နန္ဒာ၊ မယ်သုနန္ဒာ အလုပ်အကျွေးဒါယကာ တဖုသ ဘဏ္ဍိကာ၊ ဒါယိကာမ သိရိမာနှင့် အာသောကာတို့ ဖြစ်ကြကုန်၏။ ဤကဲ့သို့ လောကဌ အတုမရှိ ဖြစ်တော်မူပြီး၍ သင်္ခါရသင်္ခတ တရားအတိုင်း ဖြစ်လျှင် ပျက်မြဲ တရား မကင်းရကား၊ အိုခြင်း-နာခြင်း-သေခြင်း ပဋိသန္ဓေနေခြင်းတို့၏ ကင်းရာ တရားခါတ်အဆိုဘခဲနက်သောသန္တိရိတော်မူသော နိဗ္ဗာန်ဓာတ်သို့ ဖြန်းကြွတော်မူလေ၏။ ကြွင်းကျန် ရစ်ကုန် သော ဓာတ်တော် တို့ကို ရမ္ဗဝတီ နိုင်ငံတော်

သား-နှင်ငံတော်သူ စကြာဝဠာ နတ်ဗြဟ္မာတို့နှင့်တကွ တပည့် သာဝကအများတို့သည် သုံးဆဲ့ခြောက်ယူဇနာ အမြင့်ရှိသော စေတီတော်ကို တည်ထားကိုးကွယ်ကြ ကုန်၏။ ထိုနောက်ကြာမြင့်သောအခါသစ္စာလေးပါးကို သိသူမရှိသဖြင့် ဒိပင်္ဂုရ မြတ်စွာဘုရား၏ သာသနာ တော် ကွယ်လေ၏။

ထိုကြောင့်..... အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လ-ပျက်မြဲမှန်စွာ၊
သံဝေဂကျမ်း-ဖြစ်ပွါးစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

ဒိပင်္ဂုရနှင့် သုမေဓာအခလာ်း ပြီး၏။

ကောဏ္ဍညမြတ်စွာဘုရားနှင့်ဘုရားလေးဦး ဒိတိယာစကြာဝဠတေးမင်းအကြောင်း။

ဒိပင်္ဂုရ မြတ်စွာဘုရား၏ နောက်အဘိုဒ္ဓ တသောင်္ချေ လွန်သော် ကောဏ္ဍညမြတ်စွာဘုရားဖြစ်တော်မူ၏။ ထို ကောဏ္ဍညမြတ်စွာဘုရားအား သုံးကြိမ်သော အစည်း အဝေးတို့သည်ဖြစ်ကုန်၏။ ''ပဌမအကြိမ်'' ကုဋေ တ သိန်းသောရဟန္တာ အစည်းအဝေးဌာ ပါ တိ မောက် ကို ပြုတော်မူ၏။

''ဒုတိယအကြိမ်'' ကုဋေတထောင်သော ရဟန္တာ အစည်းအဝေးဌာ ပါတိမောက်ကိုပြုတော်မူ၏။

"တတိယအကြိမ်" ကုဋေကိုးဆယ်သောရဟန္တာ အစည်း အဝေးခို ပါတိ မောက် ကို ပြုတော်မူ၏။ ထို ကောဏ္ဍည ဖြတ်စွာဘုရား လက်ထက်တော် အခါ၀ယ်၊ ငါတို့၏ဂေါတမအလောင်းတော်သည် ဝိဇိတာ အမည် ရှိသောစကြာ၀ဠာတေးမင်းကြီးဖြစ်၍ ကောဏ္ဍညဖြတ်စွာ ဘုရားနှင့်တကွ ကုဋေတ သိန်းသော သံ ဃာ တော် အပေါင်းတို့အား၊ဆွမ်း,သင်္ဃန်း၊ ကျောင်း,ဆေးစသော ပစ္စည်းလေးပါးတို့ဖြင့် ကြီးစွာသော အလှူကြီးကို ပေး တော်မူ၏။ ထိုကောဏ္ဍညဖြတ်စွာဘုရားရှင်ကိုယ်တော် ဖြတ်ကြီးသည်၊ငါတို့၏ဂေါတမဘုရားအလောင်းတော် ဝိဇိတာ အမည်ရှိသော စကြာ၀ဠာ မင်းကြီးအား၊ အသင်သည် ဘုရားဇကန် ဖြစ်လိမ့်မည်ဟု အခွင့် ပေးသ နားတော်မူ၍၊ တရား ဒေသနာကို ဟော တော် မူ ၏။ ဘုရားအလောင်း ဝိဇိတာအမည်ရှိသောစကြာမင်းကြီး သည်၊ကောဏ္ဍညဖြတ်စွာဘုရား၏တရားတော်ကို ကြား နာရ၍၊ စကြာ မင်း စည်း စိမ်ကို စွန့် လွှတ် ပြီး လျှင် ကောဏ္ဍည ဖြတ်စွာဘုရားထံ ရဟန်းပြုလေ၏။ ဘုရား လောင်းရဟန်းသည် ပိဋကသုံးပုံတို့ကိုသင်ယူ၍ ရှစ်ပါး သောသမာပတ်နှင့် ငါးပါးသော- အဘိညာဉ်တို့ကိုရ၍ မပျက်သောစျာန်ဖြင့် သေသည့်အခြားမဲ့ဌာနဘုံ၌ဖြစ် လေ၏။

ကောဏ္ဍညဖြတ်စွာဘုရားလက်ထက်တော်၌၊ ဆယ် ကုဋေသောရဟန်းပရိသတ် ကုဋေတသိန်းသောနတ်လူ

တို့အား ဓမ္မစကြာ တရားကို ဟောတော် မူသောအခါ-
အကျွတ်တရားရကြသည်ကား.....
ပဌမဓမ္မာဘိသမယတည်း။

မျှားစွာသော နတ် အ မျှား တို့ တွင် နတ် သား တ
ပေါက်သည်၊ မဂ်လာတရားတော်ကို လျှောက်ထား၍
ကောဏ္ဍညမြတ်စွာဘုရားသည်၊ မဂ်လာတရားတော်ကို
ဟောတော်မူသဖြင့် ကုဋေ, ကိုးသောင်းသော နတ်တို့
သည် အရဟတ္တမဂ်လိသို့ရောက်ကြကုန်၏။ သောတာပန်
သကဒါဂါမ်သို့ရောက်သည်ကားမရေမတွက် နိုင်ကုန်။
၅၂ကား..... ဒုတိယ ဓမ္မာဘိသမယတည်း။

ကောဏ္ဍညမြတ်စွာဘုရားသည် တိုင်ထိုတို့ကို နှိမ်နင်း
ခြင်းငှါ တန်ခိုးအပေါင်းကိုပြတော်မူ၏။ ထိုအခါ-ကုဋေ
ရှစ်သောင်းသော နတ်လူ, တို့သည် အရဟတ္တ မိုလ်သို့
ရောက်ကုန်၏။ သောတာပန် သကဒါ ဂါမ်- အနာဂါမ်
မရေမတွက်နိုင်ကုန်၊
၅၃ကား.....တတိယဓမ္မာဘိသမယတည်း။

ကောဏ္ဍညမြတ်စွာဘုရား၏ ပြည်တော်ကား- ရမ္ဗ
ဝတီမြို့တော်ဖြစ်၏။ခမည်းတော်ကား သုဒ္ဓနွာမည်သော
မင်းကြီး၊ မယ်တော်ကား သုဇာတာမည်သော ဗိဓုရား
ကြီး၊ အဂ္ဂသာဝကာ အရှင် ဘဒ္ဒမထေရ်၊ အရှင် သုဘဒ္ဒ
မထေရ်၊ အလုပ်အကျွေး အရှင်အနုရုဒ္ဓါမထေရ်၊ အဂ္ဂ
သာဝိကာမ၊ မယ်တိသ၊ မယ်ဥပတိသ၊ ဒါယကာ

အလုပ်အကျွေး သောဏ၊ ဥပသောဏ၊ ဒါယိကာမ-
မယ်နန္ဒာ သိရိမာတို့တည်း။ ပွင့်ရာဗေါဓိကား သာလ
ကညာနိပင်၊(နတ်တို့ဖန်ဆင်းသောဗေါဓိဖြစ်၏။ အရပ်
တော် ၈၈-တောင်) ရှစ်ဆဲ့ရှစ်တောင်။ အသက်တော်
ကား အနှစ်တသိန်းတည်း။

ထိုကောဏ္ဍည-မြတ်စွာဘုရားသည်၊ ထိုမျှလောက်
ဘုန်းတန်ခိုးအမျိုးမျိုးတို့ဖြင့်ကြီးမားတော်မူသော်လည်း
သင်္ဂါရသဘောတရားမလွန်နိုင်၍ စန္ဒာရုံဥယျာဉ်တော်၌
ပရိနိဗ္ဗာန်စံတော်မူ၏။ ခုနှစ်ယူဇနာဂို့သော စေတီတော်
တည်၍ ဓါတ်တော်တို့ကို ဌာပနာ ကိုးကွယ်ကြကုန်၏။
ထို့နောက် သစ္စာ လေးပါးကို သိသူမဂ္ဂို၍ ကောဏ္ဍည
မြတ်စွာဘုရား၏သာသနာတော်ကွယ်လေကုန်၏။

ထို့ကြောင့်- အနိစ္စတရား ထင်ရှားသည်သာ၊
ဘုရားသော်လဲ ပျက်မြဲမှန်စွာ၊
သံဝေဂဏာများ ဖြစ်ပွားစေရာ၊
အနိစ္ဆ ရှုမှသင့်တော်မှာ။ ။

ကောဏ္ဍညမြတ်စွာဘုရားနှင့် ဝိဓိဝေါ
စကြာမင်းတို့အခဏ်းပြီး၏။

သာရမဏ္ဍကမ္ဘာ၌ ဘုရားလေးဆူတို့၏ အကြောင်းအရာများ အခေါ်အဝေါ်

ကောဏ္ဍည ဖြတ်စွာဘုရား ပရိနိဗ္ဗာန် ပြု ပြီး သော နောက် ကမ္ဘာတသောင်းလွန်သောအခါ မင်္ဂလာဘုရား သုမနာဘုရား၊ ရေဝတာဘုရား၊ သောဘိတာဘုရားဟူ၍ လေးဆူသော ဘုရားခြင်းကို သည် ဖြစ်တော်မူကြကုန်၏။ ထိုဘုရားလေးဆူတို့ဘွင် မင်္ဂလ ဖြတ်စွာဘုရား ရှေးဦး စွာဖြစ်တော်မူ၏။ ထိုမင်္ဂလ ဖြတ်စွာ ဘုရား၌ သုံးပါး သောအစည်းအဝေး ဖြစ်ကုန်၏။ ထို-သုံးပါး တို့တွင် "ပဌမအကြိမ်" အစည်း အဝေးကား ရဟန္တာ ကုဋေ တသိန်းတည်း။ ထိုရဟန္တာ ကုဋေ တသိန်း၌ မင်္ဂလ ဖြတ်စွာဘုရားသည် ပါတိမောက်ပြတော်မူ၏။

ဒုတိယအကြိမ်အစည်းအဝေးကား ရဟန္တာကုဋေ တထောင်တည်း။ ထိုကုဋေတထောင် ရဟန္တာ အစည်း အဝေး၌ မင်္ဂလာဘုရား ပါတိမောက် ပြတော်မူ၏။

တတိယအကြိမ်အစည်းအဝေးကား ရဟန္တာကုဋေ ကိုးဆယ်တည်း။ ထိုကုဋေကိုးဆယ်သော ရဟန္တာ အ စည်းအဝေး၌ မင်္ဂလဖြတ်စွာဘုရား ပါတိမောက် ပြ တော်မူ၏။ မင်္ဂလ ဖြတ်စွာဘုရားသည် ကိုယ်တော်မှ ထွက်သောအရောင်တို့သည် အခါခပ်သိမ်း တသောင်း သော လောကကို ထွန်းလင်းစေကုန်၏။ ထို မင်္ဂလာ ဖြတ်စွာဘုရား၏ ဆုတောင်းနှင့် ကောင်းခြင်း သည်ကား

ဝေဿန္တရာကဲ့သို့သောဘဝတခုတွင် သားတော် သို့မဟုတ်စုံလင်စွာဖြင့်ဝက်ဘာတောင်ခ္ခနေစဉ် ကြမ်းတမ်းယုတ်မာသော အစွယ် ရှိသော ဘီလူး တ ယောက်သည်၊ မဂ်လဘုရားလောင်း၏ အလိုကိုသိ၍ ပုဏ္ဏားဝေ၏ အသွင်ဖြင့်ချဉ်းကပ်ခါ၊ ဘုရားလောင်း၏ သားတော်သို့မဟုတ်တို့ကိုတောင်း၏၊ ဘုရားလောင်းသည်သားတော်သို့မဟုတ်တို့ကို ၄ုင်လန်းစွာပေးလှူသည်ဖြစ်၍၊ မြေကြီးတုံလှုပ်၏။ ထိုဘီလူးသည် သားတော်-သို့မဟုတ် တို့ကို စကြိုဦးတွင် မှီရာတဲ့ပြင်ကိုမှီ၍ ဘုရားလောင်း ကြည့်စဉ်ပင်လျှင် ကြာစွယ်ကြာရင်းကိုစားဘိသကဲ့သို့၊ သားတော်သို့မဟုတ်တို့ကို ဘီလူးသည်စားလေ၏။

ထိုဘီလူး၏ခံတွင်းမှ ဖွင့်ကိုင်းမှင့်ကိုင်း မီးရောင်ကဲ့သို့ သွေးတို့ယိုစီးကြကုန်၏။ ထိုမဂ်လ ဘုရား လောင်းသည် ဆံပင်ဖျားမျှဒေါသမဖြစ်မူ၍၊ ငါကား ကောင်းစွာလှူဒါန်းရပြီ ငါ၏အလှူတော်သည် ကောင်းစွာ ဖြစ်ပြီဟု တကိုယ်လုံးဝမ်းမြောက်သော ဒီတိ သောမနဿသည် ဖြစ်ကုန်၏။ ထိုကုသိုလ် အကျိုးဆက်ကြောင့်၊ မဂ်လ ဘုရားဖြစ်သောအခါ တသောင်းသော လောကကို အရောင်အလင်းတို့ဖြင့်တွန်းလင်းစေနိုင်၏။ထိုအခါက-နှုတ်ညှဉ်ဟူ၍မသိရကုန်။ ဌက်,ကြက်,မည်သံ ပန်းပင်, သစ်ပင်တို့၏ အသီးအပွင့်ကိုသာမှီ၍နေ့ညှဉ်မှန်းသိရကုန်၏။ ထိုမဂ်လ ဘုရားအလောင်းသည် တဆူသော ဘုရား၏ စေတီတော်၌ ဓိမိကိုယ်ကို ဆိမ်းစာ တို့ဖြင့်- ရစ်ပတ်၍

လက်ျာရစ်လည်ပြီးလျှင်တည့်လုံးမီးညှိ၍လှူဒါန်းခဲ့ဘူး၏ မွေးညှင်းကိုမျှမီးမလောင်မူ၍ပဒုံမာကြာတိုက်ခိုနေရဘိ သကဲ့သို့ဖြစ်လေ၏။

၅၂ ဤအကြောင်းအကျိုးတို့ကြောင့် ရောင်ခြည်တော်ဘို့ဖြင့် တလောကလုံးကိုထွန်းလင်း စေနိုင်ကုန်၏။ တရားတော်ကိုကျင့်သောသူအား တရားတော်က စောင့်ပေ၏။ တရားကိုကျင့်သောသူသည် ချမ်းသာကို ဆောင်နိုင်၏၊ ဤသို့ဖြစ်ခြင်းသည် တရားကို ကျင့်၍ဖြစ်၏၊ တရားကျင့်သောသူသည်အပယ်လေးပါးမသွားရပါ။

မင်္ဂလာဘုရားနှင့် သုရစိပုဏ္ဏား အကြောင်း။

ထိုမင်္ဂလာဘုရား လက်ထက်တော် အခါမှာ၊ ငါတို့၏ဂေါတမဘုရား အလောင်း တော် သည် သုရစိ,အမည်ရှိသော ပုဏ္ဏားဖြစ်၍၊ မင်္ဂလမြတ်စွာဘုရားသည် ဟောကြားအပ်သော ချမ်းမြေ့နိုင်သာယာစွာသော တရားကိုနာယူရ၍အလွန်ကြည်သိုလှသဖြင့်၊ ပဌမ အကြိမ် အစည်းအဝေးအတွင်း၌ ဘုရားအမှူးရှိသောသံဃာတော်တသိန်းတို့ကို ကောင်းမွန်အလို့ငှါ ဆွမ်းဘိတ် လေ၏။ ဘုရားလောင်း သုရစိပုဏ္ဏားကြီး အကြံဖြစ် သည်ကား၊ ဤမျှလောက် မျှားပြားကုန်သော ရဟန်းတော်တို့ကို ယာဂုဆွမ်း,သင်္ကန်းတို့ဖြင့်လှူဒါန်းခြင်းငှါစွမ်းနိုင်ကုန်၏။ ထိုရဟန်း ကုဋေတသိန်း နေထိုင် ဘိုရာ ဘယ် လို ဖြစ်စေရ

ပလဲဟုအောက်မေ့စဉ်၊ ရှစ်သောင်းလေးထောင်ယူဇနာ ဝေးသောအရပ်၌နေသော တာဝတိ်သာသိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာကြီးသည် ပူသော အဖြစ် သို့ရောက်လေ၏။ သိကြားမင်းသည် နတ် မျက်စိ တ ထောင်ဖြင့် လူ့ပြည်သို့ ကြည့်သော် ဘုရား လောင်း သုရစိပုဏ္ဏားကြီးကား မင်္ဂလာဘုရားအမှုးရှိသည့် ကုဋေ တသိန်းသောသံဃာတော်တို့၏နေထိုင်တော်မူရာ အလို့ ငှာ နေရာအရပ်ဌာနကို ကြံစည်နေသည်ကို သိလေ၏။ သိကြားမင်းသည် ကုသိုလ်အတို့ ယူခြင်းငှာ သင့်၏ဟု ကြံ၍ လက်သမားရောင် ဖန်ဆင်း၍ ပဲကွပ်ကို လက်၌ ဆွဲကိုင်လျက်ဘုရားလောင်း၏ရှေ့၌ရပ်လေ၏။ သိကြား မင်းလက်သမားက အိုအရှင် အခစားလုပ်ဘိုရာ အလုပ် အဘိုင် ရှိသလားမေးရာ ဘုရားလောင်းသည် အသင်၊ သင်သည် ဘယ်အမှုကို ပြုတတ်သနည်း ပြန်၍ မေးရာ၊ သိကြားမင်းက ငါမသိသော အ တတ် မည်သည် မရှိ၊ အားလုံးစုံ အကတ်ကို ငါသိ၏ဟု ပြောလိုက်၏။ ဘုရား လောင်းသည်၊ သိကြားမင်း လက်သမားအား၊ မင်္ဂလ ဘုရား အမှုးရှိသော ကုဋေတသိန်းသော သံဃာတော် ဘို့၏ နေထိုင်ရန် မဏ္ဍာပ်ကို ပြုလုပ်စေ၏။ သိကြားမင်း လက်သမားသည် တဆဲ့ နှစ်ယူဇနာ–တဆဲ့ သုံးယူဇနာ ရှိသောနေရာကိုကြည့်၍ ရတနာ (၇)ပါးဖြင့် ဖြိုးသော မဏ္ဍာပ်ကြီး မြေမှပေါက်စေသတည်းဟု စိတ်အကြံဖြစ်

၏။ သိကြားမင်း စိတ်ကြီသည်နှင့် တပ္ပြင်နက် အလုံးစုံ ရတနာဖြင့် ပြီးသော မဏ္ဍာပ်ကြီး မြေမှ ပေါက်လေ၏။ တိုင်၏ အကြားအကြား ငွေရေအိုးကြီး တို့သည် ရေ အပြည့်နှင့်ဖြစ်ပေါ် လေ၏။ ရတနာခုနစ်ပါးဖြင့်ပြီးသော သောက်ရေအိုးကြီးမျှားလည်း ပေါ်ပေါ်က်လေ၏။

ရှေတိုင်-ငွေတိုင်,ပဗ္ဗမြားတိုင်, မျက်နှာကြက်၊ ပန်း ဆွဲ၊တက်၊နောက်ဖျိ၊နေရာပလ္လင်၊အခင်းကော်ဇောကြီး၊ ကော်ဇောငယ်၊ သားမြီးယပ်၊ရတနာခုနစ်ပါးပြီးသော ကြိုးကြာရှေဥဒေါင်း၊ ပန်းနံ့သာအမွှေးမျိုးစုံ၊ ပန်းမျိုးစုံ ကြဲဖြန့်၍ ကောင်းစွာပြုပြင်အပ်သော မဏ္ဍာပ်ကိုဖြစ်စေ လျက်၊ သိကြားမင်းသည် ဘုရားလောင်းအား ခေါ်၍၊ မဏ္ဍာပ်ကို ကြည့်ရှုစေ၏။ အမောင်ပုဏ္ဏား၊ ငါ့အား လက်သမားအခပေးလောဟု ဆိုလေ၏။ ဘုရားလောင်း မဏ္ဍာပ်ကိုကြည့်စဉ်ပင်လျှင် တကိုယ်လုံး အလွန် ဝမ်း မြောက်သောဒီတိသည်ဖြစ်၍ ဤမဏ္ဍာပ်သည်လူသာမန် ပုဂ္ဂိုလ်တို့မပြုလုပ်နိုင်ရာ၊ငါ၏စိတ်အလိုကိုသိကြားမင်း သိ၍ ပြုသည်ဖြစ်ရာ၏။ ငါသည်တရက်တည်း အလှူပေး သဖြင့် မလျှောက်ပတ်ရာ၊ ခုနှစ်ရက် တိုင် တိုင် အလှူ ပေးအံ့ဟုကြံလေ၏။

(စာကြည့်သူတို့ မှတ်ယူဘွယ်) ဘုရားလောင်း တို့ မည်သည်မှာ အပ ဖြစ်သော ပစ္စည်းဥစ္စာ လှူဒါနိုးခြင်း

ကို မရောင့်ရဲနိုင်ရာ။ ရတနာ၃ခုနစ်ပါးဖြင့် ဆင်အပ်သော ဥကျောင်းကိုဖြတ်၍၊ မျက်ခွံ့ကိုခွါ၍၊ မျက်စိကိုထုတ်၍၊ နှစ်လုံးသားကိုထုတ်၍ လှူဒါန်းရမ္မသာ နှစ်သက်ရောင့်ရဲနိုင်ရာ၏။ ငါတို့၏ ဂေါတမ ဘုရားလောင်းသည် သိဒ္ဓတ်မှာ သိဝိမင်းကြီ သည် ငါးသိန်းဥစ္စာ ရတနာကို ငါးရာနတ်ရှိ၍ စွန့်လွှတ်လှူဒါန်းရသော်လဲ မနှစ်သက်နိုင်။ သိကြားမင်းသည် ပုဏ္ဏားယောင် ဆောင်၍ မျက်စိကို တောင်းသောအခါ သိဝိမင်းကြီးသည် လိမ္မာလှစွာသော ဆေးဆရာကိုခေါ်၍၊ မျက်စိကိုထုတ်၍ လှူဒါန်းရမ္မသာ နှစ်သက်ဝမ်းမြောက်လေ၏။ ထို့ကြောင့်ဘုရားလောင်း သည် မဂ်လမြတ်စွာဘုရားနှင့်တကွဂုဇ္ဇရတသိန်းသော သံဃာတော်အရှင်မြတ်တို့ကို ထိုရတနာမဏ္ဍပ်၌ နေစေ၍ ရေကင်းသော နွားနို့၊ ထောပတ်၊ နို့ခဲနီ၊ဆန်နှန်း၊ သကာပျားရေ၊ဆီ အစရှိသော ပစ္စည်းတို့ဖြင့် ချက်ပြုတ်ဖိရင်အပ်သော အလွန် ကောင်းမြတ် သည့် ခဲဘွယ်-ဘောဇဉ်တို့ဖြင့် နတ်တယောက်-လူတယောက် ညှပ်၍ ဂုဇ္ဇ တသိန်းသော သံဃာတော်တို့အား ခုနစ်ရက် တိုင်တိုင် လှူဒါန်းဆက်ကပ်လေ၏။

ခုနစ်ရက်စေ့ သောနေ့၌တသိန်းထိုက်သောသုံးထည် သောသင်္ဃာန်း တိုစီဝရိတ် အစုံပေါင်း ဂုဇ္ဇေတသိန်းနှင့် တကွ၊ထောပတ် ဆီဦးပျားသကာတို့ဖြင့် ဂုဇ္ဇေတသိန်း

သော ရဟန်းတို့၏သပိတ်ခွပြည့်စေ၍လှူဒါန်းဆက်ကပ်လေ၏။

ထိုအခါ မဂ်လဘုရားသည် ငါတို့ ဘုရားလောင်းသုရိုစိ ပုဏ္ဏားကြီးအား နောင်အခါ ကမ္ဘာတသိန်းနှင့် နှစ်သန်းထက်ခွ ဂေါတမ ဘုရားဖြစ်လတံ့ဟု မိန့်ကြားတော်မူ၏။ ထိုစကားကိုကြား၍ သုရိုစိပုဏ္ဏားကြီးသည် ငါ ဘုရားဖြစ်တော့မည် အောင်းမေ့၍၊ မဂ်လ ဘုရား အထံတော်မှာ အလုံးစုံသော စည်းစိမ်ချမ်းသာကိုစွန့်၍ ရဟန်း ပြုလေ၏။ ။ရဟန်းပြုပြီး၍ ဖြတ်စွာ ဘုရား၏ စကားတော်ကို သင်ယူကာ၊ အဘိညာဉ် သမာပတ်တို့ကိုပြည့်စုံစေ၍၊မယုတ်သောဈာန်ဖြင့်အသက်အကြင်း နေကာ ဗြဟ္မာဘုံသို့ရောက်လေ၏။

ထိုမဂ်လဖြတ်စွာဘုရား၏ ပဌမမဟာဘိသမယကား သိရိဝမုနတောအုပ်ခွ ဝမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ၊ ကုဋေတသိန်းသော သူတို့သည်– အကျွတ်တရားရကြကုန်၏။

ဒုတိယဝမ္မာဘိသမယကား၊ မဂ်လ, ဖြတ်စွာ ဘုရားသည် တာဝတိံသာ နတ်ပြည်ခွ အဘိ ဓမ္မာ တရားကို ဟောတော်မူသောအခါ၊ ကုဋေကိုးထောင်သောနတ်တို့သည် အကျွတ်တရားရကြကုန်၏။

တတိယဝမ္မာဘိသမယကား၊ သုနန္ဒာ စကြာဝဠာ မင်းကြီးအမှူ၊ ဂိုရိသော ပရိသတ် တို့အား တ ရား ဟော

သော အခါ၊ ကိုးကုဋေသော ပရိသတ်တို့သည် အကျွတ်တရားရကြကုန်၏။

မဂ်လမြတ်စွာဘုရား၏ဖြိုတော်ကား ဥက္ကရာဖြိုတော်ဖြစ်၏၊ ခမည်းတော်ကား-ဥတ္တရမင်းကြီးတည်း။ မယ်တော်ကား- ဥတ္တရာ မိဖုရားကြီးတည်း။ အဂ္ဂသာဝကနှစ်ပါးကား အရှင်သုဒေဝနှင့် အရှင် ဓမ္မသေနတို့ဖြစ်၏။ အလုပ်အကျွေးကား ပါလိတမထေရ်တည်း။ အဂ္ဂသာဝိကာမကား မယ်သိဝလိ မယ်သောကာ,တို့ဖြစ်၏။ဒါယကာ,ကား မောင်နန္ဒ၊ မောင်ဝိသာခါတို့ နှစ် ယောက်ဖြစ်၏။ဒါယိကာမကား မယ်အနုလာ၊ မယ်သုတနာ နှစ်ယောက်ဖြစ်၏။ ဘုရားဖြစ်ရာ ဗေါဓိကား ဂန္ဓိပေါ်ပင်ဖြစ်၏၊အရပ်တော်ကားရှစ်ဆဲ့ရှစ်တောင်မြင့်၏။အရောင်တော်ကား စကြာဝဠာတသောင်းကို ထွန်းလင်းစေ၏။ အသက်တော်ကား အနှစ် ကိုး သောင်း တည်း။ ထိုသို့ကြီးကျယ်ခမ်းနားလှစွာသောမဂ်လမြတ်စွာဘုရားသည် ဝေဏှယျတို့အား တရားဟရေအား တိုက်ကျွေး ပြီးလျှင် သခ်ါရသဘော မလွန်နိုင်၍ ပရိ နိဗ္ဗာန် ဝင်စံ တော်မူလေ၏။ ပရိနိဗ္ဗာန်စံတော်မူသည်နှင့်တပြိုင်နက်၊ အလုံးစုံစကြာဝဠာတို့သည် အမှိုက်အတိ ပြီးကုန်၏။ အလုံးစုံသော စကြာဝဠာ၌ နေကုန်သော လူတို့သည် ငိုကြွေးပူဆွေးကုန်၏။

ထိုကြောင့်.....အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဂြာဏ်များ-ပွါးများစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

မင်္ဂလမြတ်စွာဘုရားနှင့် သုရှစိပုဏ္ဏား အခေါ်းပြိုးတို့။

သုမနမြတ်စွာဘုရားအကြောင်း။

မင်္ဂလ,မြတ်စွာဘုရား သာ သနာ တော် ကုယ် သည့် နောက်၊ အသက်တန်းတစတစဆုတ်၍ ဆယ်နှစ် တန်း မှ တစတစ အသက်တန်း တက်ပြီးနောက်၊ အသင်္ချေယျ တန်းသို့ ရောက်လေ၏။ ထိုအသင်္ချေယျ သက် တန်း မှ တဖန် ဆုတ်ခဲ့၍၊ လူတို့၏ အသက်-ကိုးသောင်း ရောက် သောကာလ၊ သုမန မြတ်စွာ ဘုရား ဖြစ်တော်မူ၏။ ထို သုမနမြတ်စွာဘုရား၏ သံဃာတော်အစည်းအဝေး သုံး ကြိမ်တည်း။

ပဌမအကြိမ် အစည်းအဝေးကား၊ သုမန မြတ်စွာ ဘုရားသည် ဒေဟိဘိက္ခု ရဟန္တာ ဖြစ်ကုန်သော ကုဋေ တသိန်းသော ရဟန္တာ တို့နှင့်တကွ၊ . သီတင်းကျွတ်လ ပြည့် "မဟာပဝါရဏာ" နေ့၌ ပဝါရဏာ ပြုတော်မူ သတည်း။

ဒုတိယအကြိမ် အ စည်း အဝေးခွဲ သုမန၊ မြတ် စွာ ဘုရားသည် ကဠန, အမည်ရှိသော ရွှေတောင်တွင်၊ ကိုး သိန်းသောရဟန္တာတို့၏အလယ်ခွဲပါတိမောက်ပြတော် မူသတည်း။

တတိယအကြိမ် အစည်းအဝေးခွဲ၊ သုမန မြတ် စွာ ဘုရားသည်ကုဋေရှစ်သန်းသောရဟန္တာအစည်းအဝေး ခွဲ ပါတိမောက်ကိုပြတော်မူသတည်း။

ဂေါ်တမဘုရားအလောင်းအတုလနဂါးမင်းသည် သုမနမြတ်စွာဘုရားထံခွင့်တောင်းခြင်း။

ထိုသုမန မြတ်စွာ ဘုရား ဖြစ်သောအခါ၊ ငါတို့၏ ဂေါတမဘုရားအလောင်းတော်သည် အတုလနဂါးမင်း ဖြစ်တော်မူ၍ လူပြည်ခွဲ သုမနမြတ်စွာဘုရား ဖြစ်တော် မူသည်ကိုကြားလတ်သော်၊ မိမိ၏အခြေအရံ ဆွေမျိုးဖြစ် ကြကုန်သော နဂါးတို့နှင့်အတူတကွ နဂါးပြည်မှထွက် ခဲ့၍ ကုဋေတသိန်းသော ရဟန်းသံဃာတော်ရုံအပ်သော သုမန မြတ်စွာဘုရားအား၊ အလွန် သာယာသော အသံ၊ အဆို အတီး အက, တို့ဖြင့်သီဆိုကိုးကာ၍၊ အလွန်ကောင်း မြတ်သော ဘောဇဉ် ခဲဘွယ် အမျိုးမျိုးတို့ဖြင့် ဆက်ကပ် လှူဒါန်းလေ၏။ ။ကုဋေ တသိန်း သော ရဟန်းတို့အား သင်္ဃာန်းပရိက္ခရာလှူဒါန်းပြီးသော် သရဏာဂုံသီလတို့ကို ကောင်းစွာ ဆောက်တည်၏။ သုမန မြတ်စွာ ဘု ရား သည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း အလွန် ဘဒ္ဒကမ္ဘာ၌၊

အသင်နဂါးမင်းသည် ဂေါတမဘုရား ဖြစ်လိမ့် မည်ဟု အခွင့်ပေးတော်မူ၏။ အတုလ နဂါးမင်းသည် ဆောက်တည်အပ်သောသရဏာဂုံသိလတို့ဖြင့်အလွန်ဝမ်းမြောက်လျက်၊ မိမိအရှေ့အရံနှင့်တကွ နဂါးပြည်သို့ပြန်သွား၏။ သုမဏာ ဖြတ်စွာဘုရား၏ ပဌမ ဓမ္မာ ဘိသမယကား မေခလဥယျာဉ်တော်၌ ဓမ္မစက္ကြာတရားတော်ကို ဟောတော်မူသဖြင့်၊ ကုဋေတသိန်းသော နတ်လူတို့သည် အကျင့်တရား ရကြကုန်၏။

ဒုတိယဓမ္မာဘိသမယကား သုနန္ဒဝတီပြည်သရက်ပင်အနီး၌ အလုံးစုံသော တန်ခိုးတော်ကို ပြတော်မူ၍၊ တရားတော်ကိုဟောတော်မူလျှင်၊ ကုဋေ တသိန်းသော သူတို့သည်အကျင့်တရားကိုရကြကုန်၏။

တတိယ ဓမ္မာ ဘိသမယကား၊ အရိန္ဒမ, မင်းသည် နိရောဓ သမာပတ် ဝင်စားခြင်းကို မေး လျှောက် အပ်သော်-ထိုပြဿနာကို ဖြေတော်မူသော အဆုံး၌ သူတို့သည်အကျင့်တရားကိုရကြကုန်၏၊

သုမနဖြာဘ်စွာဘုရားပြည်တော်ကား ခလ, ဖြူတော်တည်း။ ခမည်းတော်ကား သုဒဿမင်းကြီးတည်း၊ မယ်တော်ကား သိရိမာ မိဖုရား ကြီးတည်း၊ အဂ္ဂသာဝကနှစ်ပါးကား အခ္ခရင် သာရဏ မထေရ်၊ အခ္ခရင် ဘာဝိတဿ မထေရ်တည်း၊ အလုပ် အကျွေးကား အခ္ခရင် ဥတေနဲ, တည်း၊ အဂ္ဂသာဝိကာမကား-မယ်သောဏထေရီ၊မယ်

ဥပသောဏထေရိတည်း၊ ဒါယကာကား မောင်ဝရဏ မောင်သရဏတို့တည်း၊ ဒါယိကာမ ကား မ,သာလာ၊ မဥပသာလာတို့တည်း၊ ဖြစ်ရာဗေါဓိကား ဂန္ဓေါ၀ပင် တည်း၊ အရပ်တော်ကား အတောင် ကိုးဆယ် မြင့်၏။ အသက်တော်ကား- အနှစ် ကိုးသောင်း တည်း။ သုမနမြတ်စွာဘုရားသည် အတုမဂ္ဂ ဖြစ်တော်မူ၍ သ ဒ်ါ ရ, သဘောအတိုင်း ပရိနိဗ္ဗာန် ပြုတော်မူ၏။ ကြင်းကျန်ရစ် သောဓါတ်တော်မြတ်တို့ကို လေးယူဇနာမြင့်သော စေတိတည်ထား ကိုးကွယ်ကြ လေကုန်၏။ ထားခဲ့သော သာသနာတော် အနှစ်ကိုးသောင်းနေ၍ကွယ်လေ၏။

ထို့ကြောင့်.....အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လ-ပျက်မြဲမှန်စွာ၊
သံဝေဂြဟ်မျှား-ဖြစ်ပွါးစေရာ၊
အနိစ္ဆ-ရှုမှသင့်တော်မှာ။ ။

သုမနဘုရားနှင့် အတုလနဂါးအကြောင်းပြီး၏။

ဇရေ၀တမြတ်စွာဘုရား၏အကြောင်း။

သုမနမြတ်စွာဘုရားသာသနာတော်ကွယ်ပြီးနောက် ဆယ်နှစ်တန်းသို့ရောက်၍၊ တဖန် အသင်္ချေယျ တန်းသို့ ရောက်ပြန်လျှင် လူတို့သည်, တရား မစောင့် ကုန်။ အသက်တန်းဆုတ်၍ လူတို့၏အသက် ခြောက်သောင်း

တန်းရောက်သောအခါ၊ ရေဝတမြတ်စွာဘုရားမှင့်တော်မူသည်။ ထိုမြတ်စွာဘုရား၏ရဟန်းအစည်းအဝေးကားသုံးကြိမ်တည်း။

ပဌမအကြိမ် အစည်း အဝေးကား၊ မရေတွက်နိုင်သောရဟန္တာအစည်းအဝေးခု ရေဝတ, မြတ်စွာဘုရားသည် ပါတိမောက်ကိုပြတော်မူ၏။

ဒုတိယ အစည်း အဝေးကား၊ ကုဋေ တသိန်းသောရဟန္တာတို့၏အစည်းအဝေးခု ပါတိမောက်ကိုပြတော်မူ၏။

တတိယအစည်းအဝေးကား၊ ကုဋေ တသိန်းသောရဟန္တာတို့၏အစည်းအဝေးခုပါတိမောက်ပြတော်မူ၏။

ထိုရေဝတ မြတ်စွာဘုရား လက်ထက်တော်မှာ၊ ငါတို့၏ ဂေါတမ ဘုရားအလောင်းတော်သည် အတိဒေဝ ပုဏ္ဏားကြီးဖြစ်၍၊ ရေဝတ မြတ်စွာဘုရား၏ ချိုမြိန်သာယာစွာဟော အပ်သော တရားတော်ကို ကြားနာ ရ၍၊ သရဏာဂုံသိလတို့ကို ကောင်းစွာ ဆောက်တည်ကာ၊ ဥခေါင်းပေါ် လက်အုပ်ချီမြှီ လျှင်၊ ထိုရေဝတမြတ်စွာဘုရားအား ကိလေသာကိုပယ်ခြင်းခု ဂါထာတထောင်တို့ဖြင့်ချီးမွမ်းထောပနာ၍၊ အလွန်ကောင်းသော အပေါ်ရုံ ပုဆိုးတို့ကို ပူဇော်လှူဒါန်းခြင်းကို ပြုလေ၏။ ရေဝတ, မြတ်စွာဘုရားသည် ''သင်ပုဏ္ဏားကြီးကား၊ နှစ်သောင်းနှင့် ကမ္ဘာတသိန်းကိုလွန်၍ ဘဒ္ဒကမ္ဘာဖြစ်ပေါ်လာသောအ

၁၂ ဘုရားလေးဆူမြောက်၌ ဂေါတမဘုရားဖြစ်လတံ့" ဟု-အလုံးစုံသော ဗျာဒိတ်အခွင့်ကိုပေးတော်မူ၏။ ထို-အတိဒေဝပုဏ္ဏားကြီးသည် သုမေဓေါ ရှင်ရသော့ ကဲ့သို့ ပါရမီတို့ကိုဖြည့်ကျင့်၍ သေသည်၏ အခြားမဲ့၌ နတ်ပြည်လားလေ၏။

ထိုရေဝတမြတ်စွာဘုရား၏သာသနာတော်၌အကျွတ်တရား ရသူတို့ကား.....

ပဌမအကြိမ်၌ ဝရဏာဝဏ်ဥယျာဉ်တော်သို့ကြွတော်မူ၍၊ တကုဋေသောရဟန်းတို့အား ဓမ္မစကြာတရားတော်ကိုဟောတော်မူလျှင်၊ တရား၊ တော်၏အဆုံး၌ထိုတကုဋေသောရဟန်းတို့သည်အရဟတ္တဖိုလ်သို့ရောက်ကြကုန်၏ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်, တို့ကား မရေမတွက်နိုင်ကုန်။

ဒုတိယအကြိမ်၌ရေဝတမြတ်စွာဘုရားသည်၊အရိန္ဒမမင်းကြီးအား နှိုင့်ရှာန်တရားမြတ်ကို ဟောတော်မူသော်၊ ကုဋေတထောင်သောနတ်သည်အကျွတ်တရားရကုန်၏။

တတိယအကြိမ်၌ ရေဝတ, မြတ် စွာ ဘု ရား သည် ရဟန်းတို့အား နိုရောဓသမာပတ်ကိုဟောတော်မူသည်၏အဆုံး၌၊ ကုဋေတရာသော နတ်လူ တို့သည် အကျွတ်တရားရကြကုန်၏။

ရေဝတမြတ်စွာဘုရား၏ ပြည်တော်ကား ဧည်ဝတီမြို့တော်ဖြစ်၏။ ခမည်းတော်ကား ဝိပုလမင်းကြီးတည်း၊

မယ်တော်ကား ဝိပုလ မိဖုရားကြီးတည်း၊ လက္ခြာရံ-လက်ဝဲရံကား အရှင် ဝရုဏမထေရ် အရှင် ဗြဟ္မဒေဝ, မထေရ်တည်း၊အလုပ်အကျွေးကားအရှင်သမ္ဘူဝမထေရ်တည်း၊အဂ္ဂသာဝိကာမကား မယ်ဘဒ္ဒါရင်း၊မယ်သုဘဒ္ဒါရင်းဖြစ်၏၊ဒါယကာကား မောင်ပဒုမ၊ မောင်ကုဋ္ဌရ နှစ်ယောက်တည်း၊ ဒါယိကာမကားမသိရိမာ၊မယသဝတီ နှစ်ယောက်တည်း၊ဖြစ်ရာဗေါဓိကား ဂန္ဓဂေါ်ပင်တည်း၊ အရပ်တော်ကား အတောင် ရှစ်ဆယ် မြင့် တော် မူ၏။ အသက်တော်ကား နှစ်ပေါင်း ခြောက် သောင်းတည်း။ ဤသို့လျှင်ရေဝတမြတ်စွာဘုရားသည်အတုမရှိဖြစ်တော်မူ၍ သင်္ဂါရ သဘော အတိုင်း ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ကြင်းကျန်ရစ်သော ဓါတ်တော်တို့ကို လူနတ်တို့ အသီးသီးစေတီဘည်ထားကိုးကွယ်ကြလေ၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ ပျက်မြဲမှန်စွာ၊
သံဝေဂြာဏ်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

(ရေဝတမြတ်စွာ ဘုရားနှင့် ဘုရားအလောင်းတော် အတိဒေဝပုဏ္ဏားတို့အကြောင်းအရာအခဏ်းပြီး၏)။

နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်ဘို့၏ အထူးပုတ္တိ နှင့် တကွ၊ ဘုရားလောင်း၏ အထူးပုတ္တိကို တခဏ်း နှစ်ခဏ်းစသည် ဖွင့်၍ ရေးသားလိုက်ပါသည်၊ အခဏ်းဟူ၍ မှတ်ယူကြပါလေကုန်။

သောဘိတမြတ်စွာဘုရား နှင့် အဓိတပုဏ္ဏားတို့အခဏ်း။

ရေဝတမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည်နောက်၊ ဆုတ်ကပ်မှ တက်ကပ် တဘန်ဆုတ်၍ လူတို့၏အသက်ကို သောင်းသို့ရောက်သော် သောဘိတမြတ်စွာဘုရား ဖြစ်တော်မူ၏။ ထိုသောဘိတမြတ်စွာဘုရား၏ ရဟန္တာ အစည်းအဝေးတို့သည်သုံးကြိမ်ဖြစ်တော်မူ၏။

ပဌမ အကြိမ် အစည်းအဝေးကား တရက်သော ယနေ့ရသီဥပုသ်နေ့၌ ကုန်ဆုံးတရားသော ရဟန္တာအစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။

ဒုတိယ အစည်းအဝေးကား ကုန်ဆုံးကိုးဆယ်သော ရဟန္တာတို့၏အလယ်၌ ပါတိမောက်ကိုပြတော်မူ၏။

တတိယအကြိမ် အစည်းအဝေး၌ကား ကုန်ဆုံ ရှစ်ဆယ်သော ရဟန္တာတို့၏အစည်းအဝေး၌ပါတိမောက်ကို ပြတော်မူ၏။

သောဘိတ ဘုရား၏ လက်ထက်တော်အခါဝယ် ၎င်းတို့ ဘုရားအလောင်းတော်သည် အဓိတ ပုဏ္ဏား ဖြစ်၍ သောဘိတမြတ်စွာဘုရား၏ ချီမြှောက်သာယာစွာ ဟောအပ်သော တရားစကားကိုကြားနာရ၍သရဏဂုံသီလတို့ကို ကောင်းစွာဆောက်တည်ပြီးလျှင် ဘုရား အမှူး

ဤသော သံဃာတော်တို့အား ကြီးစွာသောအလျှို့ကြီးကို ပေးလျှို့၏။ ထိုအခါ သောဘိတ မြတ်စွာဘုရားသည်၊ အဓိတ ပုဏ္ဏားကြီးအား ဘဒ္ဒကမ္မာဒ္မီ ဂေါတမ ဘုရား ဖြစ်လိမ့်မည်ဟု အလုံးစုံ အခွင့်ပေးတော်မူ၏။ အဓိတ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ အခွင့် စကားကို ကောင်းစွာ ကြားရ၍ ပါရဒိဆယ်ပါး အစဉ် အတိုင်း အားထုတ်တော်မူ၏၊ သောဘိတမြတ်စွာဘုရား၏ သာသနာ၌ ပဌမအကြိမ် အကျတ်တရားရသူတို့ကား သုဓမ္မ ဥယျာဉ်တော်၌ ခမ္ဗစကြာတရားတော်ကို ဟောတော်မူ လျှင် မရေတွက်နိုင်သောလူနတ်တို့သည်အကျတ်တရား ကို ရကြကုန်သ၏။ ဒုတိယ အကြိမ်ကား ဘန်ဒိုး ပြတော်မူပြီး၍ တာဝတိံသာ နတ် ပြည်၌ အာဘိဓမ္မာ တရားကိုဟောတော်မူသဖြင့် ကုဋေ ကိုးသောင်းသော နတ်တို့ သစ္စာလေးပါးကို သိကြကုန်သတည်း၊ တတိယ အကြိမ်ကား ဇယသေနမင်းကြီး အမှူးဤသော ကုဋေ တထောင်သော နတ်လူတို့ သစ္စာလေးပါးကို သိကြ ကုန်သတည်း။

ထို သောဘိတ မြတ်စွာဘုရား၏ ပြဿ်တော် ကား သုဓမ္မာ မည်သော မြို့တော်တည်း။ ခမည် တော်ကား၊ သုဓမ္မာမင်းကြီးတည်း။ မယ်တော်ကား သုဓမ္မာဒေဝီဘုရား ကြီးတည်း။ လက္ခဏာ-လက်ဝဲရံ အဂ္ဂသာဝက နှစ်ပါး တို့ကား၊ အသျှင် အသမ မထေရ၊ သုနေတ္တော မထေရ တို့ဘည်း။ အလုပ်အကျွေးကား အရှင်အနောမ မထေရ

တည်း၊ အဂ္ဂ သားဝိကာမကား မယ် ကု လာ နှင့် မယ် သုဇာတာတို့ဖြစ်၏၊ ဒါယကာကား-မောင်ရမ္မ၊ မောင် သုဒတ္တနှစ်ယောက်တည်း၊ ဒါယိကာမကား မ,နကုလ၊ မစိတ္တာနှစ်ယောက်တည်း၊ ဖြစ်ရာဗေါဓိကား- ဂန္ဓဂေါ ပင်တည်း။ အရပ်တော်ကား ငါးဆဲ့ရှစ်တောင် အမြင့် ရှိ၏၊ အသက်ဘော်ကား-အနှစ်ကိုးသောင်း တို့တည်း။ ထိုသောဘီတမြတ်စွာဘုရားသည် အလွန် တန်ခိုးတော် နှင့်ပြည့်စုံတော်မူပြီးလျှင်၊ သင်္ခါရ သဘော တရား ကို မလွန်နိုင်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ချန်ထားတော်မူ ခဲ့သော ဓါတ်တော် တို့သည် အရပ်ရှစ်မျက်နှာတိုင်းဌ်ဒုန့် စေ၍ ဧတိတည်ထားကိုးကွယ်ကြကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဂြာဏ်များ- ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

သောဘီတမြတ်စွာဘုရားနှင့် အဓိတပုဏ္ဏား
အကြောင်းအရာအခဏ်းပြီး၏။

မနောမဒဿီမြတ်စွာဘုရားနှင့်ဘီလူးစစ်သူကြီး အခြားခင်းအရာအခေါ်း။

သောဘိတ မြတ်စွာဘုရား ဖြစ်တော်မူရာ ကမ္ဘာ၏ နောက်ကမ္ဘာ တသောင်းလွန်၍၊ ဝရ ကမ္ဘာ၌ အနောမဒဿီဘုရား၊ပဒုမဘုရား, နာရဒဘုရားဟူ၍သုံးဆူသော ဘုရားတို့ ဖြစ်တော် မူကြကုန်၏။ ထိုသုံးဆူ တို့ တွင်-အနောမဒဿီ မြတ်စွာဘုရားသည် ရှေးဦးစွာဖြစ်တော်မူ၏၊ ထိုအနောမဒဿီ၏ရဟန္တာ အစည်းအဝေးကား သုံးကြိမ်တည်း။

ပဌမအကြိမ်ကား၊ ရှစ်သိန်းသော ရဟန္တာအစည်း အဝေးဌိပါတိမောက်ပြုတော်မူ၏။

ဒုတိယအကြိမ်ကားခုနှစ်သိန်းသောရဟန္တာအစည်း အဝေးဌိပါတိမောက်ပြုတော်မူ၏။

တတိယအကြိမ်ကား ခြောက် သိန်းသော ရဟန္တာ အစည်းအဝေးဌိပါတိမောက်ပြုတော်မူ၏။

အနောမဒဿီမြတ်စွာဘုရား လက်ထက်တော်အခါ မှာ ငါတို့မြတ်စွာဘုရား အလောင်းတော်သည်၊ တန်ခိုး အာနုဘော်ကြီးသောဘီလူးစစ်သူကြီးဖြစ်၍၊ ကုဋေမက များလှကုန်သော ဘီလူးတို့ကို အ စိုး ရ ၏။ ထိုဘီလူး ပရိသတ်နှင့်တကွ အနောမဒဿီ မြတ်စွာ ဘုရား အထံ တော်သို့ချဉ်းကပ်၍၊ မြတ်စွာဘုရား၏ တ ရား ဒေသနာ တော်ကြားနာရသဖြင့် အလွန်ကြည်ညိုစွာရတနာ ခုနစ်

ပါးပြီးသောမဏ္ဍာပ်ကိုဘန်ဆင်းပြီးလျှင်၊ အနောမဒဿီ ဘုရားအမျိုးရှိသောသံဃာတော်တို့အား၊ ခုနစ်ရက်ပတ်လုံး ဆွမ်း,သင်္ဃန်း,ကျောင်း,ဆေးစသော အလှူကြီးကို ပေးလှူပေ၏။အနောမဒဿီမြတ်စွာဘုရားသည်၊ဘိလူး စစ်သူကြီး–သင်သည် တသင်္ချေနှင့်ကမ္ဘာတသိန်းအလွန် တွင် ဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရား ဖြစ်လတံ့ဟု အလုံးစုံအခွင့်စကားကြားတော်မူ၏။ ထိုအခါဘိလူး စစ်သူကြီးသည် အလွန် ဝမ်းမြောက် နှစ်သက်၍ ပါရမီအ ပေါင်းကိုအားထုတ်လေ၏။ ထိုအနောမဒဿီဘုရား၏ သာသနာ၌ အကျွတ် တရား ရကြကုန်သော အစည်းအ ဝေးကား.....

ပဌမအကြိမ်၌ကား၊ သုဒဿန ဥယျာဉ်တော်သို့ကြွ တော်မူ၍၊ ဓမ္မစက္ကာ တရားတော်ကို ဟောတော်မူလျှင် ကုဋေတရာသော နတ်လူ,တို့သည် သစ္စာ လေး ပါးကို သိကြကုန်၏။

ဒုတိယအကြိမ်၌ကား၊အနောမဒဿီမြတ်စွာဘုရား သည် တန်ခိုးပြတော်မူပြီး၍၊ တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူသောအခါ၊ ကုဋေ ၅စ်ဆယ်ကုန်သောနတ်ဗြဟ္မာတို့သည် သစ္စာလေးပါးကို သိကြကုန်၏။

တတိယအကြိမ်၌ကား၊အနောမဒဿီမြတ်စွာဘုရား သည် မဂ်လာ တရားတော်ကို ဖြေတော် မူသောအခါ၊

ခုနစ်ဆဲ့ရှစ်ကုဋေသောနတ်လူတို့ သစ္စာလေးပါးကိုသိကြ ကုန်၏။

အနောမဒဿီမြတ်စွာဘုရား၏ ဖြူတော်ကား ;စန္ဒ ဝတီမည်သောဖြူတော်တည်း။ ။ခမည်းတော်ကား- ယသဝါမင်းကြီးတည်း၊ မယ်တော်ကား ယသော်ဝယာ ဒေဝီဖုရားကြီးတည်း၊ လက္ခဏာရုံလက်ဝဲရုံကားအရှင်နိသဘ မထေရ်၊ အရှင်အနောမ မထေရ်တည်း၊ အလုပ်အကျွေး ကား အရှင်ဝရုဏမထေရ်တည်း၊ အဂ္ဂသာဝိကာမကား- မယ်သုန္ဒရီ မယ်သုမနာတည်း၊ အလုပ်အကျွေး ဒါယကာ ကား-မောင်နန္ဒိဝဗု မောင်သိရိဝဗု,နှစ်ယောက်တည်း ဒါယိကာမကား မဉ္ဇပ္ပလာ၊ မပဒုမာ,နှစ်ယောက်တည်း ဖြစ်ရာဗေါဓိကား ထောက်ကြွန့်ပင်တည်း၊ အရုပ်တော် ကား ငါးဆဲ့ရှစ်တောင်တည်း၊ အသက် တော် ကား..... တသိန်းတည်း။ ။အနောမဒဿီမြတ်စွာ ဘုရားသည် လောကသုံးပါးခ္ဍအလွန်ထင်ရှားတော်မူပြီးလျှင်၊သခ်ါရ သဘော မလွန်ဆန်နိုင်၍ ပရိ နိဗ္ဗာန် ပြုတော်မူ၏။ ထို ဘုရား၏သာသနာတော် အနှစ်တသိန်းကြာအောင်တည် ၍ကွယ်လေ၏။ ဝါတ်တော်တို့ကို တဆဲ့ငါး ယူဇနာ ရှိ သောစေတီတော်ခ္ဍကိုးကွယ်ကြလေကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပုဂ်မြဲမနိစ္စာ၊ :
သံဝေဇာဏ်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။
အနောမဒဿီဖြတ်စွာဘုရားနှင့်
ဘိလူး စစ်သူကြီးအကြောင်း ပြီး၏။

ပဒုမ,ဘုရားနှင့်အနေလောင်းတော်ခြင်္သေ့မင်း အကြောင်းအရာအင်း။

အနောမဒဿီဖြတ်စွာဘုရား၏သံဃာသနာတော် ကုန်ဆုံးသည့်နောက်အာဋ္ဌိဋ္ဌ၊ လူတို့၏အသက် တသိန်းတန်းမှ ဆယ်နှစ်တန်းသို့ဆုတ်ပြီး၊ တဖန်အဃထက်သို့အသင်္ချေယူ တိုင်အောင်တာဘန်ဆုတ်၍ တသိန်းတန်းသို့ရောက်သော အခါ ပဒုမဖြတ်စွာဘုရားဖြစ်တော်မူ၏။ထိုပဒုမဖြတ်စွာ ဘုရား၏သာသနာတော်၌ ရဟန္တာအစည်းအဝေးကား သုံးကြိမ်ဖြစ်တော်မူ၏၊

ပဌမအကြိမ်၌ ကုဋေ့ တသိန်းသော ရဟန္တာ တို့၏ အစည်းအဝေး၌ ပဒုမဖြတ်စွာဘုရားသည် ပါတိမောက် ကိုပြုတော်မူ၏။ ဒုတိယအကြိမ်၌သုံးသိန်းသောရဟန္တာ တို့၏အလယ်မှာ ပဒုမဖြတ်စွာဘုရားပဝါရဏာပြုတော် မူ၏။

တတိယအကြိမ်၌ ပဒုမ မြတ်စွာ ဘုရား သည် ရှာ, မ်ဟုတ်သော၊ ကြီးစွာသော မဟာမြိုင်တောမှာ နေကုန်သော၊နှစ်သိန်းသောရဟန္တာတို့၏အလယ်၌ ပဝါရဏာပြုတော်မူ၏။

ထိုပဒုမမြတ်စွာဘုရား၏လက်ထက်တော်အခါဝယ်၊ ငါတို့ ဘုရားအလောင်း တော်သည် မဟာမြိုင် တောအလယ်၌၊ နှစ်သိန်းသောရဟန္တာတို့၏ နေထိုင်ရာ တောအနီး၌ မျှားသောအခြံအရံရှိသော ခြသေ့မင်းဖြစ်၍နေလေ၏။ ထိုမဟာမြိုင် တောခုပ်၌ ပဒုမ မြတ်စွာဘုရားသည် ၇-ရက်နှင့် ဇွာန်ကို အာရုံပြု၍နေစဉ်၊ ခြသေ့မင်းသည် ပဒုမမြတ်စွာဘုရားကိုအလွန်ကြည်ညှိ၍ အစာရှာကိုပင် မသွားနိုင် ဖြစ်၍နေသော်၊ ပဒုမ မြတ်စွာ ဘုရားသည် နှဇွာန်အာရုံပြုသော နေ့ရောဇ သမာပတ်မှထသောအခါ ခြသေ့မင်း၏ကြည်ညှိသောအဖြစ်ကိုသိတော်မူ၍ ထိုခဏ၌ နှစ်သိန်းသောရဟန္တာတို့လာရန်ကြိုစည်ကာ ဘုရား၏အနီးသို့ ကြွရောက်လာကြ ကုန်သော် ခြသေ့မင်းသည် လွန်စွာကြည်ညှိခြင်းဖြစ်လေ၏။ ပဒုမမြတ်စွာ ဘုရားသည် နှစ်သိန်းသော ရဟန္တာတို့၏ အ လယ် ၌၊ ခြသေ့မင်းအား-တသင်္ချေနှင့် ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတံ့ဟု,အလုံးစုံသော အခွင့်စကားကို ကြားတော်မူ၏။ ထို အ ခါ ခြသေ့ မင်းသည်အလွန်ဝမ်းမြောက်၍ ဘုရားဖြစ် ကြောင်း ပါရဒိအပေါင်းကိုကျင့်လေ၏။ ပဒုမ မြတ်စွာ ဘုရား၏ လက်

ထက်တော်အခါ၌ "ပဌမအကြိမ်" အကျယ်တဝရားရသူ ဘိုးကား၊ ခနဗွယ ဥယျာဉ် တော်၌ ဓမ္မစကြာ တရားကို ဟောတော်မူလျှင်၊ ကုဋေတရာသော သူတို့သည် သစ္စာ လေးပါးကိုသိကြကုန်၏။

ဒုတိယအကြိမ်၌ ညီတော်သာလမင်းသား၊ဥပသာလ မင်းသားနှစ်ယောက်တို့ကို ရဟန်းပြုပြီးလျှင်၊ဆွေတော် မျိုးတော်အပေါင်းတို့အား တရားတော်ကို ဟောတော် မူသောအခါ၌ ကုဋေကိုးဆယ်သောသူတို့သည် သစ္စာ, လေးပါးကိုသိကြကုန်၏။

တတိယအကြိမ်၌ ပဒုမ မြတ်စွာ ဘုရား သည် သား တော် အဂ္ဂရင်ဓမ္မ မထေရ်ကို တရားဟောတော် မူသော အခါ၌ ကုဋေရှစ်ဆယ်သောသူတို့သည် သစ္စာလေးပါး ကိုသိကြကုန်၏။

ထိုပဒုမ မြတ်စွာဘုရား၏ ဖြူတော်ကား-စမ္ပက မည် သောဖြူတော်တည်း။ ခမည်းတော်ကား အသမ, မင်း ကြီးတည်း၊ မယ်တော်ကား အသမ,ဒေဝရားကြီးတည်း။ လက္ခဏာရုံလက်ဝဲရုံ အဂ္ဂသာဝကတို့ကား၊ အဂ္ဂရင် သာလ မထေရ်၊ အဂ္ဂရင် ဥပသာလမထေရ်တည်း၊အလုပ်အကျွေး ကား အဂ္ဂရင်ဝရုဏမထေရ်တည်း။ အဂ္ဂသာဝိကာမကား မယ်ရောမာနှင့် မယ်သုရာမာတို့ဖြစ်၏။ ဒါယကာအလုပ် အကျွေးကား မောင်သာဘိယ၊ မောင်အသမ နှစ်ယောက် တည်း၊ ဒါယိကာမကား မရှစိ၊ မနုဿရာမာ နှစ်ယောက်

တည်း၊ ဘုရား ဖြစ်ရာ ဗေါဓိ ပင်ကား ကြောင်လျှာပင် တည်း။ အရပ် တော်ကား ငါးဆဲ့ရှစ်တောင် မြင့်တော် မူ၏၊ အသက်တော်ကား တသိန်းတည်း။ ဤသို့ တန်ခိုး တော်အနန္တနှင့်ပြည့်စုံတော်မူသော ပဒုမမြတ်စွာဘုရား သည်၊ ကျွတ်ထိုက်သော ဝေနေယျတို့ကို တရားရေအေး တိုက်ကျွေးတော်မူပြီးလျှင်၊သင်္ခါရသဘောတရားမလွန် နိုင်၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ခါတ်တော်တို့ကို စေတီ တည်၍အလွန်ရိုသေစွာ ကိုးကွယ်လေကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဂကျမ်းများ- ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

ပဒုမမြတ်စွာဘုရားနှင့် ဘုရားအလောင်းတော် ခြသော်မင်း၏အကြောင်းအရာအားလျော်ပြီး၏။

နာရဒမြတ်စွာဘုရားနှင့်ဘုရားအလောင်းတော် ရေဒသုတ်၏အကြောင်း။

ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန် ပြု ပြီး သည့် နောက်၊ မြေကြီးတယူဇနာ တက်လတ် သော် လူတို့၏ အသက် အနှစ်ကိုးသောင်းတန်းသို့ ရောက်ရှိသော အခါ နာရဒ, မြတ်စွာဘုရားသည် ဖြစ်တော်မူ၏။ ထိုနာရဒ မြတ်စွာ

ဘုရား၏သာသနာတော်၌ အစည်းအဝေး တို့ကား သုံးကြိမ်ဖြစ်၏။

ပဌမအကြိမ်၌ နာရဒ မြတ်စွာ ဘုရားသည် ကုဋေတသိန်းသော ရဟန္တာ အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။

ဒုတိယအကြိမ်၌ နာရဒမြတ်စွာဘုရားသည် ကုဋေကိုးသောင်းသော ရဟန္တာတို့၏အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။

တတိယအကြိမ်၌နာရဒမြတ်စွာဘုရားသည်၊ ကုဋေရှစ်သန်းသော ရဟန္တာတို့၏ အစည်းအဝေး၌၊ ပါတိမောက်ပြတော်မူ၏။ ထိုနာရဒမြတ်စွာဘုရား ဖြစ်တော်မူသောအခါဝယ်၊ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် တဦးသော အမျိုးသား ဖြစ်၍ ကြီးရင့်သော အခါ ရသေ့ပြုလုပ်၍ ဗျာနသမာပတ်တို့ကို ဖြစ်စေ ပြီး လျှင်၊ ဟိမဝန္တာ မဟာဗြဟ္မာ တောင်၌ မိမိ နေထိုင်ရန် သင်္ခမ်း, ကျောင်းကို ဘန်ဆင်း၍နေ၏။ ထိုအခါ နာရဒ မြတ်စွာ ဘုရားသည် ကုဋေရှစ်ဆယ်သော ရဟန္တာ တသောင်းသော အနာဂါမ် ဥပါသကာတို့ဖြင့် ခြံရံလျက်၊ ဘုရားလောင်းရသေ့ကို ဟိမဝန္တာ မဟာဗြဟ္မာတောသို့ ကြွတော်မူလေ၏။ ဘုရားလောင်းရသေ့သည် အလွန်ဝမ်းမြောက်စွာ ခရီးဦး ကြိုဆို၍၊ တ ဉာဉ်ပတ် လုံး နာရဒ မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးတော်ကို ချီးကြူးအောင်း

မွေ့လျော်၊ ဘုရားလောင်း ရဟေ သည် အ ရဏ် တက် လတ်သော် မြောက်ကျွန်းသို့ ဆွမ်းခံ၍၊ မြောက်ကျွန်းမှ ရဟန်သော ဆွမ်းတို့ကို နာရဒ မြတ်စွာ ဘုရား အမှုး ရှိသော သံဃာတော် ပရိသတ် တို့အား၊ နေ့စဉ်နှင့်အမျှ ခုနစ်ရက်ပတ်လုံးဆွမ်းကျွေးဆက်ကပ်လေ၏။ ခုနစ်ရက် မြောက်သောနေ့၌ နာရဒ, မြတ်စွာ ဘုရားအား အဘိုး မျိုးစွာ ထိုက် တန် သော စနွှဲကူးနိုမြင့် လှူဒါန်း ပူဇော် လေ၏။ထိုအခါနာရဒမြတ်စွာဘုရားသည်ဘုရားလောင်း ရဟေ အား ဤကမ္ဘာမှ တသောင်းနှင့် ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကမ္ဘာ၌ဂေါတမဘုရား ဖြစ်လတံ့ဟု အခွင့် စကားကိုကြားတော်မူ၏။ ထိုအခါဘုရားလောင်းရဟေ သည် အလွန်ဝမ်းမြောက်နှစ်သက်၍၊ ဒါနပါရမီစသော ပါရမီဆယ်ပါးကို အစဉ်အတိုင်း ဖြည့်ကျင့် ကော် မူ လေ၏။ ထိုနာရဒမြတ်စွာဘုရား၏ သာသနာတော်ဝယ် အကျွတ်တရားရသူတို့ကား.....

ပဌမအကြိမ်၌ ဓနဉ္ဇ ဥယျာဉ်ဘော်သို့ ကြွတော်မူ၍၊ ရမ္မစကြာဘရားတော်ကိုဟောတော်မူသောအခါ၊ကုဋေ တသိန်းသောနတ်လူတို့ အကျွတ်တရား ရကြကုန်၏။

ဒုတိယအကြိမ်၌ နာရဒ မြတ်စွာဘုရားသည်၊ ဒေါနနဂါးမင်းအားဆုံးမတော်မူ၍ တန်ခိုးပြတော်မူ ပြီးလျှင်၊ တရားတော်၏အဆုံး၌ ကုဋေ ကိုး သောင်း သော လူတို့ အကျွတ်တရားရကြကုန်၏။

တတိယအကြိမ်၌ နာရဒမြတ်စွာ ဘုရားသည် သားတော် နန္ဒုဇင်ရမင်းသားကိုဆုမွှမ်း၍ တရားရေအေး တိုက်ကျွေးသောအခါ၊ ကုဋေ၄စ်ဆယ်သောသူတို့သည် သစ္စာလေးပါးကိုရကြကုန်၏။

ဤသို့လျှင် နာရဒမြတ်စွာဘုရား၏မြို့တော်ကား၊ ဥသျှ ဝတီမြို့တော်တည်း။ ခမည်းတော်ကား သုဒေဝမင်းကြီး တည်း၊ မယ်တော်ကား အနောမ မိဖုရား ကြီး တည်း၊ လက္ခဏာရုံလက်ဝဲရုံကား အရှင်ဘဒ္ဒသာလမထေရ်၊ အရှင်ဇိတမိတ္တမထေရ်နှစ်ပါးတည်း၊ အလုပ် အ ကျွေး ကား- အရှင်ဝါသိဋ္ဌမထေရ်တည်း၊ အဂ္ဂသာဝိကာမကား မယ်ဥတ္တရာရင်း၊ မယ်ဘဒ္ဒါနီရင်းဖြစ်ကြ၏။ ဒါယကာကား- မောင်ဥဂ္ဂိရိနှင့် မောင် ဝသဘ နှစ်ယောက်တည်း၊ ဒါယိကာမကား မဇ္ဈန္ဓာဝရိ၊ မဝဏ္ဏီ နှစ်ယောက်တည်း၊ ဘုရားဖြစ်ရာဗောဓိကား၊ ကြောင်လျှာပင်တည်း။ အရုပ်တော်ကား အတောင်၄စ်ဆယ်အမြင့်ရှိ၏၊ အသက်တော်ကား အနှစ်ကိုးသောင်းတည်း။ ဤသို့လျှင် နာရဒမြတ်စွာဘုရားသည် လူနတ်, ဗြဟ္မာစသောသတ္တဝါတို့ကိုဆုံးမတော်မူ၍၊ သင်္ခါရသဘောမလွန်နိုင်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ခါတ်တော်တို့ကို လူနတ်တို့သည် စေတီ တည်ထားကိုးကွယ်ကြကုန်၏။

ထို့ကြောင့်.....အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လည်-ပျက်မြဲမှန်စွာ၊
သံဝေဂြာဏ်မျှား-ဖြစ်ပွါးစေရာ၊
အနိစ္ဆ-ရှုမှသင့်တော်မှာ။ ။

နာရဒမြတ်စွာဘုရားနှင့် ဘုရား အလောင်းတော် ရသေ့တို့၏အကြောင်းအရာအခင်းပြီး၏။

ပဒုမုတ္တရမြတ်စွာဘုရား၏ အကြောင်းအရာအခင်း။

နာရဒမြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးသောနောက်၌ လူတို့၏ အသက် ဆယ် နှစ် တန်း သို့ ရောက် ၍၊ ကမ္ဘာ ဟောင်းပျက်၍ ကမ္ဘာသစ်ဖြစ်ရန် တသခြေ့ လွန်လတ် သော်၊ ဘဒ္ဒကမ္ဘာမှနောက်ပြန်ရသော် ကမ္ဘာတသိန်း ထက်၌၊တခုသောမဏ္ဍာကမ္ဘာ၌ လူတို့၏အသက်တသိန်း နေသောအခါ၊ ထိုမဏ္ဍာကမ္ဘာ၌ ပဒုမုတ္တရ မြတ်စွာဘုရား တဆူတည်းဖြစ်တော်မူ၏။ ပဒုမုတ္တရ မြတ်စွာဘုရား၏ သာသနာတော်၌ အစည်းအဝေးသုံးကြိမ်ဖြစ်၏။

ပဌမအကြိမ်၌ပဒုမုတ္တရမြတ်စွာဘုရားသည် တသိန်း သောရဟန္တာ အစည်း အဝေး၌ ပါ!တိမောက်ပြတော်မူ၏။

ဒုတိယ အကြိမ်၌ ကုဋေ ကိုးသန်း သော ရဟန္တာ အစည်းအဝေး၌ ပါ!တိမောက်ပြတော်မူ၏။

တတိယအကြိမ်၌ ကုဋေ ၅စ် သန်း သော ရဟန္တာ အစည်းအဝေး၌ပါတိမောက်ပြုတော်မူ၏။

ထိုပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော် အခါ ဝယ်၊ ငါတို့၏ဘုရားအလောင်းတော်သည် ဇဋိလသူဌေး ကြီးဖြစ်၍၊ ဘုရားလောင်း ဇဋိလသူဌေးကြီးသည်၊ ပဒုမုတ္တရမြတ်စွာဘုရား၏ သာယာစွာဟောပြောအပ်သော တရားတော်ကိုနာယူရ၍၊ ဘုရား အမှုးရှိသော သင်္ဃာ တော်တသိန်းတို့အား၊ သက်နှိုးနှင့်တကွသောဆွမ်းအလှ ကိုမျှားစွာလှူဒါန်းလေ၏။ ထိုသို့ပစ္စည်း လေးပါးတို့ဖြင့် ကောင်းစွာလှူပြီးသော်၊ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဘုရားလောင်း သူဌေးကြီး ဦးဇဋိလ, အား ဘုရား ဖြစ် လတံ့ဟုအလုံးစုံ ဗိန္ဓကြား အခွင့် ပေးတော် မူ၏။ ထိုမှ တပါးလည်း ပဒုမုတ္တရဘုရား လက်ထက်တော် အခါ၌၊ ညီတော် အာနန္ဒာအလောင်း အာနန္ဒာ မင်းကြီး၏ သား တော် သုမနမင်းသားဖြစ်၍၊ ပဒုမုတ္တရ မြတ်စွာ ဘုရား အား ဝါတွင်းသုံးလပတ်သုံး ပစ္စည်း လေးပါးဖြင့် လုပ် ကျွေး၍ ညီတော်အာနန္ဒာဆုကို တောင်းယူ၏။

သားတော်ရာဟုလာဆုတောင်းခင်း။

ထိုမှတပါးလည်း သားတော် ရာဟုလာ အလောင်း ပထဝိန္ဒရနဂါးမင်းဖြစ်၍၊ ပဒုမုတ္တရ မြတ်စွာဘုရားအား နဂါးပြည်သို့ပင့်ဖိတ်၍ အထူးထူးသောခဲဘွယ် တော

ဗဲ့ဦးဖြင့်လှုဒါန်း၍ သားတော် ရာဟုလာဆုကိုတောင်းယူ၏။

ရဒ္ဓမပါလဆုခတောင်းကော်း။

ထိုမှတပါးလည်း ရဒ္ဓပါလအလောင်းသည် သိကြားမင်းဖြစ်၍၊ ပဒုမုတ္တရဖြတ်စွာဘုရားအား ခုနစ်ရက်ပတ်လုံးကြီးစွာသောပူဇော်ခြင်းကိုပူဇော်၍၊ သဒ္ဓါပဗ္ဗဇ္ဇ,တကာတို့ထက်သာလွန်သော ရဒ္ဓပါလ ရဟန္တာအဖြစ်ကို ဆုတောင်း၏။

ဒေမာဌေရီဆုတောင်းခက်။

ထိုမှတပါးလည်း ဒေမာဘိက္ခု။ နိမ အလောင်းသည် အစေခံကျွန်မဖြစ်၍ ပဒုမုတ္တရဖြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝိကာမ ဆွမ်းခံကြွလာသည်ကို မြင်၍ ဒိဒိလက်တွင်ပါလာသော မုန့်ပြားသလက်ကိုဂင်း ကကြိမ်လျှ၍ ဒိဒိဆံပင်ကိုဖြတ်၍ ရောင်းပြီးလျှင် ရသော အဘိုးဖြင့်စားဘွယ်သောက်ဘွယ်ကိုဝယ်ယူ၍ထိုရဟန္တာထေရီမအား တဖန် ပင့်ဘိတ်၍ လျှဒါန်းပူဇော်ပြီးလျှင် လက်ျာရံ ရဟန္တာမအဖြစ်ကို ဆုတောင်း၏။

ထိုမှ တပါးလည်း ဒေမာဝိဟုရား အလောင်းသည် လူဘဝတဖန်ဖြစ်ပြန်၍ သဒ္ဓါတရားနှင့်လဲ ပြည့်စုံ၊ ဥစ္စာရတနာနှင့်လဲပြည့်စုံ၊ ရုပ်ရေကလဲချောဖြစ်၍၊ ပဒုမုတ္တရဖြတ်စွာဘုရား၏ သာယာစွာ ဟောအပ်သော တရားစကားကို နာယူရ၍ သရဏာဂုံသီလ ဆောက်တည်ပြီး

လျှင်ပဒုမ္တာရမြတ်စွာဘုရားအမှုးရှိသောသံဃာတော်တို့ကို ခုနစ်ရက်ပတ်လုံး ဆွမ်းအလှူကို လှူဒါန်းပြီးလျှင် လက်ျာရုံခေမာဘိက္ခုနိမအဖြစ်ကို ဆုတောင်းဏ။

ခေမာဘိက္ခုနိ ထေရိမ အာ လောင်း သည်၊ ကမ္ဘာတသိန်းကာလပတ်လုံး၊ လူနတ်တို့ဏ်စည်းဓိပ်ကိုခံစား၍ ငါတို့ဘုရား သာသနာတော်၌ ခေမာ ဘိ က္ခု နိမ ဖြစ်ပေလဏ်။

ဥပလဝေါ်ထေရီဆုတောင်းခေါ်း။

ထိုပဒုမ္တာရမြတ်စွာဘုရားဖြစ်သောအခါ၊လက်ဝဲရုံ ဥပလဝေါ်ထေရီဘိက္ခုနိမအလောင်းသည် ဟံသာဝတီပြည်ဝယ် သူဌေးသွီးဖြစ်၍၊ပဒုမ္တာရဘုရားအမှုးရှိသောသံဃာတော်တို့အား ခုနစ်ရက်ဘိုင်တိုင်ဆွမ်းလှူဒါန်း၍ ခုနစ်ရက် စေ့သောနေ့၌၊ တိစိဝရိတ် သုံးထည်သောသင်္ကန်းတို့ဖြင့်တပါးစီစေ့အောင်လှူဒါန်းပြီးလျှင်၊ခုနစ်ခိုင်သောကြာပန်းတို့ဖြင့် ပဒုမုတ္တရ မြတ်စွာဘုရား၏ထံတော်မှာ တန်ခိုးကြီးသောလက်ဝဲရုံ ဆုကို တောင်းယူခြင်းတကြိမ်။ ။ထိုမှတပါး ကိုးဆဲ့ တကမ္ဘာ ထက်၌ ဒီပသိတ္ထီဘုရားအထံတော်မှာ သူဌေးသွီးအဖြစ်နှင့် ခုနစ်ရက်တို့ပတ်လုံးဆွမ်းအလှူကြီးလှူ၍ ကြာပွင့်အခိုင်တို့ဖြင့် လှူဒါန်း၍ လက်ဝဲရုံ ဆုမြတ်ကို တောင်းယူ သည်ကားတကြိမ်။ ။ဤဘဒ္ဒကမ္ဘာတွင်ကဿပဘုရားအထံတော်မှာ ကိကီမင်းကြီး၏ ဒုတိယမြောက် "သမဏာဂုတ္တာ"

မင်းသွီးအဖြစ်နှင့်၊ ကောမာရိက ဗြဟ္မစရိယ ဆယ် ပါး သိလက္ခဏာနှစ်ဆောက်တည်၍၊ အနှစ်နှစ်သောင်းကာလ ပတ်လုံး ကဿပ မြတ်စွာဘုရား နေထိုင်တော် မူရန်၊ သံဃာရာမကျောင်းကြီးဆောက်လုပ်လျှုဒါန်း၍ လက်ဝဲ ရှဲ့ ဆုမြတ်ကိုတောင်းယူ သည်ကား တကြိမ်။ ဥမ္မာဒန္တီ ဖြစ်၍ရင်း၊ ပဒုမဒေဝီမိဖုရားကြီး ဖြစ်ကိုရန် ကဿပ, မြတ်စွာဘုရားသာသနာတော်ကွယ်သည့်နောက်၊ ငါတို့ မြတ်စွာဘုရားမဖြစ်မီ တခုသောဘဝ၌သူဆင်းရဲမဖြစ်၍ လယ်စောင့်ရင်း စပါးတို့ကို ပေါက်ပေါက်ပွင့် ငါး ရာ ပြည့်အောင်လှော်၍ ကြာဖက်တွင်တင်ထားခိုက်၊ အရှင် ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်ကွယ်လာ၍၊ ကြာပန်း ရှစ်ခိုင် တို့ဖြင့်လှူဒါန်း၍ ပစ္စေကဗုဒ္ဓါငါးရာမွေးပွားနိုင်ရန်ဆုကို ရင်း၊ နိဗ္ဗာန်တရားကို ရရန်ရင်း၊ ထိုအရှင် ပစ္စေကဗုဒ္ဓါ အထံတော်တွင်ဘောင်းဂ်။ ထို့ကြောင့် ပဒုမဒေဝီအဖြစ် ရှိ၍၊ ပစ္စေကဗုဒ္ဓါငါးရာကို ပွားမြင်ရသော မိဖုရားကြီး ဖြစ်လေ၏။

ထိုမှတပါးလည်း မဟာဇနကတော်တော်မှာ၊ မဏိ မေခလာ သမုဒ္ဒရာစောင့် နတ်သွီးဖြစ်၍၊ မဟာ ဇနက, မင်းသား ခုနစ်ရက် ရေမျောခြင်နေရာ ကယ် ဆယ် ယူ ဆောင်သဖြင့်၊ မိဒိလာဥယျာဉ်တော် ကျောက်ဖျာ၌တင် ထားပြီးလျှင်၊ မဟာဇနက မင်းကြီး ဖြစ်စေသည်ကား- ဥပလဝဏ်ထေရိမအလောင်းဖြစ်ဂ်။ ဝေဿန္တရာ ဇာတ် တော်၌ ကဏ္ဍာဒီန် မင်းသွီးကား ဥပလဝဏ် ထေရိမ

အလောင်းဖြစ်၏။ လက်ဝဲရုံ မယ် ဥပလဝဏ် ထေရီ ဘိက္ခုနီမအလောင်းသည်၊ ဘဝများစွာတို့ ကာလပတ်လုံး တန်ခိုးကြီးသော လက်ဝဲရုံဆုကို အကြိမ် များ စွာ တောင်းယူလေ၏။ ငါတို့ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါမှာ၊ ဘုံ့ထူး,ဂုဏ်ထူး,တံဆိပ် ဒီဃဒဂ်ရာထူးရဂ္ဂိကြီးကုန်သော ရဟန္တာ ယောကျ်ား ရဟန္တာ ဖိန်းမတို့သည်၊ များသောအားဖြင့် ထိုပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်အခါ၌ အနွင့်ဗျာဒိတ် စကားကို ယူကြကုန်၏။ စာကြည့်သူ အမျိုးကောင်းသား အမျိုးကောင်းသို့တို့သည်၊ ငါတို့ဘုရား သာသနာတော်တွင်းကနေ၍၊ ဒါန သီလ,ဘာဝနာ ကုသိုလ် တရားများကို အားထုတ်ပြီးလျှင်၊ ဖိုဖိတို့အလိုဂ္ဂိရာနိဗ္ဗာန်ဆုကိုတောင်းယူကြစေလိုပါသည်။

ထိုပဒုမုတ္တရ မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီး၏ သာသနာတော်၌ သစ္စာလေးပါး ရဂ္ဂိသူ တို့ကား၊ ပဌမ အကြိမ်၌ ပဒုမုတ္တရမြတ်စွာဘုရားသည်၊ ဒေဝလ, မင်းသား သုဇာတမင်းသား နှစ်ယောက်တို့အား၊ တရားဦး ဖြစ်သော ဓမ္မစက္ကြာတရားတော်ကို ဟောတော်မူသော အခါ၊ ထိုမင်းသားနှစ်ယောက်နှင့်တကွကုဋေတသိန်းသောသူတို့သည် သစ္စာလေးပါးကိုရကြကုန်၏။

ဒုတိယအကြိမ်၌ သရဒရသေ့ပရိသတ်၌ အပ္ပြိုက်တရားတော်ကို ဟောတော် မူသောအခါ၊ သုံးသောင်း

ခုနစ်ထောင် ကုန်သောသူတို့ သစ္စာ လေး ပါး ကို သိကြ ကုန်၏။

တတိယအကြိမ်၌ ခမည်းတော် အာနန္ဒာမင်းကြီး အမှုးရှိသော ဆွေတော်မျိုးတော် အစည်းအဝေး၌ ဗုဒ္ဓဝင် တရားတော်ကိုဟောတော်မူသော၊ ငါးသန်းသောသူတို့သည် သစ္စာလေးပါးကိုရကြကုန်၏။

ထိုပဒုမကြာရ မြတ်စွာဘုရား သာသနာတော်၌ တိဏ္ဍိ ပိန္ဆာအယူမရှိကုန်၊ အလုံးစုံသောနတ်သူမြတ်ဟူတို့သည် ပဒုမကြာရ မြတ်စွာ ဘုရား ကိုသာ ကိုးကွယ် ပူဇော် ကြ ကုန်၏။

ပဒုမကြာရမြတ်စွာဘုရား၏မြို့တော်ကား ဟံသာဝတီ မြို့တော်တည်း။ ခမည်းတော်ကား အာနန္ဒာ, မင်းကြီး တည်း၊ မယ်တော်ကား သုဇာတာ မိဖုရား ကြီးတည်း၊ လက္ခဏာရုံလက်ဝဲရ အဂ္ဂ သာဝကကား အရှင် ဒေဝိလ, မထေရ်တည်း၊ လက္ခဏာရုံ လက်ဝဲရ အဂ္ဂ သာဝိကာမ တို့ကား-မယ်အမိတ္တာ၊ မယ်အသမာတို့တည်း၊ ဒါယကာ ပေါက္ခရဏီကား မောင်မိတိဏ္ဍ- မောင်တိဿ, နှစ် ယောက်တို့တည်း၊ ဒါယိကာမကား မဟာဇာ၊ မဝိစိတ္တာ နှစ်ယောက်တို့တည်း၊ ဘုရား ဖြစ်ရာ ဗောဓိပင်ကား ထင်းရှူးပင်တည်း၊ အရှင်ပ်တော်ကား ငါးဆဲ့ ရှစ်တောင် မြင့်တော်မူ၏။ ရောင်ခြည်တော်အမြတ်ထွက်နေသည်ကား တဆဲ့ နှစ်ယူဇနာ ထွန်းလင်း၏၊ ဤ မျှ လောက် သော

လောကထွန်းထား ပဒုမ္တာရ ဂုဏ်တော်မြတ်ဘုရားသည်၊ သခ်ါရသင်္ခါရတရားကိုမလွန်နိုင်၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ကြွင်းကျန်ရစ်သောဝါတ်တော်တို့ကို လူနတ်ဗြဟ္မာ ဝိုဏ်သည် တဆဲ့နှစ်ယူဇနာဂိုသော စေတီတည်ထား ကိုးကွယ်ပူဇော်ကြလေကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဇျဏီများ-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

ပဒုမ္တာရမြတ်စွာဘုရားနှင့် ဂေါတမ ဘုရား အလောင်း သုဇွေးကြီးဦးဇဋိလတို့အကြောင်းအရာ အခေါ်းပြီး၏။

သုမေဓာမြတ်စွာဘုရားနှင့်ငါတို့ဘုရားအလောင်းခေတ် ဥဒ္ဒရလုင်အကြောင်းအရာအခေါ်း။

ပဒုမ္တာမြတ်စွာဘုရား၏သာသနာကွယ်သည့်နောက် ဒ္ဒ ကမ္ဘာသုံးသောင်း လွန် လတ်သော်၊ တာ၀သောမဏ္ဍ ကမ္ဘာတွင်၊ သုမေဓာ, မြတ်စွာ ဘုရား နှင့် သုဇာတာ, မြတ်စွာဘုရား နှစ်ဆူ ဖြစ်တော်မူ၏။ သုမေဓာ ဘုရား အလောင်းတော်သည် တုသိတာ နတ် ပြည် မှ စုတေ၍၊ သုဒဿနပြည်ဒ္ဒ သုဒဿန မင်းကြီး၏ မ ဂ် လာ ဒေ ဝီ, သုဒဿနာအမည်ဂို့သော မိဖုရားကြီး ဝမ်းဒ္ဒ ကိန်း၍ ပွားတော်မူလျှင်၊ အရှုယ်သို့ ရောက် လတ် သော်၊ လမင်း၏

အရောင်နှင့်တူသော သုစန္ဓနပြာသာဒ်၊ ဣန္ဒြအရောင်နှင့်တူ သောကဠုနပြာသာဒ်၊ အသရေ အပေါင်းကို ကောင်းစွာ ဆောင်သော သိရိဝဏ္ဏနပြာသာဒ်သုံးဆောင်ထက်၌၊ မယ်သုမဏာဒေဝရားကြီးအမှီးရှိသောတသိန်းခြောက်သောင်း သုံးထောင်ကုန်သော ဒေဝရားငယ်တို့နှင့်၊ ကာမဂုဏ်ငါးပါး အာရုံခံစားနေစဉ်။ မယ်သုမဏာဒေဝရားကြီးမှ သုနပ္ပ သုဒိဋ္ဌ, သားတော်နှစ်ယောက်ကို ပွားမြင်လတ်သော်၊ နှမိတ်လေးပါးမြင်၍သံဝေဂဉာဏ်ယူပြီးလျှင်၊ဆင်ယာဉ် စီး၍ တောသွက်တော် မှသော အခါ၊ ဗြဟ္မာမင်းသည် ကပ်လှူအပ်သော ပရိက္ခရာ စုံညီစွာ တို့ကို ဝတ်ဆင်၍၊ ဒုက္ခရုစရိယာကျင့်ပြီးသော် ကဆုန်လပြည့်နေ့၌ နကုလ ရှာဝယ် နကုလ သူဌေးသို့ သည်လှူအပ်သော နို့ဂဏာ ဆွမ်းကိုဘုဉ်းပေးတော်မူ၍၊ ညနေအခါ အတူ လိုက်၍ သက်နီးဝတ်ကြကုန်သော အမျိုးသား ကုဋေတာရာသော ရဟန်းတို့ကိုထားခဲ့၍၊ တမာပင် ဗေါဓိသို့ ကပ်လျက်-သိရိဝဏ္ဏ အာဇီဝကသည်လှူအပ်သော မြက်ရှစ်ဆုတ်ကို ဖြန့်ခင်းသောအခါ၊ ငါးဆဲ့ခုနစ်တောင် အမြင့် ရှိသော-ရတနာပလ္လင်ပေါက်၍၊ ထိုပလ္လင် ထက်၌ ထိုင်၍ အာနာ ပါနကမ္မဋ္ဌာန်းကိုစ၍ အားထုတ်လတ်သော်၊ နေမဝင်မီ မာရ်စစ်သည်ကိုအောင်တော်မူ၍၊ ပုဇ္ဇေ နိဝါသ ဉာဏ် အစဉ်ကိုရတော်မူသော သုမေဓါ မြတ်စွာဘုရားသည်-အနေကဇာတိသံသရာ၏ အစရှိသမြင့် အောင်းမေ့ ကျူး ရင့်တော်မူ၏။

ထိုသုမေဓါ ဖြတ် စွာ ဘုရား၏ သာ သ နာ တော် ၌ အစည်းအဝေးတို့သည်ကား။ ။ပဌမအကြိမ်၌ ကုဏ္ဍေ တရာသောရဟန္တာတို့၏အစည်းအဝေး၌ ပါတိမောက် ကိုပြောပြတော်မူ၏။

ဒုတိယအကြိမ်၌ ကုဒ္ဒေကိုးဆယ်ကုန်သော ရဟန္တာ တို့၏အစည်းအဝေး၌ ပါတိမောက်ကိုပြတော်မူ၏။

တတိယအကြိမ်၌ ကုဒ္ဒေ ၅စ်ဆယ် သော ရဟန္တာ အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။

ထိုသုမေဓါ ဖြတ်စွာဘုရား ဖြစ်တော်မူသော အခါ၊ ငါတို့ ဂေါတမဖြတ်စွာဘုရား အလောင်း တော် သည်၊ ကုဒ္ဒေ၅စ်ဆယ် ကြွယ်ဝသော ဥတ္တရ လုလင်ဖြစ်၍၊ ထို ကုဒ္ဒေ၅စ်ဆယ်သောဥစ္စာတို့ကို ဘုရား အ မှူး ဂ္ဂိ သော သံဃာတော် တို့အား အလုံးစုံ လှူ ဒါန်း၍ ဘု ရား အထံ တော်မှာ ရဟန်း ပြုတော် မူလေ၏။ သုမေဓါဖြတ်စွာ ဘုရားသည်အလုံးစုံအခွင့်စကားကိုကြားတော်မူကုန်၏။ ဘုရားလောင်း ဥတ္တရ,ရဟန်းသည် အလွန်ဝမ်းမြောက် ၍၊ ပါရမီအပေါင်းကိုအားထုတ်ကုန်၏၊ ဗျာန်သမာပတ် ကိုလည်းဖြစ်စေကုန်၏၊ စုတေလတ်သော် ဗြဟ္မာပြည်၌ လားကုန်၏။

သုမေဓါဖြတ်စွာဘုရား၏သာသနာတော်၌ အကျတ် တရားရသူတို့ကား၊ ပဌမအကြိမ်၌ ညိုတော် သရဏာ မင်းသား၊ သဗ္ဗကာမ, မင်းသားအမှူးရှိသော ကုဒ္ဒေတ

သိန်းသော နတ်လူ,ရဟန်းတို့အား၊ ဝမ္မစကြာ တရား တော်ကို ဟောတော်မူသည့် အဆုံးဌ သစ္စာလေးပါးကို သိကြကုန်၏။

ဒုတိယအကြိမ်ဌ ကုန္ဓ ကဏ္ဍ ဘိလူးကို ဆုံးမတော် မူသောအခါဌ၊ မွေအမြှောက်ဆေး တိုက် ကျွေး တော် မူ လတ်သော်၊ ကုဋေကိုးသောင်းသော လူတို့သည် သစ္စာ လေးပါးကိုသိကုန်၏။

တာဘိယအကြိမ်ဌ သိရိနန္ဒဥယျာဉ်တော်ဝယ် တရား တော်ကိုဟောတော်မူသောအဆုံးဌ၊ ကုဋေ ရှစ်သောင်း သောနတ်လူတို့သည် သစ္စာလေးပါးကိုသိကြကုန်၏။

သုမေဓါမြတ်စွာဘုရား၏ မြို့တော်ကား၊ သုဒဿန မြို့တော်တည်း။ ခမည်းတော်ကား သုဒဏ္ဍ မင်းကြီး တည်း။ မယ်တော်ကား သုဒဏ္ဍ မိဖုဘုရား ကြီး တည်း။ အဂ္ဂသာဝကနှစ်ပါးတို့ကား အဂ္ဂ,ဝ်သရဏမထေရ် အရှင် သဗ္ဗကာမ မထေရ်တို့တည်း;။အလုပ်အကျွေးကား အရှင် သာဂရမထေရ်တည်း။ အဂ္ဂသာဝိကာမနှစ်ပါးတို့ကား မယ်ရာမာ၊ မယ်သုရာမာတို့တည်း။ ဒါယကာ အလုပ် အကျွေးတို့ကား— မောင်ဥရ၀ေလ၊ မောင် ယသ၀ါ, နှစ်ယောက်တို့တည်း။ ဒါယိကာမ အလုပ် အကျွေး တို့ ကား-မယသော်ဝယာ၊မသိရိမာ,နှစ်ယောက်တို့တည်း။ ဘုရားဖြစ်ရာဗောဓိပင်ကား တမာ ပင်တည်း။ ဘုရား၏ အရပ်တော်ကား ရှစ်ဆဲ့ရှစ်တောင် အမြင့်ရှိ၏၊ အသက်

တော်ကား အနှစ်ကိုးသောင်းတို့တည်း။ ဤသို့ လောက ထွဋ်ထား ရှင်တော်မြတ် သုရား သုမေဓါသည် သင်္ခါရ သဘောတရားမလွန်နိုင်ကုန်၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ ပျက်မြဲမှန်စွာ၊
သံဝေဂကော်များ-ဖြစ်ပွားစေရာ၊
နိစ္စ-ရှုမှသင့်တော်မှာ။ ။

သုမေဓါမြတ်စွာဘုရားနှင့်ဂါတို့ဘုရားအလောင်းတော်
ဥဏ္ဏရလုင်အကြောင်းအရာအခေါ်းပြီး၏။

သုဇာတာမြတ်စွာဘုရားနှင့် ဂါတို့ဧဂါတမမြတ်စွာဘုရား
အလောင်းတော်စကြာမင်းကြီးတို့
အကြောင်းအရာအခေါ်း။

သုမေဓါမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး၍ သာသနာ ကွယ်သည့်နောက်၊ လူတို့၏ အသက် တန်း အ နှစ် ကိုး သောင်းသို့တဖန်ရောက်ပြန်သော်၊ သုဇာတာ မြတ်စွာ ဘုရားဖြစ်တော်မူ၏။ ထိုသုဇာတာမြတ်စွာဘုရား၏ သာ သနာတော်၌ သုံးကြိမ်သော အစည်း အဝေး တို့သည် ဖြစ်ကုန်၏။

ပဌမအကြိမ်၌ သုဇာတာ မြတ် စွာ ဘု ရား သည်— ရှေ့ကော်သန်းသောရဟန္တာတို့၏အစည်းအဝေး၌ ကိုယ် တော်တိုင်ပါတိမောက်ကိုပြတော်မူ၏။

ဒုတိယအကြိမ်၌ သုဇာတာ မြတ် စွာ ဘုရား သည်၊ ငါးသန်းသောရဟန္တာတို့၏အစည်းအဝေး၌ ကိုယ်တိုင် တော်ပါတိမောက်ကိုပြုတော်မူ၏။

တတိယအကြိမ်၌ သုဇာတာ မြတ် စွာ ဘုရားသည် လေးသန်းသော ရဟန္တာတို့၏ အစည်းအဝေး၌၊ ကိုယ်တိုင်တော် ပါတိမောက်ကိုပြုတော်မူ၏။ ထိုသုဇာတာ မြတ်စွာ ဘုရား လက် ထက် တော် အ ခါ ဝယ်၊ ငါ တို့ ဂေါတမ ဘုရား အလောင်း တော်သည် စကြာဝဠာ မင်းကြီးဖြစ်၍၊ သုဇာတာ မြတ်စွာဘုရား၏ သာယာစွာ ဟောတော်မူအပ်သော တရားတော်ကို နာယူရသဖြင့်၊ စကြာဝဠာမင်းကြီး၏ အလုံးစုံသော စည်းစိမ်ကို စွန့်ပစ်၍၊ သုဇာတာမြတ်စွာဘုရား အထံတော်မှာ ရဟန်းပြုလေ၏။ အမတ်စသော တိုင်းသူပြည်သားအပေါင်းတို့သည် စကြာ မင်းကြီး စည်းစိမ်ကို ကောင်းစွာ စောင့်ရှောက်၍ ပစ္စည်းလေးပါးတို့ဖြင့်ဘုရားသာသနာတော်ကိုလှူဒါန်းကြကုန်၏။ သုဇာတာ မြတ်စွာ ဘုရား သည် အလုံးစုံသောအခွင့်ဗျာဒိတ်စကားကိုကြားတော်မူ၏။ ထိုအခါဘုရားလောင်းရဟန်းသည်အလွန်ဝမ်းသာ၍ဗျာန်, အာဘိဉာဉ်ကိုဖြစ်စေပြီးလျှင်၊ စုတေသေလွန်သော်ဗြဟ္မာ့ပြည်၌လားလေ၏။ ထိုသုဇာတာ မြတ်စွာဘုရား လက်ထက်တော်အခါ၌—ပဌမအကြိမ် သမ္ဗာလေးပါးကိုသိသူတို့ကား၊ သုဇာတာ မြတ်စွာဘုရားသည် ကောင်းကင်ခရီးဖြင့် မဂ်လာဥယျာဉ်တော်သို့ကြွတော်မူ၍၊ ညီတော်

သူ ဒဿနမင်းသား ပရောဟိတ်သား ဒေဝ ကုမာရ တို့နှင့်တကွ၊ တောထွက်တော်မူစက အတူလိုက်၍ ရဟန်းပြုကြကုန်သော တကုဋေသော ရဟန်း တို့၏ အ စည်းအဝေးခု၊ ဝမ္မစကြာ တရားတော်ကို ဟောတော် မူလျှင်၊ ကုဋေရှစ်ဆယ်ကုန်သောနတ်လူတို့သည် သစ္စာ လေးပါးကိုသိကြကုန်၏။

ဒုတိယအကြိမ်၌ သုဇာတာ မြတ်စွာ ဘုရားသည်၊ တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာ တရား တော်ကို ဟောတော်မူသော အခါး၌၊ ခုနစ်သောင်းသော နတ်ဗြဟ္မာတို့သည် သစ္စာလေးပါးကိုသိကြကုန်၏။

တတိယအကြိမ်၌ သုဇာတာ မြတ်စွာ ဘုရား သည်၊ ဆွေတော်မျိုးတော်အစည်းအဝေး၌၊ ဇုန္ဓဝင်ကို ဟော တော်မူသော်၊ ခြောက်သန်းသောနတ်လူတို့သည် သစ္စာ လေးပါးကို သိကြကုန်၏။

သုဇာတာ မြတ်စွာဘုရား၏ဖြူတော်ကား သုမင်္ဂလ ဖြူတော်တည်း။ ခမည်းတော်ကားဥဒ္ဓတမင်းကြီးတည်း။ မယ်တော်ကား ပဘာဝတီမိဖုရားကြီးတည်း။ အဂ္ဂ သာ ဝက နှစ်ပါးတို့ကား အာဂျင်သုဒဿန မထေရ်၊ အာဂျင် သုဒေဝမထေရ်တို့တည်း။ အလုပ်အကျွေးကား အာဂျင် နာရဒ မထေရ်တည်း။ အဂ္ဂသာဝိကာမကား ယမ်နာဂါ ဂင်း၊ မယ်သမာလာဂင်း၊ ဒါယကာအလုပ်အကျွေးကား မောင်သုဒတ္တ၊ မောင်စိတ္တနှစ်ယောက်တည်း။ဒါယိကာမ

ကား မသုဘဒ္ဒါ၊ မပဒုမနှစ်ယောက်တည်း။ ဘုရားဖြစ်ရာဗေါဓိကား ကြာခပ်ဝါးရုံပင်တည်း။ အရပ်တော်ကား အတောင်ငါးဆယ်ရှိတော်မူ၏၊ အသက်တော်ကားအနှစ်ကိုးသောင်းတည်း။

ဤသို့လျှင် သုဇာတာ ဖြတ်စွာဘုရားသည်။ လောကဌ အတုမရှိ ဖြစ်တော်မူ၍ သင်္ခါရ သဘောတရားကို မလွန်ဆန်နိုင်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကြွင်းကျန်သော ဓါတ်တော်တို့ကို လူ,နတ်,ဗြဟ္မာတို့သည် စေတီတည်ထား ကိုးကွယ်ကြသည်တည်း။

ထို့ကြောင့်.....အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဂကျော်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

သုဇာတာဖြတ်စွာဘုရားနှင့်
ငါတို့ ဂေါတမ ဘုရားအလောင်း
စကြာမင်းကြီးတို့အကြောင်းအရာအခေါ်းပြီး၏။

ပိယဒဿီ ဖြတ်စွာဘုရားနှင့်အလောင်းဒတ်ကဿပ
လုင်တို့အကြောင်းအရာဒုစော်း။

သုဇာတာ ဖြတ်စွာဘုရား၏ သာသနာတော် ကွယ်သည့်နောက်ဌာဒဋ္ဌကမ္ဘာမှပြန်၍ရေသည်ရှိသော်၊ကမ္ဘာတထောင်ရှစ်ရာထက်ဌ ဝရကမ္ဘာ ဖြစ်ပေါ် လာလေ၏။ ထိုဝရကမ္ဘာတွင် ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ

ဟူ၍ မြတ်စွာဘုရားသုံးဆူဖြစ်တော်မူကြကုန်၏။ လူတို့၏အသက် ကိုးသောင်းတန်း နေသောအခါ၊ ရှေးဦးစွာ ပိယဒဿီ မြတ်စွာဘုရား ဖြစ်တော်မူ၏။ ထိုဘုရား၏ သာသနာတော်၌ အစည်းအဝေး တို့သည် သုံးကြိမ်ဖြစ်ကုန်၏။ ပဌမအကြိမ်၌ ပိယဒဿီ မြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန္တာတို့၏ အစည်း အ ဝေး ၌၊ ကိုယ်တိုင်တော်ပါတိမောက်ကိုပြတော်မူ၏။

ဒုတိယအကြိမ်၌ ကုဋေကိုးဆယ်သောရဟန္တာတို့၏ အစည်းအဝေး၌၊ ကိုယ်တိုင်တော် ပါ တိ မောက် ကို ပြ တော်မူ၏။

တတိယအကြိမ်၌ကုဋေ၅စ်ဆယ်သောရဟန္တာတို့၏ အစည်းအဝေး၌ ကိုယ် တိုင်တော် ပါ တိ မောက် ကိုပြ တော်မူ၏။

ထိုပိယဒဿီမြတ်စွာဘုရားလက်ထက်တော်အခါ၌၊ ဂေါတမဘုရား အလောင်းတော်သည် ဗေဒင်သုံးပုံတို့၏ ပါရဂူ ဖြစ်သော ကဿပ လုလင်ဖြစ်၍၊ ပိယဒဿီ, မြတ်စွာဘုရား၏ ဝမ္မ ဒေသနာ တော်ကို ကြားနာ ရ၍၊ သရဏာဂုံသိလကိုဆောက်တည်ပြီးလျှင်၊ ကုဋေတသိန်းသောဥစ္စာတို့ဖြင့် သံဃာတော်တို့ နေထိုင်ရန်၊ သံဃာရုမကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းလေ၏။ ပိယဒဿီမြတ်စွာဘုရားသည် အလုံးစုံသောအခွင့်စကားကို

ကြားလေလျှင်၊ အလွန် ဝမ်းသာ၍ ပါရမီ အပေါ်င်းကို အားထုတ်နေလေ၏။

ထိုပိယဒဿီ မြတ်စွာ ဘုရား၏ သာသနာ တော်၌ သစ္စာလေးပါးရသူတို့ကား၊ ပဌမအကြိမ်၌ ပိယဒဿီ မြတ်စွာဘုရားသည် တောထွက်စအခါက အတူလိုက်၍ ရဟန်းပြုကြကုန်သော တကုဋေသောရဟန်းတို့ကို၊ ဝမ္မ စကြာတရားတော်ကို ဟောတော်မူသောအခါ၌ ကုဋေ တသိန်းသော နတ်လူတို့သည် သစ္စာ လေးပါးကို သိကြ ကုန်၏။

ဒုတိယအကြိမ်၌ ပိယဒဿီ မြတ်စွာ ဘုရား သည်၊ သုဒဿန နတ်မင်းကြီးကိုအမှီးပြု၍ ဟောတော်မူသော် ကုဋေကိုးသောင်းသော နတ်လူ,တို့သည် သစ္စာလေးပါး ကိုသိကုန်၏။

တတိယအကြိမ်၌ ပိယဒဿီ မြတ်စွာ ဘုရားသည် ဒေါနမုခဆင်ကိုဆုံးမ၍၊ လူ နတ်,တို့အား ဝမ္မဒေသနာ တော်ကို ဟောတော်မူသောအဆုံး၌၊ ကုဋေ၇စ်သောင်း သူတို့ သစ္စာလေးပါးကိုရကြကုန်၏။

ထိုပိယသီမြတ်စွာဘုရား၏မြို့တော်ကား၊အနောမ မြို့တော်တည်း။ ခမည်းတော်ကားသုဒိန္နမင်းကြီးတည်း၊ မယ်တော်ကား စန္ဒာဒေဝီ ပိဗုဒ္ဓရား ကြီးတည်း။ အဂ္ဂသာ ဝက နှစ်ပါးတို့ကား အ၇င်ပါလိတမထေရ၊ အ၇င်သဇ္ဇ ဒဿီမထေရ်တို့တည်း၊ အလုပ်အကျွေးကား-သောဘိ

တ်မထေရ်တည်း။ အဂ္ဂသာဝိကာမကား၊ မယ် သုဇာ တာဝင်း၊ မယ်ခမ္မဒိန္နာဝင်း၊ ဒါယကာတို့ကား- မောင် ပန္နကာ၊ မောင်ခမ္မိက နှစ် ယောက် တည်း၊ ဒါယိကာမ တို့ကား မဝိသာခါ၊ မ ခမ္မဒိန္နာ, နှစ်ယောက် တို့တည်း။ ဘုရားဖြစ်ရာဗေါဓိပင်ကား ဝိယဂ်ိ မည်သော ကတက် ပင်တည်း။ အရပ်တော်ကား အတောင်ရှစ်ဆယ် အမြင့် ရှိ၏၊ အသက်တော်ကားအနှစ်ကိုးသောင်းတည်း။ ဤသို့ လျှင် ဝိယဒဿီ မြတ်စွာ ဘုရားသည် လူသုံးဦး တို့၏ ဆရာဖြစ်တော်မူ၍၊ သင်္ဂါရသဘောတရားကို မလွန်နိုင် သဖြင့်ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကြွင်းကျန်ရစ်သော ခါတ် တော်တို့ကို လူနတ်တို့ အသီးသီး စေတီတည်ထား ကိုး ကွယ်ကြကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ ပျက်မြဲမှန်စွာ၊
သံဝေဂြာဏ်မျှား-ဖြစ်ပွားစေရာ၊
နိစ္စ-ရှုမှသင့်တော်မှာ။ ။

ဝိယဒဿီ မြတ်စွာဘုရားနှင့်-ဘုရား အလောင်းတော် ကဿပလုလင်တို့၏အကြောင်းအရာအခေါ်းပြီး၏။

အဇ္ဇဒသီပြတိစ္ဆာဘုရားနှင့်ငါတို့၏ဘုရားလောင်းတော် သုသိမရသေ့ကြီးတို့၏အကြောင်းအရာအစဉ်း။

ဝိယဒသီ ပြတ်စ္ဆာဘုရား၏ သာသနာ ကွယ်သည့် နောက်၌ လူတို့၏အသက်တန်း တစတစဆုတ်၍ ဆယ်နှစ်တန်း ရောက်ပြီးလျှင်၊ တဖန် အသင်္ချေယျတန်းသို့ ရောက်သဖြင့် တဖန် ဆုတ်လတ်သော် တသိန်းတန်းသို့ ရောက် သော အခါ အဇ္ဇဒသီ ဘုရားလောင်းသည် တုသိတာနတ်နန်းမှ နတ်သက်ချေခဲ့ပြီးသော် သောဘနပြည် သာဂရမင်းကြီး၏ မဂ်လဒေဝီ သုဒဿန ဗိဒုရားကြီးဝမ်းခို ပဋိသန္ဓေကောင်းစွာနေ၍ ဘွားတော်မူလျှင် အရွယ်သို့ ရောက်သောကာလ အမရဂိရိ၊ သုရဘိဂိရိ၊ ဂိရိဝါဟန ပြဿာဒ်သုံးဆောင်၌ နတ်တို့ စည်းစိမ်နှင့် တကွသော ဝိသာခါဒေဝီ ဗိဒုရား အမှုးရှိ သော သုံးသောင်း သုံးထောင် ကုန်သော မင်း မောင်းမ တို့ နှင့် ကာမဂုဏ် ငါးပါးကို ဝဝကြီး ခံစားပြီးလျှင် သေလ မင်းသား ဖွားမြင်တော်မူမှ နိုဝိတ် လေးပါးကို မြင်၍ သံဝေဂြာဏ်ဖြစ်လတ်သော် မြင်းတော်စီး၍ တောထွက်တော်မူ၏။ ဗြဟ္မာမင်းကပ်သူ အပ်သော သက်နီးအစုံတို့ဖြင့် ဝတ်ဆင်၍ ဒုက္ခရစရိယာအကျင့်မြတ်ကိုကျင့်တော်မူ၍ လောကထွန်းထား သဗ္ဗညုဘုရားအဖြစ်သို့ရောက်ရှိတော်မူ၏။

ထိုအဏ္ဍဒဿီ ဗြတ်စွာဘုရား၏ သာသနာတော်၌ အစည်းအဝေးတို့သည် သုံးကြိမ်ဖြစ်တော်မူ၏။

ပဌမအကြိမ်၌အဏ္ဍဒဿီဗြတ်စွာဘုရားသည်၊ ကိုးသန်းရှစ်သိန်းကုန်သော ရဟန္တာတို့၏ အစည်း အဝေး၌ ကိုယ်တိုင်တော်ပါတိမောက်ကို ပြတော်မူ၏။

ဒုတိယအကြိမ်၌ အဏ္ဍဒဿီဗြတ်စွာဘုရားသည်– ရှစ်သန်းရှစ်သိန်းကုန်သော ရဟန္တာတို့၏ အ စည်း အ ဝေး၌ ကိုယ်တိုင်တော်ပါတိမောက်ကိုပြတော်မူ၏။

တတိယအကြိမ်၌ အဏ္ဍဒဿီဗြတ်စွာ ဘုရားသည် ရှစ်သန်းရှစ်သိန်းကုန်သောရဟန္တာတို့၏အစည်း အ ဝေး၌ ကိုယ်တိုင်တော်ပါတိမောက်ကိုပြတော်မူ၏။

ထိုအဏ္ဍဒဿီဗြတ်စွာဘုရား ဖြစ်တော်မူသောအခါ ဝယ်၊ ငါတို့၏ဂေါတမဘုရားအလောင်းတော်သည်၊ အ လွန်တန်ခိုးကြီးသော သုသိမ, အမည်ရှိသော ရသေ့ကြီး ဖြစ်၍၊ တာဝတိံသာနတ်ပြည်မှ ယူဆောင် လာခဲ့သော မန္ဒာဝရနတ်ပန်းတို့ဖြင့် ပူဇော်လေ၏။ ထိုအခါ- အဏ္ဍ ဒဿီဗြတ်စွာဘုရားသည် သုသိမရသေ့ကြီးအား၊ ဘဒ္ဒ ကမ္ဗာ၌ဂေါတမဘုရားဖြစ်လတံ့ဟု အခွင့်စကားတော် ကိုမိန့်ကြားတော်မူ၏။ သုသိမရသေ့ကြီးသည် ဘုရား ဖြစ်ရတော့မည်ဟု အလွန် ဝမ်းမြောက်၍၊ ကောင်းစွာ ပါရမီတော်ကိုအားထုတ်လေ၏။

ထိုအတ္ထဒဿီ ဖြတ်စွာဘုရား၏ သာသနာ တော်၌၊ သစ္စာလေးပါးသိသူတို့ကား၊ ပဌမအကြိမ်၌ အတ္ထဒဿီ ဖြတ်စွာဘုရားသည်ဓမ္မစက္ကြာတရားဖြတ်ကိုဟောတော်မူရာ၊ တောထွက်စအခါက အတူလိုက်၍ ရဟန်းပြုကြကုန်သော၊ ကိုးကုဋေ ကုန်သော ရဟန်း ပရိသတ်နှင့် တကွ၊ ကုဋေ တသိန်းသော နတ်လူ, ဗြဟ္မာ, တို့သည်-သစ္စာလေးပါးကိုသိကြကုန်၏။

ဒုတိယအကြိမ်၌ အတ္ထဒဿီ ဖြတ်စွာ ဘုရားသည်၊ တာဝတိံသာ နတ်ပြည်၌ အာဘိဓမ္မာ တရား တော် ကို ဟောတော်မူသောအခါ၊ ကုဋေတသိန်းသော နတ်, ဗြဟ္မာတို့သည် သစ္စာလေးပါးကိုသိကြကုန်၏။

တတိယအကြိမ်၌ အတ္ထဒဿီ ဖြတ်စွာဘုရားသည် ဆွေတော်မျိုးတော်အစည်းအဝေး၌ ဘုရားဖြစ်ကြောင်း ပါရမီ အပေါင်းကို ဟောတော်မူသောအခါ၊ ကုဋေ တသိန်းသော နတ်လူ,တို့ သစ္စာလေးပါးကိုသိကြကုန်၏။

ထိုအတ္ထဒဿီဖြတ်စွာဘုရား၏ ဖြူတော်ကား-သော ဘာဏဖြူတော်တည်း။ ခမည်းတော်ကား သာဂရ, မင်းကြီးတည်း၊ မယ်တော်ကား သုဒဿနဒေဝီ, မိဖုရားကြီးတည်း၊ အဂ္ဂသာဝကနှစ်ပါး တို့ကား အရှင်သန္တမထေရ၊ အရှင်ဥပသန္တမထေရ်နှစ်ပါးတို့တည်း၊အလုပ်အကျွေးကား အရှင်အာဘယ,မထေရ်တည်း၊ အဂ္ဂသာဝိ

ဣာဝမတို့ကား မယ်ဝမ္မာနှင့် မယ်သုဝမ္မာ, နှစ်ပါးတည်း။ ဒါယကာအလုပ်အကျွေးကား မောင်နကုလနှင့် မောင်နိသဘ နှစ်ယောက်တို့တည်း။ဒါယိကာမအလုပ်အကွေးတို့ကား မ,မနိလာနှင့် မသုနန္ဒာ နှစ်ယောက် တို့တည်း။ ဘုရားဖြစ်ရာ ဗေါဓိပင်ကား စကားပင်တည်း။ အရပ်တော်ကား အတောင်ရှစ်ဆယ် မြင့်တော်မူ၏။ အသက်တော်ကား တသိန်းတည်း။

အဠဒသ မြတ်စွာဘုရား၏ကိုယ်တော်မှ အမြဲ မပြတ် ထွက်ပေါ်၍ နေသော ရောင်ခြည်တော်တို့သည် တယူဇနာ ပျံ့နှံ့ကုန်၏။

ဤသို့လျှင် ကြီးမားသော တန်ခိုးတော် ရှိတော်မူသော မြတ်စွာဘုရားသည် သင်္ဂါရသဘောတရားကို မလွန်ဆန်နိုင်၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအဠဒသ မြတ်စွာဘုရား၏ဝါတ်တော်တို့ကို နှတ်လူတို့သည် အတုမရှိ စေတီ တည်ထားကိုးကွယ်ကြကုန်၏။

ထို့ကြောင့်.....အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဂကော်မျှား-ဖြစ်ပွါးစေရာ၊
အနိစ္စ-ရှုမှတ်ခင်တော်မှာ။

အဠဒသ မြတ်စွာဘုရားနှင့်ငါတို့၏ဂေါတမဘုရား အလောင်းတော် သုသိမ ရသေ့ကြီး တို့၏ အကြောင်း အရာအခဏ်းပြီး၏။

ဇမ္ဗုဒဿမြတ်စွာဘုရားနှင့် ဂေါတမဘုရား အလောင်းတော်သင်ကြားမင်းကြီးတို့အကြောင်း။

အထူးဒဿမြတ်စွာ ဘုရား၏ သာသနာ ကွယ်သည့် နောက်အတို့၌၊ လူတို့၏အသက်တန်း ဆုတ်သဖြင့် ဆယ်နှစ်တန်းမှတဖန်တက်၍၊ အသင်္ချေယျတန်းမှ တဖန်ဆုတ်၍ တသိန်း တန်းသို့ ရောက် သော အခါ၌၊ ဇမ္ဗုဒဿမြတ်စွာဘုရား ဖြစ်တော်မူ၏။ ထိုဇမ္ဗုဒဿမြတ်စွာ ဘုရား၏ သာသနာတော်၌ အစည်း အဝေး သုံး ကြိမ် ဖြစ်၏။

ပဌမ အကြိမ်၌ ဇမ္ဗုဒေသမြတ်စွာ ဘုရား သည် ရဟန္တာကုဋေ့ တသိန်းတို့၏အစည်းအဝေး၌၊ ကိုယ်တိုင်တော် သိတင်းကျွတ်လပြည့်နေ့တွင် မဟာပဝါရဏာ, ကိုပြုံတော်မူ၏။

ဒုတိယအကြိမ်၌ ဇမ္ဗုဒဿမြတ်စွာ ဘုရား သည်၊ ရဟန္တာ ကုဋေ့ ကိုးဆယ် အစည်း အဝေး၌၊ ကိုယ်တိုင်တော်ပါတိမောက်ကိုပြုတော်မူ၏။

တတိယ အကြိမ်၌ ဇမ္ဗုဒဿမြတ်စွာ ဘုရား သည်၊ ကုဋေ့ရှစ်ဆယ်သော ရဟန္တာ အစည်းအဝေး၌၊ ကိုယ်တော်တိုင်ပါတိမောက်ကို ပြုတော်မူ၏။

ထိုဇမ္ဗုဒဿမြတ်စွာဘုရား ဖြစ်တော်မူသော အခါ ဝယ်၊ ငါတို့၏ ဘုရား အလောင်း တော်သည် တာဝတိံသာနတ်တို့ပြည်၌ သိကြားမင်းကြီးဖြစ်၍၊ နတ်သားနတ်

သို့အပေါင်း ခြုံရုံလျှက် မြတ်စွာ ဘုရား အထံ တော်သို့ ကပ်၍၊ နတ်ဒွေဖြစ်သောပန်းနံ့သာ၊ နတ်ဦးဖြစ်သော တျုရိယာ၊အဆိုအတီးအကအချနှင့်တို့ဖြင့် အလွန်ကြီးစွာပူဇော်လေ၏။ ထိုအခါ ဇမ္ဗုဒဿီမြတ်စွာဘုရားသည်၊သိကြားမင်းအား ဘဒ္ဒကမ္ဗာဒွေ ဂေါတမ ဘုရား ဖြစ်လတံ့ဟု၊ အလုံးစုံသောအခွင့်စကားကိုမိန့်ကြားတော်မူ၏။ ဘုရားလောင်းသိကြားမင်းသည် အလွန်ဝမ်းမြောက်၍၊ပါရဒိအပေါင်းကိုအားထုတ်တော်မူ၏။ ထိုဇမ္ဗုဒဿီ မြတ်စွာ ဘုရား၏သာသနာတော်၌ သစ္စာလေးပါးသိသူတို့ကား၊

ပဌမအကြိမ်၌ ဇမ္ဗုဒဿီမြတ်စွာ ဘုရားသည် ဝမ္မ စကြာတရားကိုဟောတော်မူသောအခါ၊ ကုဋေတသိန်းသောဟိတိကွ၊ ရ ဟန်း တို့သည် သစ္စာ လေးပါး ကို အလုံးစုံသိကြကုန်၍ ရဟန္တာဖြစ်ကြလေကုန်၏။

ဒုတိယအကြိမ်၌ဇမ္ဗုဒဿီမြတ်စွာဘုရားသည် တနေ့သန်ဂ်ိုက် သဠာယ ရသေ့နှင့် တကွ၊ ·ရသေ့ပေါင်း ကုဋေကိုးဆယ်တို့ကို ဆုမ္ဘ၍ ဇမ္ဗုဒေသနာတော်ကို မိန့်ကြားတော်မူလျှင် ထိုရသေ့ ကုဋေ ကိုးဆယ်တို့သည် တပြိုင်နက် သစ္စာလေးပါးကို သိကြလေကုန်၏။

တတိယ အကြိမ်၌ ဇမ္ဗုဒဿီ မြတ် စွာဘုရား သည် သိကြားမင်းကြီးအားတရားတော်ကိုဟောတော်မူသော်

ကုန်ခဲ့ရှစ်ဆယ်သော နှတ်ပြိဟ္ဒာတို့သည် သစ္စာလေးပါး သိကြကုန်၏။

ထိုမွေဒဿီပြတ်စွာဘုရား၏ဖြိုတော်ကား၊ သရဏာ ဖြိုတော်တည်း။ ခမည်းတော်ကား၊ သရဏာ မင်းကြီး တည်း။ မယ်တော်ကား၊ သုနန္ဒာ မိဖုယားကြီးတည်း။ အဂ္ဂသာဝကာ နှစ်ပါးတို့ကား၊ အရှင်ပဒုမ မထေရ် နှင့် အရှင်ဖုဿဒေဝမထေရ်တို့တည်း။ အလုပ်အကျွေးကား၊ အရှင် သုဒတ္တမထေရ်တည်း။ အဂ္ဂသာဝိကာမ တို့ကား၊ မယ်ခေမာနှင့်မယ်သဇနာမာတို့တည်း။ ဒါယကာအလုပ် အကျွေးကား၊ မောင်သုဘဒ္ဒနှင့် မောင်ကဠိသဟ နှစ်ယောက်တို့တည်း။ ဒါယိကာမကား၊ မသာဠိယာ နှင့်-မကဠိယာတို့တည်း။ ဘုရားဖြစ်ရာဗောဓိပင်ကား၊ ထန်းကျွင် အလှပင်တည်း။ အရုပ်တော်ကား အတောင်ရှစ်ဆယ်မြင့်တော်မူ၏။ အသက်တော်ကား၊ တသိန်းတည်း။ (ဘုရားဖြစ်ရာ ဗောဓိပင်မှာ အဋ္ဌသာလိနီပါဠိ၌ ရတ္တက် ရ ဗောဓိ ကကုဓဗောဓိ နှစ်မျိုး နှစ်စားရှိ၏) ဆင်ခြင်၍ မှတ်ကြလေကုန်။

ဤသို့လျှင် ခပ်သိမ်းသော တရားတော်ကို သိပြီး၍ ဝေနေယျ တို့အား တရားရေအား တိုက်ကျွေးပြီးသော် သခ်ါရသင်္ခါရတရားမလွန်နိုင်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓါတ်တော်တို့ကို လူနတ်တို့စေတီတည်ထား ကိုးကွယ်ကြလေကုန်။

ထို့ကြောင့်— အနိုဗွတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်ပြိမ္မနိ၇ာ၊
သံဝေဂြာဏ်မျှား-ဖြစ်ပွားစေရာ၊
အနိုဗ-ရှုမှသင့်တော်မှာ။ ။

ဓမ္မဒဿီမြတ်စွာဘုရားနှင့်
ငါတို့ ဘုရားအလောင်းတော် သိကြားမင်းတို့၏
အကြောင်း အရာ အခဏ်း ပြီး၏။

သင်္ခဇာတ်မြတ်စွာဘုရားနှင့်-ငါတို့ဘုရားအဖလောင်း
မင်္ဂလာရုဏ်သူ့တို့အကြောင်း။

ဓမ္မဒဿီ မြတ်စွာဘုရား သာသနာတော် ကွယ်ပြီးသော်၊ နောက်အာဘိုဠ် ဤဘဒ္ဒကမ္ပာမှ ပြန်၍ ရေသော်၊ ကိုးဆဲ့လေးကမ္ပာထက်၌ သာရကမ္ပာတွင်တဆူတည်းသော သိဒ္ဓတ္ထ ဘုရားသည် ဖြစ်တော်မူ၏။ ထို သိဒ္ဓတ္ထ ဘုရား လောင်း သည် လူတို့ အသက်တန်း တသိန်းနေ သောအခါ၌၊ ဝေဘာရမြို့တော် ဥဒေန မင်းကြီး၏- သုဖဿာဒေဝီ မိဖုရားကြီး ဝမ်း၌ ကိန်းတော်မူ၏။ ဘွားတော်မူ၍ အရွယ်သို့ ရောက်လတ်သော်၊ ကောကာလ၊ ပုမ္မလ၊ ပဒုမ,ရွှေနန်းပြာသာဒ် သုံးဆောင်ထက်၌ အလွန်နှစ်သက်ဘွယ်ရှိသော သောမနဿဒေဝီ မိဖုရားကြီးနှင့် တကွ၊ လေးသောင်း ရှစ် ထောင် သော မင်း မောင်း မ, ကလေးတို့နှင့်ကြည်နူးပျော်ပိုက်၍၊ ကာမဂုဏ်ချမ်းသာ

ကိုခံစားပြီးသော်၊ မိဖုရားကြီးတွင် သားတော် ကလေး အနုပမ,မင်းသားမွေးဖွားလေလျှင်၊လေးပါးသောနိမိတ် ကိုမြင်သောအခါ သံဝေဂ ဉာဏ်များဖြစ်စေ၍ ဖွေဝေါ တော်စီးကာတောထွက်တော်မူ၏။ ဗြဟ္မာမင်းလှူဒါန်း အပ်သော သင်္ကန်း အစုံတို့ဖြင့်ဝတ်ရုံပြီးလျှင်၊ ဒုက္ခရ စရိယာအကျင့်မြတ်ကို ကျင့်တော်မူစဉ်၊ ကုဋေတသိန်း သောပေါကျားတို့သည် ဘုရားလောင်းသို့အတူလိုက် ၍ရဟန်းပြုကြ၏။ သိဒ္ဓတ္ထ ဘုရားလောင်းသည် ထို ကုဋေတသိန်းသော ရဟန်းတို့ ခြံရံလျက် ဒုက္ခရစရိယာ အကျင့်မြတ်ကိုကျင့်ပြီးသော်၊ မဟာလေကား ဗေါဓိပင် သို့ကပ်၍ ပွားများအပ်သော ဘာဝနာစိတ်ဖြင့် မာရ်ငါး ပါးကိုအောင်တော်မူ၍၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗ စက္ခု ဉာဏ်၊ အာသဝက္ခယဉာဏ်၊ ပေစ္စကွဲဏာဉာဏ်၊သဗ္ဗညု တဉာဏ်တို့ကို၊ ကောင်းစွာရတော်မူ သိတော်မူသဖြင့်၊ သိဒ္ဓတ္ထဘုရားအဖြစ်သို့ ကောင်းစွာ ရောက်တော် မူ၏။ ထိုမြတ်စွာဘုရား၏သာသနာတော်၌ ရဟန္တာ အစည်း အဝေးတို့သည် သုံးကြိမ်ဖြစ်ကုန်၏။

ပဌမအကြိမ်၌ သိဒ္ဓတ္ထ မြတ်စွာ ဘုရား သည် ကုဋေ တရာသောရဟန္တာ တို့၏ အစည်းအဝေး၌၊ ကိုယ် တိုင် တော် ပါတိမောက်ကိုပြုတော်မူ၏။

ဒုတိယအကြိမ်၌ သိဒ္ဓတ္ထမြတ်စွာဘုရားသည်၊ကုဋေ ရှစ်ဆယ်သော ရဟန္တာ အစည်း အဝေး၌၊ ကိုယ်တိုင် တော် ပါတိမောက်ကိုပြုတော်မူ၏။

တတိယအကြိမ်၌သိဒ္ဓတ္ထမြတ်စွာဘုရားသည်၊ကုဋေ ၅စ်ဆယ်သော ရဟန္တာ အစည်း အဝေး၌၊ ကိုယ် တိုင် တော်ပါတိမောက်ကိုပြတော်မူ၏။

ထိုသိဒ္ဓတ္ထ မြတ်စွာဘုရား၏ လက်ထက်တော် အခါ ဝယ်၊ ငါတို့၏ ဂေါတမ ဘုရား အလောင်း တော်သည် တန်ခိုးအာဘိဉာဉ်နှင့် ပြည့်စုံသော မင်္ဂလ ရသေ့ ဖြစ်၍၊ ဇမ္ဗူဒိတ်ကျွန်းဦးခ၌ဖြစ်သော ဇမ္ဗူ။ သပြေသီးကို ကောင်း စွာဆောင်၍ သိဒ္ဓတ္ထမြတ်စွာဘုရားအား လှူဒါန်း ဆက် ကပ်လေ၏။ ထိုအခါ သိဒ္ဓတ္ထမြတ်စွာဘုရားသည် ဘုရား လောင်းရသေ့အား၊ ဘဒ္ဒကမ္ပာ၌ ဂေါတမ ဘုရား ဖြစ် လတံ့ဟု အလုံးစုံသောအခွင့်စကားကို ကြားတော်မူ၏။ ဘုရားလောင်းရသေ့ကြီးသည် အလွန် ဝမ်း မြောက် ၍ ပါရမီအပေါင်းကို ကောင်းစွာအားထုတ်လေ၏။

ထိုသိဒ္ဓတ္ထမြတ်စွာဘုရား၏ သာသနာတော်၌၊ သစ္စာ လေးပါးသိကြကုန်သောသူတို့သည်ကား။

ပဌမအကြိမ်၌ သိဒ္ဓတ္ထမြတ်စွာ ဘုရားသည်၊ ကုဋေ တသိန်းသောရဟန်းတို့အား၊ ဓမ္မစက္ကြာ တရားတော်ကို ဟောတော်မူသောအခါ ကုဋေတသိန်းသော ရဟန်းတို့ သည် သစ္စာလေးပါးကိုသိကြကုန်၏။

ဒုတိယအကြိမ်၌ သိဒ္ဓတ္ထမြတ်စွာဘုရားသည်ဘိမရဋ္ဌ မင်းကြီးအား ဓမ္မဒေသနာတော်ကို ဟောတော်မူသော် ကုဋေကိုးဆယ်နှစ်လုံးတို့သစ္စာလေးပါးကိုသိကြကုန်၏။

တတိယအကြိမ်၌ သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ဆွေတော် မျိုးတော်တို့အား ဇုဒ္ဓဝင်ကို ဟောတော်မူသော် ကုဋေကိုးဆယ်သောသူတို့သည်သစ္စာလေးပါးကိုသိကြကုန်၏။

ထိုသိဒ္ဓတ္ထမြတ်စွာဘုရား၏ ဦးတော်ကား၊ ဝေဘာရ မြို့တော်တည်း။ ခမည်းတော်ကား၊ ဇယသေနမင်းကြီး တည်း။ မယ်တော်ကား၊ သုဝဏ္ဏဒေဝီ မိဖုယားကြီး တည်း။ အဂ္ဂသာဝကာ နှစ်ပါးတို့ကား၊ အရှင်သမ္မလ မှ ထေရ်နှင့် အရှင်သုမိတ္တာမထေရ်တို့တည်း။ အလုပ် အ ကျွေးကား အရှင်ရေဝတမထေရ်တည်း။အဂ္ဂသာဝိကာမ တို့ကား၊ မယ်သိလာနှင့် မယ်သူရာနှစ်ပါးတို့တည်း။

ဒါယကာ အလုပ်အကျွေးတို့ကား၊ မောင်သုဒ္ဓိယနှင့် မောင်သမုဒ္ဒနှစ်ယောက်တို့တည်း။ ဒါယိကာမတို့ကား၊ မရေမ္ဘာနှင့် မသုရေမ္ဘာနှစ်ယောက်တို့တည်း။ဘုရားဖြစ်ရာ ဗောဓိပင်ကား၊ မဟာလှေကားပင်တည်း။ အရုပ်တော် ကား၊ အတောင်ခြောက်ဆယ် မြင့်တော်မူ၏။ အသက် တော်ကား၊ အနှစ်တသိန်း အသက်ရှည်၏။ ဤသို့လျှင် သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ဘုန်းတော်အနန္တ ပြည့်စုံ တော် မူပြီး၍ သင်္ဂါရ သ ဘော တရားကို မလွန်နိုင်၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကြင်းကျန်ရစ်သော ဓါတ်တော် တို့ကို လူနတ်တို့သည် စေတီ တည်ထား ကိုးကွယ်ကြ ကုန်၏။

ထို့ကြောင့်– အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဂြာဏ်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

သိဒ္ဓတ္ထမြတ်စွာဘုရားနှင့် ငါတို့ဂေါတမဘုရား အလောင်းတော်မင်္ဂလာရသေ့တို့၏ အကြောင်းအရာ အခန်းပြီး၏။

တိသဿမြတ်စွာဘုရားနှင့်ငါတို့ဂေါတမဘုရား အလောင်းတော်သုဇာတာမင်းဘို့၏အကြောင်းအရာ အခန်း။

သိဒ္ဓတ္ထမြတ်စွာဘုရား၏ သာသနာတော်ကွယ်သည့် နောက်အဘို့၌၊ ဤဘဒ္ဒကမ္ပာမှ နောက်ဆုတ် ရေသော်၊ ကိုးဆယ့်နှစ်ကမ္ပာထက်တွင် တခုသော မဏ္ဍာကမ္ပာ၌ တိသဿမြတ်စွာဘုရားနှင့် ဗုဒ္ဓသဿမြတ်စွာဘုရားနှစ်ဆူ ဖြစ်တော်မူ၏။ တိသ မြတ်စွာဘုရားအလောင်း နတ်သားသည် တုသိတာနတ်ဘုံမှစုတေခဲ့၍ခေမာနေပြည်တော်ကို အစိုးရတော်မူသော ဇနသန္ဓမင်းကြီး၏ မဂ်လာဒေဝီပဒုမာဝိဗုယားကြီးဝမ်းနှင်းကိ ကိန်းတော်မူ၍ ဘွားတော်မူလျှင် အရွယ်သို့ရောက်သောကာလ ဂုဟာသေလနာရိယ ယသနိသဘ ပြဿဒ်သုံးဆောင်ခ၌သုဘဒ္ဒါဒေဝီ ဗိဗုယားကြီးကို အမှုးပြု၍ သုံးသောင်းသုံးထောင် ကုန်သော ဗိဗုယား အငယ်ကလေးတို့နှင့်တကွ ကာမဂုဏ်

ငါးပါးကို ၀၀ကြိုးခံစားပြီးလျှင် သုဘဒ္ဒါမိဖုယားကြီးမှ သားတော် အာနန္ဒာ မင်းသား ကို ဘွားတော်မူ သော် လေးပါးသော နိမိတ်ကြီးတင်၍ သံဝေဂျာဏ် ရသဖြင့် ဖြင်းတော်စိုးကာတောထွက်တော်မူ၏။ ပြုဟ္ဘာမင်းသည် ကပ်လျှအပ်သောသက်နီးအစုံတို့ကို ဝတ်ဆင်၍ ရဟန်း ပြုလေ၏။ ။တကုဋေသော အမျိုးသားတို့သည်လည်း ဘုရားလောင်းသို့အတူလိုက်၍ ရဟန်းပြုကြကုန်၏။

တိသာဘုရားလောင်း ရဟန်းသည် တကုဋေသော ရဟန်းတို့ခြိုရံလျက် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော် မူ၍ ပိတောက်ပင်ဗေါဓိသို့ကပ်၍ ဘာဝနာကမ္မဋ္ဌာန်း ကို အားထုတ်တော်မူလျှင် ဒေ၀ပုတ္တမာရ်စသော မာရ် ငါးပါးကို အောင်တော်မူ၍ ပုဗ္ဗေနိ၀ါသဉာဏ်၊ ဒိဗ္ဗ စက္ခုဉာဏ်၊အာသဝက္ခယဉာဏ်ရတော်မူ၍သင့်လျှော်တ ဘုရားအဖြစ်သို့ကောင်းစွာရောက်တော်မူ၏။ ထိုတိသ မြတ်စွာဘုရား၏သာသနာတော်၌ ရဟန်းအစည်းအဝေး သည် သုံးကြိမ်ဖြစ်တော်မူ၏။

ပဌမအကြိမ်၌ တိသ မြတ်စွာဘုရားသည် ကုဋေ တသိန်းသော ရဟန္တာ တို့၏ အစည်းအဝေး၌ ကိုယ် တော်တိုင် ပါတိမောက်ကိုပြုတော်မူ၏။

ဒုတိယအကြိမ်၌ တိသမြတ်စွာဘုရားသည် ကုဋေ ကိုးသိန်းသောရဟန္တာတို့၏အစည်းအဝေး၌ ကိုယ်တိုင် တော် ပါတိမောက်ကိုပြုတော်မူ၏။

တတိယအကြိမ်၌ တိသဿမြတ်စွာဘုရားသည် ကုဋေ ရှစ်သိန်းသောရဟန္တာတို့၏အစည်းအဝေး၌၊ ကိုယ်တိုင် တော်ပါတိမောက်ကိုပြတော်မူ၏။

ထိုတိသ မြတ်စွာဘုရာ ၏လက်ထက်တော်အခါ၀ယ်၊ ငါတို့၏ ဂေါတမဘုရားလောင်းသည် ပစ္စည်းဥစ္စာ အခြံ အရံတို့နှင့်အလွန်ပြည့်စုံသောသုဇာတာဘာမင်းကြီးဖြစ်၍၊ ထိုစည်းစိမ်တို့ကိုစွန့်ပစ်ပြီးလျှင် ရသေ့ရဟန်းပြု၍ဗျာန် အာဘိညာဉ်ကို ရသဖြင့် အလွန် တန်ခိုးကြီးသောရသေ့ ကြီးဖြစ်လေ၏။ ထိုဘုရားလောင်းရသေ့ကြီးသည် တာ ၀တိံသာနတ်ပြည်၌ဖြစ်သောနတ်ပန်းတို့ကိုယူ၍တိသ မြတ်စွာဘုရားအား ကောင်းစွာ ပူဇော်လေ၏။ တိ သ မြတ်စွာဘုရားသည်.....သင်သည် ဘဒ္ဒကမ္ပာ၌ ဂေါတမ မြတ်စွာဘုရားဖြစ်လတံ့ ဟု,အလုံးစုံသောအခွင့်စကား ကိုကြားတော်မူ၏။

ထိုတိသမြတ်စွာဘုရား၏ သာသနာ တော်၌ သစ္စာ လေးပါးသိသူတို့ကား။ ။ပဌမအကြိမ်၌တိသမြတ်စွာ ဘုရားသည် ဗြဟ္မာ၀ေ၀,မင်းသား၊ဥဒယ,မင်းသားအမှူး ပြု၍ ဓမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ၊ ကုဋေတရာသော နတ်လူတို့သည် သစ္စာ လေးပါးကို သိ ကုန်၏။

ဒုတိယအကြိမ်၌ တိသ မြတ်စွာဘုရားသည် တော ထွက်တော်မူစက အတူလိုက်၍ ရဟန်းပြုကြကုန်သော

သူတို့အား၊ ဓမ္မဒေသနာတော်ကို ဟော တော်မူ သော်၊ ကုဋေကိုးဆယ်သောရဟန်းတို့သည် သစ္စာ လေးပါးကို သိကြကုန်၏။

တတိယအကြိမ်၌ ထိုသမ္ဗြတ်စွာဘုရားသည် မဂ်လာ တရားတော်ကိုဟောတော်မူသော်၊ ကုဋေခြောက်ဆယ် ကုန်သောနတ်လူတို့သည်သစ္စာလေးပါးကိုသိကြကုန်၏။

ထိုဘိသ မြတ်စွာဘုရား၏ ဖြူတော်ကား- ခေမာဖြူ တော်တည်း။ ခမည်းတော်ကား ဇနသန္ဓာ, မင်းကြီး တည်း၊ မယ်တော်ကား ပဒုမာဝတီဗုဒ္ဓသီးကြီးတည်း၊ အဂ္ဂ သာဝကနှစ်ပါး တို့ကား အရှင်ဗြဟ္မဒေဝ မထေရ်နှင့်၊ အရှင်ဥဒယမထေရ် နှစ်ပါးတည်း။ အလုပ်အကျွေးကား အရှင်သုမင်္ဂလ မထေရ်တည်း၊ အဂ္ဂသာဝိကာမတို့ကား မယ်ဗုဒ္ဓသီသာနှင့်မယ်သုဒတ္တာတို့တည်း' ဒါယကာအလုပ် အကျွေးကား မောင်သမ္ပလနှင့်မောင်သိရိမ, နှစ်ယောက် တို့တည်း။ ဒါယိကာမကား မကိသဂေါတမီနှင့်၊ မ, ဥပသေနတို့တည်း။ ဘုရားဖြစ်ရာဗောဓိပင်ကား ပိတော်ပင်တည်း၊ အရပ်တော်ကား အတောင် ခြောက် ဆယ် မြင့်တော်မူ၏။ အသက်တော်ကားအနှစ်တသိန်းတည်း။

ဤသို့လျှင် တိသ မြတ်စွာဘုရားသည် ဝေနေယျတို့ အား တရားရေအေး တိုက်ကျွေးပြီး၍ သင်္ခါရ သဘော မလွန်နိုင်သဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။ ကျင်းကျန်ရစ် သော ခါတ်တော်တို့ကို နတ်လူတို့သည် စေတီတည် ထား ကိုးကွယ်ကြ၏။

ထို့ကြောင့်.....အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသေသ-ပျက်မြဲမှန်စွာ၊
သံဝေဂြလေမျှား-ဖြစ်ပွါးစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

တိသ မြတ်စွာဘုရားနှင့်
ငါတို့ ဂေါတမဘုရားအလောင်းတော်
သုဇာတာရသေ့ကြီးတို့ အကြောင်းအရာ အခင်းပြုံ။

၀ိသ မြတ်စွာဘုရားနှင့်
ငါတို့၏ ဂေါတမ ဘုရားအလောင်းတော်
ဒီပင်္ကရာဖိမင်းကြီးတို့၏ အကြောင်းအရာအခင်း။

တိသ မြတ်စွာ ဘုရား၏ သာသနာတော် ကွယ်၍ ထိုမဏ္ဍာဂမ္ဘာဝ၌မြေကြီးတယူဇနာအထက်သို့တက်လတ်သော် ၀ိသမြတ်စွာဘုရားသည်ဖြစ်တော်မူ၏။ ထိုဗိသ မြတ်စွာဘုရား၏ သာသနာကာလ၌ အစည်းအဝေး တို့သည် သုံးကြိမ်ဖြစ်ကုန်၏

ပဌမအကြိမ်၌ ၀ိသမြတ်စွာဘုရားသည် ခြောက်သိန်းသောရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူ၏။

ဒုတိယအကြိမ်၌ ၀ိသမြတ်စွာဘုရားသည်ငါးသိန်းသော ရဟန္တာတို့၏ အစည်းအဝေး၌ ကိုယ်တိုင်တော် ပါတိမောက်ကိုပြတော်မူ၏။

တတိယအကြိမ်၌ ဗုဒ္ဓသမ္ပြတ်စွာ ဘုရားသည်၊ လေးသိန်းသော ရဟန္တာ အစည်းအဝေး၌၊ ကိုယ်တိုင်တော်ပါတိမောက်ကိုပြတော်မူ၏။

ထိုဗုဒ္ဓသမ္ပြတ်စွာဘုရား၏ လက်ထက်တော် အခါ၌၊ ငါတို့ ဂေါတမ ဘုရား အလောင်း တော်သည်၊ အရိန္ဒမတိုင်းကြီး၌ ဝိဒိတာဝိမင်းကြီးဖြစ်၍ ဗုဒ္ဓသမ္ပြတ်စွာဘုရား၏တရားတော်ကို ကြားနာရလျှင် မင်းစည်းစိမ်ကို စွန့်ပစ်၍ရဟန်းပြုလေ၏။ ဗုဒ္ဓ ဗြတ်စွာ ဘုရားသည်..... သင်သည် ဘဒ္ဒကမ္ဗာ၌ ဂေါတမ ဘုရား ဖြစ်လတံ့ဟုပြည့်စုံစွာအဖွင့်စကား ကြားတော်မူ၏။ ဘုရားလောင်းရဟန်းသည် ဈာန်အဘိညာဉ် တို့ဂ်ဖြစ်စေ၍၊ အသက်အတိုင်းနေ၍စုတေလျှင် ဗြဟ္မာပြည်သို့ ရောက်လေ၏။ ထိုဗုဒ္ဓသမ္ပြတ်စွာဘုရား၏ သာသနာတော်၌ သစ္ဆာလေးပါးကိုသိသူတို့ကား.....

ပဌမအကြိမ်၌ ဗုဒ္ဓသ ဗြတ်စွာ ဘုရား တောထွက်တော်မူစက အတူ လိုက် ၍ ရဟန်းပြု ကြ ကုန် သော တကုဋေသောရဟန်းတို့အား၊ ဝမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ၊ ကုဋေတသိန်းသောနတ်လူတို့သည် သစ္စာလေးပါးကိုရကြကုန်၏။

ဒုတိယအကြိမ်၌ ဗုဒ္ဓသမ္ပြတ်စွာ ဘုရားသည်၊ သိရိဝမ္ဘုဏာရသေ့အမှူးရှိသော ကိုးသိန်းသောရသေ့တို့အား

မေ့ဒေသနာတော်ကို ဟောတော်မူသော်၊ ထိုရသေ့တို့သည် သစ္စာလေးပါးကိုသိကြကုန်၏။

တတိယအကြိမ်၌ဗုဒ္ဓသမ္ပတ်စွာဘုရားသည် မဂ်လာတရားတော်ကိုဟောတော်မူသော်၊ ရှစ်သိန်းသော နတ်လူတို့သည် သစ္စာလေးပါးကိုသိကြကုန်၏။

ဗုဒ္ဓသမ္ပတ်စွာဘုရား၏မြို့တော်ကား ကာသီမြို့တော်တည်း။ ခမည်းတော်ကား ဇယာသေန မင်းကြီးတည်း၊ မယ်တော်ကား သိရိမ, မိဖုယားကြီးတည်း။ အဂ္ဂသာဝကနှစ်ပါးတို့ကား အရှင်သုဂ္ဂိတ မထေရ်နှင့် အရှင်ဝမ္မသေနမထေရ်နှစ်ပါးတို့တည်း။ အဂ္ဂသာဝိကာမကား မယ်စာလာနှင့်မယ်ဥပစာလ္လာတို့တည်း၊ အလုပ်အကျွေးကား -အရှင် သဘိယ မထေရ်တည်း၊ ဒါယကာကား-မောင်ခနဠယနှင့်မောင်ဝိသာခါတို့တည်း၊ ဒါယိကာမတို့ကား မ,ပဒုမနှင့် မ,နာဂါ နှစ်ယောက်တို့တည်း။ ။ ဘုရားဖြစ်ရာဗောဓိပင်ကား သျှစ်သျှားပင်တည်း။အရပ်တော်ကား ငါးခဲ့ရှစ်တောင်တည်း၊အသက်တော်ကား အနှစ်ကိုးသောင်းတည်း။

ဤသို့လျှင် အတုမရှိဖြစ်တော်မူ၍၊ ဗုဒ္ဓ, မြတ်စွာဘုရားသည်သင်္ခါရ သင်္ခတရား မလွန်နိုင်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

ထို့ကြောင့်.....အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဂြာဏ်များ-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

ဗုဒ္ဓသာသနာတော်ရှင်ကြီးတို့ဂေါတမဘုရား
အလောင်းတော်ဝိဇိတာဝိမင်းကြီးတို့၏အကြောင်းအရာ
အခေါ်းပြုး၏။

ဒီပသီမြတ်စွာဘုရားနှင့်
ငါတို့ဒဂါတမဘုရားအလောင်းဒတ်၏ အတုလ,နဂါးမင်း
တို့၏အကြောင်းအရာအခေါ်း။

ဗုဒ္ဓသာသနာတော် ကွယ်သည့်နောက်အတို့၌၊ ဘဒ္ဒကမ္ပာမှ ပြန်၍ ရေသော် ကိုးဆယ်တကမ္ဘာထက်တွင် တခုသော သာရကမ္ဘာ၌ ဝိပဿီမြတ်စွာဘုရားဖြစ်တော်မူ၏။ ထိုဝိပဿီ မြတ်စွာဘုရားလောင်းသည် လူတို့၏အသက်တန်းရှစ်သောင်းနေသောအခ ။ တုသိတာ နတ်ပြည်မှ စုတေခဲ့၍ ဗန္ဓုမတိပြည် ဗန္ဓုမင်းကြီး၏မဂ်လာဒေဝီဗန္ဓုမတိဒေဝီယားကြီး၏ဝမ်းကိုက်၌ ပဋိသန္ဓေကောင်းစွာနေ၍ ဘွားတော် မူ လျှင်၊ အရှုယ်ရောက်လတ်သော် နန္ဒ, သုနန္ဒ, သိရိမာ ပြဿာဒ်

သုံးဆောင်တို့၌၊ သုတနှုဒေဝိ မိဖုရားကြီးနှင့်တကွ တသိန်းနှစ်သောင်းသော မင်း-မောင်းမှအပေါင်းတို့သည် ခြိုရုံလျှက်၊ ကာမဂုဏ်ငါးပါးကို ခံစား၍ သားတော်-သမီးတို့ကွဲနှ,သတို့သားကို ဖွားမြင်လတ်သော်၊ ဒိုမိတ်လေးပါးမြင်သဖြင့် သံဝေဂဉာဏ် ယူပြီးလျှင် ရထားယာဉ်စီး၍တောထွက်တော်မူ၏။ ဗြဟ္မာမင်းသည် ကပ်လှူအပ်သောသက်နီးအစုံတို့ဖြင့် ကောင်းစွာ ဝတ်ဆင်၍ ဒုက္ခရစရိယ အကျင့်မြတ်ကို ကျင့်နေစဉ်၊ ရှစ်သောင်းလေးထောင်သော အမျိုးသား တို့သည်၊ ဘုရားလောင်းသို့အတူလိုက်၍ ရဟန်းပြုကြ ကုန် ၏။ ဝိပဿီ ဘုရားလောင်းသည် သစ္စတ်ပင်ဗေါဓိသို့ကပ်လျှက် အားထုတ်အပ်သောကမ္မဋ္ဌာန်းကိုပွားများသည်ရှိသော်၊ နေမင်းဓိမဘရိုင်ငါးပါးကိုအောင်တော်မူ၍ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ရတော်မူ၍သဗ္ဗညုတဘုရားအဖြစ်သို့ရောက်တော်မူ၏။

ထိုဝိပဿီမြတ်စွာဘုရား၏သာသနာတော်၌အစည်းအဝေးတို့သည်သုံးကြိမ်ဖြစ်ကုန်၏။

ပဌမအကြိမ်၌ ခြောက်သန်း, ရှစ် သိန်း ကုန် သော ရဟန္တာအစည်းအဝေး၌ ကိုယ်တိုင်တော်ပါတိမောက်ကိုပြတော်မူ၏။

ဒုတိယအကြိမ်၌ ဝိပဿီ မြတ်စွာဘုရားသည်၊ တသိန်းသောရဟန္တာတို့၏ အစည်း အဝေး၌ ကိုယ် တိုင်တော်ပါတိမောက်ကိုပြတော်မူ၏။

တတိယအကြိမ်၌ ဝိပဿီ ဖြတ်စွာဘုရားသည် ရှစ်သောင်းသောရဟန္တာအစည်းအဝေး၌ ကိုယ်တိုင်တော်ပါတိမောက်ပြတော်မူ၏။

ထိုဝိပဿီဖြတ်စွာဘုရားဖြစ်တော်မူသောအခါဝယ် ငါတို့၏ဂေါတမ အလောင်း တော်သည် တနိုင်းအာနုဘော်ကြီးစွာသော အတုလနဂါးမင်းကြီးဖြစ်၍ ရတနာခုနစ်ပါးဖြင့်စိုချယ်အပ်သော၊ ရွှေဖြင့်ပြီးသောအင်ပျဉ်ကို ဝိပဿီဖြတ်စွာဘုရားအား လှူဒါန်းပူဇော် လေ၏။ ထိုအခါ ဝိပဿီဖြတ်စွာဘုရားသည် "အ သင် နဂါးမင်းသည် ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတံ့"ဟုအလုံးစုံအခွင့်စကားကြားတော်မူ၏။ ဘုရားလောင်းနဂါးမင်းသည် မိမိနေရာနဂါးပြည်သို့ပြန်၍ ကောင်းဖြတ်သောပါရမီကိုအားထုတ်လေ၏။ ထိုဝိပဿီ ဖြတ်စွာ ဘုရား၏ သာသနာတော်၌ သစ္စာလေးပါးရသူတို့ကား-

ပဌမအကြိမ်၌ ဝိပဿီ ဖြတ်စွာ ဘုရားသည် ခဏ္ဍ, မင်းသားနှင့် ပုရောဟိတ်သား တိသဟူ၍အားဖေါင်ဘိကျ။ ခေါ်တော်မူ၍၊ ဓမ္မစက္ကြာတရားတော်ကို ဟောတော်မူသောအခါ မရေတွက်နိုင်ကုန်သော နတ်လူ တို့ သည်၊ သစ္စာလေးပါးကိုသိကြကုန်၏။

ဒုတိယအကြိမ်၌ ဝိပဿီဖြတ်စွာဘုရားသည်၊ ဗန္ဓု, မတီပြည်၌ အမျိုးသားရှစ်သောင်း လေးထောင်တို့အား

တရားအမြှောက်ဆေးတိုက်ကျွေးသောအခါထိုရှစ်သောင်းလေးထောင်သော သူတို့သည်၊သစ္စာလေးပါးကို သိကုန်ကြ၏။

တတိယအကြိမ်ဒုတိယပဿီမြတ်စွာဘုရားသည် ကိုယ်တော်မြတ်သို့ ချဉ်းကပ်လာကုန်သော ရှစ်သောင်းလေးထောင်သော အမျိုးသားတို့အား၊ ဓမ္မဒေသနာတော်ကို ဟောတော် မူသော်၊ ထိုသူတို့သည် သစ္စာလေးပါးကိုသိကုန်၏။

ငါတို့၏ဂေါတမဘုရားလောင်း၏၊မယ်တော်မာယာသည်၊ ဗဒ္ဓုမ,မင်းကြီး၏ သို့နှစ်သောက်တွင် အမကြီးဖြစ်၍၊ ခမည်းတော်ပေးသနားသော အာဘိုးမျိုးစွာထိုက်သည့်စနွှဲကူးနှီးသာအနှစ်ဖြင့် ဝိပဿီမြတ်စွာဘုရားအားပူဇော်၍၊ အရှင် ဘုရားကဲ့သို့သော ဘုရားတဆူ၏ မယ်တော် ဖြစ်ရပါလို၏ဟု ဆုတောင်း၏။ ဝိပဿီမြတ်စွာဘုရားသည် ဘဒ္ဒကမ္မာဒ္ဒီ ဂေါတမဘုရား၏ မယ်တော်ဖြစ်လတံ့ဟု အခွင့်စကား ကြားတော်မူ၏။ ထိုမှတပါးလည်း ကဿပဘုရားလက်ထက်တော်တွင် ကိကီမင်းကြီး၏ ခြောက်ယောက်မြောက် သို့းတော်သုဓမ္မာဖြစ်၍၊ ဒါန သီလ စသော ကုသိုလ်ကောင်းမှုတို့ကို များစွာ ပြုလေ၏။ ထိုမှတပါး ဝေဿန္တရာဇာတ်တော်၌၊ မဒ္ဒရာဇ်မင်းကြီးသို့း ဗုဒ္ဓသိတိဖြစ်၍၊ ကုသိုလ်ကောင်းမှု များစွာပြု၍၊ ဘုရားမယ်တော်ဆုကို တောင့်တ,ပန်ဆင်လေ၏။

"စာကြည့်သူ အမျိုးသို့ ၊ကလေးတို့လဲ တောင့်တ, အပ်သော ဆုမျိုးကို တောင့်တ,ကြ၊ရမယ်။ တောင့်တ,ကြပါလေကုန်"

ထိုဝိပဿီမြတ်စွာ၏မြို့တော်ကား၊ ဗန္ဓုမတိမြို့တော်တည်း။ ခမည်းတော်ကား၊ဗန္ဓုမ, မင်းကြီးတည်း။ မယ်တော်ကား၊ဗန္ဓုမတိ,မိဖုရားကြီးတည်း။အဂ္ဂသာဝကား အရှင် ခဏ္ဍ, အရှင်တိဿ,တည်း။ အလုပ်အကျွေးကား၊ အရှင်အသောကတည်း။အဂ္ဂသာဝိကာမကား၊ မယ်စန္ဒာ မယ်စန္ဒာမိတ္တာတို့တည်း။ဒါယိကာအလုပ်အကျွေးကား မောင်ပုန, မောင်နာဂ, နှစ်ယောက်တည်း။ ဒါယိယာ မသိုရိမ နှင့် မဥတ္တမ နှစ်ယောက်တည်း။ ဘုရားဖြစ်ရာ ဗောဓိပင်ကား၊ သခွတ်ပင်တည်း။ အရပ်တော်ကား၊ အတောင် ၇၀ မြင့်၏။ အသက်တော်ကား၊ အနှစ် နှစ်သောင်းတည်း။

ဤသို့လျှင် ဝိပဿီမြတ်စွာဘုရားသည် တန်ခိုးတော် အလုံးစုံပြည့်စုံလျက်၊ သင်္ခါရသဘော မလွန်နိုင်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကြွင်းကျန်ရစ်သော ခေတ်တော်တို့ကို နတ်လူတို့သည် စေတီတည်ထားကိုးကွယ်ကြလေကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊

သံဝေဏ္ဍာဏ်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

ဝိပဿီ မြတ်စွာဘုရား နှင့် ငါတို့ ဘုရားအလောင်း
အတုလနဂါးမင်းတို့၏အကြောင်းအရာ
အခေါ်း ပြီး၏။

သိခီမြတ်စွာဘုရားနှင့်
ငါတို့၏ဟောမအလောင်းအရှိန်မမင်းဘုန်း၏
အကြောင်းအရာအခေါ်း။

ဝိပဿီမြတ်စွာဘုရား သာသနာတော် ကွယ်သည့်နောက်၌၊ ကမ္ဘာပေါင်း ၆၀-လွန်၍၊ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရှေသော်၊ သုံးဆဲ့တကမ္ဘာ ထက်ဝယ်၊ တခုသောမဏ္ဍာ, ကမ္ဘာတွင် သိခီ မြတ် စွာ ဘုရားနှင့် ဝေဿဘူ မြတ်စွာဘုရားနှစ်ဆူ ဖြစ်တော်မူ၏။

သိခီမြတ်စွာဘုရားလောင်းသည် လူ့တို့၏သက်တန်းခုနစ်သောင်း နေသောအခါ၌၊ တုသိတာ နတ်ပြည်မှ စုတေခဲ့၍အရှာဝတီပြည်ဝယ်အရှာမင်းကြီး၏မဂ်လာဒေဝီ,ပဘာဝတီ ဒေဝီယားကြီးဝမ်းနှီက်၊ ပဋိသန္ဓေတည်နေ၍၊မွေးဖွားတော်မူလျှင် အရွယ်သို့ရောက်သောအခါ၊ သုစန္ဒာက ပြာသာဒ်၊ သိရိဂိရိ ပြာသာဒ်၊ အနာဝိဝါသနပြာသာဒ်သုံးဆောင်တို့၌ သဗ္ဗကာမဒေဝီဒေဝယားကြီးကို အမှီးပြု၍၊ နှစ်သောင်းလေးထောင်ကုန်သော မောင်းမငယ်တို့ဖြင့် ခြံရုံလျက်၊ကာမဂုဏ်ငါးပါးကိုဝဝကြီးခံစားပြီးလျှင်၊ ဒေဝယားကြီးမှ အတုလမင်းသား ကလေးကို

ဘွားမြင်လတ်သော်၊ နိုဗိတ်လေးပါးကို အစဉ်အတိုင်း ကောင်းစွာမြင်၍၊ သံဝေဂဉာဏ် ယူပြီးလျှင် ဆင်ယာဉ် စီး၍ တောထွက်တော်မူ၏။

ထိုအခါ ဗြဟ္မာမင်းသည်၊ ကပ်လှူအပ်သော သင်္ဃန်း အစုံတို့ဖြင့် ဝတ်ဆင်တော်မူ၍ ရဟန်းပြုပြီးလျှင်၊ ဒုက္ခရ စရိယအကျင့်မြတ်ကို ကျင့်၍နေစဉ်၊ သုံးသန်းခုနစ်သိန်း သော အမျိုးသားတို့သည်၊ ဘုရားလောင်းရဟန်းသို့ အတူ လိုက်၍ ရဟန်းပြုကြကုန်၏။ သိဒ္ဓိဘုရားလောင်း ရဟန်း သည်၊ သုံးသန်း ခုနစ်သိန်းသော ရဟန်းတို့ ခြံရံလျက်၊ ဒုက္ခရစရိယာ အကျင့်မြတ်ကျင့်ပြီးသော်၊ သရက်ပြုပင် ဗောဓိသို့ ကပ်၍၊ အားထုတ် အပ် သော ကမ္မဋ္ဌာန်းဖြင့် အာရုံပြုနေစဉ်၊ ဒေဝပုတ္တမာရ၏စသော ငါးပါးသောမာရ် ကို အောင်တော်မူ၍၊ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယ ဉာဏ်တို့ကို အစဉ်အတိုင်း သိမြင်တော်မူ သဖြင့် သဗ္ဗညုတဘုရားအဖြစ်သို့ ကောင်းစွာ ရောက်ရှိ တော်မူ၏။ ထိုသိဒ္ဓိမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန္တာ အစည်းအဝေးတို့သည် သုံးကြိမ်ဖြစ်ကုန်၏။

ပဌမအကြိမ်၌သိဒ္ဓိမြတ်စွာဘုရားသည်တသိန်းသော ရဟန္တာအစည်းအဝေး၌၊ ကိုယ်တော်တိုင် ပါတိမောက် ပြတော်မူ၏။

ဒုတိယ အစည်းအဝေး၌ သိဒ္ဓိမြတ်စွာ ဘုရားသည် ရှစ်သောင်းသော ရဟန္တာအစည်းအဝေး၌ပ ါတိမောက် ကို ပြတော်မူ၏။

တတိယ အကြိမ်၌ သိဒိဖြတ်စွာဘုရားသည် ခုနှစ်သောင်းသောရဟန္တာအစည်းအဝေး၌ ကိုယ်တော်တိုင် ပါတိမောက်ကို ပြတော်မူ၏။

ထိုသိဒိမြတ်စွာဘုရား ဖြစ်တော်မူသော အခါဝယ်၊ ငါတို့၏ ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် အရိန္ဒမ,မင်ကြီးဖြစ်၍၊ ဘုရားအမှုးရှိသော သံဃာတော်တို့အား သက်နှုန်းနှင့်တကွ သော ကြီးစွာသော အလှကြီးကို လှူ၍၊ရတနာခုနှစ်ပါးဖြင့် ကောင်းစွာဆင်ခြန်းသော ဆင်ရတနာကိုသိဒိမြတ်စွာဘုရားအား လှူဒါန်းပူဇော်၍၊ ထိုလှူဒါန်းအပ်သော ဆင်နှင့် အတူအမှပြု၍၊ ရဟန်းတို့အား အပ်သောဆေး,သက်နှုန်းစသောဝတ္ထုတို့ဖြင့် တဖန်ဆင်ကိုရွေးနှုတ်၍၊ ကဠိယဘဏ္ဍာကို လှူဒါန်း၏။

ထိုအခါသိဒိမြတ်စွာဘုရားသည်လည်း၊ အသင်မင်းကြီးသည် ဤမဏ္ဍကန္တာမှပြန်၍ရေသော်၊ သုံးဆဲ့တန္တာထက်,တခုသော ဘဒ္ဒကန္တာ၌ ဂေါတမဘုရားဖြစ်လတံ့ဟု အလုံးစုံသောအခွင့်စကားကို ကြားတော်မူ၏။အရိန္ဒမမင်းကြီးသည် သိဒိမြတ်စွာဘုရား၏ စကားတော်ကို ကြားသောအခါ၊ အလွန်နှစ်သက်၍၊ ကောင်းမြတ်သော ဘုရားဖြစ်ကြောင်းပါရမီကို အားထုတ်လေ၏။

သိဒိမြတ်စွာဘုရား သာသနာတော်၌ သစ္စာလေးပါးရသူတို့ကား၊ ပဌမအကြိမ်၌ သိဒိမြတ်စွာ ဘုရားသည် တောထွက်တော်မူစကရဟန်းပြုကြကုန်သောသုံးသန်းခုနှစ်သိန်းကုန်သော ရဟန်းတို့အား ဝမ္မစကြာ တရား

တော်ကို ဟောတော်မူသောအခါ၊ ကုဋေတသိန်းသော နတ်လူတို့သည် သစ္စာလေးပါးကို ရကြကုန်၏။

ဒုတိယအကြိမ်၌ သိဒ္ဓိမြတ်စွာ ဘုရားသည် အာဘိဘူ မင်းသားနှင့် သမ္ဘဝ, မင်းတို့အား တရားဟောတော်မူ သောအခါ၊ ကုဋေကိုးသောင်းသော သူတို့သည် သစ္စာ လေးပါးကို သိကြကုန်၏။

တတိယ အကြိမ်၌ သိဒ္ဓိမြတ်စွာ ဘုရားသည် တန်ခိုး တော်ကိုပြ၍၊ တင့်တယ်သော တရားစကားကို ဟော တော်မူသောအခါ၊ ကုဋေရှစ်သောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။

ထိုသိဒ္ဓိမြတ်စွာ၏ဖြူတော်ကား၊ အရုဏဝတီမြို့တော် တည်း။ ခမည်းတော်ကား၊ အရုဏဝါ မင်းကြီးတည်း။ မယ်တော်ကား၊ ပဘာဝတီ မိဖုယားကြီးတည်း။ အဂ္ဂ သာဝကနှစ်ပါးတို့ကား။ အရှင်အာဘိဘူနှင့် အရှင်သမ္ဘဝ မထေရ်တို့တည်း။ အလုပ်အကျွေးကား၊ အရှင်ခေမက်ရ မထေရ်တည်း။ အဂ္ဂသာဝိကာမ-ကား၊မယ်သဒ္ဓိလာနှင့် မယ်ပဒုမာတည်း။ဒါယကာအလုပ်အကျွေးကား၊ မောင် သိရိဝဍုန နှင့် မောင်နန္ဒ နှစ်ယောက်တည်း။ဒါယိကာမ အလုပ်အကျွေးကား မ,စိတ္တာနှင့်မ,သုဂုတ္တာနှစ်ယောက် ကိုတည်း။ ဘုရားဖြစ်ရာ ဗောဓိပင်ကား၊ သရက်ဖြူပင်။ အရုပ်တော်ကား၊ အတောင် ခုနစ်ဆယ် မြင့်တော်မူ၏။ အသက်တော်ကား၊ ခုနစ်သောင်းတည်း။ အရှောင်တော်

ကား၊ ယူဇနာတရာတိုင်တိုင်၊ နေ့,ညဉ့်မပြတ်အမြဲလင်းတော်မူ၏။

ဤသို့လျှင် သိဒ္ဓိမြတ်စွာ ဘုရားသည် အတုမရှိ, သဗ္ဗညုတ, ဘုရား ဖြစ်တော်မူ၍၊ သင်္ခါရသဘော တရားကို မလွန်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကြွင်းကျန်ရစ်သော ရဟန်တော်တို့ကိုနှတ်လူတို့သည်အသီးသီးဆောင်ယူ၍ စေတီတည်ထားကိုးကွယ်ကြကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဏ်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

သိဒ္ဓိမြတ်စွာဘုရားနှင့် ငါတို့ဂေါတမဘုရား အလောင်းတော်အရိန္ဒမမင်းတို့၏ အကြောင်းအရာအခင်းပြီး၏။

ဝေဿဘူမြတ်စွာဘုရားနှင့်ငါတို့၏ ဂေါတမဘုရား အလောင်းတော် သုဒဿနမင်းတို့၏ အကြောင်းအရာအခင်း။

သိဒ္ဓိမြတ်စွာဘုရား၏ သာသနာတော် ကွယ်သည့်နောက်အတို့၌၊ လူတို့၏ အသက်တန်း ဆုတ်၍၊ ခြောက်သောင်း နေသောအခါ၊ ဝေဿဘူ, မြတ်စွာဘုရား ဖြစ်တော်မူ၏။ ဝေဿဘူဘုရားအလောင်းသည် တုသိတာ

နတ်ပြည်မှ စုတေခဲ့သော်၊အနောမဗြွှိတော်၌ သုပ္ပတိက မင်းကြီး၏မင်္ဂလာဒေဝီ, ယသဝတီမိဖုယားကြီး၌ ပဋိသန္ဓေတည်နေတော်မူ၍၊ ဘွားတော်မူလျှင် အရွယ်သို့ ရောက်သောအခါ၊ ရှစ်ပြဿဒ်,သုရှစ်ပြဿဒ်,ရုတဝဇ္ဇ ဏာပြဿဒ်သုံးဆောင်တို့၌ သုပိဿာဒေဝီမိဖုယားကြီး အမှုးကိုသော သုံးသောင်းသော မောင်းမခြံရုံ၍ ဂဟမ ဂုဏ်ငါးပါးကို ဝဝကြီးခံစားနေစဉ်၊ သားတော် သုပ္ပ ဗုဒ္ဓမင်းသားကိုဖွားမြင်လတ်သော်၊လေးပါးသောနိမိတ် တို့ကို အစဉ်အတိုင်းမြင်ပြီးလျှင်၊ သံဝေဂြဏ်ယူ၍၊ ဣရ ထမ်းစင်စီးကာ၊ တောထွက်တော်မူ၏။ ထိုအခါ ဗြဟ္မာ မင်းသည် ဆက်ကပ်အပ်သော သင်္ကန်းအစုံတို့ဖြင့် ဝတ် ဆင်တော်မူ၍၊ ဒုက္ကရစရိယာအကျင့်မြတ်ကိုကောင်းစွာ ကျင့်နေစဉ်၊ ခုနှစ်သောင်းသော အမျိုးသား တို့သည် ဘုရားလောင်းသို့ အတူလိုက်၍၊ ရဟန်းပြုကြကုန်၏။ ဝေဿဘူဘုရားလောင်းသည် ထိုရဟန်းတို့ ခြံရံလျက်၊ ဒုက္ကရစရိယာ အကျင့်ပြီးသော်၊ အတောင်တရာ ရှိသော အင်ကြင်းပင် ဗောဓိသို့ကပ်၍၊ အားထုတ် အပ်သော ကမ္မဋ္ဌာန်းဖြင့်အားထုတ်၍နေစဉ်၊ မာရ်ငါးပါးကိုအောင် တော်မူ၍၊ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသ ဝက္ခယ်ဉာဏ်တို့ကို သိမြင်တော်မူ၍၊ သဗ္ဗညုတဘုရား အဖြစ်သို့ ရောက်တော်မူ၏။

ထို-ဝေဿဘူ မြတ်စွာဘုရား၏ သာသနာတော်၌ အစည်းအဝေးတို့သည် သုံးကြိမ်ဖြစ်ကုန်၏။

ပဌမအကြိမ်၌ ဝေဿဘူ မြတ်စွာဘုရားသည်၊ ဂုစ်သောင်းသော ရဟန္တာအစည်းအဝေး၌ ကိုယ်တော်ကိုင် ပါတိမောက်ကို ပြတော်မူ၏။

ဒုတိယ အကြိမ်၌၊ ဝေဿဘူ မြတ်စွာ ဘုရားသည် ခုနစ်သောင်းသော ရဟန္တာတို့၏ အစည်းအဝေး၌ ကိုယ်တော်တိုင် ပါတိမောက်ကို ပြတော်မူ၏၊

တတိယ အကြိမ်၌၊ ဝေဿဘူ မြတ်စွာ ဘုရားသည် ခြောက်သောင်းသော ရဟန္တာတို့၏ အစည်းအဝေး၌ ကိုယ်တော်တိုင် ပါတိမောက်ကို ပြတော်မူ၏။

ထိုဝေဿဘူ မြတ်စွာဘုရား လက်ထက်တော် အခါဝယ်၊ ငါတို့၏ ဂေါတမဘုရား အလောင်းတော်သည် သုဒဿနမင်းကြီးဖြစ်၍၊ ဘုရားအမျိုးဂိုသော သံဃာတော်တို့အား သက်နိုးနှင့်တကွသော ဆွမ်းအလှူကြီးကို အကြိမ်များစွာ လှူဒါနပြုတော်၍၊ ဘုရားအထံတော်၌ ရဟန်းပြု၍၊ သီလအကျင့်၊ ဂုဏ်တို့နှင့် ပြည့်စုံစေသည် ဖြစ်၍၊ များစွာသော နေ့ညဉ့်တို့ ကာလပတ်လုံး ဘုရားဂုဏ်တော်ကို စိတ်ဖြင့်ပွားများ၍နေ၏။

ထိုအခါ ဝေဿဘူ မြတ်စွာဘုရားသည်၊ အသင်-ရဟန်းသည် သုံးခဲ့ကမ္ဘာထက်၌ တာ၀သော ဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရားဖြစ်လတံ့ဟု ပြည့်စုံစွာသော အခွင့်

စကားကို ကြားတော်မူ၏။ ။ဘုရားအလောင်း ရဟန်းသည် အလွန်နှစ်သက် ဝမ်းသာသဖြင့် ပါရမီတော်တို့ကို တိုးတက်ပြည့်ကျင့်လေ၏။

ထိုဝေဿဘူမြတ်စွာဘုရား၏သာသနာတော်၌ သစ္စာလေးပါးသိသူတို့ကား—

ပဌမအကြိမ်၌၊ ညီတော်သောဏမင်းနှင့် ဥတ္တရမင်းသားတို့၏ ဖြည့်ကျင့်ပြီးသော ပါရမီကို မြင်တော်မူ၍၊ ထို-မင်းသားတို့အား ဝမ္မစကြာ တရားတော်ကို ဟောတော်မူသော်၊ ကုဋေဂုဏ်သောင်း ကုန်သော နတ်,လူတို့သည် သစ္စာလေးပါးကိုသိကြကုန်၏။

ဒုတိယ အကြိမ်၌၊ ဝေဿဘူ မြတ်စွာ ဘုရားသည် ဗေဿနာစာရိ ကြွတော်မူရာ၊ တခုသော နေရာ၌ တရားတော်ကို ဟောတော်မူသော်၊ ကုဋေခုနစ်သောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။

တတိယအကြိမ်၌၊ ဝေဿဘူ မြတ်စွာဘုရားသည် တန်ခိုးတော်ကို နတ်လူအားပြတော်မူ၍၊ တရားတော်ကို ဟောတော်မူသော်၊ ကုဋေခြောက်ဆယ်ကုန်သောသူတို့ သစ္စာလေးပါးတို့ကို သိကြကုန်၏။

ထိုဝေဿဘူမြတ်စွာဘုရား၏မြို့တော်ကား၊ အနောမမြို့တော်တည်း။ ဗမည်းတော်ကား၊ သုပ္ပတိကမင်းကြီးတည်း။ မယ်တော်ကား၊ ယသဝတီမိဖုယားကြီးတည်း။ အဂ္ဂသာဝကနှစ်ပါးတို့ကား၊ အရှင်-သောဘဏမထေရ

နှင့်အာရုဏ်-ဥတ္တရမထေရ်နှစ်ပါးတို့တည်း၊အလုပ်အကျေး ကား၊ဥပသန္တမထေရ်တည်း။အဂ္ဂသာဝိကာမနှုန်ပါးတို့ ကား၊ မယ်ဂုမာ နှင့် မဃ်သာလာဘည်း။ ဒါယကာ အလုပ်အကျေးတို့ကား၊မောင်သောတ္တိကနှင့်မောင်ရမ္ဘာ နှစ်ယောက်တို့ တည်း။ ဒါယိကာမ- အလုပ်အကျွေးတို့ ကား၊ မ, ဂေါတမီ နှင့် မဃိရိမာ နှစ်ယောက်တည်း။ ဘုရား ဖြစ်ရာ ဗောဓိပင်ကား၊ အင်ကြင်း ပင်တည်း။ မြတ်စွာဘုရားအရပ်တော်ကား၊အနောတာင်ခြောက်ဆယ် မြင့်တော်မူ၏။အသက်တော်ကား၊အနှစ်ခြောက်သောင်း တည်း။ ဤသို့လျှင် ဝေဿဘူ မြတ်စွာဘုရားသည် ဝေ ဏှာယျတို့အား ဝေရားရေအား တိုက်ကွေးရှိပြီးလျှင်၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကြင်းကျန်ရစ်သော ဘော်ဘော် ဘို့ကို လှူနတ်တို့သည် ရိုသေစွာ စောင့်တည်ထား ကိုး ကွယ်ကြကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ ပျက်မြဲမှန်စွာ၊
သံဝေဂြာဏ်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

ဝေဿဘူမြတ်စွာဘုရားနှင့်
ဂေါတမဘုရားအလောင်း သုဒဿနမင်းကြီးတို့
အကြောင်းအရာအခဏား ပြီး၏။

ကကုသန်ဖြတ်စွာဘုရားနှင့် ငါတို့၏ဂေါတမဘုရား အလောင်း ခေမာ,မင်းကြီးတို့၏အကြောင်းအရာ အကျော်။

ဝေဿဘူ ဖြတ်စွာဘုရား၏ သာသနာတော် ကွယ်သည့်နောက် အဘိုဠ် နှစ်ဆဲ့ကိုးကမ္ဘာ လွန်၍၊ ဤဘဒ္ဒကမ္ဘာဖြစ်ပေါ် လာပေ၏။ ဤဘဒ္ဒကဲ့ကမ္ဘာတွင် ကကုသန် ဖြတ်စွာဘုရား။ ကောဏာဂုံ ဖြတ်စွာဘုရား။ ကဿပ ဖြတ်စွာဘုရား။ ဂေါတမဖြတ်စွာဘုရား-ဟူ၍၊ လေးဆူ သော ဖြတ်စွာဘုရားဘိုးသည် ဖြစ်၍၊ ပရိနိဗ္ဗာန်ပြုကြ လေကုန်ပြီ။ အရိယမေတ္တေယျာဘုရား ဖြစ်တော်မူလတံ့။ ဤသို့ ဘုရားငါးဆူဖြစ်တော် မူခြင်းကြောင့်၊ ငါတို့၏ ယခုလက်ရှိနေထိုင်ကြသောကမ္ဘာကြီးကို ဘဒ္ဒကမ္ဘာဟု ခေါ် ဆိုအပ်၏။ (နေ,လ,နက္ခတ်,မြင့်မိုရ်,သိတာ,စကြာ ဝဠာ,စသည်တို့ကို အကျယ်သိလိုမူ.....။

(၁)သာရဏ ဒီပနီဋီကာ။ (၂)ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။
(၃)ကပ္ပဝဏ္ဏနာ။ (၄)ဝံသမေဒ ပကာသနီ။
(၅)ပါဠိတော် အဂ္ဂညသုတ်။ (၎င်းအဋ္ဌအကာကျမ်း
စသည်တို့၌၊ ရှုကြည့်တော်မူကြပါကုန်။

(ဤကား-စကားချပ်)

ကကုသန် ဖြတ်စွာဘုရားလောင်းသည်၊ အဋ္ဌရကပ် အစက စ၍၊မဟာသမ္မတမင်း။ ရှစ်ယောက်ပြောက်အဋ္ဌ ရကပ်၊ ခုနစ်ကပ်အလွန် ရှစ်ကပ်သို့ရောက်၍၊ တဟန်-

အဆုတ်တွင် လူတို့၏အသက်တန်း လေးသောင်းတည့် နေသောအခါ၊ တုသိတာ နတ်ပြည်မှ စုတေခဲ့သော်၊ ခေမာဝတီ မြို့တော်နေ၊ ခေမင်္ဂီရမင်းသည် ကိုးကွယ်ဆည်းကပ် အပ်သော ဆရာပုရောဟိတ် အရာ၌ တည်သော အဂ္ဂိဒတ္တပုဏ္ဏားကြီး၏ အောင်မင်္ဂလာပြုအပ်သော ဝါသာခါပုဏ္ဏမ အမျိုးသို့ဝပ်းတိုက်၌ ပဋိသန္ဓေတည်နေသဖြင့်၊ ဘွားတော်မှ၍ အရွယ်သို့ရောက်လတ်သော်၊ ရှစ်ပြဿဒၵ, ရှစ်ရပြဿဒၵ, ရတိဝဇ္ဇာပြဿဒၵသုံးဆောင်ထက်၌၊ ရောစနီ ပုဏ္ဏမ အမျိုးသို့ အမှုးရှိသော သုံးသောင်းသော ပုဏ္ဏမအင်းယ် အမျိုးသို့ကလေးတွေ ခြံရံလျက်၊ ကာမဂုဏ် ငါးပါးကို ဝဝကြီးခံစား၍ နေစဉ်၊ ရောစနီ ပုဏ္ဏမ အမျိုးကြီးမှ သားတော်က လေးအနှုတ္တရသတို့သားကို ဘွားမြင်လတ်သော်၊ နိဒါတ်လေးပါး အစဉ်အတိုင်းမြင်၍၊ သံဝေဂဉာဏ်များ ယူပြီးလျှင် မြင်းရထားစီး၍၊ တောထွက်တော်မူ၏။

ထိုအခါ၊ ဗြဟ္မာမင်းသည် ဆက်ကပ်အပ်သော သင်္ဘန်းအစုံတို့ဖြင့် ဝတ်ဆင်၍ ရဟန်းပြုပြီးလျှင်၊ ဒုက္ခရစရိယအကျင့်မြတ်ကိုကျင့်တော်မူ၏။ ကကုသန်ဘုရားလောင်းသို့အတူလိုက်၍၊ လေးသောင်းသောရဟန်းတို့ ရဟန်းပြုကြကုန်၏။ထိုရဟန်းလေးသောင်းခြံရံလျက် ဒုက္ခရစရိယအကျင့်မြတ်ကျင့်ပြီးသော်၊ ကုက္ကိုပင်ဗေါဓိသို့ကပ်တော်မူလျက် အားထုတ်အပ်သောကမ္မဋ္ဌာန်းဖြင့် အားထုတ်၍ နေစဉ်၊ မာရ်ငါးပါးကို အောင်တော်မူ၍၊ ပုဗ္ဗေနိဝါသ

ဥာဏ် ဒိဋ္ဌစက္ခုဥာဏ်,အာသဝက္ခယဥာဏ်တို့ကိုအစဉ် အတိုင်း သိမြင်၍၊သဗ္ဗညုတဘုရား အဖြစ်သို့ ကောင်းစွာ ရောက်တော်မူလေ၏။ ထို-ကကုသန် မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန္တာအစည်းအဝေးသည် တကြိမ် သာ၏။ ကကုသန်မြတ်စွာ ဘုရားသည် လေးသောင်း သော ရဟန္တာအစည်းအဝေး၌ ကိုယ်တော်တိုင် ပါတိ မောက်ကို ပြုတော်မူ၏။

ထိုကကုသန်မြတ်စွာဘုရားလက်ထက်တော်အခါဝယ်၊ ငါတို့၏ ဂေါတမဘုရား အလောင်းတော်သည် ခေမာ မင်းကြီးဖြစ်၍၊ ကကုသန် မြတ်စွာဘုရား အမှီးဂို့သော သံဃာတော်အရှင်မြတ်တို့အား၊သပိတ်သင်္ကန်းနှင့်တကွ သော ကြီးစွာသော အလှူကိုဂင်း။ မုဒိတာစည်း ဆေးတို့ကို ဂင်း။ ကောင်းစွာ လှူဒါန်း,ပူဇော်၍၊ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍၊ရဟန်းပြုလေ၏။ ကကုသန် မြတ်စွာဘုရားသည်လည်း၊ဘုရားအလောင်းရဟန်းအား အ သင် သည် ဤဘဒ္ဒ ကမ္ဘာ တွင် ဂေါတမ ဘုရားဖြစ် လတံ့ဟု အလုံးစုံသောအခွင့်စကားကိုဖြေက်ကြားတော် မူ၏။ ဘုရားအလောင်းရဟန်းသည် အလွန်ဝမ်းမြောက် ၍၊ ဈာန်, အဘိညာဉ်စသည်ကို ရအောင် အားထုတ်၍ စုတေသည်၏ အခြား ၌ ဋ္ဌ ဗြဟ္မာပြည်သို့လားလေ၏။

ထို-ကကုသန် မြတ်စွာဘုရား၏ သာသနာတော်၌ သစ္စာလေးပါး ရသူတို့ကား၊ ပဌမအကြိမ်၌ ကကုသန် မြတ်စွာဘုရားသည် တောထွက်တော်မူစကအတူလိုက်

၍၊ ရဟန်းပြုကြကုန်သော လေးသောင်းသောရဟန်းတို့အား ဓမ္မစကြာတရားမြတ်ကို ဟောတော်မူသော်၊ ကုဋေ လေးသောင်းသော နက် လူ တို့သည် သစ္စာလေးပါးကို သိကြကုန်၏။

ဒုတိယ အကြိမ်၌ ကကုသန်မြတ်စွာ ဘုရားသည် တန်ခိုးပြာဋိဟာကို ပြတော်မူ၍၊ တရားတော်ကို ဟောတော်မူသောအခါ၌ ကုဋေသုံးသောင်းသော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။

တတိယအကြိမ်၌ ကကုသန်မြတ်စွာဘုရားသည် နရဒေဝဘီလူး အမှူးရှိသော နတ်,လူပရိသတ်အား တရားတော်ကို ဟောတော်မူသော်၊ ရေတွက်ခြင်းငါ, မစွမ်းနိုင်သောနတ်လူတို့သည် သ ၁လေးပါ ကိုသိကြကုန်၏။

ထိုကကုသန်မြတ်စွာဘုရား၏မြို့တော်ကား ဧခမာမြို့တော်တည်း။ ခမည်တော်ကား၊ အဝိဒူဏ္ဍာပုဏ္ဏားကြီးတည်း။မယ်တော်ကား၊ဝိခါသာပုဏ္ဏားမကြီးတည်း။အဂ္ဂသာဝကာ နှစ်ပါးတို့ကား၊ အဂ္ဂင်-ဝိဓူရမထေရ်နှင့်အဂ္ဂင်-သဠေါ မထေရ်တည်း။ အလုပ်အကျွေးကား၊ အဂ္ဂင် ဗုဒ္ဓိဗောဓိမထေရ်တည်း။ အဂ္ဂသာဝကမကား၊ မယ်သာမာနှင့်မယ်ရန္တာတို့တည်း။ ဒါယကာကား၊ မောင်အဓိုတနှင့် မောင်သုမန နှစ်ယောက်တည်း။ ဒါယိကာမကား၊ မနုန္ဒာ နှင့် မသုနန္ဒာ နှစ်ယောက်တည်း။ ဘုရားဖြစ်ရာ ဗောဓိကား၊ ကုဋ္ဌိပင်ဗောဓိတည်း။ အရပ်တော်ကား၊ အတောင် လေးဆယ်မြင့်တော်မူ၏။ အသက်တော်ကား၊

အနှစ်လေးသောင်းတည်း။ ဤသို့လျှင် ကကုသန်မြတ်စွာ ဘုရားသည် ဝေဏှေယျတို့အား၊ အမြိုက်ဆေး တိုက် ကျွေးမြဲ၊ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ကြွင်းကျန် ရစ် သော စာတော်တော်တို့ကို နတ်လူတို့သည် စေတီတည်ထားကိုး ကွယ်ကြကုန်၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ!
သံဝေဏာဏ်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

ကကုသန်မြတ်စွာဘုရားနှင့် ငါတို့ဂေါတမဘုရား
အလောင်းတော် ခေမာမင်းကြီးတို့၏
အကြောင်းအရာ အခေါ်းပြီး၏။

ကောဏာဂုံမြတ်စွာဘုရားနှင့် ငါတို့ဂေါတမဘုရား
အလောင်းတော်ပဒုမာမင်းတို့၏အကြောင်း။

ကကုသန် မြတ်စွာဘုရား သာသနာတော်ကွယ်သည့် နောက်အတို့၌ ကောဏာဂုံဘုရားအလောင်းတော်သည်) လူတို့၏အသက်တန်းရောက်၍ တဖန်တက်ကပ်အသင်္ချ ယျတန်းရောက်၍၊ တဖန်-ဆုတ်ကပ်ဖြစ်ပြန်သဖြင့်၊ ကိုး ကြိမ်မြောက်၊ မဟာသမ္မတမင်း၏ အဆက် လူတို့၏ အသက်သုံးသောင်းသို့ ရောက်လတ်သောအခါ၌၊ ကော

ဏာဝဂုံ ဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ နတ်အပေါင်းတို့က လှုပြည်သင့်ဆင်း၍ဘုရားဖြစ်ရန်တောင်းပန်ခြင်းကြောင့်၊ ကြည့်ခြင်းကြီးငါးပါးတို့ကိုကြည့်တော်မူ၍ စုတေခဲ့သော်၊ သောဘတိမြို့တော်နေ- ယညဒတ္တ ပုဏ္ဏားကြီး၏ အောင်မင်္ဂလာပြုအပ်သော ဥတ္တရာပုဏ္ဏမအမျိုးသို့၏ဝမ်းဘိုက်၌ ပဋိသန္ဓေတည်နေ၍၊ ဘွားမြင်လတ်သော်၊ အရွယ်သို့ရောက်သမျှင့် တုသိတာပြဿာဒ်သန္တာ၊သိတပြဿာဒ်,သန္တာ၊ဠှပြဿာဒ်သုံးဆောင်ထက်ဒ္ဒဂတ္တာပုဏ္ဏားမအမှုးရှိသောတသောင်းခြောက်ထောင်သော ပုဏ္ဏားမငယ်အမျိုးသို့ အပေါင်းခြံရုံလျက်၊ ကာမဂုဏ်ငါးပါးကိုဝဝကြီးခံစား၍နေစဉ်၊ရစိဂတ္တာ ပုဏ္ဏားမအမျိုးသို့မှ သားတော်-သတ္တဝါဟာ သတို့သားကို ဘွားမြင်လတ်သော်၊ နိမိတ်လေးပါးကို အစဉ်အတိုင်း မြင်၍၊ သံဝေဂဉာဏ်ယူပြီးလျှင်ဆင်ယင်ဦးစီး၍ တောတွက်တော်မူ၏။ ဗြဟ္မာမင်းသည် ကပ်သူအပ်သော သင်္ကန်းအစုံတို့ဖြင့် ဝတ်ဆင်တော်မူ၍၊ဒုက္ကရစရိယာ အကျင့်မြတ်ကို ကျင့်၍နေစဉ်၊ သုံး သောင်း သော အမျိုးသားတို့သည် ဘုရားလောင်းသို့ အတူလိုက်၍၊ ရဟန်းပြုကြကုန်၏။ ဘုရားလောင်းသည် ထို-ရဟန်းသုံးသောင်း ခြံရုံလျက်၊ ဒုက္ကရစရိယာအကျင့်မြတ်ကို ကျင့်ပြီးသော်၊ ရေသဟန်းပင် ဗောဓိသို့ကပ်လျက်၊အားထုတ်အပ်သောကမ္မဋ္ဌာန်းကို အားထုတ်နေစဉ်၊မာရ်ငါးပါးကိုအောင်တော်မူ၍၊ ပုဗ္ဗဇိန်ဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယ ဉာဏ်တော်

တို့ကို အစဉ်အတိုင်း သိမြင်တော်မူသဖြင့်၊ သင့်လျှောတဘုရားအဖြစ်သို့ ကောင်းစွာ ရောက်တော်မူ၏။

ကောဏာဂုံ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန္တာ အစည်းအဝေးကား၊ ပဌမ တက္ကိုမ်သာလျှင် ဖြစ်တော်မူ၏။ကော ဏာဂုံ မြတ်စွာဘုရားသည် သုံးသောင်းသော ရဟန္တာအစည်းအဝေး၌ကိုယ်တော်တိုင် ပါဘိမောက်ကို ပြတော်မူ၏။

ထိုကောဏာဂုံမြတ်စွာဘုရား ဖြစ်တော်မူသော အခါ ဝယ်၊ ငါတို့၏ဂေါတမဘုရားအလောင်းတော်သည် ပဇ္ဇတမင်းကြီးဖြစ်၍၊ အမတ်ပေါင်းခြံရံလျက်၊ ဘုရားအမှုး ရှိသော သံဃာတော်တို့ကို နန်းတော်သို့ ပင့်ဘိတ်၍၊ ပဏ္ဍုလ္ကာတိုင်း,စနေပဒုတိုင်းဖြစ်သော အလွန်အဘိုးထိုက်သော ပိုးချည်သင်္ကန်း,ကမ္ဗလာသင်္ကန်း,ဘွဲ့ပြုပုဆိုး, ဘွဲ့ခြေနင်းတို့ဖြင့် ပူဇော်၍၊မြတ်စွာဘုရား၏ အထံတော်မှာ ရဟန်းပြု၏။ ကောဏာဂုံ မြတ်စွာဘုရားသည် ဘုရားလောင်း ပဇ္ဇတာရဟန်းအား၊ အသင်သည် ဗျါဘဒ္ဒကမ္ဘာတွင်ပင် ဂေါတမဘုရား ဖြစ်လတံ့ဟု၍၊ အလုံးစုံသော အခွင့်စကားကို ကြားတော်မူ၏။ထိုအခါ ဘုရားလောင်းရဟန်းသည် အလွန်ဝမ်းမြောက်၍၊ ကောင်းမြတ်သော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူလေ၏။

ထိုကောဏာဂုံမြတ်စွာဘုရား၏သာသနာတော်၌ သန္ဓာလေးပါး သိကြသူတို့ကား.....။

ပဌမအကြိမ်၌ကောဏာဂုံမြတ်စွာဘုရားတောထွက်တော်မူစက အတူလိုက်၍၊ ရဟန်းပြုကြကုန်သော သုံးသောင်းသော ရဟန်းတို့အား၊ ဓမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ၊ ကုဋေသုံးသောင်းသော နတ်လူတို့ သစ္စာလေးပါးကို သိကြကုန်၏။

ဒုတိယ အကြိမ်၌၊ ကောဏာဂုံ မြတ်စွာဘုရားသည် တန်ခိုးတော်ကို ပြတော်မူ၍၊ တရားတော်ကို ဟောတော်မူသော အဆုံး၌၊ ကုဋေနှစ်သောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။

တတိယအကြိမ်၌၊ကောဏာဂုံ မြတ်စွာ ဘုရားသည် တာဝတိံသာနတ်ပြည်သို့ကြွတော်မူ၍၊အဘိဓမ္မာတရားတော်ကို ဟောတော်မူသောအခါ၊ ကုဋေတသောင်းသောနတ်ဗြဟ္မာတို့သည် သစ္စာလေးပါးကိုသိကြကုန်၏။

ကောဏာဂုံမြတ်စွာဘုရားသည် [ဝရဒိပ]သို့ ကြွတော်မူ၏။(ယသုအခါ သိဟိုဠ်ကျွန်း)သို့ ၏။

ကြွတော်မူခြင်း အကြောင်းကား၊ ထို-ဝရဒိပ (ဝါ) သိဟိုဠ်၌ တော်မွတ်ခြင်းဘေးဖြစ်သတတ်။ ကောဏာဂုံ မြတ်စွာဘုရားသည် မေဃာတော်, မဟာဂရုဏာတော် ပြု၍၊ထိုတော်မွတ်ခြင်းဘေးကို ငြိမ်းစေကာ၊ ထရားတော်ဟောတော်မူသော်၊ အချို့သောသူတို့ သစ္စာလေးပါး သိကြ၍၊ သရဏာဂုံ သိလာသိက္ခာစေပြီးလျှင် သုမနမထေရ်အား အမှူးပြု၍၊ ခါးပန်းကြိုးတော်ကို ပေးထားခဲ့၍၊ မဏ္ဍိမ, တိုက်သို့ ပြန်ကြွလာတော်မူ၏။ သုမနမထေရ်

အမှုးပြု၍၊ ထိုခါးပန်းကြိုးကို စေတီတည်၍ကိုးကွယ်ကြ သဖြင့်၊(ဝ၇ဒိပ)–သိဟိုဠ်ကျွန်းခွ ကောဏာဂုံ မြတ်စွာ ဘုရား၏ သာသနာတော် ကြာမြင့်စွာတည်ပြီးမှ ကွယ် လေ၏။

ထိုကောဏာဂုံမြတ်စွာဘုရား၏ဖြူတော်ကား၊သော ဘတိုဖြူတော်တည်း။ ခမည်းတော်ကား၊ ယညဒတ္တ, ပုဏ္ဏားကြီးတည်း။ မယ်တော်ကား၊ ဥတ္တရာ-ပုဏ္ဏားမ တည်း။ အဂ္ဂသာဝကာ ကား၊ အရှင် ဘိယျောသမထေရ နှင့် အရှင်ဥတ္တရမထေရနှစ်ပါးတို့တည်း။အလုပ်အကျွေး ကား၊ အရှင် သောဏုတ္တရမထေရ်တည်း။ အဂ္ဂသာဝိကာမ ကား၊မယ်သမုဒ္ဒါနှင့်မယ်ဥတ္တရာတည်း။ အလုပ်အကျွေး ဒါယကာ ကား၊ မောင်ဥဂ္ဂနှင့် မောင်သာမဒေဝတည်း။ ဒါယိကာမကား၊ မသိလာနှင့် မဝသမာ တည်း။ ဘုရား ဖြစ်ရာ ဗောဓိပင်ကား၊ ရေသဖန်းပင်တည်း။အရုပ်တော် ကား၊ အတောင်သုံးဆယ်မြင့်တော်မူ၏။ အသက်တော် ကား၊ အနှစ်သုံးသောင်းတည်း။ ဤသို့လျှင် ကောဏာဂုံ မြတ်စွာဘုရားသည် ဝေဏှေယျတို့အား၊ တရားအမြှောက် ဆေး, တိုက်ကျွေးတော်မူပြီး၍၊ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ကြွင်းကျန်ရစ်သော ဓာတ်တော်တို့ကို နတ်လူတို့ စေတီ တည်ထား ကိုးကွယ်ကြကုန်၏။

ထို့ကြောင့်– အနိန္ဒိတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြမှန်စွာ၊

သံဝေဂြာဏ်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှသင့်တော်မှာ။ ။

ကောဏာဂုံမြတ်စွာဘုရားနှင့် ငါတို့၏ဂေါတမ ဘုရားအလောင်းတော်ပဇွတမင်းတို့၏ အကြောင်းအရာ အခဏ်းပြီး၏။

ကဿပမြတ်စွာဘုရားနှင့် ငါ့တို့၏ ဂေါတမမြတ်စွာ ဘုရား အလောင်းတော် ဗောဓိပါလ လုလင်ပျို တို့၏ အကြောင်း။

ကောဏာဂုံ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးသည့် နောက်အဘိုဒ္ဓ၊ လူတို့၏အသက်တန်း ဆယ်နှစ်တန်းသို့ ရောက်၍၊ တဖန်-ဆယ်နှစ်တန်းမှ အသင်္ချေယူတန်းသို့ တိုင်အောင် အထက်သို့ တက်ပြန်သဖြင့်၊ အသင်္ချေယူ တန်းမှ အဆုတ်တွင် ဆယ်ကြိမ်မြောက် မဟာသမ္မတ မင်းမြောက်၍ မင်းပြုစေသော်၊ လူတို့၏အသက် အနှစ် နှစ်သောင်း နေသောအခါ၊ ကဿပဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ စုတေခဲ့၍၊ဗာရာဏသီပြည်ဝယ်၊ ဗါရာဏသီမင်းကြီး:ကိုးကွယ်သောပုရောဟိတ်ဗြဟ္မဒတ္တ ပုဏ္ဏားကြီး၏ဝိမလဂုဏာဝတီအမည်ရှိသောပုဏ္ဏားမကြီး ဝမ်းခွဲ ပဋိသန္ဓေတည်တော်မူသဖြင့် ဘွားတော်မူသော်၊ မြောက်အရပ်သို့ ခုနှစ်ဘဝါးလှမ်းလျက်၊ ငါသည် လော ကထက် မြတ်၏။ လောကထက် ကြီး၏။ လူ့ဘဝ၌ ငါ

အမြတ်ဆုံးဖြစ်၏ဟု သုံးခွန်းသော စကားကို မြွက်ဆိုမြဲ ကြောင်းပ, တောင်မူပြီးနောက်, အရှယ်သို့ရောက်သောအခါ ဟံသဝါပြဿဒေ, ယသဝါပြဿဒေ, သိရိနန္ဒပြဿဒေဆုံး ဆောင်ထက်ဌသုနန္ဒပုဏ္ဏားမအမှုးရှိသော လေးသောင်းသော မိန်းမအပေါင်းခြံရုံလိုက်, ငါးပါးသောကာမဂုဏ်ကို ဝဝကြီးခံစားမြဲနေစဉ်, သားတော် ဝိဇိတသေနကို ဘွားမြင်တော်မူသောအခါ, သူဒို, သူနာ, သူသေ, ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်၍, သံဝေဂဉာဏ်ယူပြီးလျှင် တောထွက်လိုသော ဉာဏ်စိတ်ဖြစ်ခါမျှဖြင့်, ရှေးနန်းပြဿဒေကောင်းကင်သို့နတ်အများဆောင်ယူ၍ ဗောဓိပင်ခိုရာ အရပ်သို့ ဥမ်းရှုရောက်လေ၏။ ကဿပဘုရားလောင်းသည်, မြေသို့သက်ဆင်း၍, ပြုဟ္ဘာမင်းကပ်လှူအပ်သော ကြာသက်နီး, ပရိက္ခရာအစုံတို့ကိုယူ၍ ရဟန်းပြုပြီးလျှင်, ဒုက္ခရစရိယာအကျင့်ကို ကောင်းစွာ ကျင့်၍နေစဉ်, ပြဿဒေသို့ အတူပါလာကုန်သော, လူယောကျ်ားတို့သည် ဘုရားလောင်း ရဟန်းသို့အတူ လိုက်၍ ရဟန်းပြုကြကုန်၏။ ဘုရားလောင်းသည် ထို ရဟန်းတို့ခြံရုံလျှက်, ဒုက္ခရစရိယာခုနစ်ရက်ကျင့်ပြီးလျှင် ကဆုန်လပြည့်နေ့၌, သုနန္ဒာ-ပုဏ္ဏမ လှူဒါန်း ဆက်ကပ်သော ရွှေခွက်တွင်ထည့်သော နို့ဂဏ္ဍာဆွမ်းကို ရွှေခွက်နှင့်တကွ အလှူခံယူတော်မူ၍, နေရဠုရာမြစ်၌ရေသပ္ပါယ်တော်မူ၍ ဘဉ်းပေးတော်မူပြီးလျှင်, ယနေ့ဘုရားအဖြစ်သို့ရောက်အံ့လောဟု အမိန့်ခွာန်တော်မူ၍, ရွှေခွက်ကို နေ

ရဟန္တာဖြစ်၌ မျှောပြီးလျှင်၊ ဘုရားဖြစ်အံ့သော အခြင်း အရာကို သိတော်မူသဖြင့်၊ နေရဟန္တာ ဖြစ်၏အနိုး ရှာ တော၌ နေ့သန့်တော်မူ၍၊ ညချမ်းအခါဝယ်၊ သောမ, မည်သော မုယောခင်းစောင့်သည် လူအပ်သော မြက် ရှစ်ဆုပ်ကို ခံယူတော်မူ၍၊ ဗေဒိပညောင်ပင်သို့ အရှေ့ အရပ်ကရပ်တော်မူလျက်၊ မြက်ရှစ်ဆုပ်ကိုကြဲဖြန့်သော အခါ တဆဲ့ငါးတောင်အမြင့်ဆောင်သော ရတနာပလ္လင် ပေါက်၍၊ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ သောအခါ၊ နေမဝင်မီ မာရ်ငါးပါးကို အောင်တော်မူ၍ ညဉ့်ဦးယာမ်၌ ရှေးကဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကိုမြင် သော ဉာဏ်, သန်းခေါင်ယာမ်၌ နတ်တို့၏ မျက်စိနှင့်တူ သော ဉာဏ်, အာရုဏ်တက် မိုးသောက်ယာမ်၌ အာသ ဝေါ, တရားလေးပါးတို့ကို မြင်သောဉာဏ်, အရဟတ္တ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို သိတော်မူသော သဗ္ဗညုတ ဘုရားအဖြစ် ရောက်တော်မူ၏။ ထို-ကဿပ မြတ်စွာ ဘုရား၏ရဟန္တာအစည်းအဝေးကား၊ ပဉ္စမတကြိမ်သာ ဖြစ်၏။ ကဿပမြတ်စွာ ဘုရားသည် နှစ်သောင်းသော ရဟန္တာတို့၏အလည်၌ကိုယ်တော်တိုင် ပါတိမောက်ကို ပြတော်မူ၏။

ကဿပမြတ်စွာဘုရား၏လက်ထက်တော်အခါဝယ်၊ ငါဘို့၏ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ဗေဒင်သုံးပုံတို့၏ပါရဂူဖြစ်၍၊ မြေအပြင် ကောင်းကင် တို့ကဲ့သို့ထင်ရှားသောလုင်ဖြစ်သဖြင့်ဃဋိကာရအိုးထိန်း

ကုန်သည်ကြီး၏ အသွေးခင်ပွန်းဖြစ်၏။ ဘုရားအလောင်း လုင်သည် အိုးကုန်သည်ကြီး ယဒိုကာရနှင့် အတူတကွ မြတ်စွာဘုရားထံချဉ်းကပ်၍၊ တရားတော်မြတ်ကို ကြားနာရလျှင် ကသပ မြတ်စွာဘုရားထံ ရဟန်းပြု၍၊ အားထုတ်အားထုတ်သော ဝိရိယဖြင့် ပဋိဘာဏတို့ ဆုံးပုံတို့ကို သင်ယူလျက်၊ ဝတ်ပဋိပတ်နှင့် ပြည့်စုံသော ရဟန်းကောင်း, ရဟန်းမြတ်ဖြစ်၍၊ ဘုရားသာသနာတော်၌ အလွန် တင့်တယ်ပေ၏။ ကသပ မြတ်စွာဘုရားသည် ဂေါတမ, ဘုရားလောင်း ရဟန်းအား၊ ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက်၊ ဆုတ်,တက်,ဆုတ်,၍၊ လူတို့၏သက်တန်းတရာနေသောအခါ၊ သိဒ္ဓတ္ထမင်းသား ဂေါတမ, ဘုရားဖြစ်လတံ့ဟု အလုံးစုံဗျာဒိတ်နှင့် အခွင့်စကားကို မိန့်ကြားတော်မူ၏။

ဘုရားလောင်း ရဟန်းကြီးသည် စတုပါရိသုद्धိသီလကို ကောင်းစွာ စောင့်ရှောက်၍၊ ဗျာနသမာပတ် တရားတို့ကို အားထုတ်တော်မူပြီး လျှင်၊ ရဟန်းတော်မြတ်အဖြစ်နှင့်ပြန်တော်မူ၍၊ နတ်ရွာလားတော်မူ၏။ ။

(ဦးဇောတိပါလ-အမည် ရှိသော ဘုရားလောင်း ရဟန်းတော်ကြီးကိုထောက်ထား၍၊ ယခုလက်ရှိ ငါတို့မြတ်စွာဘုရား၏ သာသနာတော်၌ ဘုရားဆုကိုလိုလိုဆင်တော်မူကြကုန်သော ရဟန်းကောင်း, ရဟန်းမြတ်တို့သည် လူထွက်တော် မမူကြကုန်ဘဲ၊ စတုပါရိသုद्धိသီလ

တော်မြတ်ကို ကျင့်သုံးတော် မူနိုင်ကြပါစေကုန်သတည်း)။

ထိုကသပမြတ်စွာဘုရား၏သာသနာတော်၌ သစ္စာလေးပါးကို သိတော်မူကြကုန်သော လူနတ်တို့သည်ကား.....။

ပဋ္ဌမအကြိမ် ကသပမြတ်စွာ ဘုရားသည် တောထွက်တော်မူသောအခါက၊ အတူလိုက်၍ ရဟန်းပြုကြကုန်သော တကုဋေသော ရဟန်းတို့ကို အမှုးပြု၍၊ ဝမ္မစကြာကို ဟောတော်မူသောအခါ၊ တကုဋေ ရှစ်ဆယ်ကုန်သော လူနတ်တို့သည် သစ္စာလေးပါးကို သိကြကုန်၏။

ဒုတိယအကြိမ်၌ ကသပမြတ်စွာဘုရားသည် လေးလတို့ပတ်လုံး ဒေသနာစာရီ ကြွသွားတော်မူ၍၊ သစ္စာလေးပါးကို သိထိုက်ကုန်သော သတ္တဝါတို့၏စရိုက်အားလျော်စွာ တရားတော်ကို ဟောတော်မူရာ၊ ကုဋေတသောင်းသော နတ်လူတို့သည် သစ္စာလေးပါးကိုသိကြကုန်၏။

တတိယအကြိမ်၌ ကသပမြတ်စွာဘုရားသည် တန်ခိုးတော်ကို ပြတော်မူသောအဆုံး၌၊ တရားတော်ကို ဟောတော် မူသောအခါ၊ ကုဋေ ငါးထောင်ကုန်သော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။

ကသပဘုရား၏ဖြူတော်ကား၊ဗာရာဏသီဖြူတော်, တည်း။ ခမည်းတော်ကား၊ ဗြဟ္မဒတ္တ, အမည်ရှိသော

ပုဏ္ဏားကြီးတည်း။ မယ်တော်ကား၊ ဝိပုလဂဏ္ဍာဝတီ, ပုဏ္ဏားမကြီးတည်း။ အဂ္ဂသာဝကနှစ်ပါးတို့ကား၊အရှင် တိဿမထေရ် နှင့် ဘာရဒ္ဒါဇမထေရ် ဖြစ်ကုန်၏။ အဂ္ဂ သာဝိကာမတို့ကား၊ အနုဠာထေရီမနှင့် မယ်ဥရုဝေလ ထေရီမတို့ဖြစ်ကုန်၏။

ရဟန်းအလုပ်အကျွေးကား၊ အရှင် သဗ္ဗမိတ္တမထေရ် တည်း။ ဒါယကာ အလုပ်အကျွေးကား၊ ကိုသုမဂ်လနှင့် ကိုဃဋိကာရ နှစ်ယောက်တို့တည်း။ဒါယိကာမတို့ကား၊ မဇ္ဈိဝိတသေနနှင့် မဘဒ္ဒါ နှစ်ယောက်တို့တည်း။ ဘုရား ဖြစ်ရာ ဗောဓိပင်ကား၊ ပညောင်ပင်တည်း။ အရုပ်တော် ကား၊ အတောင်နှစ်ဆယ် မြင့်တော်မူ၏။ အသက်တော် ကား၊ အနှစ် နှစ်သောင်းတည်း။ ။ထိုကဲ့သို့ ကဿပ မြတ် စွာ ဘုရားသည် အတုမရှိ ဖြစ်တော်မူ၍၊ မြတ်စွာ ဘုရားတို့၏သဘောတော်အတိုင်း၊သက်တန်း ၂၀ လျှော့ တော်မူ၍၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ထို့ကြောင့်— အနိစ္စတရား-ထင်ရှားသည်သာ၊
ဘုရားသော်လဲ-ပျက်မြဲမှန်စွာ၊
သံဝေဂကြောက်မျှား-ဖြစ်ပွားစေရာ၊
အနိစ္စ-ရှုမှတ်သင့်တော်မှာ။ ။

ကဿပမြတ်စွာဘုရား နှင့် ငါတို့ဂေါတမဘုရား
အလောင်းတော် ဗောဓိပါလလုင်ပျိုတို့၏
အခေတ်း ပြီး၏။

ငါတို့၏ မြတ်စွာဘုရားသာသနာတော်အတွင်းခို လှုဘဝကို ဖြစ်လာကြကုန်သော(အို-သူတော်ကောင်းတို့) သင်တို့,ငါတို့သည် ကုသိုလ်ကောင်းမှုတို့ခိုမမေ့မလျော့သတိနှင့် နေအပ်ကုန်သည်သာတည်း။ ၍ စာအုပ်ကို ဝယ်ယူ ဖတ်ရှုကြကုန်သော ပရိသတ်တို့သည် အလွန်ရခဲလှစွာသော ဘုရားအဖြစ်၊လှုအဖြစ် ယုံကြည်ခြင်းနှင့် ပြည့်စုံသောအဖြစ်၊ ရဟန်းအဖြစ်၊ဘုရားတရားတော်နှင့် တွေ့သောအဖြစ်၊ အလွန်ရခဲသော ငါးပါးသော ဒုလ္လဘကို ငါတို့သည် ရကုန်သည် ၏ဟုကောင်းမြတ်သော စိတ်ဂိုကုန်သည်ဖြစ်၍၊ အစအဆုံး ဖတ်ရှုကြစေချင်၏၊ ဖတ်ရှုကြပါဟု၍၊ တိုက်တွန်းနှိုးဆော်လိုက်ပါ၏။

"ဦးအာဒိစ္စရံသီ"

ငါတို့ဘုရား ဗျာဒိတ်ခံရခြင်း အကြောင်းရှစ်ပါး အဆင်း။

ထိုကသဿပမြတ်စွာဘုရား၏နောက်အဘို့မှာတော့ ငါတို့၏ဂေါတမမြတ်စွာဘုရားကိုထား၍၊ တပါးသော ဘုရားများ ဖြစ်တော်မမူကြကုန်။ ၍သို့သော အစဉ်ဖြင့် ဒီပင်္ကရာအစ ဂိုကုန်သော နှစ်ကျိပ်လေးဆူ ကုန်သော မြတ်စွာဘုရားတို့၏ အထံတော်မှာ ရအပ်သော ဗျာဒိတ် အခွင့်စကားဂိုသော ဘုရားလောင်းသည် ပါရမီတော်တို့ကို ဘဝတိုင်းဖြည့်ကျင့်တော်မူ၏။

စာကြည့် ပရိသတ်ဘို့ "၍ သင်္ဂါယနာဝံသ" ဓိုနတ္ထပကာသနီ ကျမ်းကြီးသည် သာမ ည့ ကျမ်း မ ဟုတ်

ကြောင်း ထင်ရှားမြဲ အားထားစေခြင်းငှါ, ပါဠိပုဒ်များ ထုတ်ဆောင်လိုက်ပါအုံ့။

ဘုရားဗျာဒိတ် အခွင့်စကား ရနိုင်သော အကြောင်းရှစ်ပါး၊(အဋ္ဌသာနိပါဠိ)။

မနုဿတို့ လင်္ကာသမ္ဘတ္တိ၊ဟောတုသတ္တာရ ဒသနံ။
ပဗ္ဗဇ္ဇာဂုဏ သမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌမမ္ပသမောဝေနာ၊ အဘိနိဟာရောသမိဒ္ဓတိတိ။

ဟူ၍၊ ထုတ်ပြတော်မူ၏။

(၁) လူ၏အဖြစ်ဂုဏ်း။
(၂) ယောကျ်ား၏အဖြစ်ဂုဏ်း။
(၃) ထိုကိုယ်၏အဖြစ်၌၊အရဟတ္တမဂ်လိုက်ရနိုင်ခြင်း အကြောင်း-ဂုဏ်း။
(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို မျက်တွေ့ ရခြင်းဂုဏ်း။
(၅) သာသနာဝင် ရဟန်း,ရသေ့ဖြစ်ခြင်းဂုဏ်း။
(၆) အဘိညာဉ်သမာပတ် ကျေးဇူးဂုဏ်နှင့် ပြည့်စုံခြင်းဂုဏ်း။
(၇) မြတ်စွာ ဘုရားတို့အား၊ ကိုယ့်အသက်ကိုစွန့် လှူတိုနိုင်သော၊ လွန်ကဲသော ကုသိုလ်ဂုဏ်း။
(၈) ဘုရားဖြစ်လို အားကြီးသော ဆန္ဒဂုဏ်း။

ဤ-ရှစ်ပါးသော အကြောင်းတရားများ ပေါင်းဆုံမိခြင်းကြောင့်၊ ဘုရားဆုပန်သော ဘုရားလောင်းသည် ဘုရားဖြစ်ရန် ဗျာဒိတ်အခွင့်စကားကို ရကိုနိုင်ရာ၏။

"ထို့ကြောင့်–စာရေး ကျမ်းဆရာ၏ ဉာဏ်အစွမ်း တို့ကို ကျက်မှတ်လေ။"

(၁) လူဖြစ်တတန်၊ယောကျ်ားမှန်၊ ဗျာနှိပ်ရသော့ မှတ်။

(၂) မင်,ဖိုလ်ရောက်ရန်၊ ဘုရားထံ၊ အားသန်သက် ကိုစွန့်။

(၃) ဤသည်ရှစ်ပါး၊ အကြောင်းမျှား၊ ဝိန့်ကြား ဗျာဒိတ်မှတ်။

ဤအကြောင်းရှစ်ပါးနှင့် ပြည့်စုံသော ငါတို့၏ဂေါတမ ဘုရားလောင်းသည်၊ အဘယ်တရားသည် ဘုရားဆုပန် မင်းယောကျ်ားတို့၏ တရားဖြစ်သနည်းဟု စူးစမ်း ဆင်ခြင်လတ်သော်၊ (၀ိစိနန္တော တဒါဒကို်၊ပဌမံ ဒါန ပါရ ဝိန့်-ဒါနပါရမိတာဒယော) ဟူသည်တည်း။ ပေးကမ်း လှူဒါန်းခြင်း ဒါနပါရမိကိုရှေးဦးစွာမြင်၍၊စောင့်ရှောက် အပ်သော သီလပါရမိအစရှိသော ဆယ်ပါးသောဘုရား ဖြစ်ကြောင်း ပါရမိအပေါင်း, တရားကောင်းကို မြင် တော်မူသော ဘုရားလောင်း သုမေဓာသည်၊ ဒီပင်္ကရ ဖြတ်စွာဘုရား ခြေတော်ရင်းမှ အစပြု၍၊ ဝေဿန္တရ မင်းကြီးဘဝတိုင်အောင် ဖြည့်ကျင့်ပြီးသော ဘုရားဆု ရှိတော်မူသောကြောင့်၊ ဘုရားလောင်းကို ချီးမွမ်း, ထောပနာပြုအပ်ကုန်၏။

ဘုရားလောင်း၏ ပါရမီဆယ်ပါးကို ပြသောအခြေး။

ငါတို့၏ ဂေါတမဘုရားလောင်း ပရမတ္ထပါရမီဖြည့်ကျင့်သော ဘဝတို့၌ ဘုရားဆုပန် စာကြည့်ပရိသာဒ်တို့ အားကျဘွယ် ကောင်းလှပေ၏။

ဒါနပါရမီ၊ဒါနဥပပါရမီ၊ဒါနပရမတ္ထပါရမီ၊ သုံးမျိုးတွင် ဒါနပရမတ္ထပါရမီ ဖြည့်ကျင့်သော ဘဝတို့သည် အကိတ္တိပုဏ္ဏားဘဝ၊ သခ်ိပုဏ္ဏားဘဝ၊ ဓနဥယမင်းကြီးဘဝ၊ မဟာသုဒဿန စကြာမင်းကြီးဘဝ၊ စန္ဒကုမာရမင်းသားဘဝ၊ ဝိဿေယ္ယ သူဌေးကြီးဘဝ၊ သိဝိမင်းကြီးဘဝ၊ ဝေဿန္တရာမင်းကြီးဘဝ၊ သသ,ပဏ္ဍိတ ယုန်မင်း ဘဝတို့၌ သူတပါးတို့ မမှီခိုင်းယှဉ်နှိုင်သော. ဒါနပရမတ္ထပါရမီတော်ကို ဖြည့်ကျင့်တော်မူ၏။

ထို့ကြောင့်- ဘိက္ခာယဥ္စပဂတံ ဒိသ္မာ၊
သကတ္တာနံ ပရိစ္စဇိ။
ဒါနေန မေ သမောနတ္ထိ၊
သောမေ ဒါနပါရမိတာ။ ။

ဤဂါထာသည် ယုန်မင်းဇာတ်၌၊ အရှင်သာရိပုတ္တရာအား၊ ဟောကြားတော်မူသော ဂါထာဖြစ်၏။

အနက်ကား။ ။သာရိပုတ္တ၊သာရိပုတ္တရာ။သသပဏ္ဍိတော၊ ယုန်ပညာရှိ ဖြစ်သော။ အဟံ၊ ငါဘုရားလောင်းသည်။ ဘိက္ခာယ၊ အာဟာရဘုဉ်ယ၊ အစာ အာဟာရ

အလို့ငှါ။ (၀၊) သိဂ္ဂါယ အာဟာရသ ယာစနာယ၊ အစာအာဟာရ တောင်းခံခြင်းငှါ။ ဥပဂတံ၊ ငါ၏အနီး သို့ ကပ်လာသော ။သင်္ကန်း၊ ပုဏ္ဏားယောင် ဆောင်သော သိကြားကို။ ဒိဋ္ဌာ၊ မြင်၍။ အဂ်ါရရာသိဒ္ဓိ၊ မိုးကျိုးစုဥ်။ လိယိ°တ္ထာ၊ခုနှစ်ဆင်း၍။သကဿာနံ မိမိကိုယ်ကို။အသ၊ ထိုပုဏ္ဏားယောင် ဆောင်သော သိကြားအား။ ပရိဗ္ဗဇိ°၊ စွန့်ပြီး။ တသ္မာ ထိုသို့-မိမိကိုယ်ကိုပုဏ္ဏားယောင်ဆောင်သော သိကြားအား စွန့်ခြင်းကြောင့်။ ဒါနေန၊ ဒါနဖြင့်။ မေ၊ ငါနှင့် သဟောတ္ထသော။ ကောစိ၊ တစုံတယောက်သော သူသည်။ နတ္ထိ၊ လောကဝေတ်ဌမဂ္ဂါ။ဒုသာ၊ ဤသို့ အသက်ဌ ဇဲ့ကွက်ခြင်း ကင်းသည်၏ အဖြစ်ဖြင့်၊ မိုးပုံ ဆင်း၍၊ ကိုယ်အသုံးကို စွန့်ခြင်းသည်။ မေ၊ ငါ၏ဒါနပါရမီ၊ဒါနပရမတ္ထပါရမီသည်။အဟောသိ၊ဖြစ်ပြီ။ဤသို့ လျှင် ဘုရားလောင်း ယုန်မင်းသည် ဒါနပရမတ္ထပါရမီကို ဖြည့်ကျင့်တော်မူ၏။

ထိုမှဘပါး သီလပါရမီ ဖြည့်ကျင့်သည်ကား၊ သီလပါရမီ၊ သီလဥပပါရမီ၊ သီလပရမတ္ထပါရမီ သုံးပါးတို့တွင် သီလပရမတ္ထ ပါရမီတော်ကို ဖြည့်ကျင့်သော ဘဝတို့သည် သီလဝ, နဂါးမင်းဘဝ စမ္ပေယျနဂါးမင်းဘဝ၊ ဘူရိဒတ္တနဂါးမင်ဘဝ၊ဆန္ဒန်ဘုရင်ဆင်မင်းဘဝ၊ ဇယဒိသမင်းသားဘဝ၊ အလီနသတ္တု၊ မင်းသားဘဝတို့ဌ ပရမတ္ထ,သီလပါရမီကိုဖြည့်ကျင့်တော်မူ၏။ စင်စစ်အားဖြင့် ငါတို့ ဘုရားအလောင်းတော်သည် သဒ်ပါလနဂါးမင်း

ဖြစ်သော ဘဝ၌ သူတပါးနှင့် မတူသော သိလပရမတ္ထ ပါရဒိတော်ကို ဖြည့်ကျင့်တော်မူ၏။

ထို့ကြောင့်- သူလေဟိ ဝိ ဝိ၌ယန္တော၊
ကောဋ္ဌိယန္တောပိ သတ္တိဟိ။
ဘောဇ ပုတ္တေ နကုပ္ပါဒိ၊
ဇော မေ သိလပါရမိတာ။ ။

ဤဂါထာသည် သခ်ိပါလဇာတ်၌ အရှင်သာရိပုတ္တရာ အား ၊ဟောတော်မူသော ဂါထာဖြစ်၏။

အနက်ကား။ ။သာရိပုတ္တ၊ ချစ်သား-သာရိပုတ္တရာ၊ သခ်ိပါလနဂရာဇာဘုတော၊သခ်ိပါလနဂါးမင်းဖြစ်သော။ အဟံ၊ငါဘုရားလောင်းသည်။ ဘောဇပုတ္တေဟိ၊ တကျိပ် ခြောက်ယောက်သော မုဆိုးတို့သည်၊သူလေဟိ၊တံကျင် တို့ဖြင့်။ဝိ ဝိ၌ယန္တော၊ရှစ်ပါးသော ဌာနတို့၌ကြိမ်နှယ်လျှို ခြင်းငှါ,ထိုးဖေါက်အပ်သည်။သမာနောပိ။ ဖြစ်မူလည်း။ သတ္တိဟိ၊လှံမဘို့ဖြင့်။ကောဋ္ဌိ ယန္တော၊ အားနည်းသည် ၏အဖြစ်ကို ပြုခြင်းငှါ, ထိုထိုအရပ်၌ ထိုးဆွအပ်သည်။ သမာနောပိ၊ဖြစ်မူလည်း။ဘောဇပုတ္တေ ဘောဇပုတ္တာနုံ၊ တကျိပ် ခြောက် ယောက် သော မုဆိုး တို့ ၌ အမျက် မထွက်၊ မေ၊ ငါ၏။ ဇော၊ ဤသို့။ သိလပျက်သည်မှ ကြောက်သောကြောင့်၊ တကျိပ်ခြောက်ယောက်သော မုဆိုးတို့၌ အမျက်မထွက်ခြင်းသည်။ သိလပါရဒိ၊သိလ ပရမတ္ထ ပါရဒိမည်သည်။ အဟောသိ၊ ဤသို့လျှင် သိလ

ပရမတ္ထ ပါရဒိတောင်ကို ငါတို့ဘုရားလောင်း ဖြည့်ကျင့်တော်မူ၏။

ထိုမှတပါး လည်း၊ နိက္ခမပါရဒိတောင်ကို ဖြည့်ကျင့်တော်မူသည်ကား၊ နေက္ခမပါရဒိ၊ နေက္ခမဗဟုပပါရဒိ၊ ပရမတ္ထပါရဒိ၊ ဖြည့်ကျင့်ဘော်မူသော ဘဝတို့သည်ကား၊ သောမနဿ မင်းသားဘဝ၊ ဟတ္ထိပါလ မင်းသားဘဝ၊ အယောဃ ရပဏ္ဍိတဘဝတို့၌ မင်းစည်းစိမ်ကို စွန့်ခွာတော်၍ ရသေ့,ရဟန်းပြုခြင်း၌ မနှိုင်းယှဉ်အပ်သော ပရမတ္ထပါရဒိတောင်ကိုဖြည့်ကျင့်တော်မူ၏။စင်စစ်ဤကနေ့ကား နေက္ခမပါရဒိတောင်ကို ဖြည့်ကျင့်သော ဘဝသည်ကား၊ ရှုလသောမ ဇာတ်တော်၌ အနှစ်သာရပုဏ္ဏားအား၊ ဘုရားဟောတော်မူ၏။

ထို့ကြောင့်- မဟာရဇံ ဟတ္ထဂတံ၊
ခေ္တ ပိဏ္ဍံ ဝဆေ့ဍ ဝ။
စဇတော နှ ဟောဘိလဂ္ဂနံ၊
ဒသော မေ နိက္ခမပါရဒိ။

အနက်ကား။ ။သာဂရပုဏ္ဏ၊ ချစ်သား-သာဂရပုဏ္ဏား။ ရှုလသုတသောမ ရာဇဘဋ္ဌတော၊ ရှုလသုတသောမမင်း ဖြစ်သော။ အဟံ၊ ငါသည်။မဟာဇနော၊ လူအများသည်၊ ခေ္တာပိဏ္ဍံ၊ တံတွေးပေါက်ကို။ အနုပေကျော၊ ငဲ့ကွက်ခြင်း မနှိုသည်ဖြစ်၍။ ဆဋ္ဌေသိ ဣဝ၊ ဖွန့်သကဲ့သို့။ တထာ။ ထို့အတူ။ ဟတ္ထဂတံ၊ လက်သို့ရောက်သော။ မဟာရဇံ၊

ကြီးစွာသော မင်းစည်းဗိမ်ကို။ အနုပေက္ခော၊ ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍။ ဆန္ဒယိ၊ စွန့်ပြီး။ မဟာရုဇံ၊ မင်းစည်းစိမ်ကို။ စဇတော၊ စွန့်သော။ မေ၊ ငါ၏။ တဏ္ဍ၊ ထိုမင်းစည်းစိမ်ကို။လဂ္ဂနံ၊ကပ်ငြိခြင်းသည်။ နဟောတိ၊ မဖြစ်။ ဇသော။ ဤသို့။ ကြီးစွာသော မင်းစည်းဓိမ်ကို မငဲ့ကွက်ခြင်းသည်။ မေ၊ငါ၏။ နေက္ခမ္မပါရမီ၊ပရမတ္ထ ပါရမီသည်။ အဟောသိ၊ ဖြစ်ပြီ။ ဤသို့လျှင် နေက္ခမ္မပရမတ္ထ ပါရမီတော်ကို ငါတို့၏ဘုရား အလောင်းတော် စူဠ သုတသောမ,မင်းသည် ဖြည့်ကျင့်တော်မူ၏။

ထိုမှတပါး၊ ပညာပါရမီကို ဖြည့်ကျင့်တော်မူသည်ကား၊ ပညာပါရမီ၊ ပညာဥပပါရမီ၊ ပညာပရမတ္ထ ပါရမီသုံးပါးတို့တွင် ပညာပရမတ္ထပါရမီကို ဖြည့်ကျင့်သော ဘဝတို့သည်ကား ဝိဓူရသုခမိန်ဘဝ၌ရင်း။ မဟာဂေါဝိန္ဒဘဝ၌ရင်း။ ကုဒါလပညာရှိဘဝ၌ရင်း။ အကရပညာရှိဘဝ၌ရင်း။ ဗေဝဓိပရိဗ္ဗာဇကပညာရှိဘဝ၌ရင်း။ မဟော်သဓာ ပညာရှိဘဝ၌ရင်း။ ပညာပါရမီတော်ကို မနှိုင်းယှဉ်နိုင်အောင် ဖြည့်ကျင့်တော်မူ၏။ စင်စစ်ကေန် ဖြည့်ကျင့်သည်ကား၊သတ္တုဘဝတစ်ခု သေနကပညာရှိဘဝကို အရှင်သာရိပုတ္တရာအား၊ ဟောတော်မူ၏။

ထို ကြောင့်- ပညာယ မေ ဝိစိနန္တော၊
ဗြဟ္မဏံ မောစရိံ ဒုက္ခာ။
ပညာယ မေ သမောနတ္ထိ၊
ဇသော မေ ပညာပါရမီတိ။ ။

အနက်ကား။ ။သာရိပုတ္တာ၊ ချစ်သား-သာရိပုတ္တရာ။ သေနက ပဏ္ဍိတာဘူတော၊ သေနကပညာ၏ ဖြစ်သော၊ အဟံ၊ ငါဘုရားလောင်းသည်။ ပညာယ၊ ပညာဖြင့်။ဝိဝိ နဇ္ဈာ၊ရူးစမ်းဆင်ခြင်သည်။ ဟုတ္တာ၊ ဖြစ်၍။ပြေဟ္ဟာဏံ၊ ပုဏ္ဏားအိုကို၊ ဒုက္ခာ၊သေဒုံ့သော ဆင်းရဲမှ။ မောစယိ၊ လွတ်စေပြီ။ တသ္မာ၊ ထို့ကြောင့်-ပညာယ၊ ပညာဖြင့်။ မေ၊ ငါနှင့်သဘောတူသော သူသည်။ နတ္ထိ၊ လောက ဂါတ်၌မရှိ။ဣတိ၊ဤသို့ပညာပါရမီဖြင့်ဆင်ခြင်၍၊ပုဏ္ဏား အိုကို သေဘေးမှ လွတ်စေခြင်းသည်။ မေ၊ငါ၏။ပညာ ပါရမီ၊ ပရမတ္ထပညာပါရမီမည်သည်။ အဟောသိ၊ ဖြစ် ပြီ။ဤသို့လျှင် ငါဘိုဘုရားလောင်းသေနကပညာ၏သည် ပညာပါရမီကို ဖြည့်ကျင့်တော်မူ၏။

ထိုမှတပါး၊ ဝီရိယပါရမီတော်ကို ဖြည့်ကျင့်တော် မူသည်ကား၊ ဝိရိယပါရမီ၊ဝိရိယဥပပါရမီ၊ ဝိရိယပရ မတ္ထပါရမီသုံးပါးတို့တွင် ဝိရိယပရမတ္ထပါရမီကိုဖြည့် ကျင့်သော ဘဝတို့သည်ကား၊ သူတပါးတို့ မနှိုင်းယှဉ် နိုင်သော ဝိရိယပါရမီကောင်းကို ဖြည့်ကျင့်တော်မူ၏။ စင်စစ်ဧကန် အားဖြင့်၊ မဟာဇနကဇာတ်တော်၌ အရှင် သာရိပုတ္တရာအား၊ ဟောတော်မူ၏။

ထို့ကြောင့် အတိရေဒသမုဒ္ဒေ မဇ္ဈေ၊
ဟာဘာ သဗ္ဗေဝမနုဿာ။
ဝိဇ္ဇာသု အညထာ နတ္ထိ၊
သော မေ ဝိရိယပါရမီတိ။ ။

အနက်ကား။ ။သာရိပုတ္တာ၊ ချစ်သား-သာရိပုတ္တရာ။ အဟံ၊ ငါဘုရားလောင်း မဟာ ဇနကမင်းသည်။ အတိရ ဒသဝိ၊သမုဒ္ဒရာကမ်း၏တဝက်ကို မမြင်နိုင်သည်ဖြစ်၍။ ဇလမဏ္ဍော၊သမုဒ္ဒရာရေအလယ်၌။ဟတာ၊လိပ်,ငါးမကရဲ့ ဖမ်းစားသတ်ညှစ် အပ်ကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။ သတ္တာယံ၊ ၇-ရက်ပတ်လုံး။မဟာသမုဒ္ဒံ၊မဟာသမုဒ္ဒရာ ကို။တရန္တာ သ၊ လက်ပစ်ကူးသော။ မေ မမ၊ ငါမှကား။ စိတ္တာသ၊စိတ်၏။အညထာ အညာကာရော၊မနုစ်မဆုတ် အားထုတ်သည်မှ တပါး၊ တွန့်တိုသည်၏ အဖြစ်သည်။ နတ္ထိ၊မရှိ။ သော၊ဤသို့။ ဟုတ်တွန်းလှေခတ် ဘောင်ကျိုး ပြတ်သို့ စွန့်လွှတ်ဝိရိယ၊ လက်ချမဆုတ်,စုတ်စုတ်စွန့်စား အားထုတ်ခြင်းသည်။ မေ၊ငါ၏။ ဝိရိယပါရမီ၊ ပရမတ္ထ ဝိရိယပါရမီ မှည့်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဤသို့လျှင် ငါတို့ဘုရားလောင်း မဟာဇနကမင်းသည်၊ဝိရိယပါရမီ တော်ကို ဖြည့်ကျင့်တော်၏။

ထိုမှတပါး၊ ခန္တီပါရမီကို ဖြည့်ကျင့်တော် မူသည် ကား၊ ခန္တီပါရမီ၊ ခန္တီဥပပါရမီ၊ ခန္တီပရမတ္ထပါရမီသုံး ပါးတို့တွင် ခန္တီပရမတ္ထ ပါရမီတော် ဖြည့်ကျင့်သော ဘဝသည်ကား၊ ခန္တီဝါဒီဇာတ်တော်၌ သူတပါးတို့ မနှိုင်းယှဉ်နိုင်အောင် ပရမတ္ထပါရမီတော်ကို ဖြည့်ကျင့် တော်မူ၏။

ထို့ကြောင့်- အစေတနံဝ ကောဒ္ဓေ၊
တိကျေ့နေ ဖရသုနာမယံ။

ကာသိရာဇေ နကုပ္ပါမိ၊
ဃော မေ ခန္တိပါရဒိတိ။ ။

အနက်ကား။ ။အစေတနံ၊ စိတ်မရှိသော သစ်တုံးကို။ ကောဠဒ္ဓနော ရှုဝ၊ ခုတ်ဖြတ်သင့်သို့။ မမံ၊ ငါ့ကို။ တိုက္ခေန၊ ထက်စွာသော။ ဗရသုနာ၊ ပေါက် ဆိန် ဖြင့်။ ကောဠဒ္ဓနော၊ သူသတ် ယောက်ျားတို့ကို ခုတ်ဖြတ်စေသော။ ကာသိရာဇေ ကာသိရဇည်း၊ ကာလာပုမည်သော ကာသိမင်းခို။ နကုပ္ပါမိ၊ အမှုက်မထွက်။ ဃော၊ ဤသို့။ ကာသိမင်းခို အမျက်မထွက်ခြင်းသည်။ မေ၊ ငါ၏။ ခန္တိ ပါရမီ၊ ပရမတ္ထခန္တီပါရမီသည်။ အဟောသိ၊ ဖြစ်ပြီ။ ဤသို့လျှင် ဘုရားလောင်း ခန္တီဝါဒိရသေ့သည်၊ ပရမတ္ထပါရမီကို ဖြည့်ကျင့်တော်မူ၏။

ထိမှဘပါး၊ သစ္စာပါရမီတော်ကို ဖြည့်ကျင့်သည်ကား၊ သစ္စာပါရမီ၊သစ္စာဥပပါရမီ၊သစ္စာပရမတ္ထပါရမီ သုံးဂါးတို့တွင် သစ္စာပရမတ္ထပါရမီကို ဖြည့်ကျင့်သော ဘဝသည်ကား၊ သူကပါးတို့ မနှိုင်းယှဉ်နိုင်သော သစ္စာပါရမီတော်ကို ဖြည့်ကျင့်တော်မူ၏။ထို့ကြောင့်-မဟာသုတသောမဇာတ်တော်၌.....။

သစ္စဝါစံ အနုရက္ခန္တော၊
စဇိတ္ထာ မမ ဇိဝိတံ။

မောစေသိ ဇကသတခတ္တိယော၊
သော မေ သဒ္ဓေ ပါရဒိတ်။ ။

အနက်ကား။ ။သာဓုရှုတ္ကား၊ ချစ်သား-သာဓုရှုတ္ကုရာ။ မဟာသုတ သောမရဏဇာတ္ကတော၊ မဟာသုတသောမ မင်းဖြစ်သော။ အဟံ၊ ငါဘုရားလောင်းသည်။ သဒ္ဓေ၊ စိတ်သဒ္ဓာစကားကို။ အနုရက္ခန္တော၊ စောင့်သည်ဖြစ်၍။ မမ၊ ငါ၏၊ ဖိုးဝိတံ၊ အသက်ကို။ စဖိတ္တွာ၊ စွန့်၍။ ဇကသတခတ္တိယော၊ တရုတ်ယောက်သော မင်းတို့ကို။ မောစေသိ ! သေဘေးမှ လွတ်စေပြီ။ ဇသော၊ ဤသို့။ အသက်ကိုစွန့်၍၊ သဒ္ဓာစောင့်ခြင်းသည်။ မေ၊ ငါ၏။ သဒ္ဓါပါရမီ၊ သဒ္ဓါပရမတ္ထပါရမီမည်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဤသို့လျှင် ငါတို့ ဘုရားလောင်း အသက်ကို စွန့်၍ သဒ္ဓါပရမတ္ထ ပါရမီတော်ကို ဖြည့်ကျင့်တော်မူ၏။

ထိုမှတပါး၊ ငါတို့၏ဘုရားအလောင်းမူဂပက္ခဇာတ်တော်၌၊ အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူသည်ကား၊ အဓိဋ္ဌာန် ပါရမီ၊ အဓိဋ္ဌာန်ဥပပါရမီ၊ အဓိဋ္ဌာန် ပရမတ္ထ ပါရမီ သုံးပါးတို့တွင် အဓိဋ္ဌာန် ပရမတ္ထ ပါရမီကို ဖြည့်ကျင့်သော ဘဝသည်ကား၊ သူတပါးဘို့ မင်္ဂဇင်းယဉ်ဦးနှင်အောင် ဖြည့်ကျင့်တော်မူ၏။

ထို့ကြောင့်— မာတာ ပိတာနု မေဒေသာ၊
နပိဒေသံ မဟာယသံ။
သဗ္ဗညုတံ ဝိယံ မယ္ဟ၊
တဿ ဘဝတံ အဓိဋ္ဌိ။

.အနုက်ိကား။ ။သာရိပုတ္တာ၊ချစ်သား-သာရိပုတ္တရာ။ မှုဂပဂ္ဂဝတ္ထုတော၊ မအ,ဘဲသျက်၊ အ,ချင်ယောင်ဆောင်သည်ဖြစ်၍, ဖြစ်သော။ အဟံ၊ ငါဘုရားလောင်းသည်။ မာတာ၊မယ်တော်ကိုရင်း။ ပိတာ၊ ခမည်းတော် ကိုရင်း။ ဥဘော၊ နှစ်ဦးကုန်သော ခမည်းတော်,မယ်တော်တို့ကို ပေ၊ ငါသည်။ ဒေသာ အဒ္ဒိယာ၊ မချစ်အပ်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။မဟာ'ယသသံ၊ ကြီးစွာသော အခြံအရံ,စည် စိမ်ကိုလည်း။ဒေသာ အမ္ဗိယာ၊ ချစ်အပ်သည်။ နဟောတိ၊ မဖြစ်။တေဟိ၊သို-မယ်တော်,ခမည်းတော်၊ စည်းစိမ်အခြံအရံတို့ထက်။ သဘာဝဏေန၊ အဆအထောင်ဖြင့်ရင်း။ မယ္ယ'၊ ငါသည်။သဗ္ဗညုတံ၊သဗ္ဗညုတဉာဏ်တော်ကို။ ပိယံ'ဝယာ၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏၊တသ္မာ၊ထို့ကြောင့်။ဝတံ'၊အ,ကျွန်၊ဆွံ့ကျွန်၊နားပင်းကျွန်မှသော အကျင့်ကို။အဒိန္နာဟိ၊ဆောက်တည်ပြီး။

ဤသို့လျှင် ငါတို့၏ ဘုရားအလောင်းတော် တေဒိ, မင်းသားသည် ပရမတ္ထအဒိန္နာနပါ၊ရဒီတော်ကို အသက်စွန့်လျက်၊ ဖြည့်ကျင့်တော်မူ၏။ ထိုမှတပါး၊ ငါတို့ဘုရားလောင်း ဇကရာဇာမင်းသည် မေဇ္ဈာ, ပါရမီတော်ကို ဖြည့်ကျင့်သည်ကား၊ မေဇ္ဈာပါရမီ၊ မေဇ္ဈာဥပပါရမီ၊ ပရမတ္ထပါရမီ သုံးပါးတို့တွင် မေဇ္ဈာပရမတ္ထ ပါရမီတော်ကို ဖြည့်ကျင့်သော ဘဝသည်ကား၊ သူတပါးနှင့် မတူအောင် ဖြည့်ကျင့်တော်မူ၏။

ထို့ကြောင့်- နမံကောစိ သန္တိ သတိ၊
နဝိဟံ ဘာဝယာမိ ကသ္သစိ။
မဇ္ဈာ ဗလေနဲ့ ပဏ္ဍေါ၊
ရမာမိ ပဝနေ တဒါတိ။ ။

အနက်ကား။ ။သာရိပုတ္တာ၊ချစ်သား-သာရိပုတ္တရာ။ ယခု၊အကြင်အခါ၌။ကောရာဇာနှာမ၊ ကောရာဇမည်သော မင်းသည်။ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ မံ မယာ၊ ငါမှ။ကောစိ၊တစုံတယောက်သောသူသည်။နဘာဝယတိ မကြောက်မရွံ့။ အဟမ္ပိ၊ ငါသည်လည်း။ ကသ္သစိ၊ တစုံ တခုကိုမျှ။ နဘာဝယာမိ၊ မကြောက်မရွံ့။ မဇ္ဈာဗလေနဲ့၊ မဇ္ဈာဘာဝနာ၏ အစွမ်းဖြင့်။ ဥပဏ္ဍေါ၊ ထောက်ပန့် အပ်သည်ဖြစ်၍။ ပဝနေ၊ တောကြီး၌။ ရမာမိ၊မွေ့လျော် ၏။ ဤသို့လျှင် ငါတို့၏။ ဘုရားလောင်း ကောရာဇာမင်း သည် အသက်ကိုစွန့်၍၊ မေဓာဘာဝနာကို ဖြည့်ကျင့် တော်မူခြင်းသည်၊ မဇ္ဈာပရမတ္ထပါရမီဖြစ်တော်မူ၏။

ထိုမှတပါး၊ငါတို့ဘုရားလောင်း လောမဟံသဘဝ၌ ဥပေက္ခာ ပါရမီတော်ကို ဖြည့်ကျင့်ဘော် မူသည်ကား၊ ဥပေက္ခာပါရမီ၊ ဥပေ က္ခာဥပပါရမီ၊ ဥပေက္ခာပရမတ္ထ ပါရမီ ဖြည့်ကျင့်တော်မူသော ဘဝသည်ကား၊ လောမ ဟံသဇာတ်၌ ရှင်သာရိပုတ္တရာအား၊ ဘုရားဟောတော် မူသည်။

ထို့ကြောင့်- သုသာနေ သေယျံ ကပ္ပေမိ၊
ဆဝ၌ကံ ဥပနိဓာယ။

ဂါမဏ္ဍလာ ဥပဂုတ္တိ၁၊
ရုပ်ဒသေယျနှိ အနုပ္ပန္နိ။

အနက်ကား။ ။သာဝတ္ထိပုရီ၌ချစ်သား-သာဝတ္ထိပုရီ အဟံ၊ ငါသည်။ လောမဟံသဇာတကော၊ လောမဟံသဖြစ်သော ကာလ၌။ သုသာနေ၊ သုသာန်သင်းချိုင်း၌။ ဆဝဋ္ဌိကံ ဓွန့်ပစ်အပ်သော သူသေကောင်၏ စက်ဆုတ်ဘွယ်သော အရိုးကို။ ဥပနိဓာယ၊ ခေါင်းအုံး၍။ သေယျံ၊ အိပ်ခြင်းကို။ ကပ္ပေမိ၊ ပြု၏။ အဝံသယာနံ ၊ဤသို့။ အရိုးကို ခေါင်းအုံး၍အိပ်သော။ ဒါ၊ ငါ့ကို။ ဂါမဏ္ဍလာ၊ ရွာသူငယ်တို့သည်။ ဥပဂုတ္တိ၁၊ ကပ်၍။ အနုပ္ပကံ ရှားစွာသော။ ရုပ်ဝိဝဏ္ဏကာ၊ တံတွေး ထွေးခြင်း, ကျင်ငယ်, ဓွန့်ခြင်းစသော ပေါက်ပြန်သော အမှုအရာကို။ ဒဿာနိ၊ ပြကြကုန်၏။

ဤသို့လျှင် ငါတို့ဘုရားအလောင်း လောမဟံသလုင်သည် ဆင်းရဲချမ်းသာကို လျှစ်လျူရှုတော်မူ၍။ ပရမတ္ထ ဥပေက္ခာပါရမီတော်ကို ဖြည့်ကျင့်တော်မူ၏။

ဤပြခဲ့သော ပါရမီဆယ်ပါး၊ အပြား ၃၀-တို့၏ အစဉ်သည် အကျဉ်းမျှသာဖြစ်၏။ အကျယ်အလိုရှိပါလျှင် စရိယာပိဋကတ်ကျမ်းကြီးဖွင့်ကြည့်ရှုတော်မူကြပါကုန်။ ဤသို့-ပါရမီတော်တို့ကို ဖြည့်ကျင့်တော် မမြဲလျှင် ဝေဿန္တရာဘဝဖြစ်တော်မူ၍၊ အပေါင်းအား ဖြင့်၊ ဆယ်ပါးသော ပရမတ္ထပါရမီတော်တို့ကို ဖြည့်ကျင့်သော အခါ

စိတ်စေတသိက်ကင်းသော မဟာပထဝီ, မြေကြီးသည် ခုနစ်ကြိမ်တိုင်တိုင်၊ အိုးထိန်းစက်ကဲ့သို့ရင်း။ ယောဇဉ်လွှဲ သကဲ့သို့ရင်း။ အောက်သို့ညွှတ်၍ရင်း။ အထက်သို့တက်၍ ရင်း။ ထိုမှ-ဤမှ မြေလှုပ်ကုန်၏။

ထို့ကြောင့်- အစေတနာ ယံ ပထဝီ၊
အဝိညာယ သုခ ဒုက္ခံ။
သာပိဒါနိ ဗလာမယ္ဟ ၊
သဗ္ဗာကာရေန၊ ပကမ္ပထာတိ။ ။

အနက်ကား။ ။သာရိပုတ္တ၊ချစ်သား-သာရိပုတ္တရာ အဟံ၊ ငါဘုရားလောင်း ဝေဿန္တရာ မင်းကြီးသည်။ ယဒါ၊ အကြင်-အခါ၌။ ဝေဿန္တရော ရာဇာနာမ၊ ဝေဿန္တရာမည်သော မင်းသည်။ အဟောသိ၊ ဖြစ်ပြီ။ တဒါ၊ထို-ဝေဿန္တရာမင်းကြီး ဖြစ်သောအခါ၌။ အစေ တနာ!စိတ်မရှိသော။အယံပထဝီ၊ ဤမြေကြီးသည်။ သုခ ဒုက္ခံ၊ ချမ်းသာ-ဆင်းရဲကို။ အဝိညာယ အသိ၊ မသိမှု၍ လည်း။သာ၊ ထိုမြေကြီးသည်။ မယ္ဟ ၊ငါ၏။ဒါန ဗလေန ဒါနဖြင့်အစွမ်းကြောင့်။သဗ္ဗာကာရေန၊ သုခ ဒုက္ခံ၊ ပကမ္ပထ၊ ဝဲ, ယာ, ရှေ ,နောက်၊ ထက်အောက်ခြောက် ထွေ၊ တုန်လှုပ်လေ၏။ ။ထိုဝေဿန္တရာ မင်းကြီးဘဝ၌ မျှားစွာသောမြေကိုလှုပ်စေတတ်သောကုသိုလ်ကောင်း မှုတို့ကို ပြုပြီး၍၊ ထို-ဝေဿန္တရာဘဝမှ စုတေသော်၊ တုသိတာ, နတ်ပြည်၌ သေတကေတု အမည်ရှိသော

သန္ဓာ၊သိုတ, နတ်မင်းကြီးဖြစ်လေ၏။ ထိုနတ်မင်းကြီး၏ အသက်ကို လူတို့ကရေတွက်သော်၊ ငါးဆယ်ခုနစ်ကုဋေ အနှစ်ခြောက်သန်းကာလပတ်လုံး နတ်တို့၏စည်းစိမ်ကို ခံစားလျက်၊ ခုနစ်ရက်, အသက်ကြွင်းကို သော အလောင်း ဘော်-သေတဂေတု, သန္ဓာ၊သိ နတ်သားသည် နတ်တို့၏သက်တန်းကုန်လတ်သော်၊ ငါးပါးသော ပုဗ္ဗနိမိတ်တို့ဖြစ်ကုန်၏။

(၁) နတ်တို့၏အဝတ် ညစ်နွမ်းခြင်း။

(၂) နတ်တို့၏ပန်းညှိုးနွမ်းခြင်း။

(၃) လက်ဂတိုးကြားတို့မှ ချွေးထွက်ခြင်း။

(၄) နတ်တို့၏ကိုယ်အဆင်းပျက်ခြင်း။

(၅) နတ်တို့၏နေရာ၌ မရပ်တည်နိုင်ခြင်း။

ထို-ပုဗ္ဗနိမိတ် ငါးပါးကို အလောင်းမင်း နတ်သား မြင်လတ်သော်၊ သံဝေဂ, ထိတ်လန့်ခြင်းသို့ ရောက်လေ၏။

ဂေါတမဘုရားအလောင်းတော်နတ်သက် ယူပုံအခန်း။

သေတဂေတု အမည်ရှိသော သန္ဓာ၊သိုတဘုရား လောင်းနတ်သားသည်ထိတ်လန့်ခြင်းသံဝေဂဖြစ်လျက် ဘုသိတာနတ်တို့၏ အရေအတွက် ခုနစ်ရက်၊ လူတို့၏

အသက်နှင့်ရေတွက်သော၊(၅၆၀၀)ငါးထောင့်ခြောက်ရာ,နှစ်တို့ပတ်လုံး၊ ထိတ်လန့်ခြင်း သံဝေဂဖြစ်ကုန်၏။

နတ်သက်ယူပုံ အနည်းငယ် ဆင်ခြင်းဘုံ။

★ လူတို့၏အသက်အနှစ်ငါးဆယ်ကို=စတုမဟာရာဇ်နတ်တို့အသက် တရက်,တည့်ဂ်ိ၏။

★ လူတို့၏အသက်အနှစ်နှစ်ရာ်ကို=တာဝတိ$^{\circ}$သာနတ်တို့ အသက် တရက်,ဘည့် ဂ်ိ၏။

★ လူတို့၏အသက် အနှစ် လေးရာကို=ယာမာ,နတ်တို့အသက် တရက်နှင့်တည့် ဂ်ိ၏။

★ လူတို့၏ အသက် ၅စ်ရာကို=တုသိတာ နတ်တို့အသက် တရက်နှင့်တည့်ဂ်ိ၏။

ဘုရားလောင်း၏ တုသိတာနတ်ဘုံ၌ သံဝေဂ,ထိတ်လန့်ခြင်း ဖြစ်နေသော အသက်ကြွင်းသည် ခုနစ်ရက်ဖြစ်၍၊ ခုနစ်ရက် × ရာ၅စ်လို (၅၆၀၀)။ လူတို့ အနှစ်အား၊ဖြင့် ရေတွက်ရမည်။

လူပြည်၌ မင်းဆက်မျှားသည် အောက်ပါအတိုင်း ဖြစ်၏။ ပညာ၅င်တို့ ဆင်ခြင်၍ယူကုန်လော့။

(ရေးရှေ့ကြောင်း)

သမ္ဗတမင်းဆက်ကို ပြသောအခက်း။

ကသေပဖြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည်နောက်၊ လူတို့၏အသက်, ဆုတ်သက် ဖြစ်၍၊ ဆယ်နှစ်သန်းသို

ရောက်လျှင်၊ ကပ်သုံးပါးဘေးထိခိုက် သေကြကုန်သော်၊ တဖန်-ကြင်းသော လူတို့ဖျက်အသက် ကင်းခြင်း၊ အသေဘေးယျတန်းသို့ ရောက်သဖြင့်၊ တဖန်-ဆုတ်ခွာပြန်လျှင်၊ တဆဲ့တကြိမ်ပြောက် သမ္မတသမုတ်ခြင်း၊ မင်းလုပ်စေကြသည်။ ဆုံ-သမ္မတမင်းသေသော် ထိုမင်းဖျိသားတော် ရောဇမင်း၊ ဝင်းဖျိသား ဝရရောဇ၊ ဝင်းဖျိသား ကလျာဏ၊ ဝင်းဖျိသား ဂရကလျာဏ၊ ဝင်းဖျိသား ဥပေါသထ။ ဝင်းဖျိသား မန္ဓာတ်၊ ဝင်းဖျိသား ဝရ၊ ဝင်းဖျိသား ဥပဝရ ဝင်းဖျိသားစေတိယ၊ဝင်းဖျိသားမုစလ၊ဝင်းဖျိသား မဟာမုစလ၊ဝင်းဖျိသား မုစလိန္ဒ၊ ဝင်းဖျိသား သာဂရ၊ ဝင်းဖျိသား သာဂရဒေဝ၊ဝင်းဖျိသားအင်္ဂရသ ၊ ဝင်းဖျိသားရုစိ၊ ဝင်းဖျိသားသုရုစိ ဝင်းဖျိသားပတာပ၊ဝင်းဖျိသားမဟာပတာပ၊ဝင်းဖျိသား ပနာဒ၊ဝင်းဖျိသားမဟာပဒါန၊ဝင်းဖျိသား သုဒဿန ဝင်းဖျိသားမဟာသုဒဿန၊ ဝင်းဖျိသားနေရု၊ဝင်းဖျိသားမဟာနေရု၊ဝင်းဖျိသားအဘ္ဘိမ, မင်းပြစ်ဖျိ။ ။(တဆဲ့တကြိမ်ပြောက် သမ္မတမင်းဖျိ အဆက် နှစ်ဆဲ့ရှစ်ယောက်တို့သည် မင်းပြုကြကုန်ဖျိ။)

အဘ္ဘိမ,မင်းဖျိ သား,မြေး,မြစ်,ကရာတို့သည် ကုသဝတီပြည်၊ ရာဇဂြိုဟ်ပြည်၊ မိဇ္ဈိလာပြည် ဆုံးပြည်တို့၌ မင်းပြုကြကုန်ဖျိ။ ။တရာသော မင်းတို့ဖျိ နောက်ဆုံး အာရိန္ဒမ, မင်းဖျိ သား, မြေး,မြစ်,ငါးဆဲ့ခြောက်သောင်း မင်းတို့သည် အယုဇ္ဈပုရပြည်၌ မင်းပြုကြကုန်ဖျိ ထို-ငါးဆဲ့ခြောက်ယောက်သော မင်းတို့အဆုံး၊ ဒုပ္ပသ၊ မဟာ

ဏ် သား, မြေး, မြစ်, ဖြစ်ကုန်သော ခြောက်ဆယ်သော မင်းတို့သည် ဗာရာဏသီပြည်၌ မင်းပြုကြကုန်၏။ ထို ခြောက်ဆယ်သော မင်းတို့၏ အဆုံး၌၊ အဓိတမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော ရှစ်သောင်းလေးထောင်သော မင်းတို့သည် ကပ္ပလပြည်၌ မင်းပြုကြကုန်၏။ ထို ရှစ်သောင်းလေးထောင်သော မင်းတို့၏ အဆုံး၊ ဗြဟ္မာ မင်း၏သား, မြေး, ဖြစ်ဖြစ်ကုန်သော သုံးဆဲ့ခြောက်ယောက်သောမင်းတို့သည်ဟတ္ထိပုရပြည်၌မင်းပြုကြကုန်၏။ ထို-သုံးဆဲ့ခြောက်ယောက်သောမင်းတို့၏ အဆုံး ကမ္မလဝံသ မင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော သုံးဆယ်နှစ်ယောက်သော မင်းတို့သည် ဒုကစက္ကုပြည်၌ မင်းပြုကြကုန်၏။ ထို-သုံးဆဲ့နှစ်ယောက်သော မင်းတို့၏ အဆုံး၊ သူရိန္ဒဝမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော နှစ်ဆဲ့ရှစ်ယောက်သောမင်းတို့သည် ဝဇိရရဏ္ဍပြည်၌ မင်းပြုကြ၏။

ထိုနှစ်ဆဲ့ရှစ်ယောက်သော မင်းတို့၏အဆုံး၊ သာဓိန မင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော နှစ်ဆဲ့နှစ်ယောက်သော် မင်းတို့သည် မဂ္ဂုရပြည်၌ မင်းပြုကြကုန်၏။ ထို-နှစ်ဆဲ့နှစ်ယောက်သောမင်းတို့သည် ထိုမင်းတို့၏အဆုံး၊ ဝမ္မဂုဏ္ဍမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော တဆဲ့ရှစ်ယောက်သော မင်းတို့သည် အရိဋ္ဌပုရပြည်၌ မင်းပြုကြကုန်၏။ ထို-တဆဲ့ရှစ်ယောက်သော မင်းတို့၏ အဆုံး၊ သဝိမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော တဆဲ့ခုနစ်

ယောက်သော မင်းတို့သည် ဋ္ဌနုပဋ္ဌပြည်၌ မင်းပြုကြ ကုန်၏။ ထို-တဆဲ့ခုနှစ်ယောက်သော မင်းတို့၏ အာ့ဆုံး၊ ဗြဟ္မဒေဝမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော တဆဲ့ ငါးယောက်သော မင်းတို့သည် ဇကေစက္ကုပြည်၌ မင်းပြု ကြကုန်၏။ထို-တဆဲ့ငါးယောက်သော ၎င်းတို့၏ အာ့ဆုံး၊ ဗလဒဿမင်း၏သား, မြေး, မြစ်ဖြစ်ကုန်သော တဆဲ့လေး ယောက်ကုန်သော မင်းတို့သည် ကောသမ္ဗီပြည်၌ မင်း ပြုကြကုန်၏။ထိုမင်းတို့၏အာ့ဆုံး၊ဟတ္ထိဒေဝမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော ကိုးယောက်သော မင်းတို့သည် ကဏ္ဍာဂေါ ဋ္ဌပြည်၌ မင်းပြုကြကုန်၏။ ထို-ကို ယောက် သော မင်းတို့၏အာ့ဆုံး၊ နရဒေဝင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော ခုနှစ်ယောက်သော မင်းတို့သည် ရောဇ ပြည်၌ မင်းပြုကြကုန်၏။ထိုခုနှစ်ယောက်သောမင်းတို့၏ အာ့ဆုံး၊ မဟိန္ဒာမင်း၏ သားမြေးမြစ်ဖြစ်ကုန်သော တဆဲ့ ခုနှစ်ယောက်သော မင်းတို့သည် စမ္ပါပြည်၌ မင်းပြုကြ ကုန်၏။ ထိုတဆဲ့ခုနှစ်ယောက်သော မင်းတို့၏အာ့ဆုံး နာဂ ဒေဝမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော ခုနှစ်ဆဲ့ငါး ယောက်သော မင်းတို့သည် ပါဋ္ဌလီပြည်၌ မင်းပြုကြ ကုန်၏၊ ထို-ခုနှစ်ဆဲ့ငါးယောက်သော မင်းတို့၏ အာ့ဆုံး၊ သမုဒ္ဒဒတ္တမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော ခုနှစ်ဆဲ့ ငါးယောက်သော မင်းဘို့သည် ရာဇဂြိုဟ်ပြည်၌ မင်းပြု ကြကုန်၏။ ထိုခုနှစ်ဆဲ့ငါးယောက်သော မင်းတို့၏အာ့ဆုံး၊ တိဝက်ရမင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော တဆဲ့

နှစ်ယောက်သော မင်းတို့သည် တက္ကသိုလ်ပြည်၌ မင်းပြုကြကုန်၏။ ထိုတဆဲ့နှစ်ယောက်သော မင်းတို့၏ အဆုံး၊ တာလိယရ မင်း၏ သား, မြေး, မြစ်, ဖြစ်ကုန်သော တဆဲ့နှစ်ယောက်သော မင်းတို့သည် ကုသိနာရုံ ပြည်၌ မင့်ပြုကြကုန်၏။ ထိုမင်းတို့၏အဆုံး ပူရိန္ဒမင်း၏ သား, မြေး, မြစ်, ဖြစ်သော ကိုးယောက်သော မင်းတို့သည် မလိတ္တိယပြည်၌ မင်းပြုကုန်၏။ ထိုကိုးယောက်သော မင်းတို့၏အဆုံး၊ သာဂရဒေဝမင်း၏ သား, မြေး, မြစ်, ဖြစ်သော မဂ္ဂဒေဝအစ, ရှစ်သောင်းလေးထောင်ကုန်သော မင်းတို့သည် မိဇ္ဈိလာပြည်၌ မင်းပြုကြကုန်၏။ ထိုရှစ်သောင်းလေးထောင်သော မင်းတို့၏အဆုံး၊ နေမိ မင်း၏ သား, မြေး, မြစ်, ဖြစ်သော ကဠာရဇနက်အစ, ရှစ်သောင်းလေးထောင်သော မင်းတို့သည် ဗာရာဏသီပြည်၌ မင်းပြုကြကုန်၏။ ထို–ရှစ်သောင်းလေးထောင်သောမင်းတို့၏အဆုံး၊သိဟပတိမင်း၏ သား, မြေး,မြစ် ဖြစ်သော တဆဲ့ခြောက်ယောက်သော မင်းတို့သည် ဗာရာဏသီပြည်၌ မင်းပြုကြကုန်၏။

သမ္ဘာမင်းအစ, ဥက္ကာဂရာဇ်မင်းကိုင်အောင် မင်းတို့၏ အစဉ်အဆက် ရေတွက်သော်၊နှစ်သိန်းငါးသောင်း နှစ်ထောင်ငါးရာငါးဆဲ့ခြောက်ယောက်တည်း။

ဆို့ကြောဒ့-ပသီဘိစသး ဒုးချုဒ်ဒ့.....

ယင်းသို့မှတ်သိန်း၊ဂဏာန်းကိ ုဖြင့် နှစ်သိန်းငါးသောင်း၊ နှစ်ထောင် ငါးရာ၊ ငါးဆယ်သာမှ၊ စွန်းပါ ခြောက်ပါး၊

နွယ်တော်များကို ခြားနားသိုးသိုး၊ လျှောက်ခဲ့ပြီး၍၊ ဟု စပ်ဆိုလေသည်။

ကပ္ပိလဝတ်ပြည် တည်ခြင်းကို ပြုသောဘုရား။

ဆက်၍ဆိုဦးအုံ့။ ဥက္ကာဝဏ ရာဇာမင်းကြီးအား၊ ဟဿာ, စိဿာ, စနွာ, ဇာလိနီ, ဝိသာခါ, ဟူ၍၊ မိဖုယားငါးယောက် ရှိသည်။ ထိုငါးယောက်တို့တွင် ဟဿာဝတီဖုယားကြီးခဲ့ ဥက္ကမုခ္ခ၊ ကရဏ္ဍ၊ ဟတ္ထိနိုက၊ နိပုဏ. ဟူ၍၊ သားလေးယောက်။ ဒီပယာ၊ သုဒီယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတာသေနု, ဟူ၍၊ သမီးငါးယောက်ရှိသည်။ တနေ့သခ်ိ၊ ဟဿာဝတီဖုယားကြီး သေလျှင်၊ အလွန်-လိမ္မာ ယဉ်ကျေးသော မိဖုယားငယ်တယောက်ကိုမိဖုယားကြီး, အရာထားလေသော်၊ ထိုမိဖုယားတွင် ဇနီးမည်သောမင်းသားကလေး ပွားမြင်၍၊ အလွန်ချစ်လှသဖြင့်၊ မိဖုယားအား အလိုရှိသောဆုကို ယူလော့ဟု ဆုပေးလျှင်၊ မိဖုယားသည် အခြားဆုကိုမယူ။ သားတော်ကလေးအား၊ မင်းအဖြစ်ကို သာ, ပေးပါမည့်အကြောင်း၊ ဆုတောင်းလေ၏။ ဥက္ကာ ကရာဇာ မင်းကြီးသည် ဤဆုကား သားတော်ကြီးတို့၏ အနှစ်ရာယ်ကိုပြုသည်ဟူ၍ အကြိမ်ကြိမ် တားမြစ်တော်မူ၏။ မိဖုရားကြီးသည် စကားမြဲ့ခိုင်စက်ရကား ဥက္ကာ ကရာဇာမင်းကြီးသည် သားတော်ကြီးတို့ကိုခေါ်၍ သားကြီးတို့ သင်တို့၏ညီငယ် ဇနီးမင်းသား၏အမေ မိဖုရားကြီးသည် သူ၏ သားတော်အတွက် မင်း အ ဖြစ်ကို

တောင်းဏ။ သားကြီးတို့သည် အဘခမည်းတော် သေ လွန်သော် မင်းပြုလည့်ကြကုန်လေ့။ ငါ၏မင်္ဂလာ ဆင် မြင်း ရထားတို့ကို ချန်ထားခဲ့၍၊ အလိုရှိသော ဆင် မြင်း ရထား ပစ္စည်း ဣ ဌ ရတနာတို့ကို ယူ၍သွားကြကုန် လေ့ဟု ပြောဆိုသော်၊ မင်းသားတို့သည် ငိုကြွေး ပူဆွေးကုန်လျက် ရှစ်သောင်းသော အမတ်တို့ကို ခေါ်၍ ၎င်း၊ နှစ်မတော် ငါးယောက်တို့ကိုဝင်း၊ အလိုရှိသော ဆင် မြင်း ရထား ပစ္စည်း ဥစ္စာ ရတနာတို့ကို ယူ၍ ဟိမဝန္တာသို့သွားကြကုန်၏။ ဟိမဝန္တာတောသို့ ရောက် သောအခါ မြို့နေရာကို လှည့်လည်၍ ရှာကြလေသော်၊ မြေကြီး ၏လက္ခဏာကိုသိသောကပ္ပိလမည်သောရသေ့ ကြီး၏ သခိုန်းကျောင်း၏ အနီးသို့ ရောက်လာကုန်၍ အကြောင်းမျိုးစုံကို မေးသော်၊ ထိုအကြောင်းကို သိ၍ သင်တို့သည် ဤငါ၏ သခိုန်းကျောင်း နေရာကို မြို့နန်း တည်ကုန်၏၊ ထို့ကြောင့် ထိုမြို့ကို ကပ္ပိလ.....ခေါ်ဝေါ် ကုန်၏။

ကပ္ပိလဝတ်ပြည်၏အကြောင်းပြသောအခေတ်ပြီး၏။

ကောလိယပြည်ဖြစ်ပုံအကြောင်း။

ဤသို့လျှင် ဥက္ကာမုခ မင်းသား အမှူးပြုသော မင်းညီနောင်တို့သည် ကပ္ပိလဝတ်ပြည်ကို တည်ထောင်၍ နေကြစဉ်၊ အမတ်တို့သည် မင်းသား မင်းသျှီးတို့ အံ့ချိန် အရွယ်ရောက်သည်ကို သိကုန်၍ အမျိုးပျက်မည်ကို စိုးသောကြောင့် အမကြီး-မပိယာ ကို အပိအရာထား၍-

ဥက္ကာမုခ မင်းသားနှင့် - သုဒိယာ မင်းသျှီး
ကရဒဏ္ဍ မင်းသားနှင့် - မ အာနန္ဒာ မင်းသျှီး
ဟတ္ထိနိက မင်းသားနှင့် - မ ဝိဇိတာ မင်းသျှီး
နိဂုကာ မင်းသားနှင့် - မ ဝိဇိတာသေန မင်းသျှီး

ပေါင်း လေးစုံသော မင်းသား မင်းသျှီးတို့၏ မဂ်လာလက်ထပ်ပွဲကြီး ဆင်ယင်၍ နေထိုင်ကြ ကုန်၏။ ထိုအကြောင်းကို ခမည်းတော် ဥက္ကာကရာဇ် မင်းကြီးကြားလျှင်-

သက္ကာဝတ-ဇုမေကုမာဂုဟ-ဟု ဆိုမည်တမ်းလေ၏။ ဤ မင်းသား မင်းသျှီးတို့သည် မောင်နှင့်နှစ်မ ကာမဂုဏ်အာရုံ စွမ်းနိုင်ကုန်စွဟု ဆိုပြည်တမ်းတကုန်၏။

ထို့ကြောင့် ဥက္ကာမုခမင်းမျိုးတို့ကို သာကီဝင် မင်းမျိုးဟု ခေါ်ဆိုကြကုန်၏။

ပလိတ်စားချောင်းခွ.....ကပ္ပိလဟု၊မည်ရ ဘုန်းဟော-ရှင်ရသော့လျှင် ပြ၍တည်သည်သည်၊ပြည်ခွာနိုကို၊ကပ္ပိလဝတ်

မေဝ်ကွန်းမှတ်၍၊သက်ပြတ်လှုမ္ဘ၊ မောင် နှစ်မတ္ဌ၊ တူကွ စုံပေါင်း၊ခံကြကြောင်းကို၊ဆင့်လောင်းဘခင်၊ကြားလေ ချင်သော်၊ကျမ်းကျင်လေဖြစ်၊ငါ့သားချစ်သို့၊ မင်းစစ်ပြီ လှ၊ စွမ်းနိုင်စွဟု၊ဖြိုက်ဟသွန်းသွန်း၊ ပိန့်ရှေ့ခွန်းကြောင့်၊ မျှော်မှန်းသောင်းခွင်၊ သာကီဝင်ဟု၊ လွန်ထင်ကျော်ဟင်း၊ ဖြတ်နွယ်မျိုးတွင်၊ ဟု-စပ်လေသည်။

အ်ခမကြီး မဒီယာမှာဘော့ နှုနာရောဂါစွဲကပ်လာသဖြင့် မောင်နှစ်မ သားချင်းတို့နှင့် အတူနေခြင်းငှါ မသင့်ရ ကား တောအရပ်၌ ဂူလှိုင်တူး၍ နေစေ၏။ ထိုအခါ ဗာရာဏာသိမင်းကလဲ နှုနာရောဂါစွဲကပ်၍ သားတော် ကြီးအား တိုင်းပြည်ကိုစွန့်၍ တောသို့ဝင်လျက်၊ သစ်ဥ သစ်ဖြစ် သစ်ရွက် သစ်ပွင့်တို့ကို စားသောက်သဖြင့် စွဲ ကပ်သော နှုနာရောဂါပျောက်ကင်း၍၊ ရှေးကဲ့သို့ အဆင်း ရှိလေ၏။ ထိုဗာရာဏာသီ ရာမမင်းသည် နှုနာရောဂါ ပျောက်ကင်း၍ တခုသောအခေါင်းရှိသော ဂေလောပင် ကြီးကို အိမ်ပြု၍နေလေ၏။ ထိုရာမမင်းသည် ညဉ့်အခါ ၌ သစ်,ကျား,ခြင်္သေ့ တို့၏ သားကောင်ကို ကိုက်၍ စား သော အသံကိုမှတ်၍ နေ့အခါ ထို သားကောင်အသံ ကြားရာအရပ်သို့သွား၍ စားကြွင်းကို ဆောင်ယူကာ ဒီးနှင့် ကျိုချက်၍စားလေ၏။

တနေ့သော ညဉ့်အခါ၌။ မဒီယာ အနှမ ထားရာ ဂူ လှိုင်သို့ လှုန့်. အနုံ.နုံသဖြင့် သစ် ကျား တို့သည် လာ၍ တံခါးတို့ကို ကိုက်ဖဲ. ဖွင့်လှစ်သော်၊ မဒီယာ အနှမ

သည် အလွန်ကြောက်၍ အလန့်တကြား လူသံဖြင့် အော်ဟစ်သော၊ သစ်ကျားတို့သည် လူကို အလွန်ကြောက်၍ ထွက်ပြေးလေ၏။ နံကင်းလင်းသောအခါ ဗာရာဏသီ ရာမ မင်းသည် ညအခါက လူသံကြားရာ အရပ်သို့လာ၍ မဝိယာ နေသော ဂူလှိုင်သို့ ရောက်လေ၏။ ထိုအခါ မဝိယာအားတွေ့သဖြင့် အသင်ဘယ်သူလဲ မေးရာ၊ မဝိယာသည် လူဖြစ်ကြောင်း၊ မင်းသို့ဖြစ်ကြောင်း၊ နှုနာရောဂါဖွဲ့ကပ်၍ ဤဂူလှိုင်မှာ နေရကြောင်း ပြောကြားလေသော်၊ ရာမ မင်းသည် သူ့ဇနီးသို့ ခေါ်ယူပြီးလျှင်၊ သူစားသောဆေး၊ သစ်ဥ, သစ်ဖြစ်, သစ်ရွက် သစ်ပွင့်တို့ကို ကျွေးမွေးလေ၏။ ရက်အတန်ကြာ စားမိသော်၊ မဝိယာသည် နှုနာရောဂါ ပျောက်ကင်း၍ ရှေ့အဆင်းကဲ့သို့ဂျိုလေ၏။ ထိုအခါ ရာမ မင်းသည် မဝိယာနှင့် ဂရာဝါသ အိမ်ရာထောင်ကျသဖြင့်၊ မဝိယာမင်းသို့သည် နှစ်ယောက်အစုံအစုံ တဆဲ့ခြောက်ကြိမ် သားယောကျ်ား အမှားပူး သုံးဆဲ့နှစ်ယောက်မွေးဖွားလေ၏။ အခါတပါးဌ ရာမ မင်း၏ ကလောပင်အခေါင်းအိမ်သို့ ဗာရာဏသီ မုဆိုးတယောက်သည် ရောက်လာသဖြင့်၊ ရာမမင်းနှင့်တွေ့သော်၊ အကြောင်းကိုမေး၍ ဗာရာဏသီသို့ ပြန်ခဲ့သော်၊ သားတော်ဗာရာဏသီမင်းအား ခမည်းတော် ရာမမင်းနှင့် တွေ့ခဲ့ကြောင်းကို မုဆိုးကလျှောက်တင်သော်၊ သားတော်သည်စစ်အင်္ဂါလေးပါးဖြင့်ခမည်းတော် နေရာအရပ်သို့ သွား၍ တိုင်းတော်ပြည်တော်

ပြန်၍ မင်းလုပ်တော်မူပါမည့်အကြောင်း လျှောက်တင်သော်လည်းမရ၊ ရာမမင်းသည် သားတော်အား ယခုငါနေသော ကလောပင်ကိုရှင်း၍ မြို့နန်းတည်လော့ ဟုပြော၏။ ထိုအခါ သားတော်သည် မြို့နန်းတည်၍ တိုင်းပြည်သို့ ပြန်လေ၏။ ရာမ မင်းနှင့် မဒီယာတို့ မွေးဖွားသော မင်းသားတို့သည် အရွယ်သို့ရောက်သဖြင့်၊ ကပ္ပိုလဝတ်ပြည် ရေချိုးဆိပ်သို့သွား၍ သာကိုဝင် မင်းသို့တို့ကို တယောက်စီ တယောက်စီ ဆောင်ယူကြကုန်၏။ သာကိုဝင် မင်းသားတို့သည် ငါတို့၏ အမကြီး မဒီယာက မွေးဖွားသော ငါတို့၏တူတို့ဟုသည်းဟု နှစ်လုံးပိုက်သဖြင့်၊ စိတ်မဆိုး ဒေါသမဖြစ်ကြကုန်၊ သဘောကျကျေနပ်ကြကုန်၏။ ထိုအခါ ကလောပင်ကြီးကိုအမှီပြု၍ ကောလိယမြို့ဟု ခေါ်ကြကုန်၏။ ကျားတို့၏ သွားရာလမ်းခရီးဖြစ်ခြင်းကြောင့်။ ဗျဃ္ဃပထမြို့ ဟူ၍လည်း ခေါ်ကြကုန်၏။

ဤကား ကောလိယပြည်၏အကြောင်း
အခင်းပြီး၏။

ဒေဝဒဟပြည်၏ အခြားကြောင်း။

ကပ္ပိုလဝတ်ပြည် သာကိုဝင် မင်းတို့သည် မဂ်လာ.ရေအိုင်သို့သွား၍ ရေချိုးကြကုန်၏။ အချို.သောသာကိုဝင်တို့သည်ကပ္ပိုလဝတ်ပြည်သို့ မပြန်။ ရေကစားရာ

မင်္ဂလာရေအိုင်ဌသာ၊ နေ့နေ့-ညည့်ညည့် နေကြာကုန်၏၊ ထိုရေအိုင်ကိုအမှီပြု၍ အလွန်စိကားသော ပြုကြီးဖြစ်လေ၏။ ရေအိုင်ကိုအစွဲပြု၍ ဒေဝဒတ္တပြောဟု ခေါ်ဝေါ်သမျှတ်ကုန်၏။

ဤကား ဒေဝဒတ္တဖြစ်ခြင်းတည်း။

ထို သုံးပြည်ထောင်တို့၏ မင်းအဆက်များကား..... ကပ္ပိလဝတ်ပြည် ဥက္ကာမုခမင်း၏သားတော် နိပုရ၊ ရင်းသား စ ဠိမ၊ ရင်းသား စဠမုခ၊ ရင်းသား သိဝိမင်းသား၊ ရင်းသား သိဠိယ၊ ရင်းသား ဝေဿန္တရာ၊ ရင်းသား ဇာလိ၊ ရင်းသား သိဟာဝါဟန၊ ရင်းသား သိဟာသရ၊ ရင်းသား, မြေး, မြစ်, ဖြစ်ကုန်သော၊ ဇေယျသေန မင်းအဆုံးရှိသော ရှစ်သောင်း နှစ်ထောင်သော သာကီဝင်မင်းတို့သည် ကပ္ပိလဝတ်ပြည်ကြီးမှ ပျံ့နှံ့သော သာကီဝင်တို့ ဖြစ်ကြကုန်၏။ ပဌမ ဥက္ကာမုခမင်းအစ၊ ဇေယျသေနမင်းတိုင်အောင်၊ ရှစ်သောင်း နှစ်ထောင် တဆယ်တို့ဘည်း။ ဇေယျသေနမင်းတွင် သိဟနုမင်းသား၊ သို့ယသော်ဝရာ နှစ်ယောက်ရှိ၏။ ဒေဝဒတ္တပြည် ဒေဝဒတ္တမင်းတွင် သား-အဠုန၊ သို့-ကဠုနာ နှစ်ယောက်ရှိ၏။ ကပ္ပိလဝတ်ပြည် သိဟနုမင်းသားနှင့် ဒေဝဒတ္တပြည် ကဠုနာနှင့် ထိမ်းမြားရာတွင်၊ သားတော် သုဒ္ဓေါဒန၊ ဓေါတောဒန၊ သုက္ကောဒန၊ သက္ကောဒန၊ အမိတောဒန၊

ငါးယောက်။ သို့မဟုတ်-အမိုက္ခာ၊ ပါလိတာ၊ နှစ်ယောက် ပေါင်း ခုနှစ်ယောက်ရှိ၏။

ဒေဝဒဟမင်းသား အဇာတသတ်ပြည် ယသေါဓရာ ထိမ်းမြားရာတွင်၊ သားတော် သုပ္ပဗုဒ္ဓ ဒဏ္ဍပါနိ နှစ်ယောက်။သို့တော် မဟာမာယာ၊ပဇာပတိ နှစ်ယောက်၊ ပေါင်း လေးယောက်ရှိ၏။

လောကီဗျာနပြန် ဒေဝိလရဲသွေးနှင့်၊ဘိုးတော် အဇာတ မင်းကြီးတို့သည် တိုင်ပင်၍၊ သက္ကရာဇ် ရှစ်ထောင့် ခြောက်ရာ လေးဆယ့်ကိုး-ကို၊ တ ပေါင်း လ ကွယ် စနေနေ့တွင် ချေဖျက်၍၊ တံကူးဆွန်း တရက် တနင်္ဂနွေ နေ့ကို အစပြု၍၊ တရုတ်ပြင်း သက္ကရာဇ်ဦးထားလေ၏။ ဘိုးတော် အဇာတမင်းကြီးထားသော သက္ကရာဇ်၊ ဆယ်ခုနှစ် ဝါဆိုလပြည့် စနေနေ့တွင်၊ သုဒ္ဓေါဓန မင်းသား ဘွားမြင်၍၊ သက္ကရာဇ် တဆဲ့နှစ်ခုနှစ်ဘွင် မယ်တော် မာယာကို ဘွားတော်မူသည်။

သုဒ္ဓေါဓနမင်းသားနှင့် မဟာမာယာလက်ထပ်ထိမ်း မြားမင်္ဂလာအခဏ်းကို ဆက်ကြည့်ပါဦး၊ အတုယူဘွယ် ကောင်းလှပါ၏။

(အကျယ်ကိုသိလိုသော်၊ ဥဒါနဒီပနီကျမ်းနှင့် ဝံသမေဒ ပကာသနီကျမ်းတွင် ကြည့်ပါလေ)။ မယ်တော် မဟာမာယာ.ကို အလေးရှေးပုံ။ ။မဟာမာယာ မင်းသို့သည် တုသိတာ နတ်ပြည်မှ ဆင်းသက် လာသူဖြစ်၍၊ တုသိတာ နတ်သို့ဘို့နှင့် မထူးခြားလှပေ။ အသားဖျော်

ခြင်း၊ အရိုးဂျိုကောင်းခြင်း၊ အသွေးဂျိုကောင်းခြင်း၊ အရေအဆင်းဂျို ကောင်းခြင်း၊ အရွယ်ဂျို ကောင်းခြင်း ဆိုလို့ ကောင်းခြင်း ငါးဖြာနှင့်ပြည့်စုံ၍ အလွန် လှ ပ ပေသည်။ မဟာဗဝယာဝင်းသို့သည် ယခုကာလအခါ ကဲ့သို့ မယ်-ရွှေးချယ်ပါလျှင်၊မယ်ဘဒ္ဒ ကမ္ဘာ့မယ် ဆုတော်ရှားပေလိမ့်မည်။

ယခုကာလ ရွှေးချယ်ကြတဲ့ မယ်ဗမာ၊ မယ်ကျပန်၊ မယ်အာရှ၊ မယ်ဥရောပ၊ မယ်စကြာဝဠာ၊ မယ်အနှဲ့ တို့မှာ.....

အရပ် ၅-ပေ ၆-လက်မခွဲ
ကိုယ်အလေးချိန် ပေါင် (၁၂၀) တာရာနှစ်ဆယ်
ရင် ၃၆-သုံးဆဲ့ခြောက်လက်မ
ခါး ၂၆-နှစ်ဆဲ့ခြောက်လက်မ
တင် ၃၆-သုံးဆဲ့ခြောက်လက်မ

ခြေချင်းဝတ် ၈-လက်မ၊ ရင်းတိုနှင့်ပြည့်စုံသူအပြင် ပ ရုပ်ရှိပျောကလေးတို့ကို မယ်-ရွှေးချယ်ကြတယ်။

မဟာဗဝယာ မင်းသို့မှာ ရုပ်လက္ခဏာ အားဖြင့် ကောင်းခြင်း ငါးဖြာနှင့်တကွ၊ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ် ချောမွတ်ယုံမျှ မကသေးပါဘဲ၊ ထူးကဲ့လှစွာ-သူ၏ အနှုတ်သတ္တိနှင့်မှာလဲတဲ့၊ သူတော်ကောင်း တရားတွေနဲ့ ပြည့်နှက်လျက်၊ အပြင်ချော-အတွင်းချော၊ နှစ်ဘက်လုံးပြစ်၍၊ယာဝမာနတ်ပြည် ပဏ္ဍာမြားပြီမာန်တွင် နေ

သော မာယာနတ်သွေးကလေးကဲ့သို့ အလွန် တင့်တယ်လှပပေ၏။(ဘုန်းတော်သည်မဟာမာယာမင်းသွေး၏ လှပတင့်တယ်ပုံများကို ကုန်စင်အောင် မရေးနိုင်ပေ။ လက်မြောက်လိုက်ပါသည်။ အာဘယ်ကြောင့်ဆိုသော်၊သူဟာ သဗ္ဗညုတ ဥာဏ်တော်ကို ရတော်မူသော ဂေါတမမြတ်စွာဘုရား မယ်တော် ဖြစ်၍၊ ချီးမွမ်းခြင်းခံ ကုန်အောင် မရေးစွမ်းနိုင်ပါ၊ လက်မြောက်ရပါ၏။ အနန္တဂုဏ် အဆင့်ဆင့်ဖြစ်၍၊ ဤမျှဖြင့် စာကြည့်ပရိသတ်တို့ သိလောက်ပါပြီ။

မဟာမာယာ မင်းသွေးအား ဒုံဘွယ် တဆဲ့နှစ်ပါး ဖြစ်ပုံ။

(၁) တဒွက်သော ဆန်မှချက်အပ်သော ထမင်းဒိုးမှ ထမင်းကို၊ ဇမ္ဗူဒိပါတကျွန်းလုံးခ်ဉ်ရှိသော လူတို့အား၊ ဝအောင် ကျွေးနိုင်ခြင်း။

(၂) ရောဂါရှိသောသူအား၊မဟာမာယာ လက်နှင့် သုံးသပ်လျှင် ပျောက်ကင်း ချမ်းသာနိုင်ခြင်း။

(၃) မဟာမာယာ၏လက်ဖြင့် သစ်ချီးစေ့ကို စိုက်ပျိုးသောအခါ၊ တခဏာခြင်း အသီးအရွက်နှင့် ပြည့်စုံနိုင်ခြင်း။

(၄) သောက်ရေ ချီးရေကို အလိုရှိသောအခါ အလွန် ကြည်လင်သောရေကို ရနိုင်ခြင်း။

(၅) မဟာမာယာသွားလိုသောအရပ်၌၊ နတ်၌ဖြစ်သော အစာ-ထမင်း-ခဲဘွယ်ကို ရွှေခွက်တွင် ထည့်၍ ဆက်သ-လာရခြင်း။

(၆) မဟာမာယာ လက်ဖြင့်ကိုင်သော ဝတ္ထုသည် ဒေ့အတိုဖြစ်ခြင်း။

(၇) မဟာ မာယာ သည် ဥယျာဉ်တော်သို့ ထွက်သောအခါ နတ်၌ဖြစ်သော နံ့သာရေချိုးရည် နတ်အဝတ်တန်ဆာကို ဆင်ရခြင်း။

(၈) မဟာမာယာ၏ တိုက်ခန်းကို နတ်ဘီလူးတို့ စောင့်ရှောက်ရခြင်း။

(၉) မဟာမာယာ၏ နေရာအရပ်သို့ နတ်သင်္ဘောတို့၏ အတီးအက ပျော်ပြေရခြင်း။

(၁၀) မဟာမာယာ ရေချိုးလိုသောအခါ၊ အိုင်ကြီး ခုနှစ်အိမ်မှ နတ်တို့ ရေကိုပို့လာရခြင်း။

(၁၁) မဟာမာယာအားချမ်းဒေသောအခါ၊ ဟိမဝန္တာ နတ်၌ဖြစ်သော၊ ကမ္ဗလာ အခြုံ-အရုံ တို့ကို နတ်တို့ပို့လာခြင်း။

(၁၂) သူတောင်းစား အသွေးခံတို့ကို ပေးလိုသော အခါ၊ ကောင်းကင်မှ ရတနာမိုးရွာစေခြင်း။

ဤ တဆဲ့နှစ်ပါးတို့ ဖြစ်ကုန်၏။

သုဒ္ဓေါဒနမင်းသားနှင့် မဟာဗောဓယာ ထိမ်းမြားမင်္ဂလာကို ပြုသောအခေါ်။

ကပိုလဝတ်ပြည်၊ သီဟနုမင်းကြီးသည်၊ သားတော် သုဒ္ဓေါဒနမင်းအား၊ တဆဲ့ရှစ်နှစ်အရွယ်သို့ ရောက်သော အခါ၊ အဘိသိက်သွန်း၍ မင်းဧကရာဇ်အဖြစ်ကို ပေးလိုသောကြောင့်၊ ဗေဒင်ဝိဇ္ဇာကျော် ရှစ်ယောက်သော ပုဏ္ဏားတို့ကိုခေါ်၍ သားတော်-သုဒ္ဓေါဒနနှင့်၊ သင့်မြတ်သော မိဖုယားလောင်းကို အရုပ်ရုပ်အမြှိုမြှိုသော တိုင်းဌာန အသီးသီးမှ ရှာစေသော်၊ ဒေဝဒဟပြည့် အဇွန်မင်းကြီး၏ တဆဲ့ခြောက်နှစ် အရွယ်ရှိသော သို့တော် သိရိမဟာမာယာသည်၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းစသော ပျော်ပွဲစားအလို့ငှါ၊ အမျိုးသို့ပေါင်း တသိန်းခြံရံလျက်၊ ဥယျာဉ်တော်သို့ ထွက်လာခဲ့သော်၊ ဗေဒင်ကျော် ပုဏ္ဏား ရှစ်ယောက်တို့သည်၊ သိရိမဟာမာယာ၏ ကိုယ်အသွင်းကို ဖြင်တွေ့ကြသောအခါ၊ မိန်းမောတွေဝေ သတိကင်းသောအဖြစ်သို့ရောက်သဖြင့်၊ အတန်ကြာ၍.....ကောဏ္ဍည ပုဏ္ဏားငယ်သည် သတိရလျှင် သတို့သို့ ကိုယ် အင်္ဂါသည် ပဏ္ဍုဖြူး ပလ္လင်တွင် ကျောက် မြက် ရ တနှာ ကို ဖြင်ရဘိ သကဲ့သို့၊ အလွန်တင့်တယ်သောကိုယ်ခန္ဓာကို မြင်ရပေ၏။ သတို့သို့ အသံကား၊ မည်ကဲ့သို့ဖြစ်မည်နည်းဟု ကြံဆ၍နေစဉ်၊ သိရိမဟာမာယာ မင်းသို့သည်၊ ပုဏ္ဏားတို့၏ ဖေါက်ပြန်

သော အ ချင်း အ ရာ ကို မြင် သ ဖြင့်၊ မောင်း မ ငယ် တယောက်ကိုစေလွှတ်၍အခေါ်ခိုင်းပြီးလျှင်၊အကြောင်း ခြင်းရာကို ရှစ်ယောက်သော ပုဏ္ဏားတို့အား၊ ကရုဏာ ဌက်မ - ကိန္နရီမတို့၏ အသံကဲ့သို့ သာယာစွာသော အသံ ဖြင့် မေးလေသော်၊ ပုဏ္ဏားတို့သည် မဟာမာယာ၏ အသံကိုကြားရသောအခါ၊ အလွန် သာယာ တပ်မက် မောသဖြင့်၊သတိကင်းသောအဖြစ်သို့ ရောက်ပြန်လေ၏။ ကောဏ္ဍည ပုဏ္ဏားသည်၊ သတိကို တဖန် ဖြစ် စေ ၍၊ သူခပ်သိမ်းတို့၏ စိတ်နှစ်လုံးကို အလွန်နှစ်သက်စေသော သခင်မအကြောင်းသော်ကား၊ အကွန်ပ်တို့သည် ကပ္ပ လဝတ်ပြာသိ၊ သိဟန္ဒ မင်းကြီး၏ ကျေး တော် မျိုး ကျွန်တော်မျိုးမျှားဖြစ်ကြပါသည်။ အကွန်ပ်တို့၏ အရှင် မင်းကြီး၏ သားတော်-သုဒ္ဓေါဓနမင်းသားသည်၊ တဆဲ့ ရှစ်နှစ် အရွယ်ရောက်ခိုသည်ဖြင့်၊ မင်းဂေဟာအဖြစ် ကဲ့ ဆောင်နှင်းလို၍၊ ဒိဗုယာဝေးရတနာကို အဝတ်ဆင်းတင်း အပြည့်ပြည့်၊ အမြှီ ကိုသို့သွား၍ရှာကြပါသည်။ အကွန်ပ် တို့ မင်းသားသည်၊ ယောကျ်ားတို့တတ်ရာသော၊ သေး အတတ်၊ ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ စစ်ထိုး-စစ် တက် အတတ်၊ လှံ့ထိုးအဘတ်၊ စသော တဆဲ့ရှစ်ရပ် သော အတတ်တို့ ဂ ဏ်ကျော်ကျော်၍၊ ဆဋ္ဌါန် ဆယ်စီး အားကို ဆောင်နိုင်သော အားနှင့်၊ ကိုယ်လုံး ကိုယ်ရပ် လှပ တင့်တယ်သောကြောင့်၊ လူမမှီ နတ်မမျှ ပကတိ အားဖြင့်၊အရည်အချင်းပြည့်စုံသော၊ ဘဒ္ဒကမ္ဘာ မောင်

မင်းသားဖြစ်ကြောင်းကို၊ အရှင်သခင်မအား လျှောက်တင်ရပါကြောင်း။

ကျေးတော်မျိုး ကျွန်တော်မျိုးမျှား၊ အမြဲမြဲ ဒေါ်ရှာရှာ ရှာသော်လည်း၊သခင်မနှင့်တူသူ အမျိုးသျှိုးမျှား မတွေ့ခဲ့ကြောင်း၊အရှင်သခင်မသည်သာ ဗိဒုဝေါးကြီးဖြစ်ထိုက်ကြောင်းကို လျှောက် လေ သော်၊ သိရိ မဟာမာယာ မင်းသျှိုးသည်၊ ကောဏ္ဍဉ္ဉ ပုဏ္ဏားဏ်စကားကို ကြားရသောအခါ၊ သုဒ္ဓေါဓနမင်းသားအား၊ မတွေ့မြင်ရသော်လဲ၊ ရှေးရှေးဘဝအစဉ်တို့က အတူတကွ ပြုခဲ့ဘူးသောကုသိုလ်ဝတ္ထုစက်ကြောင့်၊ အလွန်နှစ်သက်ခြင်း ဖြစ်လေ၏။ အလွန်နှစ်သက်၍သဘောကျသော်လည်း၊ ဗိန်းမတို့၏ မာယာကို ဆောင်၍၊ပုဏ္ဏားတို့အားသာယာစွာသော အသံဖြင့်ပြောလေ၏။ ဒေါ်–ဆရာပုဏ္ဏားတို့၊ခမည်းတော်မင်းကြီးအား၊ ဆရာပုဏ္ဏားတို့ အလိုရှိသော စကားကို လျှောက်တင်ကြလေ ..... ခမည်းတော် သဘောကျလျှင် သျှိုးတော်သဘောကျရမည်ဖြစ်ပါ၏။

ပုဏ္ဏားဘိုသည် အဋ္ဌနမင်းကြီးထံသွား၍၊ သုဒ္ဓေါဓနမင်းသားနှင့်၊ သျှိုးတော်–သိရိမဟာမာယာ ထိမ်းမြားလက်ထပ် ပေးစားပါမည့်အကြောင်းကို၊ ရှိသေ ဦးခိုက်လျှောက်တင်ကြလေကုန်၏။ ဘိုးတော် အဋ္ဌနမင်းကြီးသည်၊ ပုဏ္ဏားတို့၏စကားကို ကြားလေသော်၊ မဟာယဇသော်ဝယာဗိုဝေါးကြီးအား၊သျှိုးတော်ကို နှားချရန်

အကြောင်းကြောင်း-အရာရာ တိုင်ပင်၍၊ ပုဏ္ဏားတို့အား အကြောင်းပြန်လေ၏။ ပုဏ္ဏားတို့သည် ဒေဝဒတ်ပြည်မှ ပြန်ခဲ့၍၊ ကပ္ပ လဝတ်ပြည်သို့ ရောက်လေသောအခါ၊ သိဟနုမင်းကြီးအား၊ သံဃမဟာဗောဓိသည့် အဆင်းသဏ္ဌာန်မှစ၍၊ ပြည့်စုံလုံလုံ အလုံးစုံတို့ကို သျှောက်တင်ကြ၏။ ထိုပါ သိဟနုမင်းကြီးသည်၊ ဘုံးမတော်လောင်းအား၊ အကြားနှင့်ပင်အလွန်သဘောကျ၍၊ ဟာ အဠုန် ဒိဗုယားကြီးအားရင်း၊ ပုံးမတ်တို့အားရင်း၊ တိုင်ပင်ပြုံးလျှင်၊ လကောင်း၊ ရက်ကောင်း၊ နေ့ကောင်း ရွေးချယ်ဖိစပ်၍၊ ကပ္ပိလဝတ်ပြည်နှင့်-ဒေဝဒဟပြည်၊ ဌဋ္ဌလမ်း ဌဋ္ဌလမ်း၊ ရေ့ဖမ်တံ၊ ပြက်ပြောပင်၊ ထီးခြိုး-ထီးကို၊ ပုံကန်နှာကြက်၊ မဟာဝပ်၊ အဆောက်အဦးတို့ကို ဆောက်လုပ်ပြုပြင်စေ၍၊ ကပ္ပိလဝတ် သိဟနုမင်း၊ ဒေဝဒဟ အဠုန်မင်းကြီးသံသို့၊ စာတို-စာနှည့် ကမ်းလှမ်းပြီး သော်၊ သားတော်နှင့်-သျှီးတော်တို့ကို ထိမ်းမြားမင်္ဂလာ ကြီးကို၊ အလွန်ကြီးကျယ်ခမ်းနားစွာ ဝိစဉ်ကြီးလေကုန်၏။

သုဒ္ဓေါဓနမင်းသား၏ အသက် တဆဲ့ခုနှစ်နှစ်။ မဟာမာယာ၏ အသက် တဆဲ့ခြောက်နှစ်တွင် ထိမ်းမြားမင်္ဂလာပြုပြီး၍၊ မင်းဇကရာဇ်စည်းဇမ်ကို ခံစား၍နေကြလေ၏။ နောက်ထပ်တဘန် ပဇာပတိ ဂေါတမီ မင်းသျှီးကိုလည်း ဆောင်ယူ၏။

ဘုရားဒလောင်း ပဋိသန္ဓေနေသော အခေါ်။

သုဒ္ဓေါဓနမင်း	အသက် ၅၇-နှစ်
။	နန်းစံ ၃၇-နှစ်
မယ်တော်မာယာ	အသက် ၅၅ နှစ်
မိဖုယားစည်းစိမ်	၄၃-နှစ်

ဘိုးတော်အဓိနမင်းကြီး ထားတော်မူခဲ့သော၊ မဟာသက္ကရာဇ် ၆၇-ခုနှစ်တွင်၊ တုသိတာနတ်နန်းမှ၊ သေတကေတု အမည်ရှိသော၊ သန္တုသိတ ဘုရားလောင်း နတ်သားသည်၊ တသောင်းသောစကြာဝဠာ၊ နတ် ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ကာလ-ဒီပ-ဒေသ-ဂေါတ္တ-မာတုအာယုပရိစ္ဆေဒ ဟူသော၊ ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူ၍၊ မဟာသက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ ဝယ် သိရိမဟာမာယာဝမ်းတိုက်၌၊ အလွန် ကြည့်လင်သော ပဏ္ဍာမြား ကျောက်မျက် ရွဲ့ အလယ်တွင်၊ သိဂ်နိတ် ရွှေဆင်းတုကို တည်ထားဘိသကဲ့သို့၊ တည်နေကိန်းဝပ်တော်မူ၏။ ထိုနေ့ညမှာပင်၊ မဟာမာယာ မိဖုယားကြီး၌ အိပ်မက်မြင်မက်လေ၏။

မယ်တော်မာယာ အိပ်မက်ခေါ်။

သိရိမဟာမာယာ၏ အိပ်မက်မြင်မက်ပုံကား၊ သိရိမဟာမာယာ မိဖုယားကြီးသည်၊ ၆၇-နှစ်၊ ဝါဆိုဆွန်း

၉-ရက်၊ သောကြာနေ့ နံနက်မှစ၍၊ နံ့သာပန်း အခိုး, အထုံ,အဝတ်တန်းဆာ ကောင်းစွာ ဝတ်ဆင်၍၊ နက္ခတ် ပွဲသဘင် ခြောက်ရက်ပတ်လုံး၊ မော်ဝင်းမင်ယ် အပေါင်း ဗြိုရံလျက်၊ ပျော်ပါးပြီးလျှင် ဝါဆိုလပြည့် ကြာသပတေး နေ့ နံနက် ဥပေါသထရှစ်ပါးသိလက္ခာ ဆောက်တည်၍၊ အသရေဂိုသော မင်္ဂလာတိုက်ခန်းနှင့် အိပ်စက်ရှိနေစဉ်၊ အချိန်ကောင်း, အခါကောင်း အခါတွင် ဘုရားလောင်း ပဒုံသာနွေယျာခြင်း၏ ပဋိဇနဒေတ်ဖြစ်သော အိပ်မက်သည် ကား.....။

မဟာမာယာကို စတုမဟာရာဇာ နှစ်နတ်သားရှစ်ယောက် တို့က ထမ်းယူ၍၊ အနဝတတ်ရေဒီရင်း၏အနီးဌာ ဆောင် ယူပြီးလျှင် ရေချိုးစေ၏။ ပန်းနံ့သာ အဝတ်တို့ဖြင့် ဆင် ကုန်၏။ ဌေတောင်အနီးဗြဟ္မာန်ဌာ အင်္ဂေ့ဦးသို့ဦးခေါင်း ပြုလျက် အိပ်စေ၏။ ဗြဟ္မာတောင်အနီး တောအုပ်ဌာ ကျက် စားသော ဆင်ဖြူတစီးသည် ဗြဟ္မာတောင်မှဆင်း၍၊ ဌေ တောင်သို့ တက်ပြီးလျှင်၊ မြောက်အရပ်သို့ လာ၍ ဌေ ဗြဟ္မာနအတွင်းသို့ ဝင်လျက်၊ မိဖုယားကြီးကို လက္ခာ လှည့်ပြီးလျှင်၊ လက္ခာနံပါးဖြင့် ဝင်သည်ဟူ၍၊ ဖြင်မက် လေ၏။

ယသော်ဓရာမင်းသမီး ပဋိသန္ဓေ တည်ခန်း။

ယသော်ဓရာ အလောင်းသည် ဘိုးတော် အဠုန်မင်း ကြီး ထားခဲ့သော မဟာသက္ကရာဇ်ခြောက်ဆယ့်ခုနစ်ခု၊

ဝါဆိုလပြည့်နေ့ ညဉ့်, မိုးသောက် လင်းအားကြီးတွင် ဥက္ကာရာသင်္ဘနှင့်ကျွတ်နှင့် ယှဉ်လျက်၊ ဒေဝဒဟပြည် သုပ္ပ ဗုဒ္ဓမင်းကြီး၏ အမိဘုရား-မိဖုယားကြီးဝမ်းဦး ပဋိသန္ဓေ တည်နေလေ၏။

ဘုရားပေါဘွားတော်မူအကြောင်း။

ဘုရားလောင်း ပဋိသန္ဓေနေသောအခါ၊သုံးဆဲ့နှစ်ပါးသော မြေလှုပ်ခြင်းစသော ပုဗ္ဗနိမိတ်တို့သည်ဖြစ်ကုန်၏။ သိရိမဟာ-မာယာ, မိဖုယားကြီးသည် မြင်မက်သော အိပ်မက်ကို သုဒ္ဓါဒနမင်းကြီးအား၊ ပြောကြားသဖြင့် အိပ်မက်ကို နိမိတ်,ဇတ်တတ်သော ပုဏ္ဏားရှစ်ယောက်တို့အား ခေါ်၍၊ အိပ်မက်ကို နိမိတ်ဖတ်စေသောအခါ၊ နိမိတ်ဖတ် ပုဏ္ဏားတို့သည် အိပ်မက်အကြောင်းကို ကောင်းစွာနားယူ၍၊ အချို့ကား.....၊ယခု မိဖုယားကြီး ဝမ်းဦး ပဋိသန္ဓေ တည်နေသော သူငယ်သည် စကြာမင်းဧကန်ဖြစ်လိမ့်မည်။ ။အချို့ကား.....၊ဘုရားဧကန်ဖြစ်လိမ့်မည်ဟု ပုဗ္ဗနိမိတ်ဖတ်ကြကုန်၏။

ထိုအခါသုဒ္ဓါဒနမင်းကြီးသည် သိရိမဟာ-မာယာ မိဖုယားကြီးအား၊ ကြီးစွားသော စောင့်ရှောက်ခြင်းကို ပေး၍ ဘိုးတော်-အဘွားမင်းကြီ ထားခဲ့သော မဟာသက္ကရာဇ် ၆၀-ခု၊ ခြောက်ဆယ်,ရှစ်ချန်စ်၊ ကဆုန်လပြည့်သောကြာနေ့သို့ ရောက်သောအခါ၊ သိရိမဟာ-မာယာ မိဖုယားကြီးသည် မိမိ၏ ဒေဝဒဟပြည် ခမည်းတော်-

မယ်တော်တို့ထံသွား၍၊ သားဖွားလိုကြောင်းကို သုဒ္ဓါ ဒနမင်းကြီးအား ပြောကြားလိုက်လေသော်၊ သုဒ္ဓါဒနမင်းကြီးသည် ကြီးစွာသော အစောင့်အရှောက်နှင့်တကွ သွားစေ၍ ဒေဝဒဟပြည် လုမ္ဘနီဥယျာဉ်သို့ ဝင်ယူသော ဗိတ်ဂိုဏ်ဖြင့် ဝင်လေ၏။ ထိုအခါ နတ်ပြုသော အပေါင်းတို့သည် ယနေ့-ဘုရားလောင်းကို ဖွားမွားလတံ့ဟု ကြွေးကျော်၍ အစောင့်အရှောက်ကို ကောင်းစွာယူကြ ကုန်၏။ မိဖုယားကြီးသည် လုမ္ဘနီဥယျာဉ်တော်သို့ ဝင်သော ခဏာ၌ မိန်းမကို၏ ကမ္မလေ လွှဲသောကြောင့် အလွန်အားနည်းရကား၊ အင်းကြင်ပင်ကြီးမှ အင်းကြင်အကိုင်းကို ဆွဲကိုင်လိုက်သောအခါ၊ မောင်းမအပြီးအရံတို့သည် သိကြားကုန်၍ (တင်းဘိမ) ကန့်လန့်ကာကိုကာရံ၍ စေ၏။ ထိုအခါ ဥတ္တရသရုပ်နှင့် ယဉ်ပြီးနေ့ကိုက်ဘွင် ဘုရားလောင်းကို ဖွားတော်မူ၏။ ထိုအတူ ဖွားဘက်တော်တို့ မွေးဖွားကုန်၏။

(၁)သိဒ္ဓတ္ထမင်းသား။ (၂)ယသော်ဓရာ မင်းသို့။
(၃)အာနန္ဒာ မင်းသား။ (၄)ကာလုဒၢယိ အမတ်။
(၅) မောင်ဆန်။ (၆) ဗောဓိပင်။ (၇) ဣန္ဒအိုးကြီး
လေးလုံးတို့ တပြိုင်တည်း ဖြစ်ပေါ်လေ၏။ ဤကား-ဖွားဘက်တော် ခုနစ်ပါးတည်း။

ဘုရားလောင်းကို ဖွားဘော်မူသော ခဏာ၌၊ နှစ်သိန်းလေးသောင်းအထိရှိသော မဟာပထဝီမြေကြီးတုန်လှုပ်၏။ အထူးထူးသော အဝတ်တန်းဆာတူရိယာဘွဲ့သည်

ရင်း။ အထူးထူးသော ကျွ,နွား, ဆင်,မြင်း, တိရစ္ဆာန် တို့သည်ရင်း။ နတ်, လူ, ဗြဟ္မာ အပေါင်းတို့သည်ရင်း။ ထူးသောအဖြစ်၊ အလွန် ထူးစွာသော အဖြစ်တို့ကို ပြကြ ကုန်၏။ ဤသို့လျှင် ကြီးစွာသော နိမိတ်တို့ကို ဖြစ်ကြ ကုန်၍၊ သန့်ရှင်းစင်ကြယ်စွာ မွေးဖွားတော် မူသော ဘုရားလောင်း သတ္တိသားကို ဗြဟ္မာကြီး လေးယောက် တို့သည် ရွှေကွန်ယက်ဖြင့် ရှေးဦးစွာ ခံယူကုန်၏။ ထို-နောက် စတုမဟာရာဇာ နတ်မင်းကြီး လေးယောက်တို့ သည် သစ်နက်ရေဖြင့် ခံယူကုန်၏။ ထိုနောက် အထိန်း မောင်းမယ်တို့သည် အလွန်နူးညံ့သော ဘွဲ့ဖြူပုဆိုးဖြင့် ခံယူကြကုန်၏။

ဘုရားလောင်းအားရင်း၊ မယ်တော်အားရင်း၊ အညစ် အကြေး မရှိစေခြင်းငှါ၊ နတ်ဗြဟ္မာတို့သည် အပူ,အအေ မျှသောရေဖြင့် ကောင်းကင်မှနေ၍သွန်းလောင်းကုန်၏။ ဘုရားလောင်းသည် လူတို့၏လက်မှ မြေ သို့ ဆင်း၍ အရှေ့,အရပ်သို့ မျက်နှာလှည့်၍ ရပ်ပြီးလျှင်၊ အရှေ့ လောကဓာတ်သို့ ကြည့်တော်မူသော်၊ အရှေ့လောကဌ ဒေဝကုန်သော နတ်ဗြဟ္မာတို့သည်ပန်းနံ့သာတို့ဖြင့် ပူဇော် ကြကုန်၏။ ထို့အတူ အရှေ့ရှစ်မျက်နှာကို ရပ်၍ကြည့်ပြီး လျှင်၊ ဘုရားလောင်းထက် မြတ်သူမရှိသဖြင့်၊ မြောက် အရပ်သို့ ခုနစ်ဘဝါးသွားခဲ့၍၊ စကြာမင်း၏ အိန္ဒြေကဲ့သို့ ရပ်တော်မူ၏။ ထိုအခါ ဗြဟ္မာမင်းတို့သည် ဘွဲ့ဖြူပုဆိုး ဖြင့် ပိုက်ချီ၍၊ ပုခုံးတဖက်ဌ တင်ပြီးလျှင်၊ အချို့ ဗြဟ္မာ

တို့ကပုဆစ်ခွေးတုပ်၍၊ အလောင်းတော်မင်းသား ရပ်၍ ကြည့်တော်မမူနှင့်၊လောကဌ အလောင်းတော်မင်းသား ထက်, ဖြတ်သူမရှိ၊အလောင်းတော် မင်းသားသည်သာ လျှင် အထူးဖြတ်ဆုံးဖြစ်ပေသည်ဟုပြောဆိုတင်လျှောက် သောအခါ၊တသောင်းသော လောကဝတ်သည် အသံ မရှိ,ဆိတ်၍နေလေ၏။

ဘုရားလောင်းခဲ့လျှ,နက်,ပြဟ္မာ, ကိုးထက် ထူးဖြတ်သော အပြစ်မရှိ။

(၁) မွေးဖွားခြင်းသောခဏခဲ့ ခုနစ်ဘဝါးသွားခြင်း။
(၂) ပြဟ္မာကြီးတို့ကိုယ်ကိုင် သုံးယူဇနာ ရှိသော ထီးပြူဖြင့် မိုး,လိုက်ရခြင်း။
(၃) သုယာမ, နတ်သားသည် သားဦးပယ်ဖြင့် ခပ် ရခြင်း။
(၄) စတုမဟာရာဇ် နတ်စစ်သူကြီးသည် သံလျက် ကိုင်၍၊ စောင့်ရခြင်း။
(၅) နတ်သားတယောက်သည် ရွှေခြေနင်းကိုင်၍၊ လိုက်ရခြင်း။
(၆) နတ်သားတယောက်သည်သင်းကျစ် ဥသျှောင် ကိုင်၍လိုက်ရခြင်း။
(၇) ဘုရားလောင်းသည် ဖြေပြင်ဖြင့် သွားသော်

လည်း၊ လူတို့က ကောင်းကင်ကသွား သည်ဟု မှတ်ရခြင်း။

(၇) ဘုရားလောင်းသည် မွေးစကလေး ဖြစ်သော် လည်း တဆဲ့ခြောက်နှစ်အရွယ်မှတ်ထင်ရခြင်း၊

(၈) ဘုရားလောင်းသည် မင်းဖြောက် တန်းဆာ မဝတ်ဆင်သော်လည်း စကြာဝဠာတေးမင်းကဲ့ကို ထင်ရခြင်း။

ဤကဲ့သို့ သူတပါးနှင့်မတူ ထူးသော အဖြစ်တို့သည် ဖြစ်ကုန်၏။ ဘုရားလောင်းသည် ခေါ်ဘုရားလောင်းတို့ နှင့်တူစွာ ငါသည် လောက နှတ်, လူ တို့ထက် ဖြတ်၏။ ငါသည် လောကနှတ် လူတို့ထက် အထူးသဖြင့် ချီးမွမ်း အပ်၏။ ငါသည် လောက နှတ်,လူတို့ထက် ကြီးမြတ်၏။ ငါသည် နောက်တဖန် ပဋိသန္ဓေ တည်နေခြင်းငှါ မကျိ။ ငါသည် ဤဘဝ နောက်ဆုံးတည်း။ ။ဤ-စကားကို မကြောက်ပန်ရှိုက်ဆိုလေ၏။

ဘုရားလောင်းမွေးခေါ်း ပြီး၏။

မယ်တော်မာယာ နတ်ဒွဲလေးတော်မူကော်း။

ဘုရားလောင်း၏ မယ်တော်သည် ခမ္ဘာသဘော အတိုင်း၊ ဘိုးတော်-အဋ္ဌနမင်းကြီး ထားတော်မူသော မဟာသက္ကရာဇ် ခြောက်ဆဲ့ခုစ်ရ၊ ကဆုန်လပြည့်ကျော် ၅နေ့စ်ရက်နေ့၊ မယ်တော်အသက် ငါးဆဲ့ခြောက်နှစ်လေး

လနှင့် နှစ်ဆယ်ခုနှစ်ရက်တွင် နတ်ရှာလား၍၊ နတ်သား ဖြစ်လေ၏။ကြွင်းကျန်ရစ်သော မယ်တော်အလောင်းကို ကောင်းကောင်းကြီး မင်းခမ်းမင်းနား နှင့် သင်္ဂြိုလေ၏။ ထို့ကြောင့် - ဆပညာသ၊ ငါးမာသဝယ်၊
သုံးရက်ပယ်၊ အကယ်မမက်၊
မယ်တော်သက် ဟုဆိုကြကုန်၏။

မယ်တော်နတ်ရှာလား၍ နတ်သားဖြစ်ပြီးသည့်နောက်၊ ဘုရားလောင်းသည် ဗိဿဏုတော် ပဇာပတိ,ဂေါတမီ လက်တွင် ကြီးပွားခြင်းသို့ ရောက်လေ၏။

မယ်တော်အခက်း ပြီး၏။

ဘုရားလောင်းအား မေည်းတော် ဖွဲ့ခိုးကော်။

ဆရာဒေဝိလရသော့သည် တာဝတိ်သာ နတ်ပြည်သို့ နေ့သန့်၍နေစဉ်၊နတ်သား,နတ်သျှီးတို့သည် အထူးသဖြင့် ကခုန်မြူးထူးကြသည်ကိုမြင်၍ နတ်သား,နတ်သျှီးတို့အား မေးလေသော်၊ လူပြည်၌ သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာ, ဒေဝိမဟာသိက္ခံခံ မဟာမာယာ ဗိဒုယားကြီး၌ ဘုရားလောင်း မင်းသားမွေးဖွားခြင်းကြောင့်၊ ပျော်မြူးကြသည်ဟု ပြောလေသော်၊ ဆရာဒေဝိလ-ရသော့သည် တာဝတိ်သာနတ်တို့ပြည်မှလူတို့ပြည်သို့ အမြန်လာခဲ့၍၊ သုဒ္ဓေါဒနမင်း၏ နန်းတော်သို့ ရောက်သဖြင့်၊ သုဒ္ဓေါဒန

မင်းကြီးသည် ခရီးဦးကြိုဆိုမ၊ ဖြတ်သောနေရာ ပေးလေ၏။ ထိုအခါ ဆရာဒေဝိလရဟေသီသည် သင်မင်းကြီးခ္ဍ သားရတနာဖြတ်မွေးဖွားသည်ဟု ကြားရသည် မှန်ပါ၏လော မေးလေလျှင်၊ သုဒ္ဓေါဒနမင်းကြီးသည် ဘုရားလောင်းကို ဆရာရဟေထံသို့ဆောင်ခဲ့၍၊ ဆရာဒေဝိလရဟေ အား ရှိခိုးစေသော်၊ ဘုရားဖြစ်အံ့သောသူ ဖြစ်၍၊ ရှိခိုးရမည်သူ နတ်, လူ မရှိသဖြင့်၊ ဘုရားလောင်းသည် ဒေဝိလ-ရဟေ၏ ဥကျွောင်းဆံကျစ်ထက်ခ္ဍ ရပ်လေ၏။ ထိုအံ့ဘွယ်အထူးကို မြင်လျှင် သုဒ္ဓေါဒန မင်းကြီးသည် ပဌမမဦးစွာဘုရားလောင်းအား ရှိခိုးလေ၏။ ဆရာဒေဝိလ ရဟေ သည် ဘုရားလောင်းအား၊ လက္ခဏာ, ဗြဟ္မဏာ တို့ကိုကြည့်၍၊ ဝိုလည်း ဝို၏။ ရယ်လည်း ရယ်၏။ သုဒ္ဓေါဒနမင်းကြီးသည် ဆရာဒေဝိလ-ရဟေ၏ ဝိုခြင်း ရယ်ခြင်းကို မေးလေလျှင်၊ မင်းကြီး-ငါသည် သင်မင်းကြီး၏သား ဘုရားဂေါန် ဖြစ်မည်မှန်၍၊ အလွန်ဝမ်းသာ သဖြင့် ရယ်ပါ၏။

ငါသည် သင်မင်းကြီး၏သား ဘုရားဖြစ်သောအခါ၊ ငါသည် မဖုံးတွေ့ရတော့ပေ၊ ဤဘဝမှသော၍၊ အရူပဘုံခ္ဍ ဖြစ်ရ လတံ့ သည် ကို ဝမ်းနည်းသဖြင့် ဝိုပါ၏ ပြော လေ၏။

ပဌမအကြိမ်ရှိခိုးခဏ်းပြီး၏။

သားတော်အား အမည်မှည့်ခေါ်း။

သုဒ္ဓေါဒနမင်းကြီးသည် သားတော်အားနာမည်မှည့် အံ့ဟု နံသာ ကျိုးတို့ကို လိမ်းကျံ၍ နန်းတော်ကိုပြုပြင်မြှီး လျှင်၊ ဗေဒင်ကျော် ဆရာပုဏ္ဏားတရုံ့ရှစ်ယောက်တို့ကို ပင့်ခေါ်၍၊ လက္ခဏာဘတ်စေ၏။ ထိုတရုံ့ရှစ်ယောက် တို့တွင် ရှစ်ယောက်သောပုဏ္ဏားတို့သာလျှင်၊လက္ခဏာ ဘတ်ကြကုန်၏။လက္ခဏာဘတ် ပုဏ္ဏားရှစ်ယောက်တို့ တွင် ခုနစ်ယောက်သော ပုဏ္ဏားတို့က လူ့ဘောင်နေ လျှင် စကြာမင်း၊တောထွက်လျှင် ဘုရားဖြစ်လိမ့်မည်ဟု နှစ်ခွသော စကားကိုဆိုကုန်၏။ အဂယ်ဆုံးဖြစ်သော ဆရာကောဏ္ဍည, ပုဏ္ဏားသည်ရဟန်းပြု၍ ဘုရားဌာန် ဖြစ်လိမ့်မည်ဟု လက်ညှိုးတဆောင်းထောင်၍ လက္ခဏာ ဘတ်လေ၏။ ထိုနောက်-ဤ မင်းသားသည် လူသုံးပါး တို့၏ အကျိုး စီးပွားကို ပြုစေလတံ့ ဖြစ်သောကြောင့်၊ ''သိद္ဓတ္ထ'' အမည်မှည့်ကြကုန်၏။

အမည်မှည့်ခေါ်း ပြီး၏။

ဒုတိယအကြိမ် ဌာနိုးခေါ်း။

ထိုအခါ ဆွေတော် အပေါင်း ရှစ်သောင်း တို့သည် သိद္ဓတ္ထမင်းသား၏ အခြံအရံ အလို့ငှါ၊ တယောက်, တယောက်သော သတို့သားတို့ကို ပေးကြကုန်၏။ တနေ့ သ၌ သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာပြုခြင်းငှါ

သားတော် ဘုရားလောင်းအား၊ အဝတ်တန်ဆာဆင်ဂြန်း၍၊ ကပ္ပိလဝတ်မြို့သား, မြို့သူတို့နှင့်တကွ ဘုရင်လယ်မြေသို့ မင်းသားကို ယူသွားကြကုန်၏။ မင်းကြီး၏လယ်မြေအနီး၊ ဇမ္ဗူသပြေပင်အောက်၌ တင်းတိမ်ကာ၍၊ သားဘော်အား သိပ်ထားး၏။ လယ်ထွန်မင်္ဂလာကို ဂရုစိုက်၍ အမတ်ပေါင်းခြံရဲလျက်၊ သုဒ္ဓေါဒန မင်းကြီးသည် ဣ၌ထွန်တုံးသို့ တက်တော်မူ၍၊ အဓ္ဓေ.မ အနောက်သို့၊ အနောက်မှ အဓ္ဓေ.သို့ ထွန်တော်မူ၏။ အမတ်တို့လည်း ခုနစ်ရာကိုးဆဲ့ကိုးရသော ထွန်တုံးသို့တက်၍၊ မင်းကြီးနောက်သို့လိုက်၍ ထွန်ကြကုန်၏။ သိद္ဓတ္ထ, မင်းသား၏ အသိန်းဘို့သည် အလွန်ကြီးကျယ်သောဘုရင်ကိုယ်တိုင် ပြုလုပ်သော လယ်ထွန်မင်္ဂလာပွဲကြီးကို ကြည့်ရှုနေကြသဖြင့်၊ မင်းသားကို သတိမေ့၍ နေ့ကြကုန်၏။ ထိုအခါ မင်းသားသည် အသိန်းဘို့ မခိုသည့်ကိုသိ၍၊ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက်၊ ထွက်သက်, ဝင်သက် ကမ္မဋ္ဌာန်းကို သိမ်းဆည်း၍၊ ပဌမဈာန်ကိုဖြစ်စေ၏။ ထိုအခါ ဇမ္ဗူသပြေပင်ရိပ်သည် ဘုရားလောင်း၏ တန်းခိုးဖြင့်၊ အရိပ်မထွက်, တည်၍နေလေ၏။ အသိန်းတို့သည် သတိရ၍၊ ဘုရားလောင်းမင်းသားထံသို့ လျှင်မြန်စွာလာကြလျက်၊ ဇမ္ဗူသပြေပင်၏အရိပ် မထွက်ခြင်းကိုမြင်ကြလျှင် တင်းတိမ်ကိုမှီ၍ ကြည့်ကုန်သောအခါ၊ ထက်ဝယ်ဖွဲ့ခွေနေသောဘုရားလောင်းကိုအသိန်းတို့မြင်ကြသဖြင့်၊ လျှင်စွာ သွား၍၊ မင်းကြီးအား ပြောကြားကြကုန်၏။ သုဒ္ဓေါဒန

မင်းကြီးသည် လျှင်စွာလာ၍၊ သားတော်၏ ထူးသော အဖြစ်ကိုမြင်လျှင် ဒုတိယဘုရားကြီးမ ရုံသေစွာ ရှိခိုးလေ၏။ ဤနေ့၌ လယ်ထွန်မင်းလာကို ပြုံးစေ၍၊ နန်းတော်သို့ပြန် ဝင်ကြွလေကုန်၏။

ဒုတိယအကြိမ် ရှိခိုးခဏား ပြီး၏။

သင်ကြားမင်းခရက်နန်ပန်ဆင်းခဲ့ပြီး။

ပါရမီရှင် ဖြစ်တော်မူသော ဘုရားလောင်းသည် ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ၊ သိကြားပင်းက ဝိသုကြီနတ်သားကို ခေါ်၍၊ အချင်း-ဝိသုကြီးနတ်သား၊ အမောင်သည် သိဒ္ဓတ္ထမင်းသားခုနစ်နှစ်အရွယ်သို့ရောက်ပြီ။ ဘုရားလောင်းမင်းသားကစား၌ရန် ရေကန်, ပန်းဥယျာဉ်. မြေ့လျှောဘွယ်တို့ကို သူတပါးတို့နှင့် မဆက်ဆန်, အလွန် အံ့ဘွယ်ဖြစ်အောင် ဖန်ဆင်းရမည်ဟု စေလိုက်၏။ ထိုအခါ ဝိသုကြီနတ်သားသည် ပုလဲ,ပတ္တမြား တို့ဖြင့် မျှားစွာခင်းအပ်သော သဲအပြင်ရှိသော ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော တံတိုင်း ခုနစ်ထပ်, ပတ္တမြားစောင်းတန်း၊ ရွှေဖြင့်ပြီးသော ဘောင်၊ ရွှေလှေခါး၊ ငွေလှေခါး၊ ဗလီလှေခါး၊ သံးသွယ်သုံးစင်း၊ မြင်းမိုးရောင် အဆင်းရှိသော ပုတောင်ခြေတောဖြက်, မကြီးလွန်း,မငယ်လွန်းသောပန်းပင်အမျိုးမျိုး၊ရေသွန်းခန် ရှိ၍, ရေပြွန် ဗလပြွန်,ပတ္တမြားပြွန်,သန္တာပြွန် တို့ကိုရင်း။ ပဒုမ္မာကြာ

ပုဏ္ဏရိပ်, ကြာတံဆိပ်, ကြာဖြူ,ကြာနီဟူသော ကြာမျိုး ငါးပါးတို့ဖြင့်ရင်း။ ဣန္ဒလော,ဌေလော,ဖလ်လော, ပဏ္ဍာမြားလော,သန္ဓာလော လေးစင်းတို့တွင် ဣန္ဒလော၌ ဌေပလ္လင်၊ ဌေလော၌ ဣန္ဒပလ္လင်၊ပဏ္ဍာမြားလော၌ သန္ဓာပလ္လင်၊သန္ဓာလော၌ ပဏ္ဍာမြားပလ္လင်တို့ကိုရင်း။အထူးထူးသော အံ့ဘွယ်ရှိအောင် မာနုသိကရေကန်ကို ဖန်ဆင်း၍၊ ဝိသုဒ္ဓိနတ်သားသည် နတ်ပြည်သို့ပြန်လေ၏။ ထိုရေကန်ကို လူတို့မြင်၍၊ သုဒ္ဓေါဒနမင်းကြီးအား၊ လျှောက်တင်ကြသော အခါ၊ မင်းကြီးသည် အလွန်ဝမ်းမြောက်၍၊ သားတော်အား ကစားစေကုန်၏။

သိကြားမင်းသည် ဘုရားလောင်းအတွက်
ဝိသုဒ္ဓိနတ်သားသို့ ရေကန်ဖန်ဆင်း
စေခဏ်း ပြီး၏။

ခမည်းတော်၏ ဘုရားလောင်းအား နန်းအပ်ခဏ်း။

ဘုရားလောင်းသည် အစဉ်သဖြင့်၊ နတ်တို့၏စည်းစိမ်ကဲ့သို့ ခံစားပျော်မြူး၍၊တဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သောအခါ၊သုဒ္ဓေါဒနခမည်းတော်မင်းကြီးသည် စကြာမင်း၏အသရေတော်ကို မြင်လိုသဖြင့်၊ကပ္ပိလဝတ်မြို့ကြီးကို ပြုပြင်စိုရင်စေ၍၊ ဆောင်းရာသီ၌ စံတော်မူအပ်သော ဘုံကိုးဆင့်ရှိသော ရမ္မပြာသာဒ်, နွေရာသီ၌ စံတော်မူအပ်သော ဘုံငါးဆင့်ရှိသော သုရမ္မပြာသာဒ်, မိုးရာသီ၌ စံတော်မူအပ်သော ဘုံခုနစ်ဆင့်ရှိသော သုဘ

ပြဿဒိ, ထိုသုံးဆောင်သောပြဿဒိတို့ကိုရတနာတို့ဖြင့် အရောင်ခြင်းလျှပ်သန်းအောင် ကောင်းစွာဆောက်လုပ်စေကုန်၏။ ''ဝိသုဒ္ဓိနတ်သားသည် ဖန်ဆင်းသည်ဟူ၍'' တိကဒ္ဒိပါတ်အဂ်ုတ္တိ၏အဋ္ဌကထာ'' ဇိနလင်္ကာရ ဋီကာတို့မှာ လာ၏။

ထို-ပြဿဒိသုံးဆောင်သည် သိကြားမင်း၏ဝေဇယန္တာနတ်နန်းနှင့်လည်း တူကုန်၏။

ခမည်းတော်မင်းကြီးသည်သားတော်ဘုရားလောင်းအား၊ သုံးဆောင်သောပြဿဒိထက်၌ နန်းအပ်မင်းလာနှင့်တကွ ထိမ်းမြားမင်းလာကို ပြုလိုသောကြောင့်၊ ဆွေတော်,မျိုးတော်တို့သို့ သို့ဝှေးတော်များ၊ သားတော်အတွက် ဆက်သာကြရန် သဝဏ်လွှာ အဆင့်ဆင့် ပေးလေ၏။ ဆွေတော်,မျိုးတော်တို့သည် အကြောင်းပြန်ကြကုန်၏။ သိဒ္ဓတ္ထ, မင်းသားကလေးသည် အဆင်းသန္ဓာန် ရုပ်ရေအချောအလှမှာ ပြောစရာမရှိအောင် ယောက်ျားမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံပါ၏။ သို့သော်လည်း၊ အတတ်ပညာကား မတတ်၊ မင်းသားတို့တတ်ရာသော ဆင်စီး၊ မြင်းစီး၊ လေးအတတ်ကို ဘာမှ မတတ်။ သို့ဖြစ်၍၊ တပါးသော သူတို့၏ရန်ကို ဘယ်လိုခုခံတွန်းလှန်နိုင်မည်နည်း။ သို့ဝှေးတော်များကို မပေးနိုင်ဟု သတင်း, သဝဏ်လွှာကို ပြန်ကြလေကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည် သားတော်သိဒ္ဓတ္ထမင်းသားအား၊ ဤစကားကိုပြောကြားလေသော်၊ ဘုရားလောင်း မင်းသားသည် ထိုစကားကို ကြားလေ

လျှင်၊လောကီဒုဏ်တတ်ပညာကို သင်ဘုယ်ရာအကြောင်း မရှိ၊ သားဇောတပ်တတ်ပြောက်ပြီးဖြစ်ပါ၏။ ခမည်းတော်အား ပြန်၍ ပြောကြားလေ၏။ ဤနေ့ကစ၍ ခုနှစ်ရက် မြောက်သောနေ့၌ ဆွေတော်, မျိုးတော်၏ အလည်၌ လေးအတတ်ကိုပြပါကုန်အုံ့ဟု ပြောဆိုလေ၏။ ထိုအခါ ခမည်းတော်မင်းကြီးသည် လေးအတတ်ကို ကောင်းစွာ တတ်ကုန်သော လေးသမားတို့ကိုခေါ်ခိုင်း။ ဆွေတော်, မျိုးတော်ဘို့ကိုခေါ်ခိုင်း။ တောင်းသားပြည်သူတို့ကိုခေါ်ခိုင်း။ စည်းဝေးစေ၏။ ဘုရားလောင်းသည် ဆွေတော်, မျိုးတော် ပရိသတ်၌ လေးတတ်ကို ကောင်းစွာ အစွမ်းကုန်ပြလေ၏။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် လေးအတတ် သာမဟုတ်၊ အခြားသော အတတ်မျိုးတို့ကိုလည်း ဆွေတော်, မျိုးတော်တို့ကျေနပ်လောက်အောင်ပြတော်မူ၏။ ဆွေတော်, မျိုးတော်တို့သည် ဘုရားလောင်းမင်းသား၏ အတတ်ပညာကို အလွန်ချီးမွမ်းကျေနပ်သဖြင့် သို့ဝိုးရတနာများကို ဆက်သကြကုန်၏။ ဆွေတော်, မျိုးတော်တို့ သို့ဝိုးကညာဆက်လာကြသည်ကား နန္ဒမတော်ယသောဓရာ နှင့်တကွ လေးသောင်းဖြစ်ကုန်၏။ ထို လေးသောင်းတို့တွင် ဖွားဘက်တော်ဖြစ်သော ယာသောဓရာမင်းသို့ကို ဗိဒုရသားကြီးအရာထားရ၊ လေးသောင်းတန်ယာကယုတ်သော မင်းသို့ဘို့ကို ဗိဒုရသား, ဖောင်းမငယ် ပြုလုပ်ရ၊ ယာသောဓရာ ဗိဒုရသားကြီး၏ အခြံအရံ ဖြစ်စေကုန်၏။ သုဒ္ဓေါဒန မင်းကြီးသည် သားတော် သိဒ္ဓတ္ထမင်းသား

အား၊ ဘိုးတော်–အဋ္ဌနမင်းကြီး ထားတော်မူခဲ့သော မဟာ-သက္ကရာဇ် ၅စ်ရာ့လေးချုန်စ်၊ သင်္ကာဘော်–တဆဲ့ ခြောက်နှစ်ဘွင် ဆေးတော်,မျိုးတော်အပေါင်းခြုံ့လျက်၊ ရဟန္တာပြုသော်၊ သုရမ္ဘပြုသော်၊ သုဘပြုသော် တည်းဟူသော ဗုဒ္ဓနန်းသုံးဆောင်ခို ယသေသ်ဟာ မင်းသို့ကို ဒီဂုဟာကြီး ပြုပြုံးလျှင်၊ မင်ုလာဒေဘ်သိက် ရေသာဘင် ကျင်းပ၍ နန်းဒေ၀ါတော်မူ၏။

ဂေ:သမ မဟာသမ္ဘတမင်းမှစ၍၊ ဥက္ကကရာဇ် မင်းကြီးတိုင်အောင်၊ မင်းပေါင်း နှစ်သန်း၀ါ:သောင်း နှစ်ထောင့်၀ါ:ရာ၀ါ:ကျိပ်ခြောက်ယောက်၊ ဥက္ကာရကျွ မင်းကြီးမှစ၍၊ ဧယုသေန မင်းကြီး၀ိုင်အောင်၊ မင်းပေါင်း ရှစ်သောင်းနှစ်ထောင်တက်ကျိပ်၊ ၎င်းဧယျသေန မင်း၊သိဟနုမင်း၊သုဓေါဒနမင်း၊သိဒ္ဓတ္ထမင်း၊မင်းပေါင်း သုံးသိန်း သုံးသောင်း လေးထောင် ၀ါ:ရာ ခြောက်ကျိပ် ကိုးယောက်ဖြစ်၏။

ထို့ကြောင့်– (ပလိပ်စာ:ချေင်းတွင်)

လုံးစုံမှတ်သိန်း၊ ဂဏနုံးကိန်းဖြင့်၊
သုံးသိန်းသုံးသောင်း၊လေးထောင့်၀ါ:ရာ၊
စွန်းပါခြောက်ဆယ်၊မင်းကိုးသွယ်သည်၊
မြတ်နှယ်တည့်ဆက်ဝေ:၊ လွန်လေရှေ:၊
ဟု စပ်ဆိုသည်။

နန်းအာပ်ခလား ပြုး၏။

—o—

ဖြေနှိုင်းတော်ဦးစံးတော်နှုတ်ခွေး။

သိဒ္ဓတ္ထမင်းသည် ရမ္မ-သုရမ္မ-သုဘ ဟူသော ရတနာ ခုနစ်ပါးဖြင့်၊ ချယ်လှယ် အင်္ဂါသော ဖြေနှိုင်းသုံး ဆောင်၍၊ ယသော်ဓရာ မိဖုယားကြီး အမှုးရှိသော လေး သောင်း သော မောင်းမ ငယ်တို့ နှင့် လူ မ တူ နတ်မမျှ ငါးဝသော ကာမဂုဏ်ကို ဝဝကြီးခံစား,စံစား၍နေစဉ်၊ သက်တော်နှစ်ဆဲ့ခုစ်နှစ်သို့ ရောက်သောအခါ၊ တနေ့သော နေ့ဝယ်၊ ဥယျာဉ်တော်၌ ပျော်ပါးလို၍၊ ရထားစီးလျက် ထွက်တော်မူ၏။ ထိုအခါ နတ်တို့သည် သံဝေဂကို ဖြစ်စေသောဌာ, ခေါ်ဖြူ သွားကျိုး အရေတွန့် လိပ်,ကုန်းကွယ်ခင်းယိုဖေါက်ပြန်သောသွားကျိုးခြင်းဖြင့် တုန်လှုပ်သော သူအိုကိုရင်း၊ သူတပါးတို့သည် ဇဲ့ယူ, တွဲထူမှ ထ, နှိုင်သော သူနာကိုရင်း၊ အသက်ဟူသော ဝိညာဉ်ကင်းပြတ်,ပုတ်ပွဖေါင်းဇု,ပွတက်သော သူသေ ကောင်းကိုရင်း၊ ရုပ်ရေလှပအလွန်ဆုံးခြေအခ္ဂါ၊ ဖြစ်သော ဗန်ရေဆွတ်ဖြန်းမိုးကြိုးရောင်အဆင်းရှိသောသင်္ဂန်းကို ဝတ်ဆင်လျက်,ရဟန်းအသွင်တို့ကိုရင်းမြင်လျှင်၊သိဒ္ဓတ္ထ မင်းသည် ရထားထိန်းအား မေးလေ၏။ ရထားထိန်း သည် အစဉ်အဘိုင်း လေးပါးသော နိမိတ်တို့ကို ပြော ကြားလေ၏။ ဘုရားလောင်းသည် ရဟန်းအသွင်ကို အလွန် အားကျ, နှစ်သက်သဖြင့်၊ ငါသည် ထိုသူကဲ့သို့ ရဟန်းပြု၍ တောထွက်အံ့ဟု သံဝေဂဉာဏ် ယူလေ၏။ ''ဒိဃနိကာယ်အလိုအားဖြင့်၊ နိမိတ်လေးပါးကို တနေ့

တည်း မြင်သည်ဟူဆို၏''။ ။ဗုဒ္ဓဝင် အဋ္ဌကထာ-အလို အားဖြင့်၊ ငါတို့ ဘုရားလောင်းမှာ အသက်တန်းတို၍၊ လေးလတခါ နိမိတ်ကို မြင်သည်ဟု ဆို၏။ ရှေးဘုရား တို့မှာသက်တန်းရှည်၍၊အနှစ်တရာလွန်မှ တခါမြင်သည် ဟုဆိုကုန်၏။သိဒ္ဓတ္ထမင်းသည် ဥယျာဉ်တော်သို့ ရောက် လျှင်၊ အလွန်သာယာစွာ အတီးအမှုတ်, အကအခုန်,ပန်း နုံ့သာစသော ငါးပါးကာမဂုဏ်တို့ကို ခံစားမြူးပျော်၍၊ ညနေချမ်းအချိန်မင်္ဂလာရေကန်ဦးရေချိုးပြီးလျှင်၊ဝိသုဒ္ဓိ နတ်သားသည် ဗန်ဆင်းအပ်သော အဝတ်, ခေါင်းရစ် ဇတ်တော်တို့ကို အထပ်ထပ်ရစ်ပတ်၍၊ ဆရာပုဏ္ဏားဘို့သည် အောင်ဇေးမျတု ရွက်ဆိုအပ်သော မင်္ဂလာစကားဖြင့် ရထားသို့တက်၍၊ ရွှေနန်းတော်သို့ ပြန်လေ၏။ ထိုအခါ ယသော်ဓယာ မိဖုယားကြီးမှ သားတော် ကလေးမွေး ဖွားကြောင်း စေတမန်, သတင်းမျှား ရောက်လာ၍၊ ဘုံသား-ရွှေလကို ရာဟုအသူရိန် ဗမ်းသက်သို့ ဖြစ်ချေပြီ ဟု ဝန်လေးသော ဦးတွားခြင်းဖြင့်၊ စေတမန်တို့အား ပြောဆိုလိုက်၏။ စေတမန်တို့သည် ခမည်းတော်သုद्धो ဒနမင်းကြီးအား၊ ထိုစကားကို လျှောက်တင်ကြသော အခါ၊ ပြေးတော်ကို ရာဟုလာမင်းသားဟု အမည်မှည့် ကုန်၏။ သိဒ္ဓတ္ထမင်းသည် ဥယျာဉ်တော်မှ အပြန်တွင် လက်ျာရစ်လှည့်၍၊ ကပိုလဗျိုသို့ ဝင်တော်မူသောအခါ၊ သုဇွော်ဒန ဘဏ္ဍေးတော်-သို့ ကိသဂေါတမီသည်

ဘုရားလောင်းကိုမြင်လျှင်၊ အလွန်ကြိုက်နှစ်သက်သဖြင့် ဆိုမည်တမ်းလေ။

အို.....အမောင် ခင်ပွန်းတို့၊

အကြင်-အမိ, အဘအား၊ ဤ အတုမဂ္ဂိုသော သားကောင်းသည် ရှိသည်ဖြစ်အုံ့၊ထို-သားကောင်း အမိအဘသည် ငြိမ်းအေးလေစွတကား။

အကြင်-မယား၊အား၊ ဤသို့ သဘောရှိသော လင်ကောင်းသည် ရှိ၏။ ထို-လင်ကောင်း မယားသည် ငြိမ်းအေးလေစွတကား။

ဤသို့ငြိမ်းအေးလေစွတကားဟု ကိသာဂေါတမီ၌တို့ ဆိုလိုက်သောစကားကို ဘုရားလောင်း၏ နား-ပသာဒ ရုပ်မှာ အသံလာ၍ထိခိုက်လိုက်လျှင်၊ အလွန် ဝင်းသာတဲ့ စိတ်တွေဖြစ်ပြီး၊ ယနေ့ပင်လျှင် တောထွက်အုံ့ဟု စိတ်အကြံကို ဆုံးဖြတ်တော်မူ၏။ ဘုရားလောင်းသည် ငြိမ်းအေးလေစွဆိုတဲ့ နှစ်မတော်-ကိသဂေါတမီ၏ မင်္ဂလာစကားကို ပူဇော်ထိုက်ပေ၏ဟု စိတ်နှလုံးသွင်း၍၊ ဘုရားလောင်း၏လည်ပင်း၌ ဝတ်ဆင်အပ်သော အဘိုးတသိန်းထိုက်သော ပုလဲသွယ်ကို ဆရာစား အနေနှင့် အပေးခိုင်းလိုက်လေ၏။ထိုအခါ နှစ်မတော်ကိသဂေါတမီက မောင်တော်သိဒ္ဓတ္ထမင်းသားဟာ၊ ငါ့ကို ကြိုက်နှစ်သက်တော့တာတဲ့ဟု စိတ်အကြံတွေနှင့် လည်ဝတ်ပုလဲသွယ် ကိုယူလေ၏။ ဘုရားလောင်းသည် နန်းတော်သို့ရောက်

လျှင်၊ အသရေရှိသော အပြင်က ရွှေရောင်အတွင်းက လဏ်၊ အရောင်နှင့် တူသော ပဒုမ္မာပွင့်ဖြင့် ဧကထားအပ် သောနံ့သာတုံး, နံ့သာနှုန်ဖြင့်၊ မွေးကြိုင်အပ်သောသိကြား မင်း၏နေရာနှင့်ထပ်တူထပ်မျှ, ကောင်းမွတ်သောအခင်း ခေါင်းအုံးရှိသော အိပ်ရာ၌ နေတော်မူ၏။

ဘုရားလောင်းသည် ရွှေနန်းစံခန်း ပြီး၏။

:::::::::

ဘုရားလောင်းဘေးဇွက်ခန်း။

ဘုရားလောင်းသည် ကရွေသည် မောင်းမတို့၏ အလွန် အကျူး ပျော်မြူးကြသော စည်း, စောင်းဘွင်း, တူရိယာသံဆိုသံကို ဘုရားလောင်းဝိတ်တွင် အနည်း ငယ်မျှ မဝင်စားလေ။ ဒုက္ခအပေါင်းကို၌ ငြီးငွေ့သော နိဗ္ဗာန်ဉာဏ်ကိုသာ ရှုဆင်ခြင်လျက်၊ စက်တော်ခေါ် လေ၏။ ဘုရားလောင်းသည် အာဘန်တော်စက်တော်ခေါ်၍ ကရွေသည်မောင်းမကို၏ ဖေါက်ပြန်သောအချင်းအရာ ကိုမြင်၍၊ နှလုံးတော်၌ ငြီးငွေ့သည် ဖြစ်လျက်၊ သုရမ္ဘ ပြာသာဒ်၏တံခါးခုံတွင်အိပ်၍နေသောဌီးဆန်ကို အိပ်ရာ မှ ထစေပြီးသျှင်၊ အချင်း-ဌီးဆန်, ငါသည် ပဓာနေတော ထွက်ဘော်မှုအံ့၊ မသိ့သူမျှ မသိစေဘဲ၊ မြင်းတော်ကို ကကြိုးတန်းဆာဘို့ဖြင့် ပြင်လော့ဟု စေခိုင်းတော်မူ၏။ ဌီးဆန်သည်ကကြိုးတန်းဆာတို့ကိုယူ၍၊ မြင်းဘင်းကုတ် သို့သွားကာ အလျှား-တဆဲ့ရှစ်ဘောင်, အနံ-တဆဲ့ရှစ်

တောင်မျှသော ကိုယ်အလုံး ဖြူသော ဖွားဘက်တော်ကလျှိုကမြင်းကို ကကြိုးတန်းဆာတို့ဖြင့် ကောင်းစွာပြင်ဆင်လေ၏။ကလျှိုကမြင်းတော်သည် အရှင်၏အကျိုးကို ဆောင်ရွက်ရမည်ဖြစ်၍၊ အလွန် ဝမ်းသာသဖြင့်၊ မြည်ဟီးလေသော်၊ထိုအသံကို နတ်တို့သည် ကပ္ပိလဝတ်မြို့ကို မကြားစေခြင်းငှါ,ပိတ်ပင်တားဆီးကုန်၏။ ဘုရားလောင်းသည် မယ်ယသော်၏ အိပ်စက်ရာ အဆောင်တော်ကို ရာဟုလာ, သားတော်နှင့်တကွ မယ်ယသော်ကြည့်အုံ့ဟုသွားမည်ကို ကြားသိခြင်ထောင်ကို ဖွင့်လှစ်ကြည့်ရှုတော်မူလျှင်၊ ဆိုးဒိုးအရောင်, ကြယ်ရောင်, လရောင်, (ယာရုကာလ အလိုအားဖြင့်၊ ဝေတ်ဒိုးချောင်းအရောင်ဆိုပါတော့။) ထို-အရောင်တို့ဖြင့် မယ်ယသော်၏ ပါးခိုနှဖူး,လည်ပင်း,ရင်,သားမြတ်,ခါး,တင်အိုး,ခြေဘဝါး,စသည်ကိုရင်း။ သားတော်- ရာဟုလာ၏ ခွေရုပ်ပမာ,ချောလှသည်ကိုရင်း၊ ဖြင်တော်မူ၏။ သားတော်ကိုယူ၍၊ နမ်းရှူလိုသော်လည်း၊ မယ်ယသော်၏ လက်ချာကား။ သားတော်ကလေးအပေါ် ပေ့ွ၍ထားသဖြင့်၊ သံယောဇဉ်ဆိုတဲ့ဒိုးတွေကို ချုပ်တီးပြီးလျှင်၊ မယူမပေ့ွ မနမ်းရှုဘဲ၊မယ်ယသော်နိုးမည်စိုး၍၊တောထွက်ခြင်းအနှဲ့ရာယ် အလွန်များသဖြင့်၊ နိဗ္ဗာန်ရည်သန်၍ သဗ္ဗညုတဉာဏ်ကို သိပြီးမှ သားတော်ကိုကြည့်အုံ့, ကြံတော်မူ၏။ ထိုသို့-ကြံတော်မူပြီး၍၊ သဠာလိ,ခြင်ထောင်ကို နေရာကုအောင်ထားပြီးလျှင်၊ မယ်ယသော်ခန်းတိုက်ဆောင်မှ ပြန်ဆင်း

ခဲ့၍၊ မြင်းတော၌ ကဏ္ဍိကအနီးသို့ ခုဉီးကပ်သဖြင့်၊ မြင်းတော်အား ပြောဆိုသည်ကား၊ ချစ်သား-ကဏ္ဍိက, ယနေ့တည်ဦးမှ ငါ၏အကျိုးကို ကောင်းစွာ ရွက်ဆောင်ပါဟု ဆိုမ၊ မြင်းတော်၏ကျောက်ကုန်းထက်သို့ တက်ပြီးလျှင် ဦးဆန့်ကိုနောက်တော်ပါးက ခေါ်တော်မူ၍၊ ဘိုးတော် အဋ္ဌနမင်းကြီး ထားတော်မူခဲ့သော မဟာ-သက္ကရာဇ်ကိုးဆဲ့ခုနစ်ခု၊ သက်တော် နှစ်ဆယ်ကိုးနှစ်၊ဝါဆိုလပြည့်တနင်းလာနေ့၊ ညဦးသန်းခေါင်ယာမ် အချိန်တွင် တောထွက်တော်မူ၏။

ဘုရားလောင်း တောထွက်ခဏ်း ပြီး၏။

မာရ်နတ်တားဆီးခဏ်း။

ဘုရားလောင်းနှင့် တကွ လိုက်ပါလာကုန်သောသူတို့သည် တသောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာတို့သည် ရှေ့ နောက်,ဝဲ ယာ,မီးနီ,မီးဖြူ,မီးစိမ်း, မီးဝါ, တံခွန်,ကုက္ကား,ကြက်လျှာ,ပန်းအမျိုးမျိုး၊နဲ့သာအမျိုးမျိုး တို့ကို ယူဆောင်၍လိုက်ကြကုန်၏။မာရ်နတ်သည် ကပ္ပိလဝတ် ဖြို့တံခါးမှ ဘုရားလောင်း တောမထွက်ရန်ကို အလောင်းမင်း၊စကြာရတနာခုနစ်ရက်ကြာလျှင်ရောက်တော့မည်ဖြစ်ပါသည်။ တောမထွက်ပါနှင့်.....ဆိုကာ၊ ဆီး၍တားဖြစ်၏။ အလောင်းမင်းသည် စကြာရတနာ ရောက်မည်ကို ငါသိ၏။စကြာရတနာအာဘယ်ပြုအံ့နည်း၊

ငါသည် နိဗ္ဗာန်ကိုသာအလိုဂ္ဂိုပါ၏ဆိုမြဲ နတ်တို့သည် ဖွင့်အပ်သော တံခါးဖြင့် ထွက်တော်မူ၏။

မာရ်နတ်တားဆီးခဏ်း ပြီး၏။

ဘုရားလောင်း ရဟန်းပြုတော်မူလေး။

ဘုရားလောင်းသည် ကပ္ပိလဝတ်မြို့တော်ကို လှည့်၍ ကြည့်လိုလျှင်၊ မဟာပထဝီမြေကြီးသည် ခိုးထိန်းစက်ကဲ့သို့ လည်၍ပေးသဖြင့်၊ ကြည့်တော်မူပြီးလျှင်၊ တောသို့ ဝှေးရှုနှင်တော်မူ၏။ ကဏ္ဍိက,မြင်းတော်သည် ပကတိအားဖြင့်၊ တည့်ခ်ိတည်း စကြာဝဠာ,တံတိုင်းကို သွားရောက်နိုင်သော်လည်း၊ နဂါး, ဂဠုံ, နတ်, ဗြဟ္မာတို့၏ ပူဇော်အပ်သော ပန်းမွေ့ရာလမ်းခရီးဖြင့် သွားရသော ကြောင့် ညဉ့်ဝက်ဖြင့်သုံးပြည်ထောင်ကိုလွန်၍ အရုဏ်တက်သောအခါ၊ ကပ္ပိလဝတ်ပြည်မှ ယူဇနာ သုံးဆယ်ဝေးသော အနော်မာမြစ်သို့ ရောက်တော်မူလေ၏။ ။ အချင်း-ဦးဆန်၊ ဤမြစ်ကား၊ အာဘယ်မြစ်နည်းဟု မေးလေလျှင်၊ အနော်မာ, မြစ်မည်ကြောင်း လျှောက်ထားသော်၊ ငါ၏ ရဟန်းပြုခြင်းသည် မယုတ်ရာဟု နှိမိတ်ယူ၍၊ ရှစ်ဥသဘ အကျယ်ရှိသော အနော်မာ, မြစ်ကို ဦးဆန်နှင့်တကွ ဟိုဘက်ကမ်းသို့ ကူးလေ၏။ ကမ်းတဘက်သို့ ရောက်လျှင်၊ အချင်း-ဦးဆန်၊ ငါ၏ အဝတ်

တန်းဆာနှင့်တကွ မြင်းတော်ကိုယူ၍၊ တိုင်းတော်,ပြည်တော်သို့ပြန်လေ။ ၊ခမည်းတော်-မိဘုရားတော်တို့အား အနာမရှိသည်ကိုပြောလေ။ ငါသည် ရဟန်းပြုအံ့ဟုမိန့်တော်မူ၏။ ဦးဆန်က၊ အရှင်သား၊နှင့်အတူလိုက်၍၊ရဟန်းပြုလိုပါသည်ဟု တင်လျှောက်ခဲသည်း၊ အခွင့်မရ၍ မြင်းတော်ကဆွဲကလည်း၊ အရှင်နှင့်ခွဲ၍ သွားရမည်ကို ဝမ်းနည်းလှသဖြင့်၊ ရင်ကွဲ၍ သေပြီးလျင်၊ နတ်ပြည်မှ ကဆွဲကနတ်သား ဖြစ်လေ၏။ ဦးဆန်သည် မြင်းတော်အလောင်းကို အနော်မာ, သဲသောင်တွင် ထားခဲ့၍၊ ကတ္တိုးတန်းဆာတို့ကိုယူပြီးလျှင်၊ပူဆွေးဒုက္ခကြီးစွာနှင့် ပြည်တော်သို့ပြန်ရလေ၏။

ဘုရားလောင်းသည် ဆံတော်ကိုသင်္ဘောကနှင့် ဖြတ်၍ သဗ္ဗာအဓိဋ္ဌာန်ပြု၏။ ငါသည် ဘုရားဇကနဖြစ်ပါလျှင်၊ ဤဆံသည် ကောင်းကင်ခို တည်ပါစေသော။ ဘုရားမဖြစ်လျှင်၊ မြေဘို့ကျရောက်စေသတည်းဟု အဓิဋ္ဌာန်၍ ကောင်းကင်သို့ မြှောက်ပစ်လိုက်၏။ ဆံတော်သည် ဥသျှောင်နှင့် တကွ ကောင်းကင်သို့ တက်၍၊ ပန်းဆိုင်းကဲ့သို့ တည်လေ၏၊ သိကြားမင်းသည် ရွှေပန်းကောင်းဖြင့် ခံယူ၍၊ သုံးယူဇနာရှိသော ရတနာတို့ဖြင့်ပြီးသော စူဠာမဏိစေတီတည်၍၊ကိုးကွယ်လေ၏။

"စူဠာမဏိဆံတော်၏အကြောင်းကို ဆိုရာဖြစ်သော ဗုဒ္ဓဝင် အဋ္ဌကထာ၌ရင်း၊ တထာဂတုပ္ပတ္တိ ကျမ်း၌ရင်း၊ ပါရာဇိကဏ် အဋ္ဌကထာ၌ရင်း၊ မဟာဝင် အဋ္ဌကထာ၌

ရင်း၊မဟာမာယာဝဏ္ဏ၊ ဒ္ဒါရင်း၊ဝံသမေဒပကာသနီကျမ်း၊ ဒ္ဒါရင်း၊ စာကြည့်ပရိသတ်ကို အလိုရှိလျှင် ကြည့်ရှုကြလေကုန်''

ထိုနောက်၊ကသဿပဘုရားသာသနာတော်အတွင်းက အရှေ့တော်ဖြစ်ခဲ့ဘူးသော ဃဋိကာရ ဗြဟ္မာကြီးသည် ယနေ့ ငါ၏အရှေ့တော်သိဒ္ဓတ္ထမင်းသည် တောတွက်ခဲ့၍ အနေဘီမာ,မြစ်သာကမ်းနားဌ ဆံကိုပယ်၍၊ ပန်ရေစွန်းသော အဝတ်ကိုအလိုရှိသဖြင့်၊ အဘိုးမျှားဖွာ ထိုက်တန်တန်သော ဘွဲ့ဖြူဝတ်လဲတော်ကို အပြစ်မြင်ပြီ၊ ငါသည် သွားခဲ့၍၊ ကမ္ဘာဦးစက, ဖြစ်ပေါ်သော ကြာသက်နန်းပရိကျွတ်ရာအစုံတို့ကိုယူပြီးလျှင်၊ သူ့အုံ့ဟုကြို၍ ဆောင်လာခဲ့ပြီးလျှင်၊ ဘုရားလောင်းအား ကပ်သွားလေ၏။ ဘုရားလောင်းသည် ကြာသက်နန်းပရိကျွတ်အစုံကို အသွားခံ၍၊ ဝယ်ရုံပြီးလျှင် ဝတ်လဲတော်တို့ကိုအဓိဋ္ဌာန်ပြု၍၊ကောင်းကင်သို့ မြှောက်လိုက်သျှင်၊ကောင်းကင်ဒ္ဒဗိမာန်မျက်နှာကြက်ကဲ့သို့ တည်သည်ကို ဃဋိကာရ, ဗြဟ္မာကြီးသည် ယူဆောင်၍၊ အကနိဋ္ဌဗြဟ္မာဘုံ၌ 'တာဝတိံသာစ်ယူဇနာမြင့်သော ဒုဿစေတီတည်ထား ကိုးကွယ်လေကုန်၏။

ဘုဘုရားလောင်း ရဟန်းပြုခြင်း အခန်း ပြီး၏။

ဘုရားလောင်း ရာဇဂြိုဟ်မြို့သို့ ရောက်ခြင်းခွာ ဆွမ်းခံသောအခေါက်။

ဘုရားလောင်းရဟန်းသည် အနုပိယသရက်ဥယျာဉ် တော၌ ချမ်းရက်ပတ်လုံး ရဟန်းဘို၏ချမ်းသာကိုခံစား လျက်၊ နေတော်မူ၏။ ပါဆိုလပြည့်ကျော် ၄စိရက် မိုး သောက်ထအခါ၌၊ ထိုသရက်ဥယျာဉ်မှ ယူဇနာသုံးဆယ် ရှိသော ခရီးကိုလွန်၍၊ ရာဇဂြိုဟ်ပြည်သို့ ရောက်လေ၏။ ဆွမ်းခံကျွန်ရှိသေးသည်ဖြစ်၍၊ ရာဇဂြိုဟ်မြို့ အရှေ့တံခါး က နေ၍ မြို့တွင်းသို့ဝင်ပြီးလျှင် အိမ်စဉ်အတိုင်း ဆွမ်းရပ် တော်မူ၏။ ထိုအခါ ရာဇဂြိုဟ် မြို့သူ-မြို့သား တို့သည် ဤ သူကား၊ လူမဟုတ်။ နတ်လေလော, ဗြဟ္မာလေလော, ဂန္ဓဗ္ဗာလေလော, နဂါးလေလော, လနတ်သားသည် အသူ ရိန်ကိုကြောက်၍၊ လူရှာသို့ပင်လားလေသလောဟု ဆိုကြ ကုန်၏။ မင်းချင်း ယောကျ်းတယောက်သည်, မြို့တွင်းခွ ဝေ့ရှိ၏သာ သတင်းကောင်းကိုဦးမြတ်သာရမင်းကြီးအား လျှောက်တင်လျှင် ဝိမ္မတ်သာရမင်းကြီးသည် နတ်, ဗြဟ္မာ ဖြစ်လျှင် ကောင်းကင်ပြန်လိမ့်မည်။ နဂါးဖြစ်လျှင် မြေခွဲ ၎ တ်လိမ့်မည်။ဘီလူးဖြစ်လျှင်ဖျောက်လိမ့်မည် သိအောင် ပြုကြလေဟု စေလိုက်လေ၏။ ဘုရားလောင်း ရဟန်း သည် ကြီးစွာသောအိန္ဒြေတော်ဖြင့် ဆွမ်ရပ်၍ ပြောင်း ပဲ-လူး-ဆပ် ရောနှောအပ်သော အထူးထူးသော ဆွမ်း ကို မျှဘာရုံရလျှင် အရှေ့တံခါးဖြင့်သာ ထွက်တော်မူ၍၊

ပဏ္ဍာဝတောင်ရိပ်တွင် အရှေ့သို့မျက်နှာမူလျက်၊ ဘုဉ်းပေးအံ့သောဌ၊,သပ်တော်ကိုမှီ၍ကြည့်လိုက်လျှင် အလွန်ကြမ်းတမ်းသော အစာအာဟာရကို မြင်ရသောအခါ၊ ဘုရားလောင်း အရှင်သည် အထက်သို့ ထွက်အံ့သောအဖြစ်သို့ ရောဂါလေဘေးလည်း၊ထရားနှင့်ပြေကာ ဘုဉ်းပေးတော မူ၏။မင်းချင်းယောက်ျားတို့သည် ပိမ္ဗာသာရမင်းကြီးအား၊လျှောက်တင်ကြလျှင် ပိမ္ဗာသာရမင်းကြီးသည် လျှင်မြန်စွာ နန်းတော်မှထွက်ခဲ့၍၊ ဘုရားလောင်းရဟန်းထံသို့ရောက်လျှင် ဘုရားလောင်းရဟန်း၏ အမျိုးအမည် အလုံးစုံကိုမေး၍သိသဖြင့်၊ပိမ္ဗာသာရမင်းကြီး နန်းစည်းစိမ်ကို အကြိမ်ကြိမ် အပ်နှင်းသော်လည်း၊ လက်မခံ, ငြင်းဆုံတော်မူ၏။ ထိုသို့ လက်မခံလျှင် ဘုရားဖြစ်သောအခါ၊ အကျွန်ုပ်၏နိုင်ငံတော်သို့ ရှေးဦးစွာကြွတော်မူပါ ဘုရားဟု လျှောက်ထားလေလျှင် ဝန်ခံတော်မူ၏။ ပိမ္ဗာသာရမင်းကြီးလည်း နန်းတော်သို့ ပြန်လေ၏။

ဘုရားလောင်းရဟန်း ရာဇဂြိုဟ်မြို့၌ ရှေးဦးစွာ
ဆွမ်းခံ ဘုဉ်းပေးသောအခါကား ပြီး၏။

ဘုရားလောင်းရဟန်းအားဦးရေဒသ,ဥဒကရေသ,တို့နှင့် ဗျာဓိသမာဓိတို့ ဟရားကို ဆွေးနွေးခြင်း။

ဘုရားလောင်းရဟန်းသည် ဆွမ်းဘဏ်းပေးခြင်းကိုပြီးသောအခါ၊ အဧည့်အတိုင်း ကြွတော်မူ၍၊ အာဠာရ

ရသေ့ထံ၌ ပဌမဈာန်အစ, အာကိဉ္စညာယတန ဈာန်သမာပတ်တိုင်အောင်ဆွေးနွေးလေ၏၊ ထိုမှတပန် ဥဒကရသေ့ထံ ရောက်ပြန်၏။ နေဝသညာ နာ,သညာယတန ဈာန်သမာပတ်ကို ဆွေးနွေးတော်မူ၏။ ထိုအာဠာဝရ-ရသေ့၊ ဥဒက-ရသေ့တို့ကဲ့ သဒ္ဓါလေးပါး ဒိဋ္ဌာန်မြင်ခိုင်သော ဉာဏ်မရှိသည်ကို ဘုရားလောင်း ရဟန်းထိုသဖြင့် ထိုသူတို့ကဲ့မှဲ့ခွါ၍၊ ဥရုဝေဠုတောသို့ ရောက်တော်မူသျှင်၊ ဒုက္ခရစရိယာ အကျင့်မြတ်ကို ကျင့်ရန် အားထုတ်တော်မူ၏။

ဘုရားလောင်းရဟန်း ပဉ္စဝဂ္ဂိုဏ်းဦးတို့နှင့်တွေ့၍ ဒုက္ခရစရိယာ အကျင့်မြတ်ကို ကျင့်ခြင်း

ဘုရားလောင်း မွေးဖွားစဉ်က နိမိတ်ဘတ်ငါးကွာတို့တွင် အငယ်ဆုံးဖြစ်သော ကောဏ္ဍညပုဏ္ဏားသည်နိမိတ်ဘတ်,ပုဏ္ဏားသားတို့နှင့် ဘုရားလောင်း ရဟန်းမပြုခင်က ရှေးဦးစွာ ရဟန်းပြုကြ၍၊ ထို-ဥရုဝေလဒေသာအုပ်၌ ရဟန်းတရားကို အားထုတ်လျက်၊ နေထိုင်ကြကုန်၏။ ဘုရားလောင်း ရဟန်းသည် ပဉ္စဝဂ္ဂိုဏ်းဦးတို့နှင့် တွေ့၍၊ ဒုက္ခရစရိယာ အကျင့်မြတ်ကို ကောင်းစွာ ကျင့်လေ၏။ ပဉ္စဝဂ္ဂိရဟန်းတို့သည် ဘုရားလောင်း ရဟန်းအား ဝတ်ကြီး, ဝတ်ငယ်တို့ဖြင့် ကောင်းစွာ လုပ်ကျွေးကြကုန်၏။ ဘုရားလောင်း ရဟန်းသည် ထမင်း, မုန့်, ငါး, အသားဟူသည်ကို မစားဘဲလျက်၊ သစ်သီးသစ်ရွက်ကိုသာ စား

သည်ဖြစ်၍၊ အကျင့်ဖြတ်ကို ကျင့်၏။ တဖန်၊ သင်ခြင်း, သစ်ရွက်ကို မစားဘဲလျက်၊ ရေလောက်သာ သောက်လျက်၊ အကျင့်မတ်ကို ကျင့်၏။ နောက်တဖန်၊ ရေဟူသော အာဟာရကိုပင်ပယ်၍၊ အကျင့်ဖြတ်ကို ကျင့်၏။ ထိုနောက်တဖန်၊ နတ်တို့သည် မွေးညှင်းပေါက်ဝ နေ၍၊ နတ်ညြစာ ဝတ်ကို သွင်းသည်မျှဖြင့် အကျင့်ဖြတ်ကို ကျင့်၏။

ဤသို့ အလွန်ပြုကြင်ပင် ပင်ပန်းသော ဒုက္ခရစရိယာ အကျင့်ဖြတ်ကို ကျင့်သောအခါ ဣန္ဒအဆင်းရှိသောကံယ် တော်၏ ကိုယ်မှ ယောကျားမြတ်ဘို့၏ သုံးဆဲ့နှစ်ပါး သော လက္ခဏာတော် ကြီးနှင့်တကွ ရှစ်ဆယ်သော လက္ခဏာငယ်တို့သည် ပျောက်ကွယ်၍ မည်းနက်သော အဆင်း၊ ပိန်ခြုံးသောကိုယ်ရှိ၍၊ ကြည့်၍မကောင်းဖြစ်၏။ ဘုရားလောင်း ရဟန်းသည် တနေ့သ၌ ထွက်လေ, ဝင်လေ, ကမ္မဋ္ဌာန်းကို အားထုတ်သောအခါ၊ အစာပြတ်၍ စက်ဘီးသွားရင်း လျှောင်းတော်မူ၏။ ထိုအခါ နတ်သား တယောက်သည် သင်-ဝင်းကြီးသား သေပြီဟု ခမည်း တော်-သုဒ္ဓေါဒန မင်းကြီးအား ပြောလေလျှင်၊ သုဒ္ဓေါ ဒနမင်းကြီးသည် မယုံကြည်။

တဖန်–ဘုရားလောင်းရဟန်းသည် သတိရ၍ ထွက်လေ, ဝင်လေ, ကမ္မဋ္ဌာန်းကို အားထုတ်ပြန်၏။ ထိုအခါ တယောက်သောနတ်သားသည် သုဒ္ဓေါဒန မင်းကြီးအား သင်-မင်းကြီးသား မသေဟု ပြောကြား၏။ ထိုအခါ

သိကြားမင်းသည် ဘုရားလောင်းရဟန်း တန်းခိုးဖြင့် ပဏ္ဍာကမ္ဘလာနေရာ ပူသောဒုက္ခဖြစ်သို့ ရောက်သဖြင့် လူပြည်သူ့ကြည့်လိုက်သောအခါ၊ ဘုရားလောင်း၏အကျင့်လွန်ကဲနေသဖြင့်၊ ဥသျှစ်သီးမှည့်အဆင်းနှင်သော စောင်းကို ပိုက်၍ ဘုရားလောင်းရဟန်း၏အနီးဒ္ဒီစောင်းလျှို့ကို လျှောခ့ဲ၍ရင်း၊ အလွန် တင်းသဖြင့်ရင်း၊ စောင်းတီးသော အခါ၊ အသံမမြည်၍၊ ဘုရားလောင်း ရဟန်းက မလျှော့မတင်းစောင်းလှို့ကိုပြလေ၏။ ထိုအခါ စောင်းသံသည် အလွန်သာယာသော အသံရှိ၏။ သိကြားမင်းသည် အရှင်ဘုရား၊ စောင်း, ဥပမာကဲ့သို့ အကျင့်ကို မလျှော့မတင်း ကျင့်တော်မူပါ လျှောက်ထားပြီး၊ နတ်ပြည်သို့ ပြန်လေ၏။ ဘုရားလောင်းသည် သတိရ၍၊ သဗ္ဗညုတ ဉာဏ်ကို ရစေရန် အားကိုးပြစ်စေအံ့ဟု ကြံ၍၊ သေနနိုဂုံးခ့ဲ ဆုပန်းခံလျက် ဘုဉ်းပေးတော်မူလျှင်၊ သုံးရက်, လေးရက်ဖြင့် ဝါဒီးသောကိုယ်နှိ၍၊ သုံးသဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးနှင့်တကွ ရှစ်ဆယ်သော လက္ခဏာငယ်တို့သည် ဖြစ်ပေါ်လာ၍၊ ဣန္ဒအဆင်းကဲ့သို့သော ကိုယ်တော်သည် ထွက်လေ,ဝင်လေ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်လျက်၊ သမာပတ်နှင့် ပြည့်စုံစွာ လေးပါးသော ဈာန်ယာဝုတ်တို့ဖြင့် မျှတစွာ နေထိုင်တော်မူ၏။

ဒုက္ခရစရိယာအကျင့်ခေါ်း ပြီး၏။

—o—

သုဇာတာသူဌေးသမီး ဘုရားလောင်းရဟန်းအား နို့ဂဏ္ဍာ ဆွမ်းလှူသော အခေတ်။

ပဋ္ဌဝဂ္ဂီရဟန်းတို့သည် ဘုရားလောင်း ရဟန်းခို အပြစ်ကိုရှု၍၊ ဘုရားလောင်း ရဟန်းနှင့် ခွဲခွာပြီးလျှင်၊ ဥရုဝေလတောမှ ဂျစ်ယူဇနာဝေးသော ဗာရာဏသီမြို့၏ အနီး၊ မိဂဒါဝုဏ်တောသို့ သွားကြကုန်၏။ ထိုအခါ ဘုရားလောင်းရဟန်းသည် ဆွမ်းခံစားခြင်းဖြင့်၊ မှာဘွာ ဘုရားဖြစ်ရန်တရားကိုအားထုတ်လျက်နေစဉ်၊ တနေ့သမို့ သုဇာတာသူဌေးသမီးသည် အရွယ်သို့ရောက်၍၊ တခုသော ပညောင်ပင်၌ အရှင်-ဂုဏ္ဍိုး နတ်မင်း၊ အကျွန်ုပ်သည် အရွယ်ဇာတ်တူသောအမျိုးအိမ်သို့ရောက်၍၊ ပဌမဗဒိုးစွာ သားယောကျ်ားကလေးကိုရပါအုံ့, အရှင်-ဂုဏ္ဍိုးနတ်မင်းကို ပလိုနတ်စာ ဘင်ဆက်ပါမည်ဟုဆို၍၊ ပညောင်ပင်၌ ဆုတောင်း၏။ သူဌေးသမီး သုဇာတာသည် ဆု, တောင်းသည့် အာဘိုင်းပင် ပြည့်ခဲ့၍၊ နေ့ပတထောင်ကို နွယ်ချ, ပတော်မြက်တောခွ စားစေ၍၊ တထောင်သော နွားမတို့၏ နို့ရေကိုယူ၍ငါးရာသော နွားမတို့အား တိုက်၏။ တဖန်၊ ငါးရာမှသက်ဝက်။ တဖန်၊ နှစ်ရာ့ငါး ဆယ်မှသက်ဝက်။ တဖန်၊ တရာ့နှစ်ဆယ့်ငါးကောင်။ တဖန်၊ခြောက်ဆဲ့လေးကောင်။ တဖန်၊သုံးဆဲ့နှစ်ကောင်။ တဖန်၊ တဆယ့်ခြောက်ကောင်။ တဖန်၊ ရှစ်ကောင်သော နွားမတို့၏နို့ရည်ကိုယူ၍၊ ဆန်, နှမ်ဆီ, ဆားတို့နှင့်

ရောရ၍၊ နို့ဂဏ္ဍာကျိုချက်သျှင် စတုမဟာရာဇ်နတ်မင်း, သိကြားမင်း, ဗြဟ္မာမင်းတို့ စောင့်ရှောက်၍၊ အ်ရသာတထောင်ဖိုးသော နို့ဂဏ္ဍာကိုကျိုချက်ပြီးလျှင်၊ တသိန်းထိုက်သော ရွှေခွက်တွင်ထည့်၍ထား၏။ သုဇာတာသူဌေးသို့သည် ငယ်ကျွန်ဖြစ်သော မအိမ်ပြည့်ဝကို ပညောင်ပင်၌ အခိုက်, အညစ်အကြေးတို့ကို တံမြက်စည်းလှဲရန် ခိုင်းစေလိုက်၏။ မအိမ်ပြည့်ဝသည် ပညောင်ပင်သို့သွားလေ၏၊ ဘုရားလောင်းရဟန်းသည် ကဆုန်လပြည့်နေ့၊ နံနက် အရုဏ်တက်ခါနီး အချိန်တွင် ဘုရားဖြစ်ခြင်း၏ ပဗုဒ္ဓဒိဋ္ဌိတင်ပါးပါးကိုအိပ်မက်မြင်မက်လေ၏။ ယနေ့ကား၊ ဘုရားဒကန် ဖြစ်အံ့ဟု စိတ်တော်ကို ဆုံးဖြတ်၍၊ နံနက်စောစောထ၍၊ ကိုယ်လက်, သုတ်သင်ပြီးလျှင် ဆွမ်းခံအံ့သောဌာ, ပညောင်ပင်အောက်၌ အခေါ်သို့ မျက်နှာမူလျက်၊ နေတော်မှ၏။ မအိမ်ပြည့်ဝသည် ဘုရားလောင်းရဟန်းကို မြင်လျှင်၊ ပညောင်ပင်စောင့် နတ်ကြီးသည် ငါတို့ကို ကိုယ်ဘိုင်ပြသည်ဟု အလွန်, ဝမ်းသာသဖြင့် သုဇာတာသူဌေးသို့ကို အမြန်ပြန်၍ပြောလေလျှင် သုဇာတာသူဌေးသို့သည် အလွန် ဝမ်းသာ၍၊ မအိမ်ပြည့်ဝကို သို့အရာ၌တည်စေသဖြင့်၊ တသိန်းထိုက်သော ရွှေခွက်နှင့် တကွ နို့ပဏ္ဍာကို ကိုယ်တိုင်ယူ၍၊ ပညောင်ပင်စောင့် နတ်ထင်မှတ်သော ဘုရားလောင်းအား ရှိသေစွာလှူဒါန်း ဆက်ကပ်လေ၏။ ဘုရားလောင်းရဟန်းသည် ရွှေခွက်နှင့် တကွ နို့ဂဏ္ဍာကို အ လှူ ခံ တော် မူ ၍၊ နေရဏ္ဍာဗြစ်၌

ခပ်သိမ်းသော ဘုရားလောင်းတို့ ဘုရားဖြစ်သောနေ့၌၊ ရေသပ္ပါယ်သော သုပဘိဒ္ဓါဘ, ဆိပ်ကမ်းသို့ ကြွသွားတော်မူ၍၊ ကမ်းသိပ်၌ နို့ဂဏ္ဍားခွက်ကို ထားပြီးလျှင် ရေသပ္ပါယ်တော်မူ ပြီးမှလေးဆဲ့ကိုးလုပ် ဘုဉ်းပေးတော်မူ၏။

သုဇာတာ နို့ဂဏ္ဍာဆွမ်းသွားခက်း ပြီး၏။

ဗောဓိမဏ္ဍိုင်ကြီးပေါ်တွင် ဘုရားဖြစ်ခဲတော်နှုတ်။

ဘုရားလောင်း ရဟန်းကြီးသည် နို့ဂဏ္ဍာ ဆွမ်းကို ဘုဉ်းပေးပြီးသောအခါ၊ တသိန်းထိုက် ၄ ခွက်ကို ယနေ့ငါသည် လူသုံးဦးတို့၏ရှေ့သွား ဘုရားဖြစ်ပါမူ၊ ဤခွေခွက်သည်ပြစ်ညှာသို့ဆန်သွားစေသောဝိ၊အကယ်၍ လူသုံးဦးတို့၏ရှေ့သွား ဘုရားမဖြစ်ပါလျှင်၊ ထိုခွေခွက်သည် အောက်အကြောသို့ နစ်မြုတ်သွားစေ သတည်းဟု အဓิษฐานပြု၍၊ နေရဋ္ဌာဂုဖြစ်တွင် ရေသို့ချလိုက်၏။ ထို-ခွေခွက်သည် ရေအယဉ်ကို ဖြတ်ကျော်၍၊ မြစ်လယ်သို့ ရောက်သောအခါ၊ အဘောင်ရှစ်ဆယ်မျှ အထက်သို့ဆန်တက်သွား၍၊ တရုတ်ဘောဝဲအလယ်သို့နစ်မြုတ်ကာ ဘောဂဝတီကာလနဂါး၏ဗိမာန်သို့ရောက်သဖြင့်၊ ရှေးဘုရားသုံးဆူတို့၏ ခွေခွက်ဦးထိခိုက်၍တည်လေ၏၊ ထိုထိခိုက်သောအသံဖြင့်၊ ကာလနဂါး, အိပ်ရာမှနိုးပြီး၊ ယမန်နေ့ကဘုရားတဆူ၊ မနေ့က ဘုရားဘဆူ'ယနေ့လည်း ဘုရားတဆူဟု

ဆိုမြည်တမ်းလေ၏။ ဘုရားလောင်း ရဟန်းကြီးသည် ယနေ့ငါသည်ဘုရားဖြစ်တော့မည်ဟု ဝမ်းသာသဖြင့်၊ ထိုနေရဟူရာ-မြစ်၏ အနီးတွင် ပင်လုံးကျွတ် ပွင့်သော အင်ကြင်းတောဒ္ဒ နေ့သန့်တော်မှ ပြီးလျှင် ညှ‘ချမ်းသော အခါ၊ နတ်တို့သည် ဗန်ဆင်းအပ်သော ဂ္ဂစ်ဥသဘ,အနုံ ကျယ်သောလမ်းခရီးဖြင့်၊ ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူ ၏၊ ထိုအခါ နဂါးတို့သည်ရင်း၊ ဂဠုံတို့သည်ရင်း နတ်, ဗြဟ္မာတို့သည်ရင်း၊ စဏ္ဍမဟာရာဇ် နတ်မင်း, သိကြား မင်း,ဝိသုကြံနတ်သား:သည် အထူးထူးသောပန်း၊ အထူး ထူးသော နံ့သာ, တူရိယာ အသံမျိုးစုံတို့ဖြင့် လမ်းခရီးဌ် စောင့်ရှောက်, တိုးမှုတ်ပူဇော်လျက်၊ ထီးပြူတော်ခိုး၍ လိုက်ကြကုန်၏။ သောဏိယ,ပုဏ္ဏားလုပ်သည် ဂ္ဂစ်ဆုပ် သော မြက်ဖြင့် ဘုရားလောင်း ရဟန်းကြီးအား၊ ဆည်း ကပ်, လှူဒါန်းလေ၏။ ထို-မြက်ဂ္ဂစ်ဆုပ်ကို အလှူခံတော် မူ၍၊ ဗောဓိမဏ္ဍိုင်သို့ရောက်သွင်၊ တောင်ဘက်မျက်နှာ အရပ်ကရင်း၊ အနောက်အရပ်ကရင်း၊ မြောက်အရပ်က ရင်း, ဝင်အုံ့ဟု ရပ်တော်မူသောအခါ၊ မြေကြီးစောင်း ထောင်ဖြစ်၍၊ ဘုရားဖြစ်အုံ့သောအရပ်ဟုတ်ဟု အယူ ရှိသဖြင့်၊ တဝန်၊ အရှေ့အရပ်မှ အနောက်သို့ မျက်နှာ တော်, ရှေးရှုပြု၍ ရပ်တော်မူမှသာလျှင်၊ခင်သိမ်းသော ဘုရားတို့၏ ရပ်တော်မူရာ၊ ပဌမတည်ရာဖြစ်၍၊ စည် မျက်နှာပြင်ကဲ့သို့ ညီညွှတ်စွာ တည်သည်ကိုမြင်တော်မူ ၍၊ ဤအရပ်ကား၊ သမ္ဗဇ္ဈတ ဉာဏ်တော် ရအပ်သော

ဘုရားတည်းဟုသိတော်မူ၍၊ ဖြက်ရှစ်ဆုပ်ကို အဖျားက ကိုင်လျက်၊ ကြဲဖြန့်သောအခါ၊ တဆဲ့လေးတောင်အဖြင့် ရှိ၍ရင်း အနုံ-အလျား, မျှသည်ဖြစ်၍ရင်း၊ ရတနာခုနစ်ပါးဖြင့်ပြီးသော အပ္ပရာဇာတပလ္လင် ပြေမှပေါက်လေ၏။

(ပလ္လင်ကိုဆိုရာအကျယ်သိလိုလျှင်၊ မဏိဒီပဋီကာနှင့် ပရိတ်ကြီးဋီကာ, ဇုန္ဒဝင်, အဋ္ဌကထာတို့မှာကြည့်လေ)။

ထိုပလ္လင်အထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက်၊ အတောင်တရာအမြင့်ရှိသော ညောင်ဇုန်ဟော ဗောဓိပင်ကို အမှီပြု၍၊ အရှေ့သို့ မျက်နှာမူလျက်၊ ငါသည် ဘုရားမဖြစ်လျှင်၊ မထဟူ,အင်ဇွန်ခန်ပြု၍၊ လေးပါးသော အားလုံ့ဗျာယာမြဲ ဘုရားပြုတော်မူ၏။ ထိုအခါသိကြား မင်းသည် အတောင် တရာနှစ်ဆယ်ရှိသော တခါမှုတ်လျှင် လေးလအသံမစဲသော ဝိဇယုဏ္ဏရ ခရုသင်းကိုမှုတ်လျက်၊ လက်ျာဘက်မှရပ်၏။ ပဉ္စသိခနတ်သည် သုံးဂါရုတ်ရှိသော ဗေလုဝစောင်းကိုတီးလျက်၊ လက်ဝဲဘက်မှ ရပ်၏။ သုယာမာနတ်သည် ဇာမဏီ, သားခြိုးယပ်နှင့် ယပ်လေ ခပ်လျက်ရင်း၊ သန္တုဿိတ, နတ်သားသည် ပဏ္ဍာမြားယပ်နှင့် ယပ်လေ ခပ်လျက်ရင်း၊ သဟာမ္ပတိ, ဗြဟ္မာကြီးသည်သုံးယူဇနာရှိသောထီးကို ဆောင်းလျက်ရင်း၊ကာလနဂါးသည်ဓိုပ်ရာမှထ၍ ရှေးဘုရားတို့ ဂုဏ်ဖြင့် ရောနှောသော ပုဒ်, ပဒ, အက္ခရာ, ဂါထာ, တို့ဖြင့် ချီးမွမ်းထောပနာ၍ရင်း၊ စကြာဝဠာတသောင်းခု နတ်

ဗြဟ္မာအပေါင်းတို့သည် ပန်းနီသာတို့ဖြင့်ပူဇော်လာကြကုန်၏။ ထိုအခါ မာရ်နတ်မင်း၏ အစေတမန် နတ်သားတယောက်သည် သိဒ္ဓတ္ထမင်းသား အပ္ပရာဖိတ ပလ္လင်, မြေမှပေါက်၍၊ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူကြောင်းကို ကြားလျှင်၊ မာရ်နတ်မင်းသည် သိဒ္ဓတ္ထ, မင်းသားအား၊ငါ၏ တဏှာနှိုင်ငံမှအထွက်မပေး· ငါ၏ကြွေးကြော်သံဖြင့် ပျက်စေအုံ့ဟုကြိုး၍· မာန်,စစ်သည်အပေါင်းကို စည်းဝေးစေပြီးလျှင် တယောက်နှင့် တယောက်မတူ၊ ကြောက် မက် ဘွယ်သော အဆင်း၊ ကြောက်မက်ဘွယ်သော လက်နက်ဆန်းတို့ကို ကိုင်စေ၍ရင်း၊မာရ်နတ်မင်းကိုယ်တိုင်ဂိရိမေခလာဆင်ကျောက်ကုန်းထက်၌ စီး၍၊ လက်ပေါင်းတထောင် ဝန်ဆင်းပြီးလျှင်၊ လက်နက်ဆန်းတို့ကို ကိုင်ဆောင်လျက်၊ လက်ဝဲလက်မျာ, နှစ်ဆယ့်လေးယူဇနာ၊ ရှေ့တဆယ့်နှစ်ယူဇနာ၊ အထက်က ကိုးယူဇနာ၊ နောက်-စကြာဝဠာတံတိုင်းအရောက်၊ မာရ်စစ်သည် အပေါင်းကို ခြိုရံစေလျက်၊ ဘုရားလောင်းရဟန်းကြီးနေရာဖြစ်သော ဗောဓိမဏ္ဍိုင်သို့ ချီတက်လေကုန်၏။ ထိုအခါ သိကြားမင်းနှင့် တကွသော ပဉ္စသိခနတ်သား၊ သုယာမာနတ်သား သန္တုသိတနတ်သား၊ နတ်ဗြဟ္မာအပေါင်းတို့သည် အလွန်ကြောက်ကြ၍၊ မိမိတို့၏ တူရိယာ, ယပ်, ထီး, တံခွန်တို့ကိုယူ၍၊ ခြေဦးတည့်ရာအရပ်သို့ ပြေးကြကုန်၏၊ ဘုရားလောင်းရဟန်းကြီးသည် ကိုယ်တော်၏ရှေ့, နောက်, ဝဲယာ, ထက်

အောက်ဝန်း ကျင် ကြည့် လိုက် သော အ ခါ၊ မည်သူ တယောက်မျှမရှိ၊ မာရ်စစ်သည် အပေါင်းကိုသာ ဖြင်တော်မူသဖြင့်၊ ငါကား, ပြုအပ်ပြီးသော ကုသိုလ်ပါရဒီတို့သာလျှင်၊ ငါ၏စစ်သည် ဖြစ်ကြကုန်အံ့ဟု ကြံတော်မူ၍၊ ပြုအပ်သော ပါရဒီတို့ကိုသာလျှင် ဆင်ခြင်တော်မူလျက်၊ နေထိုင်တော်မူ၏။ ထိုအခါ မာရ်နတ်မင်းသည် ဘုရားလောင်း ရဟန်းကြီးကို စကားဖြင့် မြိမ်းခြောက်ခြင်း၊ လေဖြင့် တိုက်ခတ်စေခြင်း၊တောင်ထွတ်သစ်ကိုင်းတို့ကို ကျစေခြင်း၊ ရေတွင်နစ်၍ သေစေအံ့ဟု ကြီးစွာသော မိုးကိုရွာစေခြင်း၊ နှစ်ဘက်သွားရှိသော လက်နက်မိုးရွာစေခြင်း၊ မီးမိုး, မီးခဲရွာစေခြင်း။ အခိုးအလှိုကို ဖြစ်စေခြင်း၊ဂိုရိမေခလာဆင်နှင့် ထိုးစေခြင်းအစရှိသော အထူးထူးတို့ဖြင့် ပစ်ခတ်တုန်လှုပ်စေကုန်၏။ ထိုသို့ပင် မာရ်နတ်သည် စစ်ထိုးဝြားသော်လည်း ဘုရားလောင်းအား၊ မတတ်နိုင်သဖြင့် လက်မှိုင်ချ၍အကြံတခုထုတ်ပြန်လေ၏။ အပ္ပရာဇိတ, ပလ္လင်သည် ငါ၏ ပါရဒီ,ဘုန်းကံကြောင့် ပေါက် ရောက် သည်၊ ငါ၏ စစ်သည် တော် အပေါင်းသည် ငါ၏သက်သေ ဖြစ်သည်၊ သင်-ရဟန်းကြီးမှာ ဘယ်မှာလျှင် သက်သေ. ထူနိုင်အံ့နည်းဟု ဆိုသော်၊ ဘုရားလောင်း ရဟန်းကြီးသည် မာရ်နတ်နှင့် မာရ်နတ်၏စစ်သည်တော်တို့ကို ဆင်ခြင်ပျားမျှ ကြောက်စိတ်မရှိ။ ဟယ်.....မာရ်နတ်ယုတ်၊ ဤ-ပလ္လင်သည် သင့်အလို.ဌာ, ဟုတ်။ ငါ၏ ပါရဒီဘုန်းကံကြောင့်၊ ပေါက်

ရောက်လာသည်။ငါသည်ဘဝမျှားစွာပါရဒိတော်တို့ကို ထားဘိ၊ဝေဿန္တရာ,တဘဝကိုပင် ငါသည် သက်သေ ထူအုံ့ဟုဆိုမ၊ ဝေဿန္တရာ မင်းကြီးဘဝ၌ ရုန်ကြွမ်, ရုန်လိ၊ ဤပလွင်အလို့ငှါ, ငါအဋ္ဌ ကြီး ပေးသည်ကို အဝိညာဏကဖြစ်သော၌-နှစ်သိန်းလေးသောင်းအထုရှိ သော မဟာပထဝီ ဤကြီးသည်ပင်လျှင် သိတော့သည် ဟု လက်ျာလက်မောင်းတော်ကို ဆန့်တန်းလျက်၊ သက် သေအာရာ ညွှန်ပြတော်မူလေ၏၊ နှစ်သိန်းလေးသောင်း နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်မင်းနှင့် တကွ ရေ ဆုံးသည်တိုင်အောင် မဟာပထဝီ ဤကြီးသည် လေ ယျာဉ်ပျံပန်ကာခက်, ဒိုးထိန်းစက်ကဲ့သို့ ပတ်ပတ်လည် ၍၊သက်သေအားရှု၌ တည်လေကုန်၏။ ထို့ကြောင့်..... အစေတနောပါ ဃနမဟာပထဝီ သင်္ဂီ အဝေတနောပါ၊ စိတ်မရှိသော်လည်း။ ဃနမဟာပထဝီ၊ နှစ်သိန်းလေး သောင်း, ရှိသော မဟာပထဝီ ဤကြီးသည်။ သင်္ဂီ၊ ဘုရားလောင်းရဟန်း၏ ကုသိုလ်ပါရဒိတော်ကို ငါသိ၏ ဟု ဝန်ခံ၍၊တည်လာသတည်း။(ဝဿုဇ္ဇိုနတ်သားမဟုတ် စိတ်မရှိသော ဤကြီးဟုသိလေ)။

ထိုအခါ မာရ်နတ်မင်းသည် မိမိဝိုးခဲ့သော ဂိုရိမခလာ ဆင်ကျောက်ကုန်းမှ ဒိုင်ဗင်ထိုးချပြီးလျှင်၊ ဝဿဝတီ, နတ်တို့ဘုံသို့ အရောက်ပြေးလေ၏။ မာရ်နတ်ဧစ်သည် တော်အပေါင်းတို့သည်လည်း၊မိမိတို့၏လက်နက်အဝတ် တန်းဆာတို့ကို စွန့်ပစ်၍၊ မြောက်ရက်လဲသူလဲ၊ အကဲ,

အပြ, မှတ်နှာမှုရာ၊ ခြေဦးတည့်ရာသို့ ပြေးလေကုန်၏။ ဤသို့လျှင် မင်ရှိနှတ်သားစင်ရှုံ့၍ပြေးလေသော်၊ ဘုရားလောင်း ရဟန်းကြီးကို ကိုးကွယ် ပူဇော်ကြကုန်သော သိကြား, ပြဟ္မာ, နတ်, နဂါး, ဂဠုန်,စသော သူတို့သည် တပြိုင်နက် စည်းဝေးကြ၍၊ ဝိဇယုတ္တရ ခရုသင်းကို နှတ်ပြီးလျှင် အောင်စည်တီး၍၊ပန်းနံ့သာကို ဖြင့် ပူဇော်လာကြကုန်၏။ဤသို့သောနည်းဖြင့်၊ကဆုန်လပြည့်နေ့ နေမင်းမှိမဘရိစစ်သည် အပေါင်းကို အောင်တော်မူ၍၊ ညဉ့်ဦးယာမ်၌ ရှေးဦး နေဘုံးသော ခန္ဓာစည်ကို အောက်ခွဲနိုင်ခြင်း, တည်းဟူသော ပုဗ္ဗေနိဝါသဉာဏ်တော်ကို ရတော်မူ၏။ ထို့နောက်၊ သန်းခေါင်ယာမ်၌ နတ်တို့၏ မျက်စိအမြင်နှင့်ဟူသော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူ၏။ ထို့နောက်၊ အရုဏ်ဖေါက်၌ မိုးသောက်ယာမ်ဦးနှင့် နယနည်း, အပေါင်းတို့ဖြင့် တန်းဆာ ဆင်အပ်သော သစ္စာလေးပါးကို သိရှမ်းနိုင်သော သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ သက ၂ဖိ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ အနာဂါဖိ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပေါ့ပေါ့ဝဲဝဲ ဉာဏ်, အဆင့်ဆင့်ဖြစ်၍ သဗ္ဗညုတညာဏ်တော်ကို ရတော်မူသော သိဒ္ဓတ္ထမင်းသည် ဂေါတမ, ဘုရားဖြစ်တော်မူ၏။

ထိုဘုရားဖြစ်တော်မူသောအခါ ပေါ်ပေါ်ထင်ထင်ပြကြီးသည့် တဆယ် နှစ်ကြိမ်တုန်လှုပ်လျက်၊တသောင်းသော လောကဓါတ်ကို ဝိုဘင်ခက်စေ၏၊ဘုရားဖြစ်သောအဆိုနှင့်

သည် ဘိုးတော်-အဋ္ဌနှ မင်းကြီးထားခဲ့သော မဟာသက္ကရာဇ်တရုဇ်သုံးခု၊ ၁၀၃-ခု၊ကဆုန်လပြည့်နေ့ညဉ့် အရုဏ်မတက်မီ၊ဘုရားဖြစ်တော်မူသော အချိန်တည်း)။

ဘုရားဖြစ်တော်မူခက်း ပြီး၏။

မနုသာဝဝဏ္ဏာဝိဘဇဒေသနာတော် ပြသောအခက်း။

ဘုရားဖြစ်ပြီး၍၊ အလွန်ခဲယဉ်းပြုပြင်စွာ လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ဖြင့်၊ ရှာအပ်သော အဓိဘူးမှ မရဘူးသေးသော အလုံးစုံသော တရားအပေါင်းကိုသိအပ်သော သဗ္ဗညုတညာဏ်တော်ကို ရသဖြင့်၊ အလွန် စိတ်တော်၌ ကြည်သောကြောင့်၊ ဖြစ်ပေါ်သော ဂါထာတို့သည်ကား.....။

အနေကဇာတိဂါထာပါဠိအနက်
ပလ္လင်ကသဒ္ဒါဟာအခက်။

(၁) အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာဇာတိ ပုနပ္ပုနံ။ ။

(၂) ဂဟာကာရက ဒိဋ္ဌောသိ၊
ပုနပေဟံ နု ကာဟာသိ။
သဇ္ဇာတေ ဖါသုကာ ဘဂ္ဂါ၊
ဂဟာကူဋံ ဝိသခ်ိတံ။ ။

(၃) ဝိသခ်ိါရာ ဂတံစိတ္တံ၊
တဏှာနံ ခယမဇ္ဈဂါ။ ။

မနသာဝဝဏ္ဏပိတဒေသနာဥဒါန်းကို စိတ်တော်ဖြင့် ကျူးရင့်တော်မူ၏။

မြန်မာဘာသာနက်။

(၁) ကိုယ်တည်း ဟူသောအိမ်ကို ပြုပြင်စိုရင်အပ်သော တဏှာယောကျား၊ သင့်ကို ရှာသော ငါသည် အကြင် သဗ္ဗညုတညာဏ်ဖြင့်၊ သင့်ကိုမြင်ခြင်းငှါ, တတ်ကောင်း၏။ထိုသဗ္ဗညုတညာဏ်တော်ကို မရသည်ဖြစ်၍၊ များစွာသော ဘဝသံသရာ ကာလပတ်လုံး ကျင်လည်ရပြီ။အဘန်တလဲလဲ ပဋိသန္ဓေနေရခြင်းသည်ဆင်းရဲ၏။

(၂) ကိုယ်တည်းဟူသောအိမ်ကို ပြုပြင်စိုရုံင်တတ်သော တဏှာယောကျား၊ ယခု-သင့်ကို မြင်အပ်သည်ဖြစ်ပြီ။ တဘန်၊ ကိုယ်တည်းဟူသော အိမ်ကို သင်မပြုရလတ့ံ။ သင်၏ အသုံးစုံကုန်သော ကိလေသာ တည်းဟူသော အိမ်အချင်တို့ကို ချိုးဖျက်အပ်ပြီ။

(၃) ကိုယ်တည်း ဟူသောအိမ်၏ အထွတ်, စုလစ်မှန်ချွန်တို့ကို ချအပ်ပြီ။ ငါ၏စိတ်တော်သည် ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်ပြီ။ ငါသည် တဏှာတို့၏ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်ဖိုလ်သို့ ရောက်အပ်သည် ဖြစ်ပြီ။

ထိုကိလေသာ၏ဓနာဂတ်-ပဋိဗန္ဓသမုဒ္ဒါဒေါ်ဟုခေါ်။

(၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ။
(၂) သင်္ခါရပစ္စယာ ဝိညာဏံ။
(၃) ဝိညာဏပစ္စယာ နာမရူပံ။
(၄) နာမရူပပစ္စယာ သဠာယတနံ။
(၅) သဠာယတနပစ္စယာ ဖဿော။
(၆) ဖဿပစ္စယာ ဝေဒနာ။
(၇) ဝေဒနာပစ္စယာ တဏှာ။
(၈) တဏှာပစ္စယာ ဥပါဒါနာ။
(၉) ဥပါဒါနပစ္စယာ ဘဝေါ။
(၁၀) ဘဝပစ္စယာ ဇာတိ။
(၁၁) ဇာတိပစ္စယာ ဇရာမရဏ သောက, ပရိဝေဒ, ဒုက္ခ, ဒေါမနဿ, ပါယာသာ, သမ္ဘဝန္တိ; ဧဝ မေ တဿ ကေဝလဿ, ဒုက္ခက္ခန္ဓဿ, သမုဒယော, ဟောတိ။ ။

No 25

မြန်မာဘာသာအနက်။

(၁) အမှန်ကို မသိခြင်းအကြောင်း တရားကြောင့်၊ သင်္ခါရတရားအစုတို့သည် ဖြစ်၏။

(၂) သင်္ခါရတရားအစုဖြစ်ခြင်း အကြောင်းတရားကြောင့်၊ဝိညာဏ်တရားအစုတို့သည် ဖြစ်၏။

(၃) ဝိညာဏ်အစု အကြောင်းတရားကြောင့်၊ နာမ်ရုပ်အစုတရားသည် ဖြစ်၏။

(၄) နာမ်,ရုပ် အစု အ ကြောင်း တ ရား ကြောင့်၊ အကြည့် ခြောက်ပါး သဠာယတန တရားစုသည် ဖြစ်၏။

(၅) အကြည့်ခြောက်ပါး, သဠာယတန အကြောင်းတရားကြောင့်၊ ဖဿခြောက်ပါး အတွေ့တရားစုသည် ဖြစ်၏။

(၆) ဖဿခြောက်ပါး အတွေ့ဟူသော အကြောင်းတရားကြောင့်၊ဝေဒနာခံစားမှု တရားအစုသည် ဖြစ်၏။

(၇) ဝေဒနာ ခံစားမှုဟူသော အကြောင်းတရားစုကြောင့်၊သာယာကပ်ငြိတဏှာအစုတရားသည် ဖြစ်၏။

(၈) သာယာကပ်ငြိ တဏှာ ဟူသော အကြောင်းကြောင့်၊ မခွဲနိုင်, မခွာနိုင်, မြဲနိုင်တွယ်ကပ် ဥပါဒါန်တရားစုသည် ဖြစ်၏။

(၉) ဥပါဒါနမ္ပဲ့ တရားအရ ဟူသော အကြောင်း ကြောင့်၊လောကီပွါးစီး သံသရာခရီး ဘဝအရ သည် ဖြစ်၏။

(၁၀) လောကီပွါးစီး သံသရာခရီး ဘဝ ဟူသော အကြောင်းကြောင့်၊ဖြစ်ပြန်သန္ဓေတည်နေခြင်း သည် ဖြစ်၏။

(၁၁) ဖြစ်ပြန် သန္ဓေတည်နေခြင်း အကြောင်းတရား ကြောင့်၊ အိုမှု-သေမှု-စိုးရိမ် ပူဆွေးမှု-ငိုကြွေး ဆင်းရဲ - နှလုံးမသာမှု - ပြင်းစွာ စွဲလမ်းမှုတို့ သည် ဖြစ်ပွါးကုန်၏။ ။ဤသို့-ချမ်းသာမဟာက် သက်သက်သော ဆင်းရဲအစုဏ် ဖြစ်ပွားခြင်း သည် ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်ပဋိလုံး၊

(၁) အဝိဇ္ဇာယ တွေ၀. အသေသ၀ိရာဂ နိရောဓာ သင်္ခါရနိရောဓော။

(၂) သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော။

(၃) ဝိညာဏနိရောဓာ နာမရူပနိရောဓော။

(၄) နာမရူပနိရောဓာ သဠာယတနနိရောဓော။

(၅) သဠာယတနနိရောဓာ ဖဿနိရောဓော။

(၆) ဖဿနိရောဓာ ဝေဒနာနိရောဓော။

(၇) ဝေဒနာနိရောဓာ တဏှာနိရောဓော။

(၈) တဏှာနိရောဓာ ဥပါဒါနနိရောဓော။

(၉) ဥပါဒါနနိရောဓာ ဘဝနိရောဓော။
(၁၀) ဘဝနိရောဓာ ဇာတိနိရောဓာ။
(၁၁) ဇာတိနိရောဓာ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ပါယာသာ-နိဗ္ဗတ္တိ-ဝေ-မေ-တာသံ-ကေဝလဿ-ဒုက္ခက္ခန္ဓဿ-နိရောဓော-ဟောတိ။ ။

မြန်မာဘာသာအနက်။

(၁) အဝိဇ္ဇာ၏ သာလျှင်၊ ဝိရာ-မည်သော ဝိဇ္ဇာ ဉာဏ်ဖြင့်၊ အကြွင်းအကျန်မရှိ။ ချုပ်ငြိမ်းခြင်း ကြောင့်၊ အကုသိုလ်-ကုသိုလ်ကံဟု ဆိုအပ်သော သင်္ခါရတရား၊တို့၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

(၂) အကုသိုလ်-ကုသိုလ်ကံဟူသော သင်္ခါရတရား၊တို့၏ ချုပ်ငြိမ်းခြင်းကြောင့်၊ဘဝသစ် ဝိညာဏ်၏မဖြစ်မပေါ်ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

(၃) ဝိညာဏ်၏ချုပ်ငြိမ်းခြင်းကြောင့်၊ နာမ်-ရူပ်၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

(၄) နာမ်-ရူပ်၏ ချုပ်ငြိမ်းခြင်းကြောင့်၊ သဠာယတနာ၏ ချုပ်ငြိမ်းခြင်းဖြစ်၏။

(၅) သဠာယတနာ၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဖဿအာဇော၏ချုပ်ငြိမ်းခြင်းသည်ဖြစ်၏။

(၆) ဖဿအာဇော၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဝေဒနာ ခံစားမှု၏ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

(၇) ဝေဒနာ ခံစားမှု၏ ချုပ်ငြိမ်းခြင်း ကြောင့်၊ တဏှာ၏ချုပ်ငြိမ်းခြင်းတို့သည် ဖြစ်၏။

(၈) တဏှာ၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဥပါဒါန်၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

(၉) ဥပါဒါန်၏ချုပ်ခြင်းကြောင့်၊ ဘဝ၏ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

(၁၀) ဘဝ၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဇာတိ၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

(၁၁) ဇာတိ၏ ချုပ်ငြိမ်းခြင်းကြောင့်၊ အိုမှု-နာမှု-သေမှု- စိုးရိမ်းမှု- ငိုကြွေးမှု- ဆင်းရဲမှု- နှလုံးမသာမှု-ပြင်းစွာ-ပင်ပန်းမှု ဟူသော ဖြစ်ခြင်းတို့သည် ငြိမ်းကုန်၏။ ။ဤသို့-အလုံးစုံသော ထိုဆင်းရဲအစု၏ချုပ်ခြင်း ဖြစ်၏။

မနုသာဝဝဏ္ဍာဝိတ ဒေသနာတော်ခေါ်း ပြီး၏။

ဝါစသိကဒေသနာတော်ခေါ်းပြခြင်း။

ပဌမဇုဠ္ဓဝစန ဒေသနာတော်ကို ပြသော ပဏ္ဍိတသဏ္ဌာဟ အခေါ်း။

ပါဠိတော်။

(၁) ယဒါဟဝေ ပါတု ဘဝန္တိ ဧဝမ္ပိ၊
အာတာပီ နော ဗျာယတော ဗြဟ္မဏသ။

အထသာ ကခ်ိုဝပယ္ကိ္ခသဗ္ဗာ၊
ယတောပစ္စာနုတိ သဟေတုဓမ္မာ။ ။
(၂) ယဒါဟေပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဗျာယတောဗြဟ္မဏသ။
အထသာ ကခ်ိုဝပယ္ကိ္ခသဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။ ။
(၃) ယဒါဟေပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဗျာယတောဗြဟ္မဏသ၊
ဝိဓူပရံတိ ဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာယ မန္တလိက္ခံ။ ။

ပါဠိတော်–အနက်မြန်မာဘာသာကား။

(၁) ပူပန်ပြင်းထန်လေးတန်လှုလှုံ့အင်အား ရှိသော အာဝုံဓမ္မကို စိတ်ချကြည်လင် ရှုဆင်ခြင်သော။ ပါပဓမ္မကို ဖြတ်တောက်, ကျင့်ကြံသော ယောဂျားမြတ်အား၊ ချိန်ခါသင့်၍ မြင့်မြတ်သော အကြင်အခါ၌၊ နှာမ်,ရုပ် ဓမ္မတို့သည် စင်စစ်အမှန်၊ ထင်ရှားဖြစ်ကုန်၏။ ထို ထင်ရှားမသွေ ဖြစ်သောအခါ၌၊ထို-ပါပဓမ္မကို ဖြတ်တောက် ကျင့်ကြံသောယောဂျားမြတ်အား၊ခြောက်ပါးတဆယ် ယုံမှားဘွယ်တို့သည် ချုပ်ပျောက် ကင်းပြိမ်း ကုန်၏။ ချိန်ခါသင့်၍၊မြင့်မြတ်သော အကြင် အကြောင်းကြောင့်၊ ရုပ်,နှာမ်နှစ်ဝ အကြောင်းဓမ္မတို့ဖြစ်ပေါ်သမျှ သဘော, သဘာဝကို ဆရာမရှိအလိုလိုသိတော်မူ၏။

(၂) ပူပန်ပြင်းထန် လေးတန်ဗိရိယဒ္ဓိထသော အာရုံ၀မ္မကို စိတ် ချ ကြည် လင် ရှုခြင်းဆင်သော ပါပမမ္မကို ဖြတ်တောက်, ကျင့် ကြ သော ယောဂျားမြတ်အား၊ အကြင်အခါ၌၊ နာမ်ရုပ်၀မ္မတို့သည်စင်စစ်ဒုက္ခဆိုးရွား ဖြစ်ကုန်၏။ ထို-ထင်ရှားမသွေ ဖြစ်သောအခါ၌၊ ထိုပါပ၀မ္မကို ဖြတ်တောက်, ကျင့်ကြံသော ယောဂျားမြတ်အား၊ ခြောက်ပါးတဆယ် ယုံမှားဘွယ်တို့သည် ချုပ်ပျောက်ကင်းပြိမ်းကုန်၏။ အကြင်–အကြောင့်၊ အဝိဇ္ဇာ အစ,အကြောင်းတရားတို့၏ကုန်ရာဌာနနှိုင့်ဌာနကိုယထာ ဘူတ,သဘာ၀အားဖြင့် အမှန်သိပြီ။

(၃) အကြင်အခါ၌ စင်စစ်ကိလေသာကိုပူပန်စေတတ်သော ဗိရိယဒ္ဓိသော မကောင်းမှုကို ဖျက်ကြဉ်းထသော ရဟန္တာ၀ပုဂ္ဂိုလ်အား၊ ဗေဒါ၀ိပက္ခိယတရားတို့သည် ထင်ရှား ဖြစ်ကုန်၏။ ထိုအခါ၌၊ ထို-ရဟန္တာ ပုဂ္ဂိုလ်သည် ထိုဗေဒါ၀ိပက္ခိယတရားတို့ဖြင့်မာရ၏စစ်သည်အပေါင်းကို ပယ်ဖျောက်လျက် တည်၏။ အဘယ်သို့နည်း ဟူမူကား၊ နေမင်းသည် ကောင်းကင်သို့ ထွန်းလင်း တောက်ပ, လျက်၊ တည်ဘိသကဲ့သို့တည်း။

ပလ္လင်သင်္ဃာဟ ပြဋ္ဌာန်း။

ဤသို့သျှင် ပလ္လင်သင်္ဃာဟ၌ ပဒိုစ္စသမုပ္ပါဒိကို အနုလုံ ပဒိုလုံ၀င်စားတော်မူ၍၊ ခုနစ်ရက်ပတ်လုံး ပလ္လင်တော်၌ နေထိုင်တော်မူ၏။ ။ပလ္လင်သင်္ဃာဟကို အနည်းငယ်

ဆိုဦးအုံ့။ ရှေးဆရာတော်တို့ ပလ္လင်တော်အနိမ့်အမြင့်ကို မျှားစွာ ဆိုလေ့ရှိကုန်၏။ ပလ္လင်အမြင့်သည် တဆယ်လေးတောင်ဟု စာကြည့်ပရိသတ်ဘို့ မှတ်ယူရမည်။

ဆုတောင်းခဏ်းတွင် .....ဗောဓိသောင်ရှေ့၊ ဗုဒ္ဓဟောအောက်၊ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုက်ပြင်ထက် ဟူ၍ရင်း။

ပုံတောင်နှင် မော်ကွန်းတွင်.....ထွန့် တို့ ရှင် တော်၊ အာနန္ဒာဘော်ကြောင့်၊ ထွန်းပေါက်ကမ္ဘာ၊ ပေါ်ဦးခါက၊ ကျွန်းချာသရတိ၊ ဘုမရှိ သည့် ဗေါဓိရှေ့တွင်၊ မြေအပြင်၌၊ ပလ္လင်ရတနာ.ပေါက်လှည့်ရာကို၊ ဒိန္ဓာလုယက်၊ မာရ်စစ်ထွက်သို့ ဟူ၍ရင်း။

ပါရမီခဏ်း၌.....ပလ္လင်နိမ့်မြင့်၊ အကျင့်ဘိုရှည်၊ဆိုစသည်တုံ့ တရည်တည်းပင်ဟူ၍ရင်း။ ။ဓမ္မရာသီ၌လည်း ရှေ့ မြောက်ယွန်းပါး၊ လေးတောင်ခြားဝယ်၊ တည်မြ, ရပ်မြ၊ မြက်ဆုပ်ကြိုက၊ အုံ့ခဲဘွယ်သာ၊ ဆန်းကြယ်စွာသား၊ ထက်ဝါမြင့်ခေါင်၊ ဆဲ့လေးတောင်လျှင်၊ ပြောင်ပြောင်ထွန်းတောက် ပလ္လင်ပေါက်၍၊ ဝမ်းမြောက် ထိုထက်၊ စံပါယ်လျက်လျှင် ဟူ၍ရင်း။

ဗုဒ္ဓပုတ္တိတွင်- ပလ္လင်ရှေ့ပြောက်၊ ခြုံးညွှန်ညောက်နှင့်၊ လျားလျှောက်မြင့်ခေါင်၊ ဆဲ့လေးတောင်ထိ၊ပြောင်ပြောင်ထွန်းတောက်၊ ဘုန်းကြောင့်ပေါက်က ဟူ၍ရင်း။

တေဘိယျိုတွင်..... ငါ၎င်ကျော်ကား၊ ဤလျှော်ရောင် တောက်၊ ဗောဓိအောက်၌၊ ဓောင့်ဆဲ့လေးတောင်၊ လျှံ ပြောင် ထိန် ထိန်၊ ဝရဖိန် ပလ္လင်၊ ဗွေ ထိပ် ပြင် ထက် ဟူ၍ရင်း။ ဤ-ရှေးဆရာတို့ စပ်ဆိုကြသည်ကို ထောက် ထား၍၊ ပလ္လင်တော်သည် မြေကြီးမှအမြင့် တဆဲ့လေး တောင်ရှိကြောင်း ကောင်းစွာမှတ်ကြလေ။

(ကျမ်းဂန်အထောက် အလိုရှိပါလျှင်)

(၁) ဝိနည်း, မဟာဝါအဋ္ဌကထာ၌.....ရင်း။

(၂) သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၌–ရင်း။

(ဒုရဏာဝတ်သုတ်၌–)

(၃) မဏိဒီပဝိုကာ၌ရင်း-ကြည့်ကြပါကုန်။

—o—

အနိဗိသ သဏ္ဌာဟ ဧသည်ပြုခက်။

အနိဗ္ဗိသ သဏ္ဌာဟာ၌ မမှိတ်သော မျက်စိဖြင့် ခုနစ် ရက်ပတ်လုံး ရတနာပလ္လင်တော်ကိုကြည့်၍၊ နေတော်မူ သည်။ထိုအရပ်သည် ဗောဓိပလ္လင်တော်၏အရှေ့မြောက် ထောင့် အရပ်၌ တည်တော်မူ၏၊နတ်ဗြဟ္မာတို့၏ ယုံမှား တွေးတောခြင်းမှ ကင်းစေခြင်း။ ကောင်းကင်သို့ ပြန် တက်တော်မူ၍၊တန်းခိုးပြာဒိုဟာကို ပြတော်မူပြီးလျှင်၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်အပ်

သော ပါရမီတော်ကြောင့်၊ ရအာပ်သော ပလ္လင်တော်ဟု လူနတ်ဘ္ရဟ္မာ သိစေခြင်းငှါ, ကြည့်တော်မူ၏။

အနိဋ္ဌသ သဗ္ဗညုတဉာဏ် ပြီး၏။

စက်မသဗ္ဗညုတဉာဏ်ကို ပြသောအခါ။

ရတနာစကြီသည် ပလ္လင် တော် ၏ ပြောက်အရပ်၊ နှစ်လံကွာ၌ တည်သည်၊ မြတ်စွာဘုရားသည် ခုနစ်ရက် ပတ်လုံး ဗုဒ္ဓရိယာဝုထိ, မျှတစေခြင်း၊ ၎င်းပလ္လင်တော်ကို (၇)ရက် မခွဲတ်သောမျက်စိဖြင့် ကြည့်ခြင်း၌ နတ်ဗြဟ္မာ တို့သည် ယုံမှားဂိုကြကုန်၏။ ထိုယုံမှားကို ဖျောက်စေ ခြင်းငှါ၊ ဘုရားအဖြစ်ကို ပြုတတ်သော တရားသည် ငါဘုရား၌ မကိုးတော့ပြီဟု နတ်, လူတို့ သိကြစေခြင်း အကျိုးငှါ, ၎င်း၊ ကောင်းကင်သို့ ပြန်တက်ဟော်မူ၍၊ တန်းခိုးတော်ပြ ဒီးလျှင်၊ပလ္လင်တော်နှင့်အနိဗ္ဗိသာအကြာ နှစ်လံကွာတွင် ခုနစ်ရက်ပတ်လုံးစကြိုကြွသွားတော်မူ၏။

ရတနာဃရသဗ္ဗညုတဉာဏ်ကို ပြဒသာအခါ။

ဗောဓိပင်တော်၏ အနောက်အရပ် နှစ်ဆဲ့သုံးလံကွာ၌ ရတနာဃရ, အိမ်ဖြစ်သည်။ ထိုရတနာဃရ,အိမ်တော် သည် နတ်ဘို့ ပန်ဆင်းအပ်၏။ ထိုအိမ်တော်၌ ခုနစ်ရက် ပတ်လုံး နေထိုင်တော်မူ၍၊ ငါတို့မြတ်စွာဘုရားသည်.....

(၁) မေ့ဌသင်္ဂီကျမ်း။
(၂) ဝိဘင်းကျမ်း။
(၃) ဓာတုကထာကျမ်း။
(၄) ပုဂ္ဂလပညတ်ကျမ်း။
(၅) ကထာဝတ္ထုကျမ်း။
(၆) ယမကျမ်း။

ဤခြောက်ပါးသော အဘိဓမ္မာတို့ကို အစဉ်အတိုင်း ဆင်ခြင်, သုံးသပ် တော်မူ ၏။ ထိုအခါ ကိုယ်တော်မှ အရောင်တို့သည် မထွက်သေး။ ခုနစ်ကျမ်းမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသောအခါ၊ ကျမ်းတော်ကကျယ်၍၊ ဥာဏ်တော်ကလဲကျယ်၊ မဟာသမုဒ္ဒရာတွင် ယူဇနာ, နှစ်ရာရှိသော (တိမိရ)ယူဇနာ သုံးရာရှိသော(တိပိဂ်လ) ယူဇနာလေးရာရှိသော (တိမိပိဂ်လ) ယူဇနာ, ငါးရာရှိသော (တိမိရပိဂ်လ) ယူဇနာ တဆောင်ရှိသော အာနန္ဒာ'တိမိနန္ဒာ, အဝိဇ္ဇာ,ယောဟ (မဟာတိမိ) ၅၂-ငါးကြိုးရှစ်ကောင်တို့သည် ပျော်မြူးကြကုန်သကဲ့သို့၊အလွန်ဆန်းကြယ်သော နည်းနယာအပေါင်းတို့နှင့်ပြည့်စုံ၍၊ ကိုယ်တော်မှ ညှိသောအရပ်တော်က ညှိသော ရောင်ခြည်တော်၊ ဖြူသော အရပ်တော်က ဖြူသော ရောင်ခြည်တော်၊ နီသောအရပ်တော်က နီသော ရောင်ခြည်တော်၊ ဖြူသော အရပ်တော်က ဖြူသော ရောင်ခြည်တော်၊ မောင်းသော အရပ်တော်က မောင်း

သော ရောင်ခြည်တော်၊ ပြိုးပြိုးပြက်, အရုပ်တော်က ပြိုးပြိုးပြက်, တခဲနက်, ရောင်ခြည်တော်တို့သည် ထွက်တော်မူ၏,ကြွတော်မူ၏။ နတ်ဗြဟ္မာတို့ ကြည်ညြိ၍မဆုံး နိုင်အောင် ထွက်ကြွတော်မူ၏။ ထိုရောင်ခြည်တော်တို့ ထွက်ပေါ်လာသောအခါ၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည်ရင်း၊ မြင့်မိုရ်တောင်သည်ရင်း၊ သစ်ပင်, တော, တောင်ယံ တို့သည်ရင်း၊ ကောင်းကင်သည်ရင်း၊ ရွှေ, ငွေ,မြ, ဗလ, ပတ္တမြားတို့ ကဲ့သို့ တည်ကုန်၏။ အ ထက် ကောင်း ကင်, အောက် ကောင်းကင်သို့ အရောင်တို့ ပျံ့နှံ့၍တည်ကုန်၏။ မြတ်စွာဘုရားသည် ခုနစ်ကျမ်း အ ဘိ ဓ မ္မာ တို့ ကို ခုနစ်ရက်ပတ်လုံး သုံးသပ်ဆင်ခြင်တော်မူ၏။

ရတနာဃရ ရွှေအိမ်ခေါ်း ပြီး၏။

ရတနာဃရအိမ်တော်၌ ဝိနည်း,မဟာဝါအဋ္ဌကထာ ဆရာတော်နှင့်၊ အဋ္ဌသာလိနီ,အဋ္ဌကထာ ဆရာတော်တို့ အနည်းငယ်အယူကွဲပြား၏။ဗောဓိပင်တော်၏အနောက် တည့်တည့်အရုပ်လည်းမဟုတ်၊အနောက်မြောက်ထောင့် အရုပ်လည်းမဟုတ်၊ ဤကျမ်းကိုရေးသော ဆရာတော် မျက်မြင် ရတနာဃရဟုသတ်မှတ်ထားသောနေရာသည် ဗောဓိစေတိတော်ကြီး၏အနောက်ဟုဆိုအပ်သောအရုပ် ၏မြောက်စောင်းဘက် အားကြီး၍၊ ထို-ရတနာဃရအိမ်

တောင်ကို ၁၂၂၀ ခု-ခုနှစ်၊နယုန်လဆန်း လေးရက်နေ့တွင် ထိုဗောဓိပင် စေတီရတနာဃရ ဣရိယာပထတော် တို့ကို ဖူးတွေ့ခဲ့သည်။

(အားဇပါလသင်္ဃာဟာကိုပြုသော အခန်း)

မာရ်နတ်သွေးသုံးယောက်ဘုရားကို ပြိုးလာသော အခန်း။

အားဇပါလ, ဆိတ်ကျောင်း ညောင်ပင်သည် ဗောဓိပလ္လင်တော်၏ အရှေ့အရပ်၊ ပလ္လင်တော်နှင့် သုံးဆယ့်နှစ်လံကွာဝေး၏၊ ထို-ဆိတ်ကျောင်း ညောင်ပင်ကြီး အောက်၌ ခုနစ်ရက်ပတ်လုံး၊ ပဋ္ဌာန်သမ္ပဒါဒိ, တရားကို ဆင်ခြင်သုံးသပ်လျက်၊ ဝိမုတ္တိချမ်းသာကို ခံစားတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။ ထိုအခါ၀ယ် မာရ်နတ်သားသည် သိဒ္ဓတ္ထမင်းသားဟာ ငါ့စကားကိုဘာတလုံးမျှ နားမထောင်၊ ယုတ်မာတဲ့အကျင့်ကို ငါကြည့်နေတာ၊ ဘာတခုမျှမမြင်ရ။ ယခု-ငါ၏တဏှာ, နှိုင်ငံကလွတ်သွားပြီလို့ စိတ်မချမ်းသာခြင်းကြောင့်၊ နတ်ဘုံ၌ မနေနိုင်, မထိုင်နိုင်ဖြစ်၍၊ ဆောင့်ဆောင့်ဖြေ မှာ ထိုင်ပြီးလျှင်၊ ငါသည် သိဒ္ဓတ္ထရဟန်းကြီးလို၊ ဒါနပါရမီအစ, ဆယ်ပါးသော ပါရမီတော်တို့ကို မဖြည့်ကျင့်နိုင်၍၊ ရဟန်းကြီးလို မဖြစ်ရသည်ဟု ဖြေကြီး၌ ဆယ်ခုသော အရေး

အကြောင်းကိုရင်း၊တဆဲ့တခုသောအရေးကိုရင်း၊ တဆဲ့နှစ်ခုသော အရေးကိုရင်း၊ ရေးခဲ့နေလေ၏။ ရဟန်းကြီးမှာတော့.....

(၁) ဣန္ဒြိယပရောပရိယတ္တိဉာဏ်။
(၂) အာသယာနုသယဉာဏ်။
(၃) မဟာဂဏဝေါဉာဏ်။
(၄) ယမကပါဋိဟာရိယဉာဏ်။
(၅) အနုဝဝရဏဉာဏ်။
(၆) သဗ္ဗညုတဉာဏ်။

ထို-ဉာဏ်တို့ကို ရခြင်းအကြောင်းပါရမီတို့ကို ဖြည့်ကျင့်၏။ ငါ့မှာတော့- ရဟန်းကြီးလို မဖြည့်မကျင့်မိဟု ငြီးတွားလျက်၊ မြေကြီးကို တဆဲ့သုံးခုသောအရေး၊တဆဲ့လေးခုသောအရေး၊ တဆဲ့ငါးခုသော အရေးအကြောင်းတို့ကို ရေးသားလျက်၊ ကြီ မှိုင် ခါ, နေလေ၏။ ကိုအခါ မာရ်နတ်မင်း၏သွေးဖြစ်ကြတဲ့- တဏှာ, ရာဂါ, အရတိ, အမည်ရှိသော သုံးယောက်သော သွေးတို့သည် လာ၍၊ အပေဖြစ်သော မာရ်နတ်မင်းကို၊ အို.....ဘခင်၊အဘယ်ကြောင့်၊ စိတ်မချမ်းသာစွာ အောက်သို့မျက်နှာပြုလျက် နေတိသနည်း-မေးလေသော်၊ အို.....ချစ်သွေးတို့၊ သိဒ္ဓတ္ထ ရဟန်းကြီးသည် ငါ၏တဏှာနိုင်ငံက လွတ်မြောက်၍ သွားပြီ။ ငါ၏တဏှာနိုင်ငံမှ သတ္တဝါတယောက် လျှော့သွားပြီ။သို့ဖြစ်၍၊သင်-သွေးတို့၊ဟခင်-ငါသည် စိတ်မချမ်းသာဟုပြောလေသော်၊ ဟခင်-မစိုးရိမ်လေနှင့်၊ အကျွန်မ

တို့ သို့်းသုံ်းယောက်သည် ရဟန်းကြီ်းကို သင်-ဖခင်ဖ

တဏှာနှင်ငံမှ် မလွတ်စေရ။ ကျွန်မဘို့ဖ၏ မိန်းမ,မာယာ
ဖြင့် ဆွဲဆောင်ပါအုံ့ဟု ပြောဆိုပြီ်းလျှင်၊ လှပ ယဉ်ကျေ်း
သော ကိုယ်အင်္ဂါတို့ကို ဖြစ်စေ၍၊ ဘုရား၏မျက်မှောက်
ဆိတ်ကျောင်းညောင်ပင်အောက်မှ လာပြီ်းလျှင်၊ သိဒ္ဓတ္ထ
ရဟန်းကြီ်း၊ ကျွန်မတို့သည် အရှင်ဘုရား၏ ခြေဆင်း,
ဆလုပ်အကျွေ်းဖြစ်ပါရစေ, စသည်ဖြင့်၊ မာယာပေါင်း
များစွာဖြင့် ပြောဆို ပြုလုပ်ကြလေ၏။ မြတ်စွာဘုရား
သည် ဘယ်လိုပင် မာရ် နတ် သို့် သုံ် ယောက် တို့ ဖြား
ယောင််းသော်လည််း၊ အို.....မာရ်နတ်သို့်တို့၊ ငါသည်
ရာဂစသော သင်တို့၏ဖခင်နှင်ံက လွန်မြောက်ပြီဖြစ်ပြီ။
သင်တို့-ဘယ်လိုပင် ဖြား်ယောင််, လှည့်ပတ်သော်လဲ
မရနိုင်တော့အုံ့၊ သင်တို့-ပြန်ကြလေတော့ဟု မိန့်တော်
မူသဖြင့်၊မာရ်နတ်သို့်တဏှာ,ရာဂါ,အရကိ သုံ်းယောက်
တို့သည် ဝသဝတီနတ်ပြည်သို့ ပြန်ကြလေ၏။

ထို့ကြောင့်- အဓပါလ, ဆိတ်ကျောင်းညောင်ပင်၌
မြတ်စွာဘုရားအထံကပ်၍၊ မာန်အမျက် တဟုန််ဟုန််ထ
လျက်ရှိသော ပုဏ္ဏား်အို တယောက်သည် ဝမ််းမြောက်
ဝမ််သာ,အသက်ထက်ဆုံ် အောင့်မေ့အပ်သော စကား
ကို ပြောပြီ်းလျှင်၊ ပုဏ္ဏား်၏အမြစ်ကို ပြုတတ်သော ဗြဟ္မ
ဏာမည်သော တရား်ကိုမေ်းလျှောက်လျှင်၊မြတ်စွာဘုရား
သည် မကောင််းမှုကိုအပပြုအပ်သောသူအား၊ ဗြဟ္မဏာ
မည်၏ဟူ၍မိန့်တော်မူ၏။

ရဟူလိန္ဒသဘ္ဘာဟာကို ပြဋ္ဌာနအခေါ်း။

ရဟူလိန္ဒ, သဘ္ဘာဟသည် ဗေဒပါပင်၏ အရှေ့တောင်ထောင့်, နှစ်ဆဲ့ကိုးလံကွာအရပ်၌ ကျည်းပင်ဟိုဘို၏အနီးထုံးအိုင်ရေကန်တည်း။(ယခုလည်းရှိ၏။)ထိုကျည်းပင်၌ မြတ်စွာဘုရားသည် ဝိမုတ္တိချမ်းသာကိုခုနစ်ရက်ပတ်လုံးခံစားတော်မူသျှက်၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူ၏။ ထိုအခါ၌သည်းထန်စွာသော မိုးယိုးကြီးသည် ရွာလေ၏။ ရဟူလိန္ဒနဂါးမင်းသည် ဒိဒိနေ့ရာ နဂါးရွာမှ ထွက်ခဲ့၍၊ မြတ်စွာဘုရား၏ ကိုယ်တော်မြတ်ကို ခုနစ်ရက်ပတ်လုံးအခွေဘို့ဖြင့် ရစ်ပတ်သျှက်၊ မြတ်စွာ ဘုရား ဦးထိပ်၌ ပါးပျဉ်းကိုမိုး၍၊ မိုးယိုးဖွဲလေကြမ်း,အပူအခေါ်းတို့ မထိခိုက်စေခြင်းငှါ, စောင့်ရှောက်၍ နေလေ၏။ ခုနစ်ရက်လွန်၍၊ မိုးယိုးဘိန်ဘိုက်ဘို့နှင့်ကင်းလေသော်၊ ဒိဒိနဂါးကိုယ်ကို ပယ်ဖျောက်၍၊ လုင်အဖြစ်, ဗန်ဆင်းပြီးလျှင်၊ မြတ်စွာဘုရား ရှေ့တော်၌ ဂါရိုးလျက် တည်လေ၏။ ထိုအခါ၊ မြတ်စွာဘုရားသည် သမာပတ်မှ ထ,တော်မူ၍ ဥဒါန်းကျူးတော်မူ၏။

ဥဒါန်း ဟိုဠ်ခေတော်။

(၁) သုခေါ ဝိဝေကော တုဋ္ဌသ၊
သုတ ဓမ္မသ ပဿတော။
အဗျာပဇ္ဈံ သုခံ လောကေ၊
ပါဏ ဘူတေသု သံယမော။

(၂) သုခါ ဝိရာဂတာ လောကေ၊
ကာမာနံ သမတိ ဥဒေါ၊
အသ္မိံ မာနသေ ယော ဝိနေယျော၊
ဇေတံ ဝေ ပရမံ သုခံ။

အနုက် ပြန်မာဘာသာ။

(၁) လောကမှာ လေးပါးသော မင်းတုန်းမင်းဖြင့်၊ နှစ်သက်သော ပုဂ္ဂိုလ်အား၊ ပြအပ်သော, တရားနှိုးသော ပုဂ္ဂိုလ်အား၊ ညွှန်ကြားတတ်ပြင့် ရှုသောပုဂ္ဂိုလ်တို့အား ဥပမာ တို့၏ ဆိတ်ရာသည် ချမ်းသာ၏။ အမျက်မထွက်ခြင်းသည် ချမ်းသာ၏။ သင်္ဃာတို့၌ မတုန်ခိုးခြင်းသည် ချမ်းသာ၏။

(၂) လောကမှာ ရာဂကင်းသော အံ့ဖြစ်သည် ချမ်းသာ၏။ ကာမဂုဏ်တို့အား၊ လွန်မြောက်ခြင်းသည် ချမ်းသာ၏။ ငါဟူသော မာန်ကို အကြင်-ပယ်ခြင်းသည် စင်စစ်ဖြတ်သော ချမ်းသာတည်း။

မဂ္ဂလိန္ဒသဏ္ဌာဟာအခေါ်း ပြီး၏။

—o—

ရာဇယတနုသဏ္ဌာဟာကို ပြဒသာအခေါ်း။

မြက်စွာဘုရားသည် ဗောဓိပင်မှ တောင်အရပ်ဖြစ်သော အသံလေးဆယ် ကွာဝေးသော လင်းလွန်းပင်ရင်းမှ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစားလျက်၊

ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ခုနစ်ရက်စေ့သော အခါ၊ သမာပတ်မှ ထ,တော်မူ၍၊ ထိုလင်းလွန်းပင်ရင်း၌ပင် နေထိုင်တော်မူစဉ်၊ သိကြားမင်းသည် နတ်ဒူဖြစ်သော ဂ၁စ်ဂ၁းသီးနှင့် ဒနိပူကိုကပ်လာသဖြင့်၊ မြတ်စွာဘုရား ဘုဉ်းပေးတော်မူ၏။ ထိုနောက် ဂေ့ားကခေါ်သော အသိတဘုန်ကြီး၊ တဖန်-ပေါက္ခရ၀တီမြို့၊ တဖန်-ဥက္ကလာပမြို့ တဖန်-တိဂုံပမြို့၊ တဖန် ရန်ကုန်မြို့ကတဗုသ,ဘလ္လိက ကုန်သည် ညီနောင်တို့သည် ပျားရည်နှင့် ဆန်မှုန့်ရော၍ ပြုလုပ်သော ပျားမုံဆုပ်တို့ကို ရိက္ခာလမ်းခရီး၌ စားတို့ရန် ယူ၍၊ မဇ္ဈိမဒေသသို့ကုန်ရောင်း သွားကြသောအခါ၊ မြတ်စွာဘုရား နေထိုင်တော်မူရာ၊ လင်းလွန်းပင်အနီးသို့ ရောက်ကြလေ၏။ ထိုအခါ ဗိမျိုး-ဘမျိုးတော်ဘုံသော နတ်သားတယောက်သည် လှည်းကိုရပ်စေ၍၊ ကိုယ်ထင်ရှား ပြသဖြင့်၊ အကြောင်းမေးလေလျှင် လင်းလွန်းပင်မှာဏ မြတ်စွာဘုရား နေထိုင်တော်မူကြောင်းကို ပြောလေသော်၊ တဗုသ, ဘလ္လိက ကုန်သည် ညီနောင်နှစ်ယောက်တို့သည် ထို-ပျားမုံဆုပ်ကိုယူ၍ မြတ်စွာဘုရားထံသို့ နတ်သားလမ်းညွှန်သဖြင့်၊ ချဉ်းကပ်ကြလေ၏။ ထိုညီနောင်တို့သည်မြတ်စွာဘုရားကိုအလွန်ရိုသေစွာ ရှိခိုး၍၊ အခွင့်ဘုရား-တပည့်တော်တို့အား၊ ရှည်မြင့်စွာသော အကျိုး ဒီးပွါး အလို့ငှါ, သနားတော် မူသဖြင့်၊ ပျားမုံဆုပ်တို့ကို အလှူခံတော်မူပါ ဘုရားဟု လျှောက်ထားလေသော်၊ ထိုအခါ မြတ်စွာဘုရားသည် ဂေ့ားနောင်

တော် မြတ်စွာဘုရားတို့ဆုံးကို နှုလုံးသွင်း၍၊ အောင်မဲ့လိုက်လျှင်၊ စတုမဟာရာဇာ နတ်မင်းလေးယောက်တို့ လှုဒါန်းအပ်သော လေးလုံးသော သပိတ်တို့ကို တန်းခိုးတော်ကြောင့် တလုံးတည်းဖြစ်၍၊ ထို-သပိတ်တော်ဖြင့် ပျားမုန့် ဆုပ်ကို အလှူခံတိုးလျှင် ကဉ်းပေးလေ၏။ ထို-ညီနောင်တို့သည် ဗုဒ္ဓသရဏံ၊ ဓမ္မသရဏံ၊ သင်္ဃသရဏံ ဟူသော သရဏဂုံနှစ်ပါးကို မြတ်စွာဘုရားထံမှခံယူ၍၊ ဒွေဝါစိက သရဏဂုဏ်ကို ရှေးဦးဆုံး တည်ကြကုန်၏။ ထို့နောင်-အရှင်ဘုရား ယခုနေ့မှစ၍။ အကွန်ပ်တို့သည် ဘယ်သူအား၊ အမြတ်သနိုး ကိုးကွယ်ရပါအံ့နည်းဟု လျှောက်လေသော်၊ မြတ်စွာဘုရားသည် လက္ခာတော်ဖြင့် ဥက္ကောင်းတော်သို့ သုံးသပ်၍ ဆင်တော်ရှစ်ဆူကိုပေးသနားတော်မူလိုက်လေ၏။ ထိုဘဝသား, ဘဏ္ဍိကတို့သည် ဗိဒိတို့နေရပ်၊ ဥက္ကလာပခေါ်-ရန်ကုန်မြို့သို့ပြန်ခဲ့၍၊ ဥက္ကလာပမင်းကြီးနှင့် တိုင်ပင်၍၊ တိဂုံပရွှေစေတီကို တည်ထား ကိုးကွယ်ကြကုန်၏။ ရွှေတိဂုံဘုရားစေတီဟု ထင်ရှားလျက်၊ ရန်ကုန်သူ ရန်ကုန်သားတို့ အမြဲကိုးကွယ်လျက်၊ ရှိကြလေ၏။ ။ရွှေတိဂုံဆင်တော်ကို အကျယ်အလိုရှိပါလျှင်.....

(၁) အနာဂတဝင် အဋ္ဌကထာ၌ တဆုပ်သောဆံပြု၏။

(၂) ဝိနည်းငယ်, မဟာဝါ အဋ္ဌကထာ၌ အရေအတွက်မရှိ ပြု၏။

(၃) အဂ္ဂိုဠ်ဠိ၊ ကေနိုပါတ် အမ္ဗကထာ၌ ဆံတော်ရှစ်ဆူပြု၏။

(၄) ဝံသမေဒပကာသနီကျမ်း၌.....။

(၅) ရှေတိဂုဏ်သမိုင်းတွင်ကြည့်ပါလေကုန်။

သဟမ္ပတိပြိုဟ္ဒာကြီး တရားဟောခရန် တောင်းပန်ခေါ်း

မြတ်စွာဘုရား သခင်သည် လင်းလွန်း ဝ်မှ တဖန်-ဆိတ်ကျောင်းညောင်ပင်သို့ကပ်၍ အကြီးဖြစ်သည့်ကား၊ ငါသည် သိတော်မူသော တရားသည် အလွန် သိမ်မွေ့နက်နဲ၏။ သတ္တဝါတို့သည် ရာဂ,ဒေါသ,မောဟစသော စရိုက်တို့ဖြင့် ထူပြောကုန်၏။ ငါတရား ဟောသော်လဲ မသိနိုင်ရာ။ ပင်ပန်းယုံမျှသာ ရှိတော့မည်ဟု ကြံတော်မူ၏။ ထိုအကြံကို သဟမ္ပတိပြိုဟ္ဒာမင်းကြီး သိလေလျှင် အမြန်လာ၍ မြတ်စွာဘုရားအနီး ချဉ်းကပ်ပြီးလျှင်၊ အရှင်ဘုရား-တရားတော်ကို ဟောတော်မူပါ။ ပညာမျက်စိ၌ ကိုယ်လေသာမြင်နည်းသော သတ္တဝါတို့ ရှိပါလိမ့်မည်ဟု, သုံးကြိမ် တိုင်ဘိုင် ပုဆစ်ခွေးဝင်း, တာဘက်ထောင်၍ လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် သဟမ္ပတိ ပြိုဟ္ဒာ၏တောင်းပန်ခြင်းကို ဝန်ခံတော်မူ၏။ ထိုသဟမ္ပတိ ပြိုဟ္ဒာမင်းကြီးသည် ကသုပမြတ်စွာဘုရား၏သာသနာ တော်အတွင်းက သဟာယကအမည်ရှိသော အနာဂါမ်

ရဟန်းစုတေ၍၊ သုဒ္ဓါဝါသာ,ဒ္ဒြစ်သော ဗြဟ္မာဟူ၍ မှတ်လေကုန်။

မြတ်ဗုဒ္ဓာဘုရား တရားဦးဟောရန် ဆင်ခြင်ခြင်းဘဝါနုလော်း။

မြတ်စွာဘုရားသည် ထိုသဟမ္ပတိဗြဟ္မာ၏ တောင်းပန်ခြင်းကိုဝန်ခံတော်မူ၍၊အာဘယ်သင်္ဂီဝါအားတရားဦးဟောရအံ့နည်းဟု နှလုံးသွင်းတော်မူသော အခါ၊ ဘုရားလောင်း ရဟန်းပြုစက, ပဉ္စမဗျာနသမာဓိကစ၍၊ အာဂတိမှည်ရာယတန ဗျာနိတ်ခြင်အောင်, ဆေးနေးခဲ့ဘူးသော ကာလာမဒေမျိုးဖြစ်သော အာဠာရ-ရသေ့သည် ပညာမျက်စိဖွင့် ကိလေသာမြှုပ်နည်းသော အဖြစ်ကို မြင်တော်မူ၏။ ထိုအခါ နတ်သား,တယောက်သည် အရှင်ဘုရား၊အာဠာရ-ရသေ့သည်သေပြီး၍ခုနစ်ရက်ရှိပြီဟု လျှောက်လေလျှင်.....၊

အေး.....အာဠာရ-ရသေ့သည် သေပြီး၍၊ အာကိဉ္စညာ,ပသာတ နဗျာနဈာန်ဖွဲ့ ဖြစ်သည်ကို မြင်တော်မူသဖြင့်၊ အေး.....အာဠာရ-ရသေ့သည် လူဖြစ်ခဲ့ခြင်းကိုးခုံးလေစွတကားဟု သိတော်မူ၏။ ကဲနန်-အဘယ်သူအားတရားဦးဟောရအံ့နည်းဟု ဆင်ခြင်တော်မူသော် ရာဗအမျိုးဖြစ်သော ဥဒက-ရသေ့သည် ငါ့ဘုရားဘရားကို ကြားနာရလျှင်၊သစ္စာလေးပါးကို လျှင်မြန်စွာသိလတံ့ဟု

ဆင်ခြင်တော်မူ၏။ နတ်သားသည် အရှင်ဘုရား၊ ဥဒက ရသေ့သည် သေပြီး၍၊ တရက်ရှိပြီဟုလျှောက်ထားလျှင် အော်-ဥဒက-ရသေ့သည်နေ့ဝသည်ဘုန်းသည်ယတနဘုံ၌ဖြစ်သည်ကို မြင်တော်မူသဖြင့်၊ အော်-ဥဒကရသေ့သည် လူဖြစ်ရုံးခြင်းကြီးရုံးလေစွဟု သိတော်မူ၏။ ထိုနောက် တဖန်-အာဘယ်သူအား တရားဦးဟောရအံ့နည်း ဆင်ခြင်တော်မူသော်၊ ပဉ္စဝဂ္ဂိဝါးဦးသည် ဝါ၌ကျေးဇူးများဘူးသည်၊ ဝါဘုရားတရားကိုကြားနာရလျှင် သစ္စာလေးပါးကိုလျှင်မြန်စွာသိလတံ့ဟု သိတော်မူသဖြင့်၊ ထိုပဉ္စဝဂ္ဂိဝါးဦးတို့သည် ယခုဘယ်အရပ်၌ နေထိုင်ကြသနည်း ဆင်ခြင်တော်မူပြန်လျှင်၊ ဗာရာဏသီမြို့၏အနီးမိဂဒါဝုဏ်တောတို့နေထိုင်ကြသည်ကိုဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူလျှင်၊ ထိုမိဂဒါဝုဏ်တောသို့ကြွအံ့သောခရီးသည် ကောင်းကင် ခရီးလော, မြေကြောင်းခရီးလော, ဟု ဆင်ခြင်တော်မူပြန်လျှင်၊ မြေကြောင်းခရီးသည်ခရီးအကြားဒ္ဌ၊ဥဒက-ရသေ့နှင့် တွေ့လတံ့ဟုမြင်တော်မူ၍၊ မြေကြောင်းခရီးဖြင့်သာ ကြွတော်မူ၏။

ဥပကနှင့်တွေ့ခဲ့သောအခါး

မြတ်စွာဘုရားသည် ဗောဓိပင်တော်မှမိဂဒါဝုဏ်သို့ မြေကြောင်းခရီးဖြင့် ရှေ့ရှုကြွလာတော်မူလျှင်၊ ဂရာသီသအရပ်သို့ ရောက်တော်မူသောအခါ၊ ဥပကရသေ့

ကြီးနှင့် တွေ့လေ၏။ ဥပက-ရသေ့ကြီးသည် မြတ်စွာဘုရားကို ခရီးရင်ဆိုင်, မြင်လေလျှင်၊ ငါ့ရှင်-သင်၏ အသား, အသွေး, အရေအဆင်း တို့သည် ကြည်လင်သန့်ရှင်း,လှပ၏။သင်သည်-ဘယ်သူကိုရည်မှန်း၍ရဟန်းပြုသနည်း။သင်၏ဆရာ ဘယ်သူနည်း၊သင်သည် အဘယ်သူနည်း၊ သင်သည် အဘယ်သူ၏တရားကို နှစ်သက်သနည်းဟု မေးလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ငါ့ရှင်-ဥပကရသေ့၊ ငါသည် ဗိမိအလိုလို ကိုယ်တော်တိုင်သာလျှင်၊သစ္စာလေးပါးမြတ်တရားကို သိထော်မူ၏။ ငါ့မှာ ဆရာဟူ၍ ညွှန်စရာမရှိ၊ မာရ်ငါးပါးကို အောင်တော်မူသောကြောင့်၊ ငါ့၏အမည်သည် ဖိုနဟုမိန့်တော်မူ၏။ ဥပကရသေ့ကြီးသည် မြတ်စွာဘုရား၏စကားကို ကြားလေလျှင်(ဟုတ်ပေရာ၏,ဟုတ်ပေရာ၏) ဥက္ကောင်းပြုမ့.၍၊ ခရီးလွှဲသွား လေ လျှင်၊ ဝ ဏ် ဟာ ရ ဇ နပုဒ် သို့ အရောက်သွားလေ၏။

ထိုဝက်ဟာရ-ဇနပုဒ်၌ မုဆိုးသွီးမစာပါနှင့်သင့်မြတ်၍၊သုဘဒ္ဒါသားတယောက်ရပြီးလျှင်၊ မစာပါ၏ကျိုးစယ်သော ဒုက္ခဆင်းရဲကိုမခံနိုင်သဖြင့်၊အနန္တဖိုနမေး၍လိုက်လေသော်၊ ဧတဝန်ကျောင်း၌ မြတ်စွာဘုရားတရားတော်ကို နာရ၍ ရဟန်းပြုပြီးလျှင်၊ ဘာဝနာ တရားကို အားထုတ်သဖြင့်၊ အနာဂါမ်တည်၍ စုတေသောအခါ၊

အဝိဟာရဘုံ၌ ဗြဟ္မာကြီးဖြစ်လေ၏။ မစာပါလဲ လင်ဥပကကိုမေး၍ လိုက်ပြန်သောအခါ၊ သာဝတ္ထိပြည်ကို ကျွန်ုပ်နှိမ်ကျောင်းသို့ရောက်၍ ရဟန်းပြုပြီးလျှင်၊ ဝိပဿနာတရားကိုပွါးများသဖြင့်၊ ရဟန္တာထေရီမဖြစ်၍ ပရိနိဗ္ဗာန်ပြုသွားပြီး၊ သားသုဘဒ္ဒလဲ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုကာနီးတွင် တရားနာရ၍၊ နောက်ဆုံး အကျွတ်တရားရသော သုဘဒ္ဒဘည်း။ (ဥပက-မစာပါ-သား-သုဘဒ္ဒတို့ကိုကျော်၍၊ ဆိုလိုက်ပါ၏)။

မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂါးဦးတို့ နေထိုင်ရာ ဗာရာဏသီပြိုကြွခဲ့တော်မူခေါ်း။

မြတ်စွာဘုရား သခင်သည် ဥပကနှင့်တွေ့ပြီးသည်နောက်အတို့၌၊ အစဉ်အဘိုင်း ဒေသနာစာရီကြွတော်မူသော်၊ ဗာရာဏသီ, မိဂဒါဝုဏ်တောသို့ ရောက်တော်မူ၏။ ပဉ္စဝဂ္ဂါးဦးတို့သည် မြတ်စွာဘုရား သခင်ကို အဝေးက လာသည်ကို မြင်လေ၏။ အချင်းချင်း ကတိ, ကဝတ်ပြုကြကုန်၏။ ငါ့ရှင်တို့ ရဟန်းဂေါတမ, ငါတို့ထံ လာပြီး၊ ဒုက္ခရစရိယာအကျင့်ကိုဖျက်၍၊ သက်နိုး, သပိတ်မျှားခြင်းအကျိုးငှါ, လှည့်လည်၍နေ၏။ ငါတို့တယောက်သောသူမျှ ရဟန်း-ဂေါဘမကို ဂိုမဒိုးရ၊ ခရီးမကြိုရ၊ သပိတ်သင်္ကန်းကို လှမ်းမယူရ၊ နေရာကိုသာ ခင်းထား၍ ထိုင်လိုလျှင် ထိုင်လိမ့်မည်ဟု ကတိ, ကဝတ် ထားကြလေ၏။

မြတ်စွာဘုရားသခင်သည် ပဌဝီရဟန်းတို့၏ အနိုး သို့ရောက်တော်မူသျှင်၊ ပဌဝီရဟန်းတို့သည် ဒါယိတို့၏ ကတိကဝတ်၌ မတည်ခိုင်ကုန်သည်ဖြစ်၍၊ မြတ်စွာဘုရား သခင်ကို ခမ်းဦးကြိုဆိုကြကုန်၏။ တပါးသော ရဟန်း သည် သပ္ပတ်,သာကီနိုးကိုလှပ်ယူ၏။တပါးသောရဟန်း သည် နေရာခင်း၏။ တပါးသော ရဟန်းသည် ခြေဆေး ရေကိုရင်း။ တပါးသောရဟန်းသည် ခြေပွတ်ရန်အိုးကဲ့ ကိုရင်း။ တပါးသော ရဟန်းသည် ခြေဆေးရန်အင်ပြင် ကို အနိုးခ်ပယူဆောင်၍ ထားကြကုန်၏။

မြက်စွာဘုရားသခင်သည် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၍လျှင်၊ ခြေတော်ကိုသုတ်ဆေးတော်မူ၏။ ပဌ ဝီရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို အမည်ဖြင့် ရင်း၊ငါ့ရှင်ဟူ၍ရင်း၊ ခေါ်ဝေါ်ကြကုန်၏။ ဤသို့-ပဌဝီ ရဟန်းတို့က ခေါ်ဝေါ်ကြကုန်သည်မှာသော- ရဟန်းတို့ ငါဘုရားကို အမည်ဖြင့်ရင်း၊ ငါ့ရှင်ဖြင့်ရင်း မခေါ်ဝေါ် ကြကုန်လင့်၊ ငါဘုရားသည် လူနှတ်ဝှံ့၏ပူဇော်အထူးကို ခံတော်မူထိုက်၏။ မပေါက်မပြန့် ဒါဒါအလိုလို ခပ်သိမ်း သော တရားတို့ကို ထိုးထွင်းရှာသိတော်မူ၏၊ ရဟန်းတို့ နှားထောင်ကြကုန်လော။အပြုံကိန်ဗျာနှစ်ဘရားကိုငါရပြီ၊ ငါဘုရား-ဆုံးမအံ့၊ ငါဘုရား—တရားတော်ကို ဟောအံ့၊ ငါဘုရား ဆုံးမသည့်အဘိုင်း၊ သင်—ရဟန်းတို့ ကျင့်ကြံ ကြကုန်သော်၊ မကြာမီပင် အမျိုးကောင်း သားဘို့သည် ကောင်းစွာသာလျှင်၊အိမ်ရာတည်ထောင် လူ၏ဘောင်မှ

အိမ်ရာမ,ထောင် ရဟန်းဘောင်သို့၊ ရှင်-ရဟန်းပြုကြ ရကုန်၏။ ထိုသို့—အတုမရှိသော မြတ်သောအကျင့်သာ လျှင်၊ အဆုံးရှိသော အကျင့်ကို ကျင့်သည်ရှိသော်၊ ယခု မျက်မှောက်သောကိုယ်၏အဖြစ်၌၊မိမိအလိုလိုထူးသော ဝိပဿနာဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြု၍၊ မဂ်ဖိုလ် နှင့်ပြည့်စုံစွာ နေထိုင်ကြရကုန်လတံ့၊ ဤသို့-မိန့်တော် မူ၏။

မြတ်စွာဘုရားသခင်သည် ဤသို့ပင် မိန့်တော်မူသော် လည်း၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရား သခင်ကို ဤသို့ပြန်၍ နှားတော်လျှောက်ကုန်၏။ ငါရှင်-ဂေါတမ, သင်သည် ထိုသို့သော အရိယာပုထိုဖြင့်၊ ခဲယဉ်းပြုပြင် စွာ အကျင့်ကို ကျင့်လို့မှ လူတို့၏တရားဆယ်ပါးထက် မြတ်သော ကိလေသာကို ဖျက်ဆီးတတ်သော၊ ထူးသော ဉာဏ်ကို မရှိနိုင်ဘဲသျှက်၊ ယခုမှ သင်သည်၊ အာဘယ် မှာလျှင်၊ အကျင့်ကို ချက်၍၊သက်နိုး,သပိတ်, လာဘ်လာ ဘ, မျှားခြင်း အကျိုးငှါ, လှည့်လည်၍ နေပြီးမှ၊ လူတို့၏ တရားဆယ်ပါးထက် မြတ်သော ဈာန်,မဂ်,ဖိုလ်တရား အထူးကို ရ နိုင် အုံ့ နည်း, မယုံကြည်နိုင်ပါဟု ဆိုကြ ကုန်၏။

ဤသို့-ပဉ္စဝဂ္ဂီ ရဟန်းတို့က ဆိုပြန်သော်၊ မြတ်စွာ ဘုရားသခင်သည် အို-ရဟန်းတို့၊ငါဘုရားသည် လာဘ် လာဘမျှားခြင်းငှါ, မဟုတ်၊ အကျင့်ကို မမျက်၊ လာဘ် လာဘ, မျှား ခြင်း ငှါ, မ လှည့်ပါ။ အို.....ရ ဟန်းတို့၊

ငါဘုရားသည် ပူဇော်အထူးကိုခံထိုက်၍။ မ[illegible]ကိုပြုနိ
ဗိမိအလိုလို ခပ်သိမ်းသော တရားတို့ကို ထုပ်ထုပ်ချ၍၊
သိတော်မူ၏။ ဗဟို ရဟန်းဘို့၊ နားထောင်ကြကုန်လော။
အလွန်ရဲသော အမြိုက်နှင့်ပြည့်နတရားတော်ကို ငါဘုရား
ရတော်မူပြီ။ ငါဘုရားသည် သင်-ရဟန်းဘို့အားတရား
တော်ကို ဟောတော်မူအံ့။ အကြင်သို့သောအခြင်းအရာ
ဖြင့်၊ ဆုံးမတော်မူ၏။ ထိုသို့သောအခြင်းအရာဖြင့်၊ ကျင့်
ကြံကုန်သော်၊ မကြာခင်ပင်လျှင် အမျိုးကောင်းသားတို့
သည် ကောင်းစွာသာလျှင် အိမ်ရာတည်ထောင်, လူဘို့
ဘောင်မှ၊ အိမ်ရာမထောင်, ရဟန်းဘောင်ခို ရဟန်းပြု
ကြကုန်၏။ထိုမြတ်သောအကျင့်လျှင် အဆုံးခံသော မျက်
မှောက်သော ကိုယ်၏အဖြစ်ခို ဗိမိအလိုလို ပယ်သော
ဝိပဿနာဉာဏ်ဖြင့် မျက်မှောက်ပြု၍၊ ပြည့်စုံစွာနေကြ
ရကုန်လတံ့။

မြတ်စွာဘုရားသခင်သည်ဘကြိမ်ဝင်း၊နှစ်ကြိမ်ဝင်း၊
သုံးကြိမ်ဝင်း, မိန့်တော်မူသော်လည်း မယုံကြည်နိုင်
ကုန်၊ မယုံကြည်ခြင်းကြောင့်၊ မြတ်စွာဘုရား သခင်သည်
ဤသို့-မိန့်တော်မူပြန်၏။ဗို-ရဟန်းတို့၊သင်ရဟန်းတို့ကို
ဤဘုရားဖြစ်ပြီးသောအခါမှ ဘုရားမဖြစ်မီ၊ ရှေးအဘိုက
ဤသို့-သ ဘော ရှိ သော စကားကို ငါဘုရားပြောဘူး
သလော။ ထိုသို့-မိန့်တော်မူ၏။ ပဌမဝိုဏ်ရဟန်းတို့သည်
အရှင်ဘုရား၊ ဤသို့-စကားကို မပြောဘူးပါ။ထိုသို့ပြန်၍
နှားတော်လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂိရဟန်းတို့အား၊ ယုံကြည်ဧေခြင်းငှါ, မတတ်နိုင်သေးလည်း၊ တပါးသောစိတ်ကို ဖြစ်စေကုန်၍၊ (အထခေါ ဘဂဝါ-ပဉ္စဝဂ္ဂိယေ ဘိက္ခဝေ။ အာဝုသော) ထိုအခါ၌ မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂိရဟန်းတို့ကို ပိန့်တော်မူ၏။ အဘယ်သို့ပိန့်တော်မူသနည်း.....။

ဒေ့မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန၊ နသေ ဝိတဗ္ဗာ-ဟုပိန့်တော်မူခါ၊ ဧမ္မစကြာကိုဟော ကြားတော်မူ၏။

ဤသို့အားဖြင့်၊ မြတ်စွာဘုရားသခင်သည် ဧမ္မစကြာတရားတော် ဟောခြင်းကို အစပြု၍ သုဘာပရိဗိုဒ်အား၊ ဆုံးမသည်တိုင်အောင် ပြုအပ်သော ဘုရားကိန္ဓပြီးသော်၊ ကုသိနာရုံပြည်၏အနီး၌ အကွေ့ဖြာ်သော မလ္လာမင်းသားတို့၏ဥယျာဉ်, အင်ကြင်းပင် နှစ်ပင်တို့၏ အလည်၌ မဟာသက္ကရာဇ် ၁၄၇-ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ နံနက်,မိုးသောက် အာရုဏ်တက်၌ ကံတော်ကြောင့်ဖြစ်သော ကမ္မဇရုပ် အကြင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်တော်မူ၏။

အကျယ်ကြည့်လိုက ပရိနိဗ္ဗာနသုတ်ကိုကြည့်လေ။

ထိုအခါ၌ ခုနစ်သိန်းသော ရဟန်း, သံဃာတော်တို့ စုဝေးကုန်၏။

(ဦးကာ၌ အရေအတွက် မဖော်ပြလို။)

မဟာကဿပသည် ငါးရာသောရဟန်းတို့နှင့်အတူ၊ ပါဝါပြည်မှကုသိနာရုံသို့ကြွလာတော်မူ၏။ ခရီးအကြား တခုသောသစ်ပင်အောက်၌ ရဟန်းတို့နှင့်အတူ၊ ထိုင်နေသောခဏ၌ အာဇီဝက, တယောက်သည် ဘုရားသခင် ပရိနိဗ္ဗာန်ပြုရာ၊ ကုသိနာရုံပြည်မှ မဒ္ဒာရဝနတ်ပန်းကို ယူ၍၊ ပါဝါပြည်သို့ပြန်လာခဲ့စဉ်၊ မဟာကဿပသည် ထိုအာဇီဝကအား၊ အဝေးမှလာသည်ကို မြင်တော်မူ၍ အာဇီဝကအနီးသို့ရောက်လာသောအခါ၊ အို-အာဇီဝက ငါတို့၏ဆရာဘုရားကိုသိပါသလော,ဟု မေးတော်မူ၏။ အို.....ငါ့ရှင်သိပါ၏။သင်တို့၏ဆရာဘုရားသည် ယနေ့မှ ပရိနိဗ္ဗာန်ပြုပြီး၍ခုနစ်ရက်ခန့်ပြီ ပရိနိဗ္ဗာန်ပြုရာမှ ငါသည် ဤမဒ္ဒာရဝနတ်ပန်းကို ယူလာ၏။ ဤစကားကိုအာဇီဝက ပြောလေသောအခါ၊ ရာဂမကင်းသေးသော ရဟန်းတို့သည် ငိုယိုကြကုန်၏, ပူဆွေးကြကုန်၏,အလွန် ငိုယိုကြကုန်၏,ပူဆွေးကြကုန်၏။

အာဘယ်သို့ဆိုမူ၊ရဟန်းတို့ ငိုယိုကြကုန် သနည်း။

အတိခိပ္ပံ ဘဂဝါ ပရိနိဗ္ဗုတောဝ။
အတိခိပ္ပံ သုဂတော ပရိနိဗ္ဗုတောဝ။
အတိခိပ္ပံ စက္ခုလောကေ အနန္တရဟိတံ ဣ။

(အနက်) ဘဂဝါ၊ ဘုရားသည်။ အတိခိပ္ပံ၊အလွန် လျှင်မြန်စွာ။ ပရိဗ္ဗုတောဝ၊ ပရိနိဗ္ဗာန်, ဝင်တော်မူ၏။ သုဂတောဝ၊ ကောင်းသောစကားကို ဆိုတော်မူသော

ဘုရားသည်။အတိဒ္ဓိပ္ပံ၊အလွန်လျှင်မြန်စွာ။ပရိနိဗ္ဗုဏ်တော၊ ပရိနိဗ္ဗာန်ဝင်တော်မူ၏။ လောကေ၊ လောကဒ္ဓ။ စက္ခု၊ အမြင်နှင့် တကွသော မြတ်စွာဘုရားသည်။ အတိဒ္ဓိပ္ပံ၊ အလွန်လျှင်မြန်စွာ။ အနုရုဟိတံ၊ ကွယ်ခဲ့ပြီ။ ဤသို့ဆိုမျှ၊ ငိုမဲ့ကြကုန်၏။

ဗုဒ္ဓနေ့ပြုလုပ်သောအခါတိုင်း၊ ဤဂါထာကို ရွတ်ဆိုသင့်သည်ဟု မှတ်ယူကုန်။

ရာဂကင်းပြီးသောအကြင်ရဟန်းတို့သည် သတိဖြင့် မှတ်၍၊ သည်းခံကြကုန်၏။ အဘယ်သို့ သတိဖြင့်မှတ်၍၊ သည်းခံကြသနည်း။ သခါရတရားတို့၏ မြဲသောအပြစ်သည် အဘယ်မှာ ရနိုင်လိမ့်မည်နည်း။ ဤသို့-သတိဖြင့် မှတ်ယူကြကုန်၏။

မဟာကဿပသည် ရဟန်းတို့အား၊ ဤသို့--ဆို၏။ ငါ့ရှင်တို့၊ငိုမဲ့ခြင်းသည် အကျိုးမဲ့၏။ မငိုမဲ့ကြကုန်လင့်၊ ဘုရားသခင်သည် ပရိနိဗ္ဗာန်မပြုမီ၊ အသက်ရှိစဉ်ကပင် လျှင်၊ ဤသို့-ဟောတော်မူသည် မဟုတ်ပါလော.....။

(၁) ချစ်သောသူတို့နှင့်ဝင်း။

(၂) စိတ်နှလုံးကိုပူပါ်းစေသောသူတို့နှင့်ဝင်း။ ရှင်ကွဲ-သေကွဲ အထူးထူးအမြစ် ကွဲရလိမ့်မည်ဝင်း။

ထို-သခါရတို့၏ မြဲသောအမြစ် အဘယ်မှာ ရမည်နည်း။ လောကသဘောအတိုင်းဖြစ်၏။လောကဒ္ဓမြဲသောတရားမရှိဟု ဟောတော်မူသည် မဟုတ်ပါလော။ငါ့ရှင်

တို့၊ မင်ဗုဒ္ဓ-ကြာကုန်လင့်။ ဤသို့-မဟာကဿပ ပြောသော ခဏာ၌ အသက်ကြီးမှ ရဟန်းပြုသော တောထွက်သုဘဒ္ဒ ရဟန်းသည် ပရိသတ်၌ထ၍, ဤသို့-ပြောလေ၏။

ငါ့ရှင်တို့-မင်ဗုဒ္ဓ-ကြာလင့်။ ငါတို့ရဟန်းကြီး ဘုရားလက်မှ ကောင်းစွာ ယနေ့လွတ်ပြီ။ ငါတို့ကို ဤဟာအပ်၏။ ဤဟာမအပ်။ ဤသို့-နှိပ်စက်အပ်၏။ ငါတို့-ယခု အလိုကျိုတာပြုကုန်အံ့, ငါတို့-အလိုမကျိုလျှင် မပြုကုန်အံ့, ထိုသို့ပြောလေ၏။

သုဘဒ္ဒရဟန်းကြီးဆိုသောစကားကို ထိုခဏာ၌ မဟာကဿပကြားလေလျှင်၊ အောက်.....ဤသုဘဒ္ဒ ပြောသောစကားသည် သူတော်ကောင်းဂိတ်၌ အလွန်မနှစ်လိုသော်စကားတည်းဟု အောင့်မေ့တော်မူ၍၊ ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားသခင်၏အလောင်းတော်ကို သင်ကြိုပြီးခဲ့သော် ဘုရားသခင်သည် လေးဆဲ့ငါးဝါပတ်လုံး ဟောအပ်သော ဝိနည်း, သုတ်, အဘိဓမ္မာ, ဟူသော ဓမ္မာခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို သံဃာတော် စုပေါင်း၍ သင်္ဂါယတနာတင်ကုန်အံ့ဟု စိတ်ကြီတော်မူ၏။ ထိုသို့-စိတ်ကြီသည့် အတိုင်း၊ သင်္ဂါယဘာနာတင်လိုသော အကြောင်းခြင်းရာ ရည်ရွယ်ချက်တို့သည် ဒီရေအလား၊ မဟာ-ကဿပ၏စိတ်တော်၌ တသွင်သွင်ဖြစ်ပေါ်လာလေ၏။

အကြောင်းခြင်းရာရည်ရွယ်ချက်တို့ကား။

(၁) ဝိနည်းမဟုတ်သောတရား မပေါ်ထွန်းမိ။
(၂) သူယုတ်တို့၏တရား မပေါ်ထွန်းမိ။
(၃) အဝမ္မအယူ အားမကြီးမိ။
(၄) ဝိနည်းမဟုတ်ဟုအယူရှိသူ အားမကြီးမိ။
(၅) သူတော်ကောင်းတရားကို မတားဆီးမိ။
(၆) ဝိနည်းတရားတော်ကို မတားဆီးမိ။
(၇) သူတော်ကောင်းတရားကို ယူသောသူတို့ လူနည်းစုမဖြစ်မိ။
(၈) ဝိနည်း,တရားတော်ဟု အယူရှိသောသူတို့ လူနည်းစုမဖြစ်မိ။

ဤ-ရှစ်ချက်ကား၊ ပါဠိတော်၌လာ၏။

အနည်းကား။

(၉) အလန့်ဓိရဟန်းတို့၊ အလန့်ဓိအစုအဝေး, အသင်းအပင်း,ဂိုဏ်းဂဏပါဘိ ရဟန်းတုမရှိမိ။
(၁၀) ယုတ်မာသောရဟန်းတို့ အလိုရမ္မက်ကြီးသော အဖြစ်သို့မရောက်မိ။
(၁၁) သက်တော်ထင်ရှားရှိသော ဘုရားသည် လူနတ်ဗြဟ္မာတို့အား၊တဆူတည်းသာ ဆုံးမတော်မူရ၏။ ဝမ္မာ ခန္ဓာ ပေါင်း ရှစ်သောင်းလေး

ထောင်, တို့သည် မမှောခန္ဓာတရုလျှင် ဘုရား တဆူဖြစ်၍၊ လူ, နတ်, ရဟန်း, ပြဟ္မာတို့အား၊ ဆုံးမခြင်းခို ထင်ရှားစေခြင်းငှါ, ၎င်း၊

(၁၂) ဘုရားသာသနာတော်အဋ္ဌိရှည်၍၊ ကြာမြင့်စွာ တည်စေခြင်းငှါ, ၎င်း။

(၁၃) တဘုံမျှလောက် ဂိုးလောက်ဘို့ဖြင့်၊ စား၍နေ သော သူဌေး, ကျွန်မ အိမ်ပ,ည်ရှိ,ဝ၏ အကောင် ပုတ်မှကောက်ယူအပ်သော လျှော်တောအဝတ် ဒုကုန်ပုံသုကူသက်နှုးကြီးကို ငါ-အားပေးခြင်း သည် သာဝေရဏ, ပရိဘောဂ,ကိုယ်တော်နှင့် ဆက်ဆံ်သော သုံးဆောင်ခြင်းမှ ပြေ့လည် အောင်၊ ကျေးဇူး ကန်ပြန်လိုခြင်း အကြောင်း တို့တည်း။

(ဤကား-အဌကထာ စကားတည်း)။

မှတ်ချက်။ ။(အမှားကိုမခြင်၊ အမှန်ကို ဉာဏ်တော် ယှဉ်၍ ကြည့်ရှုကုန်)။

အကြိမ်တရာ သင်္ဂါယတနာတင်စေကာမူ၊ရည်ရွယ် ချက်အကြောင်းခြင်းရာတို့သည် ဖြစ်ကုန်မြတည်း။

(၁) သင်ဟောတွာ ဂါထနှံ၊ ကထနှံ သဂိတိ။

(၂) မဟာတိသဂိတိ၊ မဟာသဂိတိ။(ဝစနဏ)

No 29

အနက်ကား။ ။သင်္ဂဟေတွာ၊ ပေါင်း၍။ ကထနှုံ ဂါ၊ယနှုံ ရွတ်ညှိခြင်းတည်း။ သင်္ဂီတိ၊ပေါင်း၍။ ရွတ်ညှိခြင်းတည်း။ မဟာတိသင်္ဂီတိ၊ မြတ်သော သင်္ဂါယတနာတင်ခြင်း။ မဟာသင်္ဂီတိ၊ မြတ်သော သင်္ဂါယဘနာတင်ခြင်း။ ။ဤဘင်တဆဲ့သုံးပါးတို့နှင့်ရင်း။ ရူပဗျာနှ်လေးပါး၊ အရူပဗျာနှ်လေးပါး၊ နိုဗျောဝသမာပတ် ဤ-ကိုးပါးသော။ နဝါနုပုဗ္ဗိုရိဟာဝရ ဂုဏ်တို့နှင့်ရင်း။ ဆဠာဘိညာ၊အဘိညာဖော်ခြောက်ပါးတို့နှင့်ရင်း။ပြည့်စုံတော်မူသော မဟာကသပ ထေရ်အရှင်သည်။ သံဃာတော် (၄၉၉-ပါး)တို့ကို ရွေးကောက်တော်မူ၍၊ ပဌမသင်္ဂါယတနာတင်တော်မူ၏။ မဟာ-အာနန္ဒာ ထေရ်အရှင်ကို သံဃာတော်မျှား သဘောကျ ကောက်ယူတော်မူသည်။ သံဃာတော်ပေါင်းငါးရာဖြစ်သောကြောင့်၊ပဋ္ဌသတိက ခန္ဓကခေါ်ဆိုအပ်၏။ ဘိုးတော်-အဇာတသတ်မင်း ဖြိုခွင်းတော်မူသော မဟာသက္ကရာဇ် ၆၀-ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့ ဖွားမြင်တော်မူ၍၊ မဟာ-သက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ဘုရားဖြစ်တော်မူသည်။ မဟာသက္ကရာဇ် ၁၄၇ -ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၊နံနက် မိုးသောက်, အာရုဏ်တက်၌၊ ပရိနိဗ္ဗာန်ဝင်တော်မူ၏။ မဟာသက္ကရာဇ် ၁၄၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂-ရက်၊ တနင်္ဂနွေနေ့၊ တောဇောဝေတ်လောင်၍၊ မဟာ-ကသပထေရ် အရှင်သည် သုဘဒ္ဒတောထွက် ရဟန်းကြီး၏ ပြောဆိုအပ်သော စကားကို

တရားသံဝေယျတော်မှ၍၊မဟာ-သင်္ဃရာဇာ ၁၄၇-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်၊၁-ရက်နေ့မှစ၍၊ မဟာသင်္ဃရာဇာ ၁၄၇-ခုနှစ်၊တပေါင်းလပြည့်နေ့အထိ၊ ၇-လတို့ပတ်လုံး မဂဇာတိုင်း, ရာဇဂြိုဟ်ပြည်၊ ဝေဘာလ, တောင်နံရံ, စရည်းပင်ပေါက်ရာ ဂုလိုင်ဌ အစာတသတ်မင်းကြီးကို အမှီပြု၍၊ပဌမသံဂါယနာတင်ခြင်းကိုဦးဆုံးလေ၏။

နိဒါန်းအပိုင်းသတ်။

၁။ ကမ္ဘာကြီး၏ ကြက်သရေ မင်္ဂလာကို မြန်မာပြည်ထောင်စုသည် ဆောင်နိုင်ကုန်၏။

၂။ မြန်မာပြည်ထောင်စု၏ ကြက်သရေ မင်္ဂလာကို ရန်ကုန်မြို့တော်ကြီးသည် ဆောင်နိုင်ကုန်၏။

၃။ ရန်ကုန် မြို့တော်ကြီး၏ ကြက်သရေမင်္ဂလာကို ကြည့်မြင်တိုင်သည် ဆောင်နိုင်ကုန်၏။

၄။ ကြည့်မြင်တိုင်၏ ကြက်သရေ မင်္ဂလာကို စမ်းချောင်းရပ်ကွက်သည် ဆောင်နိုင်ကုန်၏။

၅။ စမ်းချောင်းရပ်ကွက်၏ ကြက်သရေမင်္ဂလာကို လမ်းသည် ဆောင်နိုင်ကုန်၏။

၆။ လမ်း၏, ကြက်သရေမင်္ဂလာကို.....

သဒ္ဓါ၊သီလ၊ဝိရိယ၊ပညာ၊ဗဟုသုတ၊ပဋိဘာ-ကြွတမ္ပ, ဘည်းဟူသော သူတော်ကောင်းတို့၏ ဥစ္စာခုနစ်ပါးနှင့် အမြဲယှဉ်၍နေသော သက်နီးကုန်သည်ကြီး ဒါယကာ-(ဦးမျိုး) သည် ဆောင် နိုင် ကုန် ၏၊ သဒ္ဓါ၊ဇစ ဝိ သော သူတော်ကောင်းတို့ ဥစ္စာ, ရတနာခုနှစ်ပါးနှင့် အမြဲယှဉ်

လျက်ရှိသော၊ ဒါယကာကြီး(ဦးမျိုး)သည် ပညာမျက်စိ နည်းပါးကုန်သောသူတို့အား၊ ပညာမျက်စိပြန့်ပွားများ စေခြင်းအကျိုးငှါငုင်း။ သာသနာတော်ငါးထောင်မြဲမြန် တည်တံ့စေခြင်းငှါငုင်း။ သဒ္ဓါ,တရား ဖရှိသေးသော ဘာသာဝင်တို့သည် သဒ္ဓါ,တရား ၄စေနိုင်ခြင်းငှါငုင်း။ သဒ္ဓါတရားရှိပြီးသော ဘာသာဝင်တို့သည် သဒ္ဓါတရား ပွါးစေခြင်းငှါငုင်း။ခေတ္တည္ဟု၊ကာလည္ဟု၊ ဘာသည္ဟု၊ သာ သနည္ဟု ဖြစ်စေခြင်းငှါ,ငုင်း။ အမျိုး ဘာသာ သာသနာ ပြည်ထောင်စုကြီးကြက်သရေဆောင်ကျမ်းစာအုပ်တခု ကို မေတ္တာရှေ့ရှု၍၊ ပြုတော်မူပါဘုရားဟု အကြိမ်ကြိမ်, အထပ်ထပ်တောင်းပန်မှုကြောင့် ကြည့်ဖြင်တိုင်ကျောင်း ကြီးတိုက် ရတနာစံကျောင်း ဘုန်းတော်၊ဝါတော်နှစ်ဆဲ့ တို့ တိုင်တိုင်၊ ပရိယတ္တိမဟာကို ချပ္ပိုတော်မူသော အရှင် ဦးအာဒိစ္စရံသီသည် ပြုပြင်စိစဉ်အပ်သော (သင်္ဂါယနာ တင် အဆက်ပြ)ကျမ်းကြီးဖြစ်ပေ၏။ ထို သင်္ဂါယတနာ တင်အဆက်ပြကျမ်းကြီး၌၊ဝါတို့ဘုရားသခင်အလောင်း တော် ဒီပင်္ကရာခြေတော်ရင်းကစ၍၊ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်သည်တိုင်အောင်(ပဌမအုပ်)သတ်မှတ်၍ငုင်း။ ဘုရားဖြစ်ပြီးသည်မှစ၍၊ မဟာကြာ ပါဠိ,အနက်,အနုဋ္ဌ လကုန်သုတ်ပါဠိ,အနက်တို့ကိုထည့်သွင်းရိုက်နှိပ်ပြီးလျှင် သင်္ဂါယတနာတင် ငါးတန်, တင် သည် တိုင် အောင်၊ ဒုတိယအုပ်, သတ်မှတ်၍၊ ပြုပြင်စိစဉ်အပ်သော သင်္ဂါ ယဘနာတင် အဆက်ပြကျမ်းကြီးဘည်း။

ထိုသင်္ဂါယတနာတင် အဆက်ပြကျင်းကြီးကို ကောင်းမီးပေးကြောင်း၊

ထိုသင်္ဂါယတနာတင်အဆက်ပြကျမ်းကြီးကို ကြည့်ရှုကြကုန်သော စာကြည့်ပရိသတ်တို့သည်, ကောင်း၏၊ ကောင်း၏၊ ကောင်း၏ဟု ကောင်းမှီးပေး၍၊ သဒ္ဓါတရား အဆင့်ဆင့်ပွါး၍၊ ဤ-ကျမ်းစာ အုပ်ကို အပြစ်မမြင် မေတ္တာနှင့်အမြဲယှဉ်လျက်၊ အပြီးတိုင်ဖြောက် ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာကျန်းမာတော်မူကြ၍၊ သူတော်ကောင်းတရားကြီးကို အားပေး, ချီးမြှောက် မှီဝဲပါစေကုန်သတည်း။

ဒုတိယသင်္ဂါယတနာတင်
တတိယသင်္ဂါယတနာတင်
စတုတ္ထသင်္ဂါယတနာတင်
ပဉ္စမသင်္ဂါယတနာတင်
ဆဋ္ဌသင်္ဂါယတနာတင်

တို့ကို ဘုန်းတော်အာရုဏ် ရေးသားသော သင်္ဂါယတနာတင်အဆက်ပြကျမ်း ဒုတိယ, တတိယ, အုပ်တို့မှာ-ဆက်၍၊ ကြည့်ပါဦး။

သင်္ဂါယတနာတင်အဆက်ပြကျမ်းကြီး ပဋ္ဌမအုပ် ဤတွင် ပြီး၏။

၂၃၀ သင်္ဂါယတနာခြောက်တန်တင်ထေရ်အခုင်ခ့ဏ်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

ယန္တံ ဇုံသရဏံ ဂစ္ဆာမိ။
အဏ္ဏတဂ္ဂေ ပါဏုပေတံ၊
ဇုံသရဏံ ဂစ္ဆာမိ။ ။
ယန္တံ ဝေ္ဌသရဏံ ဂစ္ဆာမိ။
အဏ္ဏတဂ္ဂေ ပါဏုပေတံ၊
ဝေ္ဌသရဏံ ဂစ္ဆာမိ။ ။
ယန္တံ သံဃသရဏံ ဂစ္ဆာမိ။
အဏ္ဏတဂ္ဂေ ပါဏုပေတံ၊
သံဃသရဏံ ဂစ္ဆာမိ။ ။

အနန္တဂုဏသမ္ပန္နော၊ ဆစိန္တိယော၊ သောဇုဗ္ဗါနံ။ ခမ္မာနံ သံဃာနံ သိရသာအနိစ္စံ။ ဇုံ သရဏံဂစ္ဆာမိ၊ ဝေ္ဌ သရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ၊ ဇုဒ္ဓါဒိတိရတနံ၊ ဂရုံကတ္တွာ၊ သံဂိတိကာရ ထေရာနံ၊ ဝန္ဒနဂန္ဓံကရိဿံ။

ပဌမသင်္ဂါယတနာတင်ထေရ်အခုင်ခ့ဏ်း။

နမော ပဌမံသံဂိတိ-ကာရကာနံ၊
မဟာကဿပါဒိ-မဟာထေရာနံ။

အနုက်ကား။ ။အဟံ၊အကျွန်ုပ်သည်၊ပဌမ၊ရှေးဦး ပဌမကောင်းစွာ။ သံဂိတိကာရကာနံ၊ ဗုဒ္ဓဟောကြား ဒေသနာတရားတော်ကို စုပေါင်းကာရွတ်ဆိုကုန်သော၊ မဟာ၊ဂုဏ်အားဖြင့် ပြည့်တုန်သော။ စ၊ သီလ,သမာဓိ,

ပညာ, သိက္ခာအားဖြင့်မြတ်ကုန်သော်၊ကဿပါဒိမဟာ ထေရာနှံ၊ မဟာကဿပထေရ် အမှုးရှိသော၊ ဘဒ္ဒန် ဥပါလိမထေရ်၊ ဘဒ္ဒနှင့်-အနုရုဒ္ဓါမထေရ်၊ အာယသ္မာ အနန္ဒာမထေရ် အစရှိကုန်သော ငါးရာသော မထေရ် ကြီးဘိုအား။ နမော-နမက္ကာရော၊ စေတနာ, သဒ္ဓါ၊ဝံ့ဖြင့်၊ ယုံကြည်စွာပွင့်လန်း၍၊ ရှင်လန်းစွာ ရှိခိုးခြင်းကိုပြုပါ၏ အရှင်မြတ်တို့ဘုရား။ ။

ဒုတိယ သင်္ဂါယနာတင် ထေရ်အရှင်ရှိခိုး။

နမောဒုတိယံ-သံဂိတိကာရကာနံ၊
မဟာယသာဒိ-မဟာထေရာနံ။

အနက်ကား။ ။အဟံ၊ အကျွန်ုပ်သည်။ ဒုတိယံ၊ နှစ်ကြိမ်မြောက် ကောင်းစွာ။ သံဂိတိကာရကာနံ၊ ဗုဒ္ဓ ဟောကြားဒေသနာတရားတော်ကို စုပေါင်းကာရွတ်ဆို ကြကုန်သော။ မဟာ၊ဂုဏ်အားဖြင့် မြတ်ကုန်သော။ ဝါ၊ သီလ, သမာဓိ, ပညာ, သိက္ခာအားဖြင့် မြတ်တော်မူကြ ကုန်သော။ ယသာဒိ မဟာထေရာနံ၊ဘဒ္ဒန် မဟာယသ ထေရ်၊ ဘဒ္ဒန် ရေဝတထေရ်၊ မဟာသဇ္ဇာကာမိထေရ် အမှုးရှိကုန်သော ခုနစ်ရာကုန်သော မဟာထေရ်ကြီးတို့ အား။ နမောနမက္ကာရော၊ စေတနာ, သဒ္ဓါ၊ဝံ့ဖြင့်၊ ယုံကြည်စွာ ပွင့်လန်း၍၊ ရှင်လန်းစွာ ရှိခိုးခြင်းကိုပြုပါ၏ အရှင်မြတ်တို့ ဘုရား။

တတိယ သက္ခိယတနာတင် ခဏရိအရှင်ဂိုဠိ။

နမော တတိယံ-သံဂိတိကာရကာနံ၊
မဟာမောဂ္ဂလိ ပုတ္တာဘိသမ္ဘဝေ
ဗဟာဝေ ထေရာနံ။ ။

ဒုတိယ-ကား။ ။အဟံ၊ အကျွန်ုပ်သည်။ တတိယံ၊ သုံးကြိမ်မြောက် ကောင်းစွာ။ သံဂိတိကာရကာနံ၊ ဗုဒ္ဓဟောကြားဒေသနာတရားကောက်ကိုစုပေါင်းကာ ရွတ်ဆိုကောက်မှုကြကုန်သော။ ဝါ၊ သီလ,သမာဓိ,ပညာ,သိက္ခာအားဖြင့်၊မြတ်တောက်မှုကြကုန်သော။မောဂ္ဂလိပုတ္တတိသ္သ ထေရ-ဒိမဟာထေရာနံ၊အရှင်မောဂ္ဂလိပုတ္တတိသ္သထေရ်အမှုးရှိသော အရှင် မဇ္ဈန္တိကထေရ်၊ အရှင်မဟာရေဝတထေရ်၊ အရှင်ရက္ခိတထေရ်၊ အရှင်ယောနက ဓမ္မရက္ခိတထေရ်၊ အရှင်မဟာ ဓမ္မရက္ခိတထေရ်၊ အရှင်မဇ္ဈိမထေရ်၊ အရှင်သောဏထေရ်၊ အရှင်ဥာဏရထေရ်၊ အရှင်မဟာမဟိန္ဒထေရ်၊ အရှင်ဋေဋ္ဌိယထေရ်၊ အရှင် ဥတ္တိယထေရ်၊ အရှင် သဗ္ဗလထေရ်၊ အရှင်သာလထေရ်, အစရှိကုန်သော၊ တထောင်သော မဟာထေရ်ကြီးတို့အား။နမော နမက္ကာရော၊စေတနာသဒ္ဓါဖုံဖြင့်၊ယုံကြည်စွာရှိခိုးခြင်းကိုပြုပါ၏အရှင်ဖြတ်တို့ဘုရား။

စတုတ္ထသက်ဝါယနာတင်ဆက်အခုင်မှတ်။

နမော စတုတ္ထံ - ပေါ်ဌကွရာရုဇ်ကာရကာနံ၊
မဟာဇမ္ဗုယကျိတဏ္ဍေရာဒိ - မဟာထေရာနံ။

အနက်ကား။ ။အဟံ၊ အကျွန်ုပ်သည်၊ စတုတ္ထံ၊ လေးကြိမ်မြောက်, ကောင်းစွာ။ ပေါ်ဌကွရာရုဇ် ကာရကာနံ၊ ပေထက်အကျွန်ုပ်တင်ရန်စုပေါင်း၍ ပြုလုပ်တော်မူကြကုန်သော။ မဟာ ဂုဏ်အားဖြင့်ဖြင့်မြတ်ကုန်သော။ ဝါ။သီလ, သမာဓိ, ပညာ, သိက္ခာအားဖြင့်မြတ်ကုန်သော။ ဓမ္မယကျိတ္တဏ္ဍေရာဒိ မဟာထေရာနံ၊ ဘဒ္ဒန္တ-မဟာဓမ္မ ယာဇကတထေရ်အမှူးရှိကုန်သောငါးရာကုန်သော မဟာထေရ်ကြီးတို့အား။ နမော နမက္ကာရော၊ စေတနာ, သဒ္ဓါခံ့ ဖြင့်၊ ယုံကြည်စွာပင့်လန်း၍၊ ဦးခင်လန်းစွာ ပ,ိုးခြင်းကို ပြုပါ၏အခုင်မြတ်တို့ဘုရား။

ပဉ္စမသက်ဝါယနာတင်ဆက်အခုင်မှတ်။

နမော ပဉ္စမံသေလာရုဇ္ဇ-ကာရကာနံ၊
မဟာထေရာဒိ-မဟာထေရာနံ။

အနက်ကား။ ။အဟံ၊အကျွန်ုပ်သည်ပဉ္စမံ၊ငါးကြိမ်မြောက် ကောင်းစွာ။ သေလာရုဇ်ကာရကာနံ၊ ကျောက်ထက်အကျွန်ုပ်, တင်ရန်ပေါင်းစု၍ ပြုလုပ်တော်မူကြကုန်သော။ မဟာထေရာဒိ မဟာထေရာနံ၊ လေးပြင်လေးရပ်ရာဇာဓိ-ရာဇဂုရုဘွဲ့တံဆိပ်တော်ရှု - မဂ္ဂ, ဆရာတော်ဖြစ်တော်မူကြကုန်သော မဟာထေရ်ကြီးတို့အား။ နမော-

၁၃၄ သင်္ဂါယနာခြောက်တန်တင်ထေရ်အရှင်ရှိခိုး။

နမက္ကာရော၊ စေတနာသဒ္ဓါဇုံဖြင့်၊ ယုံကြည်စွာ ပွင့်လန်း၍ ရှင်လန်းစွာ ရှိခိုးခြင်းကိုပြုပါ၏ အရှင်မြတ်တို့ဘုရား။

ဆဋ္ဌသင်္ဂါယနာတင်ထေရ်အရှင်ရှိခိုး။

နမော ဆဋ္ဌ ပါဝစနာနိ၊
သမ္ဘဟပါဠာ နေနစ၊
ပေါဠ္ဟကွရာ လိခနေန၊
သဒ္ဓမ္မံစိရ ကာရကာနံ၊
မဟာထေရာဒိ-မဟာထေရာနံ။

အနက်ကား။ ။အဟံ၊ ငါသည်။ ဝါ-အကျွန်ုပ်သည်။ ဆဋ္ဌ၊ ခြောက်ကြိမ်မြောက် ကောင်းစွာ။ ပါဝစနာနိ၊ မြတ်စွာဘုရား တရားတော်တို့ကို။ သမ္ဘဟပါဠာ နေနစ၊ ရဟန်းတော်အများ စုပေါင်းကာ ရွတ်ဆိုခြင်းဖြင့်ရင်း။ ပေါဠ္ဟကွရာလိခစနေနစ၊ စက္ကူပေစသည်၌ ပုံနှိပ်စာလုံး ရေးခတ်ခြင်းဖြင့်ရင်း။ သဒ္ဓမ္မံ၊ သူတော်ကောင်း တရားတော်ကို။ စိရကာရကာနံ၊ ကြာမြင့်စွာတည်အောင်ရှေးရှု၍ ပြုလုပ်တော်မူကြကုန်သော။ မဟာထေရာဒိ-မဟာထေရာနံ၊ သီလ,သမာဓိ,ပညာ,သိက္ခာအားဖြင့် မြတ်ကုန်၍၊ မဟာရဟန္တာ ရဟန်းတော်ကို ရရှိတော်မူကြကုန်သော မဟာ[illegible]ရဟန်းကာယ၊ ရှေကျောင်ဒိုကာဠာ၊ [illegible]ကာယ၊ သဒ္ဓါ[illegible] [illegible]ဟာထေရ်ကြီးများအမှူးပြု၍၊ သင်္ဂါယာတနာဝန်ဆောင် [illegible] ဆရာတော်များ အစရှိကုန်သော ၂၅၀၀, ကုန်သော မထေရ်တို့အား။ နမော၊ စေတနာသဒ္ဓါဇုံဖြင့်ယုံကြည်စွာ ပွင့်လန်း၍ ရှိခိုးခြင်းကိုပြုပါ၏ အရှင်မြတ်တို့ဘုရား။ သိုလ်